# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၃) ၂၀၁၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တပေါင်းလကွယ်နေ့ ၊ ကြာသပတေး၊ (မတ် ၂၂ ၊ ၂၀၁၂)





## ဈေးငွေကို ချဲ့မထိုးရန်

### လယ်သမားများအား သမ္မတ မှာကြား

**ထူးသန့်**

**နေပြည်တော်၊ မတ်-၁၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ အောင်ချမ်းသာကျေးရွာမှလယ်သမားများနှင့်ယနေ့ တွေ့ဆုံ စကားပြောခဲ့သော အခမ်းအနားတွင် ယခုပေးအပ်သည့် ကြိုတင်ထုတ်ချေးငွေများအား ချဲ့ထိုးခြင်း မပြုလုပ်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သတိပေးပြောကြားခဲ့သည်။

**စာ(၁၂)သို့**






မြစ်ကြီးနားမြို့ ဂျန်မိုင်ကောင်း စစ်ဘေးဒုက္ခသည်စခန်းရှိ ကလေးငယ်များကို ဖေဖော်ဝါရီ၂၆ရက်ကတွေ့ရစဉ် ဓာတ်ပုံ-အေးမြကျော်

## ကချင်ပြည်နယ် တိုက်ပွဲများကြောင့် မိဘမဲ့ဖြစ်သွားသော ကလေး ၃၀ဦး ရှိလာ

**အိဖြူမွန်**

**ရန်ကုန်၊ မတ်-၁၃**

ကချင်ပြည်နယ်တွင်ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများကြောင့်မိဘသေဆုံး၍ မိဘမဲ့ဖြစ်သွားသော ကလေးငယ်ပေါင်း ၃၀ ဦးရှိပြီဖြစ်ကြောင်း ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ ဓမ္မဆရာ ဦးကွမ်ရှောင်က ပြောသည်။

ထိုမိဘမဲ့ကလေးငယ်များကို မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့ပေါ်တွင် သီးသန့်ကယ်ဆယ်ရေးစခန်းနှစ်ခုဖွင့်၍ စောင့်ရှောက်ထားကြောင်း၊ ကလေးများတွင် ယခင် မိဘတစ်ဦးကျန်သော်လည်း ကျန်ရစ်သူသည် စစ်အတွင်း ထပ်မံသေဆုံး၍ မိဘမဲ့ဖြစ်သွားသူများဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းလင်းပြောကြားသည်။

**စာ(၁၂)သို့**

## ပြည်ပရောက် မဲဆန္ဒရှင်များအတွက် မဲလက်မှတ်များ ပေးပို့ထားပြီ

**အားမာန်၊ မြတ်စုမွန်**

**ရန်ကုန်၊ မတ်- ၁၈**

ပြည်ပသို့ရောက်ရှိနေသောမြန်မာများထဲမှ မဲပေးခွင့်ရှိသူများ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက်ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က မဲလက်မှတ်များ ပေးပို့ထားပြီဖြစ်ကြောင်း သတင်းရရှိသည်။

လာမည့်ဧပြီ၁ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြည်ပရောက်ရှိနေသော မြန်မာများထဲမှ မဲစာရင်းတွင် ပါဝင်သူ ၅၉၇ ဦးရှိကြောင်း ရွေးကောက်ပွဲကော်မရှင်မှ သတင်းရရှိသည်။

**စာ(၃၀)သို့**

**တန်ဖိုးရှိသော ရှားသားများ**

**သမ္မတထံ အသနားခံစာပို့**

သတင်းအပြည့်အစုံ-စာ(၃)သို့

## ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေး ပုဂ္ဂလိကကုမ္ပဏီခုနစ်ခု ပါဝင်လုပ်ကိုင်ခွင့်ရ

**အိဖြူမွန်**

**ရန်ကုန်၊ မတ် - ၁၄**

ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်ကိုးခုအား စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းလုပ်ကိုင်ခွင့်ကို နိုင်ငံတကာရေနံကုမ္ပဏီများနှင့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီခုနစ်ခုရရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်ကိုးခုသည် လွန်ခဲ့သောရှစ်လခန့်(၂၀၁၁ဩဂုတ်လ၃ရက်)ကတင်ဒါခေါ်ယူခဲ့သောကုန်းပိုင်းလုပ်ကွက်၁၈ခုထဲမှချထားပေးသည့်လုပ်ကွက်ဖြစ်သည်။ **စာ(၁၂)သို့**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## စားသောက်ကုန်နှင့် လူသုံးကုန်ဈေးနှုန်းများ တည်ငြိမ်

**ပြည်သိမ်း၊ သန်းဌေး၊ ကိုကိုကြီး**

ရန်ကုန်၊ မတ်-၁၉

အစိုးရဝန်ထမ်းများကို အပိုထောက်ပံ့ကြေးတိုးမြှင့်ပေးသော သတင်းကြေညာပြီးသော်လည်း လတ်တလောတွင် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအများစု ဈေးနှုန်းတည်ငြိမ်နေကြောင်း သတင်းရရှိသည်။

**စာ(၁၂)သို့**




7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# ကြားဖြတ်ရွေးကောက်ပွဲနေ့တွင် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များ မရပ်နား

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၁၄**

ပြီးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲကျင်းပသည့် ရက်နှင့်တိုက်ဆိုင်ခဲ့သော မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များအား ရွှေ့ဆိုင်းခဲ့သော်လည်း လာမည့်ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲနေ့၌ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များကိုမူ ရွှေ့ဆိုင်းမည်မဟုတ်ကြောင်း သတင်းရရှိသည်။

"ကြားဖြတ်ရွေးကောက်ပွဲရှိတဲ့အတွက် ဘောလုံးပွဲ မလုပ်ပါနဲ့ဆိုတဲ့ ညွှန်ကြားချက်လာရင်တော့ ရက်ပြောင်းလဲ ကျင်းပမှာပါ။ ဘာညွှန်ကြားချက်မှ မလာရင်တော့ ပွဲစဉ်ဇယားအတိုင်း ကျင်းပသွားမှာဖြစ်ပါတယ်"ဟု မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ကျင်းပရေးတာဝန်ခံဦးဝင်းသူမိုးက မတ်လ ၁၄ ရက်က ပြောသည်။

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ၏ ပွဲစဉ်ဇယားရေးဆွဲမှုအရ လာမည့်ဧပြီ ၁ ရက် (တနင်္ဂနွေ)တွင် နေပြည်တော်အသင်းနှင့် ဆောက်သမ်းမြန်မာအသင်းတို့သည် နေပြည်တော်(ပေါင်းလောင်းကွင်း)၌လည်းကောင်း၊ မောရဝတီအသင်းနှင့် မကွေးအသင်းတို့သည် ရန်ကုန်မြို့၊ အောင်ဆန်းကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



ဓာတ်ပုံ - အောင်အောင်

**ယမန်နှစ်က ကျင်းပသော မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်တစ်ခုတွင် အားပေးနေသော ပရိသတ်များ**

နေပြည်တော်တွင် မဲဆန္ဒနယ်လေးနေရာနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် မဲဆန္ဒနယ်ခြောက်နေရာ အပါအဝင် လစ်လပ် ၄၈ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို လာမည့်ဧပြီ ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကျင်းပခဲ့သည့်ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲမတိုင်မီနေ့တွင် ကျင်းပရန်ရှိသည့် ဘောလုံးပွဲစဉ်များကို ရက်ပြောင်းလဲကျင်းပခဲ့သည်။

သို့သော် ယခုနှစ်မူ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ ကြည့်ရှုသူပရိသတ် အနည်းငယ်သာရှိသည်။

# အမေရိကန်စင်တာ အင်္ဂလိပ်စာသင်တန်းကြေး မတိုးမြှင့်ရန် ကျောင်းသားများ တောင်းဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် - ၁၄**

အမေရိကန်စင်တာတွင် လာမည့်သင်တန်းကာလ၌ သင်တန်းကြေးများတိုးမည်ဟူသော ကြေညာချက်ကြောင့် အမေရိကန်သံရုံးမှ တာဝန်ရှိသူများသို့ ကျောင်းသားများက သင်တန်းကြေးများပြန်လည်လျှော့ချပေးရန် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်တောင်းဆိုမှုတစ်ရပ် မတ်လ ၁၄ ရက်တွင် အမေရိကန် စင်တာ၌ပြုလုပ်ခဲ့သည်။

သင်တန်းကြေးတိုးမြှင့်ကြောင်း မတ်လ ၁၃ ရက် နေ့လယ်က အမေရိကန်စင်တာတွင် ကြော်ငြာဘုတ်ကပ်ပြီး နောက်နေ့၌ သင်တန်းကြေးတိုးရခြင်းအကြောင်းနှင့်ပတ်သက်၍ သံရုံးတာဝန်ခံများ လာရောက်ရှင်းလင်းချိန်တွင် 'An unjust decision is itself a species of violence!' ဟူသော စာတန်းပါသည့်စာရွက်များကိုကိုင်ဆောင်ကာ ကျောင်းသားများ၏ ဆန္ဒကိုဖော်ထုတ်ပြသခဲ့ကြသည်။

သံရုံးတာဝန်ခံများက သင်တန်းကြေးတိုးမြှင့်ရခြင်းနှင့်ပတ်သက်၍ အမေရိကန်စင်တာရှိ CBH ခန်းမတွင်း၌ ရှင်းလင်းပြောကြားနေစဉ် တက်ရောက်လာသော လူ၁၅၀ ကျော်အနက် ကျောင်းသား အများစုက အဆိုပါစာရွက်များ ကိုင်မြှောက်ကာ ငြိမ်သက်စွာထိုင်လျက် ဆန္ဒကိုဖော်ထုတ်ပြသခဲ့ကြခြင်းဖြစ်သည်။

"သင်တန်းကြေးတိုးလိုက်ရင် လက်ရှိတက်နေတဲ့ ကျောင်းသားတွေ ဆက်မတက်နိုင်တော့မယ့်သူတွေလည်းများတယ်။ တက်တဲ့ဈေးကလည်း အရမ်းများတယ်။

**စာ(၁၂)သို့**



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဓာတ်ပုံ-ရဲမောင်မောင်(အမရပူရ)

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား၍ တောင်ငူရှိ ကြက်ခြံတစ်ခု ကျပ်သိန်း ၂၀၀ ကျော်ဆုံးရှုံး

**သန်းဌေး**

**ရန်ကုန်၊ မတ်-၁၉**

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော တောင်ငူမြို့ ကျွန်းကုန်းကျေးရွာရှိ ရွှေဝါဥစားကြက်ခြံ၏ ဆုံးရှုံးမှု တန်ဖိုးမှာ ကျပ်ငွေ သိန်း ၂၀၀ ကျော်ကြောင်း ခြံပိုင်ရှင် ဦးရဲဝင်းက 7 DAY NEWS အားပြောသည်။

"ကျွန်တော့်ခြံက ကြက်တွေကမျိုးမရတော့ အသက်တွေကကြီးနေပြီ၊ ဖေဖော်ဝါရီလကတည်းက အပတ်ခုနစ်ဆယ်၊ ရှစ်ဆယ်အရွယ်တွေကို ထုတ်ရောင်းနေတာ၊ မတ်လဆန်းမှာ စသေတာ၊ တစ်နေ့ကို အကောင်ရှစ်ဆယ်နှုန်းပဲ။ ၅ ရက်နေ့အရောက်မှာ သုံးလေးရာ သေတော့တာပဲ"ဟု ၎င်းကပြောသည်။

ထိုသို့ဖြစ်ပွားမှုကြောင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနသို့ အကြောင်းကြားသောအခါ ကြက်နမူနာများအားစစ်ဆေးပြီး ဓာတ်ခွဲခန်းမှ ကြက်ငှက်တုပ်ကွေးရောဂါဟု၍ အဖြေထွက်သောကြောင့် ကျန်သည့် ကြက်များကိုပါ သုတ်သင်ရှင်းလင်းခဲ့ရကြောင်း ၎င်းကပြောသည်။

"ကောက်ချက်ချရရင် ကြက်လာဖမ်းတဲ့ဆီက ရောဂါကူးတာ ဖြစ်နိုင်တယ်၊ အန်ကယ်တို့ခြံရောဘေးကတပ်ပိုင်၊ ပုဂ္ဂလိကပိုင် ခြံတွေရောက ခြံအဖွင့်စနစ်နဲ့ မွေးကြလို့ပဲ"ဟု ခြံပိုင်ရှင် ဦးရဲဝင်းက ပြောသည်။

**အချပ်ပို(D)သို့**




# တန့်ဖဲရွာသူရွာသားများ သမ္မတထံ အသနားခံစာပို့

**အေးမြကျော်**

**ရန်ကုန်၊ မတ် - ၁၉**

မြစ်ဆုံစီမံကိန်းနှင့်ဘေးချင်းကပ်လျက်ရှိသော တန်ဖဲရွာမှ ရွာသစ်သို့ ပြောင်းရွှေ့ခံရသော ဒေသခံများက ရွာဟောင်းနေရာတွင်ပြန်လည်လုပ်ကိုင်စားသောက်ခွင့်ပေးရန် သမ္မတထံလိပ်မူကာ အသနားခံစာကို မတ်လ ၁၆ ရက်က ပေးပို့ခဲ့ကြောင်း တန်ဖဲရွာဒေသခံများကပြောကြားသည်။

"စာထဲမှာ အဓိကကတော့ ရွာသစ်မှာ စားဝတ်နေရေး ခက်ခဲနေလို့ ရွာဟောင်းမှာပြန်ပြီး စိုက်ခွင့်ပျိုးခွင့်ပေးပါလို့ တောင်းဆိုထားတယ်"ဟု တန်ဖဲဒေသခံတစ်ဦးက ပြောကြားသည်။

မေခနှင့်မလိခ ဆုံရာအနီးတွင်တည်ရှိပြီးပထဝီအနေအထားအရ ထင်ရှားသော မြစ်ဆုံအနီးတွင် ရှိသည့် တန်ဖဲရွာသူ၊ ရွာသားများကို မြစ်ဆုံစီမံကိန်းကြောင့် ရေဝပ်မည့်နေရာတွင်ပါဝင်နေသဖြင့် ၂၀၁၀ခုနှစ်က မြစ်ဆုံနှင့် ၁၀ မိုင်အကွာရှိ အောင်မြေသာရွာသစ်သို့ ရွှေ့ပြောင်းပေးခဲ့သည်။ ရွာသစ်တွင် နေထိုင်သူများအတွက် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေအသစ်များ ဖော်ထုတ်ပေးခဲ့သော်လည်း ယင်းနေရာများတွင် စိုက်ပျိုးရေး အဆင်မပြေသဖြင့် ရွာအဟောင်းရှိ မြေနေရာများတွင် လွန်ခဲ့သောလများက ပြန်လည်သွားရောက်ကာ စိုက်ပျိုးခဲ့ရာ မတ်လ၆ရက်တွင် ဒေသဆိုင်ရာအာဏာပိုင်များက တန်ဖဲရွာမှ မတ်လ၁၇ရက် နောက်ဆုံးထား ပြောင်းရွှေ့ရန် ညွှန်ကြားခဲ့သည်ဟုဒေသခံများကပြောကြားသည်။

"ရွာသစ်မှာက စိုက်ပျိုးမြေတွေပေးထားတဲ့နေရာက ခဲမြေတွေ ဖြစ်နေတော့ စိုက်လို့ မရတဲ့နေရာတွေများတယ်။ ဒါကြောင့် ရွာသားတွေအနေနဲ့ရွာအဟောင်းမှာ စားဝတ်နေရေးပြေလည်အောင်ပြန်စိုက်ပျိုးချင်ကြတာပါ" ဟု တန်ဖဲရွာတွင် နေထိုင်သူတစ်ဦးကပြောကြားသည်။

တန်ဖဲရွာဒေသခံများသည် ရွာမပြောင်းရွှေ့ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံသို့လည်း အသနားခံစာတင်ထားသည်ဟုဒေသခံများကပြောသည်။ တန်ဖဲရွာသူရွာသားများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေးဖြစ်သည်။




7 DAY NEWS JOURNAL
Vol.11, No.3 · MARCH 22 , 2012

## CRIME မှုခင်းသတင်း CORNER

### လမ်းလျှောက်နေသော အမျိုးသမီးငယ်တစ်ဦး ကားတိုက်၍သေဆုံး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် - ၁၄**

ဆရာစံပလာဇာရှေ့တွင် မတ်လ ၁၄ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးငယ်တစ်ဦး ပွဲချင်းပြီး သေဆုံးသွားကြောင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ယာဉ်တိုက်မှုမှာ မတ်လ ၁၄ရက်နံနက် ၁၀ နာရီဝန်းကျင်တွင် ဖြစ်ပွားခဲ့ပြီး ဆရာစံပလာဇာရှေ့ ပလက်ဖောင်းဘေး၌ လမ်းလျှောက်နေသူကို နောက်မှမောင်းလာသော ၄ခ/၈၀၆၅ ဂျန်ဖန်လိုက်ထရပ်ပြာ/မီးခိုးရောင်ကိုယ်ပိုင်ယာဉ်က ဝင်တိုက်သွားခဲ့ခြင်းဖြစ်သည်။

အသက် ၂၅နှစ်အရွယ် ပုဂ္ဂလိကကုမ္ပဏီတစ်ခုတွင် စာရင်းကိုင်တာဝန်ထမ်းဆောင်နေသော မဆွေဝတ်မွန်မှာ ယာဉ်တိုက်မှုကြောင့် ယာပါးပွန်းပဲ့၊ ဝဲလက်မောင်း ပွန်းဒဏ်ရာများအပြင် ပါးစပ်၊ နှာခေါင်းတို့မှ သွေးထွက်ကာ ထိုနေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းဖြစ်သူကို (ပ)၁၄၀/၁၂ပုဒ်မ-၃၀၄(က)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

### မိတ္ထီလာတွင် လောင်းကစားသူများ ဖော်ထုတ်ဖမ်းဆီး

**မောင်ထီလာ**

**မိတ္ထီလာ၊ မတ်- ၁၄**

မိတ္ထီလာမြို့တွင် မတ်လ ၁၂ ရက်က အောင်ဆန်းနယ်မြေ မန်ကျည်းကုန်းရပ်ကွက်နေ မ××××(၄၈ နှစ်) နေအိမ်ရှိဖဲဝိုင်းအား ည ၁၀ နာရီအချိန်တွင် သက်ဆိုင် ရာရဲတပ်ဖွဲ့က ရုတ်တရက်ဝင်ရောက်ဖမ်းဆီးခဲ့သည်။

ထိုအိမ်တွင် ချမ်းအေးသာယာရပ်နေ လူငယ်နှစ်ဦးကို လောင်းကစားငွေ ၅၂,၆၂၃ကျပ်နှင့် ဖဲကစားနေသည်ဟုဆိုကာ လောင်းကစားပုဒ်မဖြင့် ဖမ်းဆီးအရေးယူထားသည်။

ထို့အပြင် မတ်လ ၁၂ ရက်ည ၁၁း၃၀အချိန်က အောင်ဇေယျာရပ်ကွက် နယ်မြေ(၃)ရှိဦး×××၏ နေအိမ်အား ရှောင်တခင်ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီလောင်းကစား စာရွက်စာတမ်းများနှင့်အတူ လောင်းကစားငွေ ၅၂,၀၅၀ ကျပ် အားရှာဖွေဖမ်းဆီးရမိခဲ့သဖြင့် လောင်းကစားပုဒ်မ ၁၅(က)၊ ၁၆(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသတင်းရရှိသည်။




# တစည်ပိုင် ကားဟောင်း ၁၇ စီး ပြန်ရောင်းရာမှ ကျပ်သိန်း ၂,၀၀၀ ကျော်ရရှိ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် - ၁၄**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ယာဉ်မှတ်ပုံတင်သက်တမ်းကုန်နေပြီဖြစ်သော ပါတီပိုင်ကား ၁၇ စီးကို ယခုလ ၁၃ရက်က ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းပြုလုပ်ခဲ့ရာ ကျပ်သိန်း ၂,၀၀၀ ကျော်ရရှိခဲ့ကြောင်း အဆိုပါပါတီမှ ဗဟိုကော်မတီဝင်တစ်ဦးဖြစ်သော ဦးဟန်ရွှေပြောသည်။

"ပါတီပိုင်ပစ္စည်းကို ထုခွဲရောင်းချတာဆိုတော့ ဒီငွေတွေကို ပါတီရန်ပုံငွေအဖြစ် လုပ်သွားမှာပါ။ ကားတွေက အပ်ရမယ့်ကားတွေ ဖြစ်နေတဲ့အတွက် ကားအသစ်မထုတ်တော့လို့ အခုလိုရောင်းချလိုက်တာပါ"ဟု ဦးဟန်ရွှေပြောသည်။

ကားပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မေးမြန်းရာတွင် ယင်းကားများမှာ ယခင်ကတည်းက ပါတီပိုင်ကားများဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။ ကားဟောင်း ၁၇ စီးမှာ ၂၀၁၁ ခုနှစ်က သက်တမ်းကုန်နေပြီဖြစ်သော ယာဉ်နှစ်စီးနှင့် ၂၀၁၂ ခုနှစ်တွင် သက်တမ်းကုန်သောယာဉ် ၁၅စီးတို့ဖြစ်သည်။ ယာဉ်၁၇စီး ရောင်းရငွေမှာ ခန့်မှန်းဈေးနှုန်းထက် ပိုမိုရရှိခဲ့သည်ဟု ၎င်းကပြောသည်။


ယခုဈေးပြိုင်စနစ်ဖြင့်ရောင်းချသော ကားအမျိုးအစားများမှာ ပတ်ဖိုင်ဒါ၊ တီ ၆၀၀/ ဗင်၊ မာဇဒါ ၃၂၃၊ တီ ၂၀၀၀ နှင့် မာဇဒါဂျစ်တို့ဖြစ်သည်။

ယင်းကားများကို အများဆုံးဈေးပေး၍ ဝယ်ယူခွင့်ရထားသူများမှာ လက်ငင်းငွေပေးချေပြီးမှသာ ပစ္စည်းယူဆောင်ခွင့် ရမည်ဖြစ်သည်။ လက်ငင်းငွေချေခြင်းမပြုလုပ်ပါက တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းကို ကြိုတင်ပေးချေထားနိုင်သော်လည်း ငွေအပြည့်အဝပေးမှသာ ယူဆောင်ခွင့်ရှိမည်ဖြစ်သည်။ သို့သော် သတ်မှတ်ရက်တစ်ပတ်အတွင်း ကျန်ပစ္စည်းယူရန် ပျက်ကွက်ပါက ကြိုတင်ပေးသွင်းငွေ ဆုံးရှုံးမည့်အပြင် ကားကိုပါ ယူဆောင်ခွင့်ပြုမည်မဟုတ်ကြောင်း စည်းကမ်းချက်များတွင် ထည့်သွင်းဖော်ပြခဲ့သည်။

စည်းကမ်းချက်များကို တစ်စောင်လျှင် ကျပ် ၅၀၀ ဖြင့် ရောင်းချခဲ့ပြီး စည်းကမ်းချက် လက်ဝယ်မရှိသူများကို ကားကြည့်ရှုခွင့်၊ ဈေးပြိုင်ဝယ်ယူခွင့်မပြုခဲ့ပေ။

မော်တော်ယာဉ်များအား ဈေးပြိုင်စနစ်ဖြင့် ထုခွဲရောင်းချသော စည်းကမ်းချက်စာရွက်တွင် ထုခွဲရောင်းချသော မော်တော်ယာဉ်များသည် ဌာနချုပ်ပိုင် မော်တော်ယာဉ်များဖြစ်ပြီး အရှုပ်အရှင်းကင်းကြောင်း တာဝန်ယူပါသည်ဟူသော အချက်အပါအဝင် စည်းကမ်းချက် ၁၁ ချက်ဖြင့် ရောင်းချခဲ့သည်။

# ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံး၏ ဆုံးဖြတ်ချက်ကြောင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ မဆုံးရှုံးဟုဆို




**ထူးသန့်၊ ရဲမင်း**

**နေပြည်တော်၊ မတ်- ၁၆**

ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့ အခြေစိုက်ပင်လယ်ပြင်ဥပဒေဆိုင်ရာနိုင်ငံတကာ ခုံရုံး၏ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်ကြား ပင်လယ်နယ်နိမိတ်အငြင်းပွားမှုအပေါ် ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များဆုံးရှုံးသွားခြင်းမရှိကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကမတ်လ ၁၆ရက်တွင် ပြောကြားသည်။

"ရခိုင်ကမ်းခြေနဲ့ အနီးပိုင်းမှာ ကိုယ်ကပိုရပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်က သူ့တို့နိုင်တယ်လို့ကြေညာတယ်။ ဟုတ်သယောင်တော့ရှိပါတယ်။ ဒီဘက် (မြန်မာ)က စိုးရိမ်နေတဲ့၊ ရချင်တဲ့ဟာတွေကို ရရှိဖို့လည်း ခုံသမာဓိများက ဆောင်ရွက်ပေးခဲ့ပါတယ်။ အထူးသဖြင့် A1 နဲ့ A3 (ရေနံနှင့် ဓာတ်ငွေ့သိုက်)လုပ်ကွက်တွေ လုံးဝ မဆုံးရှုံးခဲ့ပါဘူး" ဟု ယနေ့ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် သီးခြားအနေဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြားပင်လယ်ပြင်နယ်နိမိတ်အငြင်းပွားမှုမှာ နှစ်ပေါင်းများစွာကပင် ညှိနှိုင်း၍ အစဉ်မပြေဘဲရှိနေခဲ့ရာ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်၌ ၂၀၀၄ခုနှစ် ဇန်နဝါရီက စီးပွားဖြစ် ဓာတ်ငွေ့သိုက်များတွေ့ရှိခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက နယ်နိမိတ်ကို တိုးချဲ့တောင်းဆိုလာကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံဘက်ကလည်း ပို၍ အဆိုပြုတောင်းခဲ့ခြင်းဖြစ်ကြောင်းလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်က အဆိုပါအငြင်းပွားမှုကို အဓိက ကိုင်တွယ်ခဲ့သူလည်းဖြစ်သည့် သူရဦးရွှေမန်းကပင် ရှင်းလင်းပြောကြားခဲ့သည်။

စာ(၁၂)သို့

# ကျောင်းသားကို ကြိုးတုပ်သော ကျောင်းအုပ်ဆရာနှင့် ဒဏ်ရာရအောင် ရိုက်သောဆရာတို့အား ပြင်းထန်စွာ သတိပေး

**နေလင်းထွန်း**

**ရန်ကုန်၊ မတ် - ၁၅**


သဃ်န်းကျွန်းမြို့နယ်တွင် ကျောင်းသားကို ကြိုးတုပ်ဖမ်းဆီးသော ကျောင်းအုပ်ဆရာနှင့် မှော်ဘီမြို့နယ်တွင် ကျောင်းသားကို ရိုက်နှက်ဆုံးမသော ဆရာတို့အား ပညာရေးဝန်ကြီးဌာနက ပြင်းထန်စွာ သတိပေးထားကြောင်း အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သဃ်န်းကျွန်းမြို့နယ်မှ သတ္တမတန်းကျောင်းသားတစ်ဦး အား ၎င်းနေထိုင်ရာ ရပ်ကွက်အနီးရှိ အ. မ. က(၂၀)ကျောင်းမှ ကြိုးတုပ်ဖမ်းဆီးခဲ့သော ကျောင်းအုပ်ဆရာနှင့် မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသားတစ်ဦးကို ဒဏ်ရာရရှိအောင် ရိုက်နှက်ဆုံးမခဲ့သော နဝမတန်း ဘောဂဗေဒဘာသာရပ် သင်ကြားသော ဆရာတစ်ဦးအား ယင်းကဲ့သို့ အခြေအနေထပ်မံမဖြစ်ပေါ်စေရန် ပြင်းထန်စွာ သတိပေးလိုက်ခြင်းဖြစ်သည်။

"ဒီတစ်ကြိမ်တော့ ပြင်းထန်စွာသတိပေးထားပါတယ်။ နောက်တစ်ခါထပ်ဖြစ်ရင်တော့ ဒီထက်ပြင်းထန်တဲ့ပြစ်ဒဏ်ပေးမှာပါ"ဟု အထက်ပါ တာဝန်ရှိသူကပြောသည်။

သဃ်န်းကျွန်းမြို့နယ်မှ မူလတန်းကျောင်းအုပ်ဆရာသည် ယခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သော အဆိုပါဖြစ်စဉ်၌ ကျောင်းသားကို လေးနာရီခန့် ကြိုးတုပ်ဖမ်းဆီးရိုက်နှက်သည်ဟုဆိုကာ ကျောင်းသားမိဘက ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

မြောင်းတကာကျေးရွာရှိ အခြေခံပညာအထက်တန်း ကျောင်းဆရာသည် ယခင်နှစ် အောက်တိုဘာလ ၂၇ ရက်က အဋ္ဌမတန်းကျောင်းသားကို ဦးခေါင်း၊ တင်ပါး၊ ခြေသလုံးတို့ကို ရိုက်နှက်ခဲ့သည်ဟုဆိုကာ ကျောင်းသားမိဘက သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဆေးစာနှင့်တကွ တိုင်ကြားခဲ့ခြင်းဖြစ်သည်။



ခြောက်လအတွင်း ကားအသစ် နှစ်သောင်းကျော်တိုးလာသည်။ နောက်ဆုံးနံပါတ်နှင့်ကားတစ်စီးကိုတွေ့ရစဉ် ဓာတ်ပုံ-ဝေယံ

# ခြောက်လအတွင်း ကားအစီးရေ ၂၀,၀၀၀ကျော် မှုသေနံပါတ်ထုတ်ပေး

**အေးမြတ်သူ**

**ရန်ကုန်၊ မတ် - ၁၉**

ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်နှင့်နိုင်ငံခြားငွေရှိသူများအား ကားသွင်းခွင့်ပြုသည့်အစီအစဉ်အရ ၂၀၁၁ စက်တင်ဘာ၁၉မှ ယခုနှစ်မတ်လ ၁၇ ရက်အထိခြောက်လအတွင်းမှတ်ပုံတင်(မှုသေ)နံပါတ်ကို ကားအစီးရေ ၂၀,၀၇၇ စီးကို ထုတ်ပေးပြီးဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် မြန်မာတစ်နိုင်ငံလုံးတွင် ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်အရ မတ်လ ၁၆ ရက်ထိ လာအပ်သော ကားအစီးရေ ၄၃,၇၈၆ စီးရှိပြီး သွင်းကုန် ပါမစ်ထုတ်ပေးခဲ့သော အစီးရေမှာ ၃၅,၈၇၁ စီးရှိပြီဖြစ်သည်။ ထိုထဲမှ ကားသွင်းခွင့် လိုင်စင်ယူပြီး ကားစီးရေ ၂၀,၀၂၃ စီးရှိပြီး ကုန်တင်ယာဉ် ၃၆၀စီး၊ ခရီးသည်ယာဉ် ၁၁၂ စီးနှင့် လူစီးကား၁၉,၅၅၁စီးရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ ယာဉ်အိုယာဉ်ဟောင်းလက်ခံမှုမှာလည်း(န)နှင့်(ပ)အက္ခရာတို့သာ ကျန်ရှိတော့သည်။

မှုသေနံပါတ်၁ဃ/အက္ခရာဖြင့်ပေးသော ကားအစီးရေ၉၈၀၀ ကျော်ရှိပြီဖြစ်ပြီး ၁ဃ/ကုန်လျှင် ၂ဃ/လာမည်ဖြစ်သည်။

"အခု ၁/ဃ အက္ခရာပေးတာဒီလ ၂၁ရက်ဝန်းကျင်လောက်ဆိုရင်ကုန်တော့မှာ။ ၁/ဃပြီးတာနဲ့ ၂/ဃကို ချက်ချင်းပေးမှာ" ဟု ရန်ကုန်တိုင်းဒေသကြီး က. ည. နရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ နိုင်ငံခြားငွေလက်ဝယ်ရှိသူများကို ကားသွင်းခွင့်ပြုနေမှုမှာလည်း ယခုနောက်ဆုံးသတ်မှတ်ပမာဏအခွန် ဆောင်သာကုမ္ပဏီအားလုံးကိုပါ ကားသွင်းခွင့်ပေးနေပြီဖြစ်သည်။

## ဖဒိုမန်းငြိမ်းမောင်ကို လွတ်ငြိမ်းချမ်းသာခွင့်ပြု၍ သမ္မတနှင့် ဦးအောင်မင်းကို ကျေးဇူးတင်

**သတင်းအဖွဲ့**

**ရန်ကုန်၊ မတ် - ၁၉**

ကရင်အမျိုးသားအစည်းအရုံး (KNU) ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်ကို အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်းမှာ ငြိမ်းချမ်းအရေးအတွက် အထောက်အကူဖြစ်ကြောင်း KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အတွင်းအရေးမှူး ဖဒိုဒေးဗစ်တောကပြောကြားသည်။

"ငြိမ်းချမ်းရေးကို သွားတဲ့အခါ အဆင်ပြေချောမွေ့ဖို့အတွက်အထောက်အကူဖြစ်စေတယ်။ ဘားအံဆွေးနွေးပွဲပြီးတော့ ဦးအောင်မင်းက လက်ဆောင်ပေးမယ်လို့ပြောခဲ့ဖူးတယ်။ ဖဒိုမန်းငြိမ်းမောင် လွတ်တဲ့ကိစ္စလည်းပါပါတယ်။ သူတို့ပေးထားတဲ့ကတိကိုလုပ်ဆောင်ပေးတဲ့အတွက်သမ္မတကြီးနှင့်တကွ ဦးအောင်မင်းကိုလည်း ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ အားလုံးက အရမ်းပဲဝမ်းသာနေကြတယ်"ဟုဖဒိုဒေးဗစ်တောက ပြောသည်။

ဖဒိုမန်းငြိမ်းမောင် အား ၂၀၁၁ ဇူလိုင်လအတွင်းက နိုင်ငံကူးလက်မှတ် တရားမဝင် ကိုင်ဆောင်မှုဖြင့် ကူမင်းမြို့မှ ရန်ကုန်မြို့သို့အလာ ရန်ကုန်လေဆိပ်တွင် ဖမ်းဆီးခဲ့ပြီး၊ လူဝင်မှု ဥပဒေဖြင့် အကျဉ်းချခဲ့သည်။ ထို့နောက် တရားမဝင်အသင်း ဆက်သွယ်မှု ပုဒ်မ ၁၇(၁)နှင့် နိုင်ငံတော်ပုန်ကန်မှုစသည့် အမှုနှစ်ခုဖြင့် အင်းစိန်မြောက်ပိုင်းခရိုင် တရားရုံးက ထောင်ဒဏ် ၃ နှစ်နှင့် တစ်သက်တစ်ကျွန်းကို မတ်လ၁၃ရက်တွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။

တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်ခံထားရာမှ မတ်လ ၁၉ ရက်နံနက်တွင် အင်းစိန်အကျဉ်းထောင်မှ ဖဒိုမန်းငြိမ်းမောင်ကို အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။ လွတ်မြောက်လာသော ဖဒိုမန်းငြိမ်းမောင်မှာ အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေး ဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သော ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၏ အထူးဧည့်သည်တော်အဖြစ် နေပြည်တော်သို့ ရောက်ရှိနေပြီး၊ ဦးအောင်မင်းကိုယ်တိုင် ဖဒိုမန်းငြိမ်းမောင်ကို ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ဖဒိုဒေးဗစ်တောမှာ လွတ်မြောက်လာသော ဖဒိုမန်းငြိမ်းမောင်နှင့် ယနေ့နံနက်တွင် ဖုန်းပြောခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်က အစိုးရနှင့် KNU တို့ ပဏာမတွေ့ဆုံ၍ အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးခဲ့စဉ် ဖဒိုမန်းငြိမ်းမောင်ကို လွှတ်ပေးရန် KNU ဘက်မှ တောင်းဆိုခဲ့သည်။

ဦးအောင်မင်းခေါင်းဆောင်သော ပြည်ထောင်စု အဆင့်ငြိမ်းချမ်းရေးဆွေးနွေးဖော်ဆောင်ရေးအဖွဲ့နှင့် KNUတို့မှာ လာမည့်ဧပြီလဆန်းပိုင်းတွင် ငြိမ်းချမ်းရေးအတွက် ထပ်မံတွေ့ဆုံဆွေးနွေးကြဦးမည်ဖြစ်သည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း လေ့လာ

**အိဖြူမွန်**

**ရန်ကုန်၊ မတ် - ၁၅**

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည်မတ်လ၁၄ရက်က ထားဝယ် ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်သို့လှည့်လည်ကြည့်ရှုခဲ့ပြီး အီတာလျံ-ထိုင်းဖွံ့ဖြိုးရေးကုမ္ပဏီပိုင် သင်္ဘောပေါ်တွင် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်အနီးရှိ ကျေးရွာများတွင် နေထိုင်ကြသော ဒေသခံများကပြောသည်။



ထားဝယ်ရေနက် ဆိပ်ကမ်း တည် ဆောက်နေမှုကို ၂၀၁၂ ဖေဖော်ဝါရီ လကုန်ပိုင်းက တွေ့ရစဉ်

ဓာတ်ပုံ - အိဖြူမွန်

သက်ဆင်ရှင်နာဝါထရာနှင့်အဖွဲ့သည် အီတာလျံ-ထိုင်းဖွံ့ဖြိုးရေးကုမ္ပဏီပိုင် သင်္ဘောပေါ်တွင် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တစ်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း ထားဝယ် ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ရှိထားဝယ်အထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အတည်ပြု ပြောကြားသည်။

ထားဝယ်မြို့ပေါ်ရှိ ကုန်သည် လုပ်ငန်းရှင်များနှင့် ထားဝယ်အထောက်အကူပြုအဖွဲ့သို့ လာရောက်တွေ့ဆုံခြင်းမရှိသော်လည်း ထိုင်းနိုင်ငံရှိ စက်မှုဇုန်များရှိရေနံနှင့် သဘာဝဓာတ်ငွေ့သန့်စင်သည့် ကုမ္ပဏီအချို့တွင် သက်ဆင်နှင့်မိသားစုများ ရှယ်ယာများ ထည့်ဝင်ထားသောကြောင့် ရင်းနှီးမြှုပ်နှံရန် လာရောက်ကြည့်ရှုခြင်းဖြစ်နိုင်ကြောင်း ထားဝယ်မြို့အခြေစိုက်လုပ်ငန်းရှင်များက ခန့်မှန်းပြောဆိုကြသည်။

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းနိုင်ငံအတွင်းရှိ လူမှုစီးပွားရေးစစ်တမ်းများကိုကောက်ယူသည့်လူမှုအဖွဲ့အစည်းမှစီးပွားရေးလေ့လာသူ မစ္စတာပါရာချာက သက်ဆင်နှင့် မိသားစုသည် ထိုင်းနိုင်ငံတွင် Petroleum Chemical ကုမ္ပဏီများတွင် ရှယ်ယာအများစု ပါဝင်ကြကြောင်း၊ ထို့ကြောင့် သက်ဆင်လာသောအကြောင်းကို အတိအကျမသိသော်လည်း ရင်းနှီးမြှုပ်နှံရန်လာရောက်ကြည့်ရှုသည်မှာဖြစ်နိုင်ကြောင်း ခန့်မှန်းပြောကြားသည်။

အီတာလျံ-ထိုင်းကုမ္ပဏီနှင့် တွေ့ဆုံခဲ့သော်လည်း မည်သည့်အကြောင်းအရာများ လာရောက်ဆွေးနွေးခဲ့သည်ကိုမူ ထားဝယ်အခြေစိုက် အီတာလျံ-ထိုင်းကုမ္ပဏီက ဖြေကြားခဲ့ခြင်းမရှိပေ။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝါထရာသည်မြန်မာနိုင်ငံသို့ မတ်လ ၁၂ ရက်တွင် ရောက်ရှိပြီး မတ်လ ၁၄ ရက်၌ ထားဝယ်မြို့သို့ နေ့ချင်းပြန်ခရီး သွားရောက်ခဲ့သည်။

ထားဝယ်မြို့သို့ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်သည့်နှစ်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံရန်လာရောက်ကြည့်ရှုသော တရုတ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့မှ လုပ်ငန်းရှင်ကုမ္ပဏီများ အများဆုံးလာရောက်ကြကြောင်း ထားဝယ်မြို့မှ တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောသည်။

# ကြားဖြတ်ရွေးကောက်ပွဲကာလ အင်တာနက်လိုင်းပြတ်တောက်နှေးကွေးမည်ကို အင်တာနက်အသုံးပြုသူများ ပူပန်

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်-၁၄**

အဓိကကျသော အချိန်များတွင် ပြတ်တောက်ခြင်း (သို့) နှေးကွေးခြင်းများ ပုံမှန်ဖြစ်ပေါ် လေ့ရှိသောပြည်တွင်း၏ အင်တာနက်မြန်နှုန်းများ မကြာမီကျင်းပတော့မည့် ကြားဖြတ်ရွေးကောက်ပွဲကာလအတွင်းတွင် အထက်ပါအတိုင်းဖြစ်ပေါ်လာမည်ကိုစိုးရိမ်နေကြကြောင်း အင်တာနက်သုံးစွဲသူများကပြောသည်။

နိုင်ငံရေးနှင့် ပတ်သတ်သည့် အဓိကကျသော အချိန်များတွင်ပုံမှန်အတိုင်း ဆက်သွယ်မှုပြတ်တောက်ခြင်းများနှင့် မြန်နှုန်းများကျဆင်းလေ့ရှိသော အင်တာနက်မြန်နှုန်းမှာ လာမည့် ဧပြီကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ထိုစံအတိုင်းဖြစ်ပေါ်မည်ကိုစိုးရိမ်နေကြသည့် ပြည်တွင်းပြည်ပနိုင်ငံရေး စိတ်ဝင်စားသည့် အွန်လိုင်းအသုံးပြုသူများက ပြောဆိုကြခြင်းဖြစ်သည်။ မကြာမီကျင်းပတော့မည့် ကြားဖြတ်ရွေးကောက်ပွဲကာလအတွင်း နိုင်ငံတကာမှ သတင်းထောက်များ လာရောက်ကြမည်ဖြစ်သဖြင့် ပြည်တွင်း၏ အင်တာနက်မြန်နှုန်းများကို လက်ရှိအတိုင်းသာ ရှိနေအောင်ဆောင်ရွက်ပေးခြင်းဖြင့် တိကျသည့်သတင်းအချက်အလက်များကို လူအများအချိန်နှင့်တစ်ပြေးညီသိရှိစေမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်များက သုံးသပ်ပြောဆိုကြသည်။

“နိုင်ငံတကာကလည်းလာမယ်။ ဒီကသူတွေကလည်းအွန်လိုင်းကို အဓိကအားကိုးနေကြရပြီ။ လာမယ့်ရွေးကောက်ပွဲမှာသာ ထုံးစံအတိုင်းဖြစ်ရင် မကောင်းတော့ ဘူး။ အဲ့ဒီတော့ ကြားဖြတ်ရွေးကောက်ပွဲမှမဟုတ်ဘူး နိုင်ငံရဲ့ အဓိကကျနေတဲ့အချိန်တိုင်းမှာ အင်တာနက်စနစ်တွေကို ပိုပြီးကောင်းအောင်လုပ်ပေးဖို့က အရေးကြီးတယ်” ဟုမန္တလေးတိုင်းရှိ ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးကလည်း ဆိုသည်။ လက်ရှိ မြန်မာနိုင်ငံ၏ အင်တာနက်မြန်နှုန်းပမာဏမှာ 3 Mb သာရှိသေးသည်။ ပြည်တွင်း လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးအစရှိသည့် ကဏ္ဍများနှင့် သက်ဆိုင်သည့် အကြောင်းအရာများသည် ယခုနှစ်အနည်းငယ်အတွင်း အင်တာနက်စာမျက်နှာများပေါ်ရှိ ဆိုရှယ်ဆိုက်များမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သိရှိနေကြသည်။

# အညာဖျား ရေအားလျှပ်စစ်စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် ကျေးရွာများ စာပို့

**အိဖြူမွန်**

**ရန်ကုန်၊ မတ်-၁၀**

အညာဖျား ရေအားလျှပ်စစ်စီမံကိန်းနှင့် ရေကာတာလုပ်ငန်းအကြားရေမြုပ်ဧရိယာထဲတွင် ပါဝင်သော ကျေးရွာငါးရွာမှ ဒေသခံများက ၎င်းတို့ အန္တရာယ်ကင်းစွာနေထိုင်ရေးအတွက် ကာကွယ်ပေးပါရန် စာပေးပို့ထားကြောင်း ကျေးရွာဒေသခံများက ပြောသည်။

ပေးပို့ထားသောစာတွင် ဥယျာဉ်ခြံမြေကေပေါင်း တစ်သောင်းကျော်နှင့် လူဦးရေနှစ်ထောင်ခန့်နေထိုင်ကြသော ကျေးရွာငါးရွာတွင် ယင်းရေကာတာတည်ဆောက်ပါက ရေလွှမ်းမိုးနစ်မြုပ်မည်ဖြစ်ကြောင်း၊ ပြောင်းရွှေ့ရမည့် အန္တရာယ်ရှိသည်ဟု မြေတိုင်းတာသူများက ကျေးရွာအုပ်ချုပ်သူများကို ခေါ်ယူ၍ တရားဝင်ပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် ပြောင်းရွှေ့ရမည်ဆိုပါက စားဝတ်နေရေးထိခိုက်မည်ဖြစ်ကြောင်းကို ယင်းစာတွင် အသေးစိတ်ဖော်ပြထားသည်။

ယင်းပေးစာကို သက်ဆိုင်ရာဝန် ကြီးဌာနရှစ်ခုနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သော ကုမ္ပဏီတို့ အားပေးပို့ထားကြောင်းလည်း သိရသည်။ ပြောင်းရွှေ့ရမည့်စီမံကိန်းပါကျေးရွာငါးရွာမှာ ထားဝယ်ခရိုင်အတွင်းရှိ အညာဖျားကျေးရွာ၊ ဒါးသွေးကျောက်ကျေးရွာ၊ ဆိတ်ချောင်း၊ ညောင်ချောင်း၊ ဥယျာဉ်ကြီးကျေးရွာတို့ဖြစ်သည်။

# ကချင်စစ်ဘေးသင့်ပြည်သူများအတွက် အမေရိကန်ပြည်ထောင်စုက ကန်ဒေါ်လာ ၁ ဒသမ ၅ သန်းကူညီမည်

**အေးမြကျော်**

**ရန်ကုန်၊ မတ်- ၁၅**

အမေရိကန်ပြည်ထောင်စုအနေနှင့် ကချင်စစ်ဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဒဲရစ်မစ်ချယ်က ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

“အစိုးရက ကတိပေးထားတဲ့အတိုင်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တခြားတိုင်းရင်းသားအဖွဲ့တွေနဲ့အပစ်အခတ်ရပ်ရေးဆွေးနွေးတာတွေ တိုးတက်မှုတွေတွေ့နေရပေမယ့်ကချင်ပြည်နယ်မှာတော့ တိုက်ပွဲတွေ



ဆက်ဖြစ်ပွားနေဆဲပါ။ ကျွန်တော်တို့အနေနဲ့လတ်တလောပူပန်မိတာ ကချင်စစ်ပြေးဒုက္ခသည်တွေ ( Internal Displace Person–IDP ) အတွက်ပါ။ မကြာမီမိုးတွင်းရောက်တော့မှာမို့ သူတို့အတွက်ပိုခက်ခဲလာနိုင်ပါတယ်”ဟု မစ္စတာ ဒဲရစ်မစ်ချယ်က သတင်းထောက်များကိုပြောကြားခဲ့သည်။

လုံခြုံရေးအရ ကန့်သတ်မှုများရှိသော်လည်း ကချင်စစ်ဘေးဒုက္ခသည်တွေထံ တတ်နိုင်သမျှ တိုက်ရိုက်အကူအညီများပေးသွားနိုင်ရန်လည်းနေပြည်တော်တွင် အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံစဉ် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း ယင်းက ပြောကြားသည်။

အစိုးရငြိမ်းချမ်းရေး ကိုယ်စားလှယ်များနှင့် ကေအိုင်အိုတို့ တရုတ်နိုင်ငံတွင် မတ် ၈ ရက်မှ ၃ ရက်ကြာ တွေ့ဆုံအပြီးတွင် ဆွေးနွေးမှုများမှာ မျှော်မှန်းသလောက် အောင်မြင်ခြင်းမရှိဘဲ ကချင်ပြည်နယ်တွင် တိုက်ပွဲများထပ်မံဖြစ်ပွားလျက်ရှိကြောင်း ကချင်ပြည်နယ်မှ ဒေသခံများက ဖုန်းဖြင့်ဆက်သွယ်ပြောကြားသည်။

# အမေရိကန် ထိပ်တန်း တက္ကသိုလ်တစ်ခု ဆေးပညာ ဆွေးနွေးပွဲ လာရောက်ပြုလုပ်မည်

**ကိုကိုကြီး**

**ရန်ကုန်၊ မတ် - ၁၆**

အမေရိကန်ပြည်ထောင်စုရှိကမ္ဘာ့ထိပ်တန်းတက္ကသိုလ် တစ်ခုဖြစ်သည့် John Hopkins တက္ကသိုလ်မှ ဆေးပညာဆိုင်ရာ သင်ကြားပို့ချနေသည့် ပါမောက္ခများနှင့်သုတေသနပညာရှင်များပါဝင်သည့်အဖွဲ့တစ်ဖွဲ့သည် ရန်ကုန်ရှိ ဆေးတက္ကသိုလ်-၁ တွင် ဆေးပညာဆိုင်ရာဆွေးနွေးပွဲတစ်ရပ်ကို မတ်လ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း ယင်းဆွေးနွေးပွဲဖြစ်မြောက်အောင် ဆောင်ရွက်သည့် မင်္ဂလာမြန်မာမှ ဒါရိုက်တာဦးဖုန်းဝင်းကပြောသည်။

ယင်းဆွေးနွေးပွဲကျင်းပရန် မင်္ဂလာမြန်မာနှင့်ဆေးတက္ကသိုလ်တို့ပူးပေါင်းစီစဉ်ခြင်းဖြစ်သည်။

အဆိုပါတက္ကသိုလ်အောက်တွင် ဖွဲ့စည်းထားရှိသည့် ယူအက်စ်-ကိုရီးယားအင်စတီကျူဒ်က ခရီးစဉ်ကုန်ကျစရိတ်ကို တာဝန်ယူကျခံကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဆေးတက္ကသိုလ်များတွင်သင်ကြားနေသည့် ဆရာ၊ ဆရာမဦးရေ ၈၀ ခန့်အား ငွေကြေးပေးရန်မလိုဘဲ တက်ရောက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

“နိုင်ငံတကာမှာ ဘယ်လိုလုပ်နေသလဲ။ နောက်ဆုံး ဆေးပညာဆိုင်ရာ ကုသနည်းစနစ်တွေက ဘာလဲ။ ကျောင်းသားတွေကို ဘယ်လိုသင်သလဲဆိုတာတွေကို သင်ကြားမှာ။ တက္ကသိုလ်အဆင့်ကနေ လာတာ။ အရင်ကလာတာ။ ဆေးရုံအနေနဲ့ လာတာပေါ့။ John Hopkins အနေနဲ့ လာတာကပထမဆုံးပဲ”ဟု ဒေါက်တာဖုန်းဝင်းကပြောသည်။

အဆိုပါတက္ကသိုလ်မှ ဆေးပညာဆိုင်ရာ ပါမောက္ခများ သင်ကြားမည့်အစီအစဉ်များကို ဆက်လက်ပြုလုပ်သွားနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

# အလုပ်လိုအပ်ချက်နှင့် အလုပ်လျှောက်ထားသူကွာဟချက် မြင့်မားနေ

**ကိုကိုကြီး** **ရန်ကုန်၊ မတ်-၁၈**

“မြန်မာ့အလုပ်အကိုင် အခွင့်အလမ်းများပြပွဲ” တွင် သက်ဆိုင်ရာ ကုမ္ပဏီများက လိုအပ်သည့်အလုပ်လိုအပ်ချက်ထက် အလုပ်လာလျှောက်သူဦးရေ မြင့်မားနေကြောင်း ၎င်းပြပွဲတွင် လာရောက်ပြသသည့် ကုမ္ပဏီများထံမှ သတင်းရရှိသည်။

UMFCCI တွင် မတ်လ ၁၇၊ ၁၈၌ ကျင်းပသည့် ထိုပြပွဲအတွင်း ပြသသည့်ကုမ္ပဏီ ၄၉ခု ပါဝင်ပြသပြီး အလုပ်လာလျှောက်သူဦး ရေ ၁၀,၀၀၀ ဝန်းကျင်ရှိကြောင်း သတင်းရရှိသည်။

အလုပ်လျှောက်လွှာလက်ခံသော ကုမ္ပဏီပြခန်း ၄၄ ခုနှင့် လူတွေ့အင်တာဗျူးလုပ်သောပြခန်း ၅ခုပါဝင်ပြသပြီး ပြခန်းတစ်ခုလျှင် အနည်းဆုံးလျှောက်လွှာ ၁၀၀ မှ အများဆုံး ၂၆၀၀ ကျော်ထိ လက်ခံရရှိကြသည်။ ထူးကုမ္ပဏီသို့ အများဆုံး အလုပ်လျှောက်ကြသည်ကိုတွေ့ရသည်။ ပြပွဲမှာ လူစိတ်ဝင်စားမှုများ၍ မေလတွင် ထပ်မံကျင်းပရန်ရှိကြောင်း သတင်းရရှိသည်။

အလုပ်အကိုင်ပြပွဲတွင် လာရောက်ပြသသည့် ကုမ္ပဏီအများစုသည်ဝန်ထမ်းခန့်ထမ်းရန်အတွက် အရည်အချင်းသတ်မှတ်ရာတွင် သက်ဆိုင်ရာလုပ်ငန်းခွင်အလိုက် အတိုင်းအတာတစ်ခုထိ အလုပ်အတွေ့အကြုံရှိသည့်သူများကိုသာ အများဆုံးခေါ်ယူသည်ကို တွေ့ရှိရသည်။

ကုမ္ပဏီက လက်ရှိကာလတွင်ဝန်ထမ်းလိုအပ်ချက်အရဝန်ထမ်း၄၀မှ၅၀ဦးအတွင်းသာခေါ်ယူထားသော်လည်းလာရောက်လျှောက်ထားသူဦးရေသည် ၇၀၀ နီးပါးထိရှိနေကြောင်း

**အချုပ်ပို(D)သို့**



**ထူးကုမ္ပဏီအုပ်စု၏ပြခန်းတွင် အလုပ်လျှောက်ထားနေကြသူများ** **ဓာတ်ပုံ-ဝေယံ**

# အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၂-၁၃ ဘတ်ဂျက် ပယ်ဖျက်ခံရ

**ထူးသန့်**
**နေပြည်တော်၊**
**မတ်- ၁၆**

အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၅ ရက်က ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗဟိုအဖွဲ့အစည်းအဖြစ် အတည်မပြုရသေးသောကြောင့် လာမည့် ၂၀၁၂- ၁၃ ဘဏ္ဍာရေးနှစ်အတွက် တင်ပြသော ရသုံးမှန်းခြေငွေစာရင်းများ ပယ်ဖျက်ခဲ့ကြောင်းမတ်လ၁၆ရက်တွင်ကျင်းပသောပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အရ အဆိုပါကော်မရှင်သည် တည်ဆဲဥပဒေနှင့် မညီညွတ်ကြောင်း တွေ့ရှိရသည့်အပြင် ကော်မရှင်ကလည်း လက်ခံသဘောတူသည့်အတွက် ၂၀၁၂-၁၃ ရသုံးမှန်းခြေငွေစာရင်းလျာထားခြင်းကို ပယ်ဖျက်ခဲ့ကြောင်း ယနေ့ကျင်းပပြုလုပ်သော ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့အစည်းအဝေးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

“နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးထားတာ ဖြစ်ပေမယ့် ပြည်ထောင်စု လွှတ်တော်ကို မတင်ဘဲ ဖွဲ့ထားတာဖြစ်တဲ့အတွက် ရသုံးမှန်းခြေငွေစာရင်းတင်တာ တရားမဝင်သေးဘူး”ဟု၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မှတ်ချက်ပေးသည်။ အဆိုပါကော်မရှင်နှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်ခဲ့သူပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းဝါနုကလည်း အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုပြီးမှသာပြည်ထောင်စုအဆင့်အဖွဲ့ဖြစ်ကြောင်း၊ ဥပဒေအရ ၂၀၁၂-၁၃ နှစ်အတွက် ဘဏ္ဍာငွေ တောင်းခံ၍ မရသေးကြောင်း၊ ထို့ကြောင့် ယင်းကော်မရှင်အတွက် လျာထားငွေကို လွှတ်တော်က လုံးဝအတည်မပြုသင့်ကြောင်း ယမန်နေ့ကပြောကြားခဲ့သည်။

အထက်ပါအကြောင်းအရာများနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်း “ဒေါ်နန်းဝါနုရဲ့ တင်ပြချက်ဟာ အစိုးရကို ကူညီခြင်းဖြစ်သလို၊ လွှတ်တော်ကို ဂုဏ်တက်စေခြင်းလည်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအုပ်ချုပ်ရေးအဖွဲ့နဲ့ဥပဒေပြုရေးအဖွဲ့တို့ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ရှေ့ဆောင်လမ်းပြနမူနာလည်းဖြစ်ပါတယ်”ဟု ယနေ့ပြုလုပ်ကျင်းပသောပြည်သူ့လွှတ်တော်၌ သုံးသပ်ပြောကြားခဲ့သည်။

အဆိုပါကော်မရှင်၏ ၂၀၁၂-၁၃ဘဏ္ဍာနှစ်အတွက် အဆိုပြုလျာထားငွေကျပ် ၁၃၉ဒသမ၈၆ သန်းပယ်ဖျက်ခံရခြင်းဖြစ်ပြီး ယင်းပယ်ဖျက်ခဲ့မှုအပေါ် “တရားဥပဒေစိုးမိုးရေးအတွက် ဒီလိုပဲ ညှိနှိုင်းဆောင်ရွက်ရတာဖြစ်တယ်။ အစိုးရဘက်ကရော လွှတ်တော်ဘက်ကပါ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက်ဆောင်ရွက်တယ်လို့မှတ်ယူရပါတယ်”ဟု သူရဦးရွှေမန်းက မှတ်ချက်ပေးပြောကြားသွားသည်။



7 DAY NEWS JOURNAL
Vol.11, No.3 · MARCH 22 , 2012



## ၂၀၁၂ မတ်လ ၂၁မှ ၂၇ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းမှာနဲ့ ကပ္ပလီပင်လယ်ပြင်မှာတိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာတိမ်အနည်းငယ်သာ ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာလှိုင်းအနည်းငယ်သာရှိနိုင်ပါတယ်။ အများဆုံးဖြစ်ပေါ်နိုင်တဲ့ လှိုင်းအမြင့်ဟာ ၁ ပေ မှ ၁ပေခွဲခန့်အထိသာရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့မတ်လ(၁)ရက်မှ(၇)ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာမြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများနဲ့တောင်ပိုင်းဒေသတွေမှာမိုးရေချိန်၀. ၂လက်မမှ၁. ၈လက်မအထိမိုးအနည်းငယ်ထစ်ချုန်းရွာသွန်းခဲ့ကြတာကလွဲရင်၊ ကျန်ဒေသတွေမှာတော့ သာယာနေခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

လာမယ့်ရက်သတ္တတစ်ပတ်အတွင်း မိုးရွာသွန်းမှုဆက်လက်လျော့နည်း နိုင်ပါတယ်။ မြောက်ပိုင်းစွန်းဒေသများနဲ့တောင်ပိုင်းစွန်းဒေသများမှာ(၂)ရက်မှ(၄)ရက်ခန့်၊ မြစ်ဝကျွန်းပေါ်ဒေသများမှာ(၁)ရက်မှ(၂)ရက်ခန့် မိုးအနည်းငယ်ထစ်ချုန်း ရွာသွန်းနိုင်တာကလွဲရင် တစ်ပြည်လုံးမှာ အများအားဖြင့်သာယာပါ့မယ်။

**နေ့အပူချိန်များ**

မတ်လကစတင်ပြီး နေ့အပူချိန်များတစ်နေ့ထက်တစ်နေ့မြင့်တက်လာနေပါတယ်။ အထူးသဖြင့်မြန်မာနိုင်ငံအလယ်ပိုင်း၊ မြေလတ်ပိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသများနဲ့တောင်ပိုင်းဒေသများမှာ သိသိသာသာ အပူချိန်များ တက်လာနေပါတယ်။ နေ့အပူချိန်များမြင့်တက်လာနဲ့အတူ မြန်မာနိုင်ငံ တောင်ပိုင်းနဲ့မြစ်ဝကျွန်းပေါ် ဒေသများမှာ တိမ်များတက်လာပြီး အပူကိုလျော့ပါးစေနိုင်ပါတယ်။ လာမယ့် ရက်သတ္တ တစ်ပတ်အတွင်းမှာ နေ့အပူချိန်များ အနေနဲ့ကတော့ ကချင်ပြည်နယ်အရှေ့မြောက်ပိုင်း၊ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်းဒေသတွေမှာ 20 C မှ 25 C ခန့်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ် တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဒေသတွေမှာ 30 C မှ 33 C ခန့်၊ ကျန်ဒေသများမှာတော့ 36 C မှ 39 C ခန့် ရှိနိုင်ပါတယ်။ တောင်ပိုင်း ဒေသတွေမှာ ဖြစ်မြဲအောက်လျော့ပြီး အပူလျော့နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့ နည်းနေတဲ့အတွက် ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို ဆက်လက် သတိထားဖို့လိုလာပါလိမ့်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်နဲ့ဘင်္ဂလားပင်လယ်ပြင်တို့တွင် အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာတော့ မုန်တိုင်းဖြစ်ဖို့ မရှိသေးဘူးလို့ခန့်မှန်းရပါတယ်။

**၂၀၁၂ အတွက် အရေးကြီးသောအခြေအနေ**

လက်ရှိဖြစ်ပေါ်နေတဲ့ လာနီညာရာသီဥတုဟာမတ်လအကုန်မှာပြီးဆုံးတော့မယ်လို့ခန့်မှန်းရပါတယ်။ ထူးခြားမှုတစ်ခုအနေနဲ့ ၂၀၁၂ ခုနှစ်ဟာ နေအမည်းစက်အများဆုံးနှစ်ဖြစ်နေပါတယ်။ နေအမည်းစက်အများဆုံးနှစ်တွေမှာအယ်လ်နီညိုနှစ်ဖြစ်လာပါကအလွန်ပူပြင်းခြောက်သွေ့တတ်တဲ့အတွက် ၂၀၁၂ ရဲ့ လက်ကျန်ကာလတွေမှာ အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်နိုင်မှုကို စောင့်ကြည့်ဖို့အရေးကြီးနေပါတယ်။

လက်ရှိအချိန်မှာ မြန်မာနိုင်ငံအတွင်းမိုးရွာသွန်းမှုလျော့နည်းမှုဟာ အောက်တိုဘာလ နောက်ဆုံးပတ်မှ ယနေ့အထိ ဖြစ်ပေါ်နေခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတွင်းရှိမြစ်ကြီးများ၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့နဲ့ တစ်ပြည်လုံးရှိလယ်ယာစိုက်ကွင်းတွေမှာမြေဆီလွှာအစိုဓာတ်ရရှိမှု အခြေအနေတွေမှာ ရေအဝင်လျော့နည်းနေတဲ့အတွက် ကဏ္ဍအသီးသီးမှာ ရေနည်းမှုအခြေအနေကိုကြုံတွေ့နေရပြီဖြစ်တဲ့အတွက်ကြိုတင်ကာကွယ်မှုတွေလုပ်ဆောင်ကြဖို့လိုအပ်နေပြီဖြစ်ပါတယ်။

မတ်လနောက်ဆုံးပတ်မှစတင်ကာ မိုးတိမ်တောင်များရဲ့အန္တရာယ်ကို မေလပထမပတ်အထိ သတိထားဖို့လိုအပ်ပါတယ်။ အထူးသဖြင့် မွန်းလွဲညနေပိုင်းအချိန်အခါများမှာ မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်း တိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း စတာတွေကို ကြုံတွေ့ နိုင်ပါတယ်။ **ဒေါက်တာထွန်းလွင်**

# ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လုပ်ငန်းအကောင်အထည်ဖော်မှု အားမရ

ပြည်သိမ်း

ရန်ကုန်၊ မတ် - ၁၇

**ခွင့်ပြုမိန့်ရရှိပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှာ လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်မှုမှာ အားရဖွယ်မရှိကြောင်း မတ်လ ၁၆ ရက်တွင် နေပြည်တော် စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းကပြောကြားသည်။**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်ရန်၊ ပြည်သူလူထု၏ စားဝတ်နေရေးပြေလည်စေရန် လုပ်ငန်းများကိုစိစစ်ပြီး အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုမိန့်ထုတ်ပေးနေသည်ဟု ဦးစိုးသိန်းက ပြောကြားခဲ့ကြောင်း မတ်လ ၁၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈၃၆ ခု ခွင့်ပြုမိန့်ပေးခဲ့ပြီး ၆၃၂ ခုသာ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားသား ရင်းနှီး မြှုပ်နှံမှု ခွင့်ပြုမိန့် ၄၆၀တွင်လက်ရှိ၂၇၅ခုသာဆောင်ရွက် လျက်ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးပွဲတွင်ပြောကြားသည်။ ကော်မရှင်က စိစစ်၍ အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုမိန့်ထုတ်ပေးသော်လည်း လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုမှာ နှေးကွေးပြီး အားရဖွယ်မရှိကြောင်း ဦးစိုးသိန်းကပြောသည်။ ထို့အပြင် ဘိလပ်မြေလုပ်ငန်း ဆောင်ရွက်ရန် နိုင်ငံတော်က စက်ရုံ ၂၂ ခု ခွင့်ပြုထားသော်လည်း ကိုးရုံခန့်သာ အလုပ်လုပ်နေကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

"လုပ်ငန်းလုပ်ဖို့က အဖက်ဖက်က ချိန်ဆနေရတယ်။ နည်းပညာရဖို့၊ အခြေခံအဆောက်အအုံတွေအတွက်လည်း အချိန်ယူရတယ်။ အခက်အခဲတွေက အများကြီးပဲ"ဟု စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကဆိုသည်။

ပြည်တွင်း၌လုပ်ကိုင်နေသည့် လုပ်ငန်းအများစုသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME)သာ အများစုဖြစ်သည်။

အဆိုပါလုပ်ငန်းများ တည်ထောင်ရန်အတွက် ချေးငွေ၊ နည်းပညာ စသည့်လိုအပ်ချက်၊ ကုန်ကြမ်းရရှိမှုအခြေအနေ၊ ပြည်တွင်းဈေးကွက်အခြေအနေ၊ ပြည်တွင်းဝယ်လိုအား စသည့်လိုအပ်ချက်များစွာရှိသည်။ ထို့အပြင် အဆိုပါလုပ်ငန်းများကို ထိန်းသိမ်းမည့် ဥပဒေသစ်များလည်းလိုအပ်ကြောင်း UMFCCI ဒုဥက္ကဋ္ဌတစ်ဦးက ဆိုသည်။

"အကုန်လုံးကတော့ လုပ်ချင်ကြတာပဲ။ လုပ်သာကိုင်သာရှိဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးဖို့လိုတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

လက်ရှိအချိန်ထိ ထုတ်ကုန်လုပ်ငန်းများတွင် ကုန်ကြမ်းတင်သွင်းရာ၌ အခွန်အခ၊ ထုတ်ကုန်များ ရောင်းချရာတွင် အခွန်ပေးရခြင်း၊ လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း သက်ဆိုင်ရာဌာနများစွာသို့ အခွန်များပေးနေရခြင်း၊ ထို့အပြင် နယ်စပ်မှ ဝင်ရောက်လာသည့် သွင်းကုန်များနှင့် ဈေးကွက်တွင်ယှဉ်ပြိုင်ရန် အခက်အခဲတို့ကို ရင်ဆိုင်နေရကြောင်းလည်း လုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။

လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက လုပ်ငန်းအကောင်အထည်ဖော်မှုမရှိသေးသည့် ပမာဏကိုပြောကြားရာတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ၂၀၄ ခု၊ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုတွင် ၁၈၅ ခုရှိသည်။

# ဆောက်လုပ်ရေးဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲပြီးစီး

**မေဝင်းမွန်**

**ရန်ကုန်၊ မတ် - ၁၅**

နေအိမ်၊ တိုက်တာနှင့်အထပ်မြင့်တိုက်များကို နိုင်ငံတကာအဆင့်မီအဆောက်အအုံဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီတည်ဆောက်ရမည့် ဗိသုကာပညာရပ်ဆိုင်ရာ Building Code ရေးဆွဲမှုပြီးစီးပြီဖြစ်ကာ လက်တွေ့ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့ ခွင့်ပြုချက် တင်ထားပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဗိသုကာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမော်လင်းကပြောကြားသည်။

"ဗိသုကာအသင်းက Building Code ရေးပြီးသွားပါပြီ။ Code တစ်ခုကိုအတည်ပြုဖို့က ဗိသုကာ အသင်းတစ်ခုတည်းက မရပါဘူး။ အစိုးရကအတည်ပြုပြီးမှ ဥပဒေဆိုတာ ထွက်လာပြီးမှ အသက်ဝင်မယ်။ Code ဆိုတာမျိုး ကဗိသုကာပညာရပ်စသင်ကတည်းကပါပြီးသား။ ဒါပေမဲ့ အဆောက်အအုံတွေအပြင်မှာဆောက်ကြတဲ့အခါ ဗိသုကာတွေချည်းပဲ မဟုတ်ဘဲ ဗိသုကာမဟုတ်တဲ့သူတွေကလည်းဆွဲကြတယ်။ ဒါကြောင့် မို့လို့အချို့ဟာတွေက စံနှုန်းအောက်ရောက်နေတတ်တယ်။ ဗိသုကာတွေချည်းပဲလိုက်နာဖို့အတွက် မဟုတ်ဘူး။ အဆောက်အအုံ ဒီဇိုင်းထုတ်တဲ့သူတွေလိုက်နာဖို့အတွက် Code ကိုရေးတာဖြစ်ပါတယ်။ နောက်ပိုင်းမှာဒီ Code မပါရင် အဲဒီအဆောက်အအုံကို ဆောက်ခွင့်လိုင်စင်မပေးဘူးဆိုတာမျိုးအထိ ဖြစ်လာပြီဆိုလာရင်တော့ အဆောက်အအုံဒီဇိုင်းဆွဲသူတိုင်း လိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းတွေဖြစ်လာမှာပါ" ဟု ဦးမော်လင်းကပြောကြားသည်။



လက်ရှိအနေအထားတွင်နေအိမ်၊ အထပ်မြင့်တိုက်များဆောက်လိုသောမြေပိုင်ရှင်များသည်ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာများကို ကျွမ်းကျင်အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးမှုအလေ့အထများ ပျောက်ကွယ်ကာ အဆင်ပြေသလိုပုံစံမျိုးနှင့် တည်ဆောက်လာကြသဖြင့် အဆောက်အအုံပြီးစီးကာမှမပြေလည်သည့်ပြဿနာများလည်း ရှိသည်ဟုသိရသည်။

"နိုင်ငံတကာမှာက Building Code ဆိုတာရှိပြီး အဆောက်အအုံ တစ်ခုဆောက်မယ်ဆိုရင် ဗိသုကာ၊ အင်ဂျင်နီယာဘယ်သူပဲဆောက်ဆောက် အဲဒီနိုင်ငံကသတ်မှတ်ထားတဲ့ဥပဒေနဲ့အညီဆောက်ကြရတယ်။

"မြန်မာနိုင်ငံမှာက အင်ဂျင်နီယာမဟုတ်၊ ဗိသုကာမဟုတ်ဘဲအဆောက်အအုံဆောက်တဲ့သူတွေရှိပါတယ်။ အော်တိုကတ်တတ်ရုံနဲ့ အဆောက်အအုံဒီဇိုင်းဆွဲနေတာတွေ၊ စံချိန်စံညွှန်းမမီတာတွေ၊ သံချောင်း၊ ဘိလပ်မြေခိုတာတွေလည်း ရှိတဲ့အတွက် Building Code ထွက်လာပြီးရင် နောက်ပိုင်းမှာ နိုင်ငံတကာရဲ့ဥပဒေတွေ အတိုင်းဖြစ်လာမှာပါ" ဟုဝါရင့်ဗိသုကာပညာရှင်တစ်ဦးကပြောသည်။

# I Love Korean ရုပ်သံမှတ်တမ်းတိုပြိုင်ပွဲ စိတ်ဝင်စားသူများ ပါဝင်ယှဉ်ပြိုင်နိုင်

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်-၁၇**

တောင်ကိုရီးယားနိုင်ငံက I Love Korean ဟူသော ခေါင်းစဉ်ဖြင့် ဗီဒီယိုတင်ပြချက်တစ်ခုကို မြန်မာအပါအဝင် နိုင်ငံတကာမှ စိတ်ဝင်စားသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသံရုံးမှ သတင်းရရှိသည်။

အဆိုပါ အစီအစဉ်ကို တောင်ကိုရီးယားနိုင်ငံနှင့်အတူ ယင်းနိုင်ငံ၏ နာမည်ကျော်ရုပ်သံလိုင်းဖြစ်သော Arirang တို့က ပူးပေါင်းစီစဉ်ထားခြင်းဖြစ်သည်။

I Love Korea ဟူသော ခေါင်းစဉ်နှင့် ကိုက်ညီသည့် မည်သည့် အကြောင်းအရာကို မဆို သုံးမိနစ်စာ ဗီဒီယိုရိုက်ကူးပြီး အင်တာနက်ပေါ်ရှိ You Tube ဝဘ်ဆိုက် (သို့) culturemofat@gmail.com နှင့် culturemofat@mofat.go.kr အစရှိသည့် အီးမေးလ်လိပ်စာများသို့ ပေးပို့နိုင်ကြောင်းအထက်ပါသံရုံးမှ သတင်းထုတ်ပြန်သည်။

အထက်ပါ သုံးမိနစ်စာ ဗီဒီယိုတင်ပြချက်တွင် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် မိမိစိတ်ပါဝင်စားသည့် ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှု၊ အနုပညာ၊ စီးပွားရေးအစရှိသည့် မည်သည့်အကြောင်းအရာများကိုမဆို နှစ်သက်ရာ တင်ပြချက်များဖြင့် ပြိုင်ပွဲဝင်နိုင်ပြီး တစ်နိုင်ငံလျှင် လေးဦးကိုရွေးချယ်ဆုချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ ဆုလေးဆုတွင် အထူးဆုကို ရရှိသူအနေဖြင့် ကိုရီးယားနိုင်ငံထုတ် ကားတစ်စီးနှင့် ယင်းနိုင်ငံသို့ အခမဲ့အလည်အပတ်ခရီးသွားရန် အခွင့်အရေးကို ရရှိမည်ဟုဆိုသည်။

ဒုတိယဆုမှာ ကိုရီးယားနိုင်ငံထုတ် လက်ပ်တော့တစ်လုံးကို ရရှိမည်ဖြစ်ပြီး တတိယဆုနှင့် စတုတ္ထဆုများမှာ ယင်းနိုင်ငံဖြစ် ကွန်ပျူတာတစ်လုံးနှင့် ဒစ်ဂျစ်တာကင်မရာတစ်လုံးစီကို ဆုရရှိမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ယခုလမှ မေလ ၂၀ရက်အထိပေးပို့လျှောက်ထားနိုင်ပြီး ပြိုင်ပွဲ၏ဆုရရှိသူရလဒ်စာရင်းကို ၂၀၁၂ ဇွန်လ ၁၁ရက်တွင် ကြေညာချက်ထုတ်ပြန်သွားမည်ဖြစ်သည်။

Life
7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012



# ဘဝသစ် ပြန်စရန်...

အိဖြူမွန်

ဆယ်စုနှစ်တစ်ခုကျော်ကျော် မိသားစုစားဝတ်နေရေးအတွက် ဒေါ်စန်းတင်မှီခိုခဲ့ရသော ဥယျာဉ်ခြံကြီးမှာ ယခုအခါ မြေသားများကိုထိုးဆွထား၍ မွစာကျဲသော အပိုင်းပိုင်း အထစ်ထစ်ခုတ်လှဲထားသောသီဟိုဠ်ပင်သစ်ကိုင်းများက ခြံစပ်နားတွင် ဟိုတစ်ပုံ သည်တစ်ပုံ စုပုံလျက်။ မြေသားလွင်ပြင်ကြီးထဲတွင် ဆောက်လုပ်ရေး လုပ်ငန်းသုံးကားကြီးတစ်စီးက လူးလာခေါက်ပြန် မောင်းနှင်နေသည်။

ပြောင်းရွှေ့ရမည့်အတွက် စိတ်မကောင်းဖြစ်နေသော ဒေါ်စန်းတင်(ပုံသေး)နှင့် စီမံကိန်းအတွက် မြေညှိနေသော ယန္တရားကြီးတစ်စီး။ ဓာတ်ပုံ-အိဖြူမွန်

ရုံဖန်ရုံခါ နေအိမ်အထိ နီးကပ်လာသော မြေညှိကားကြီးအား လှည့်လည်ကြည့်ရင်း ဒေါ်စန်းတင် မျက်ဝန်းအိမ်မှ မျက်ရည်များ ပါးပြင်သို့လိမ့်ဆင်းကျလာသည်။ ကြိမ်ဖန်များစွာကျလာသောမျက်ရည်စတို့ကိုဒေါ်စန်းတင်လက်ဖမိုးဖြင့် သုတ်လိုက်သည်။ မကြာခင် ခင်ပွန်းသည်နှင့်အတူ ဘဝတစ်ခုထူထောင်ခဲ့သော သည်မြေမှ မြေယာအသစ်တစ်ခုကို ဒေါ်စန်းတင်တို့ ပြောင်းရွှေ့ရတော့မည်။

ဒေါ်စန်းတင်ကိုလွန်ခဲ့သောနှစ်ရက်ခန့်က အိမ်ပြောင်းရွှေ့ပေး ရန် လူကြီးများက လာပြောကြသည်။ သူမ ပိုင်ဆိုင်ခဲ့သော မြေခြောက်ဧကအတွက် လျော်ကြေး ကျပ်သိန်းငါးရာရရှိခဲ့သည်။ ဒေါ်စန်းတင်သည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်မည့် နဘုလယ်ဒေသတွင် နေထိုင်သူတစ်ဦးဖြစ်သည်။ သူမ နေထိုင်သော ဘဝါကျေးရွာတွင် ဘဝါမြို့သစ်အကောင်အထည်ဖော်မည်ဖြစ်သည်။ ဘဝါမြို့သစ်တွင် ပြောင်းရွှေ့ရမည့် ကျေးရွာများကို အစားထိုးအိမ်ရာချထားပေးမည်ဖြစ်သည်။

အိမ်ခြေပေါင်း ၄,၀၀၀ နှင့် ဆေးရုံကျောင်းများတည်ဆောက်သောသည်နေရာတွင် နဂိုကပိုင်ဆိုင်သော ဥယျာဉ်ခြံမြေများကို ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့က လျော်ကြေးပေးခဲ့သည်။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် ယခုနှစ်အတွင်း ရထားလမ်း၊ ကားလမ်း၊ ရေနက်ဆိပ်ကမ်းနှင့် အိမ်ရာတည်ဆောက်သွားမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် ရေဖြူမြို့နယ်တွင်ရှိပြီး ဧရိယာစတုရန်းမိုင် ၂၀၅ မိုင်ကျယ်ဝန်းသည့် ယင်းအထူးစီးပွားရေးဇုန်တည်ဆောက်ရေးကို ရှစ်နှစ်သတ်မှတ်ထားပြီး အီတာလျံ-ထိုင်းဖွံ့ဖြိုးရေးကုမ္ပဏီမှ မြေငှားရမ်းခွင့် ၇၅ နှစ် လုပ်ပိုင်ခွင့်ရရှိမည်ဖြစ်သည်။ ထပ်တိုး ရင်းနှီးမြှုပ်နှံမည့်နှစ်ကို ထပ်တိုးလျှောက်နိုင်သည်။ မြန်မာနိုင်ငံမှ မည်သည့် ရင်းနှီးမြှုပ်နှံမှုမှ မပါဝင်ဘဲ အမြတ်ရာခိုင်နှုန်းတွင် ၂၀ ရာခိုင်နှုန်းရရှိမည်ဖြစ်သည်။

ရေနက်ဆိပ်ကမ်းအပြင် ရေနံဓာတုအခြေခံစက်မှုလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်သည့်လိုင်းများ၊ဓာတ်ငွေ့ပိုက်လိုင်းများနှင့် ရေနံပိုက်လိုင်းများသွယ်တန်းခြင်းများ၊ စက်မှုနယ်မြေများ၊ လူနေရပ်ကွက်များ၊ ရထားလမ်းနှင့်ကားလမ်းများ ဖောက်လုပ်ခြင်းနှင့်အပန်းဖြေစခန်းများနှင့် အခြေခံအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများပါဝင်သည်။

ကားလမ်းနှင့် ရထားလမ်းကို ထိုင်းနိုင်ငံကန်ချာပူရီအထိဖောက်လုပ်မည်ဖြစ်သည်။ ရေနက်ဆိပ်ကမ်းသည်ထိုင်းနိုင်ငံဘန်ကောက်၊ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်၊ ဗီယက်နမ်နိုင်ငံဟိုချီမင်းတို့မှထွက်ခွာလာသော သင်္ဘောများဆိုက်ကပ်နိုင်သည်။ မဟာမဲခေါင်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၏ တောင်ဘက်စင်္ကြံလမ်းတွင်ပါဝင်သည်။

စာ(၁၁)သို့

# ဈေးဝယ်ထွက်မယ်

## အပူကာပစ္စည်းလေးတွေ စုံတဲ့နေရာ









ဓာတ်ပုံ-ဝေယံ

အိဖြူလွင်

သင်္ကြန်သီချင်းသံတွေ လွင့်ပျံ့နေတဲ့ ဒီချိန်ခါက ပူပြင်းလာတဲ့ ရာသီကိုပါ တစ်ဆက်တည်း သတိပေးနေသလို အပူဒဏ်ကြောင့် မသက်မသာခံစားရခြင်းတွေကိုပါ စတင်ခံစားနေရပါပြီ။

နေပူဒဏ်က သတိမထား ဂရုမစိုက်ဘဲ နေလို့မရအောင် ပြင်းထန်စပြုလာတဲ့အတွက် နေ ရောင်အောက်မှာ နေ့စဉ်လှုပ်ရှားသွားလာနေသူတွေအားလုံး နေအပူကို ကာကွယ်ဖို့လိုလာပါပြီ။

နေအပူကြောင့် ဖြစ်နိုင်တာ တွေထဲမှာ အပူချိန်မြင့်မားလို့ သေဆုံးတာတွေကစလို့ ပြင်းထန်တဲ့ နေရောင်ကြောင့် မျက်လုံးနဲ့အရေပြားတွေကို ပြင်းပြင်းထန်ထန်လည်း ထိခိုက်နိုင်ပါတယ်။

ဒါကြောင့် နေရောင်ကိုကြိုတင်ကာကွယ်ဖို့လိုအပ်တဲ့ အသုံး အဆောင်တွေ ရနိုင်မယ့်နေရာကို ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ်ကဏ္ဍကနေ လမ်းညွှန်ပေးလိုက်ပါတယ်။

နေရောင်ကြောင့် အထိခိုက်နိုင်ဆုံး လူ့ခန္ဓာကိုယ်ထဲမှာ မျက် လုံးကလည်း ကာကွယ်ဖို့အရေးကြီးတဲ့အတွက် နေကာမျက်မှန်တွေကလည်း ဝယ်ယူဖို့လိုအပ်တဲ့ပစ္စည်းတစ်ခုပါ။ လူတန်းစားမရွေး ဝယ်ယူနိုင်တဲ့ မျက်မှန်ဒီဇိုင်းစုံကို ဒီဆိုင်မှာရနိုင်ပါတယ်။ နေ့စဉ်တပ်လို့မရတဲ့ မျက်မှန်တွေကနေ ဒီဇိုင်းအလန်းနဲ့မျက်မှန်တွေ၊ သူများတွေထက် ထူးနေစေမယ့်ပုံစံနဲ့မျက်မှန်တွေကိုလည်း ရနိုင်ပါသေးတယ်။

စာ(၁၁)သို့

# ဒီလိုလေး ချက်ကြည့်ရအောင်



ဝိုက်ဖီ



ဒီတစ်ပတ်တော့ ဝိုက်ဖီက ငါးဟင်းလေးကို ပုံစံတစ်မျိုးနဲ့ချက်ထားပါတယ်။ ငါးကြင်းဆီပြန်ကို ငြီးငွေ့နေတဲ့သူတွေအတွက် အချဉ်အစပ်ဟင်းလေးတစ်မျိုးကို ချက်ထားတာပါ။

ဒီဟင်းချက်ဖို့ ငါးကြင်းဗိုက်သား ၂၅ကျပ်သား၊ သရက်သီးအစိမ်းအကြီးတစ်လုံးပဲလိုပါတယ်။ ငါးကြင်းဆီပြန်ချက်သလိုပဲ ချက်ရမှာဖြစ်ပေမယ့် ပထမဆုံးသရက်သီးကို အရှည်လိုက် ပါးပါးလေးတွေ လှီးပါမယ်။ ပြီးရင် ကြက်သွန်ဖြူနီဆီချက်ကို ငါးပိလေးကို ပါတယ်ဆိုရုံနည်းနည်းလေးထည့်ဆီသတ်လိုက်ပါ။ ဆီးသတ်လေးမွှေးလာပြီဆိုရင် ခုန လှီးထားတဲ့ သရက်သီးလေးတွေကိုထည့်လိုက်ပါမယ်။ သရက်သီးကို နည်းနည်းနွမ်းပြီး အချဉ်ထွက်အောင်မွှေပေးပြီးရင် ဆား၊ နနွင်းနယ်ထားတဲ့ ငါးကြင်းတုံးတွေကို ထည့်ပေးလို့ရပါပြီ။

ငါးထည့်ပြီး ရေနည်းနည်းထည့်ပြီး ရေခန်းလို့ချတော့မယ် ဆိုတဲ့အခါ ငရုတ်သီးစိမ်းအခြမ်းလေးတွေကို အရင်အုပ်၊ မီးဖိုပေါ်က ချပြီဆိုမှ နံနံပင်လေးအုပ်လိုက်လို့ရပါပြီ။

ဒါဆိုရင်တော့ အာဟာရနဲ့ပြည့်စုံတဲ့ငါးကြင်းဗိုက်သားကိုအချဉ်နဲ့ အစပ်အရသာတို့နဲ့ တွဲလို့စားသုံးနိုင်ပါပြီ။

7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012



FASHION NEWS OF THE Week

ဒီတစ်ပတ်မှာတော့
ပင်နီဖျော့စလေးကို
လူငယ်ဆန်တဲ့ဒီဇိုင်းလေးနဲ့
ဝတ်ဆင်ချင်သူတွေအတွက်
မြန်မာဆန်ဆန် ချစ်စရာဒီဇိုင်လေးတစ်ခုကို
ရွေးချယ်ထားပါတယ်။
စိတ်ဝင်စားသူတွေက
အမှတ်(၅၆)၊ ဗိုလ်မှူးသိန်းထွန်းတင်လမ်း၊
မြို့မရပ်၊ ကော့မှူးမြို့နယ်မှာ
စုံစမ်းမေးမြန်းနိုင်ပါတယ်။
Arranged By: Maple
Designer : Sai Wunna Lwin
Model: Pann Ei
Photo: La Min Naing

# အယ်ဒီတာ့ထံ ပေးစာ

## ကျောင်းသားတွေရဲ့ ဘီယာသောက်ပြိုင်ပွဲ

၂၉ ရက်ထုတ် 7Day News ဂျာနယ်မှာ စိုင်းသာအောင်ရေးသားတဲ့ "လူငယ်နှင့် လူလတ်ပိုင်းများ အရက်ကြောင့် သေဆုံးဘဝပျက်မှုများပြားလာ"ဟုဆို သတင်းနဲ့ ၂၀၁၁ နှစ်ကုန်ပိုင်းက အောင်သူရ ရေးတဲ့"အရက်ကြောင့် ကျေးလက်မှ အမျိုးသားများ အသက်တိုနေ" သတင်းတွေကို ဖတ်ခဲ့ရပါတယ်။ အရက်နဲ့ပတ်သက်တဲ့ဆောင်းပါးတွေကိုလည်း 7Day News ဂျာနယ်ကတာဝန်သိစိတ်အပြည့်နှင့်ရေး သားခဲ့တာကြောင့် စာဖတ်သူတစ်ဦးအနေနဲ့ရော လူငယ်တစ်ယောက်အနေနဲ့ပါ ကျေးဇူးတင် ဝမ်းသာ မိပါတယ်။ ကျွန်တော်အခု ပေးပို့တဲ့အကြောင်းအရာကလည်း စိတ်ဝင်စားမယ်လို့ ယုံကြည်ပါတယ်။ ဖေဖော်ဝါရီ ၂၆ ရက်က ကျွန်တော့် ဆီကို Message တစ်စောင်ဝင်လာပါတယ်။ တက္ကသိုလ်ကျောင်း သူတစ်ယောက်ဆီကပါ။ Before Exam Relax Dance Party ဆိုတဲ့ပါတီတစ်ခုရှိကြောင်း အကြောင်း ကြားစာပါ။ အဲဒီ Party က မတ် ၄ ရက်မှာ ကျင်းပမှာပါ။

**တစ်ဖက်သို့**






7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

## စာ–၁၀၊ ကျောင်းသားတွေရဲ့ ဘီယာသောက်ပြိုင်ပွဲ မှ

မတ်လအတွင်းမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွေအပြင် တက္ကသိုလ်အသီးသီးရဲ့ Semester Examတွေလည်း ရှိနေပါတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲက မတ် ၁၂ ရက်မှာ စတင်မှာပါ။ Before Exam လို့ နာမည်ပေးထားတဲ့အတိုင်း တက်ရောက်မယ့် လူအများစုကလည်း ၁၈ နှစ်အောက်လူငယ်တွေပါ။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေတင်မကဘဲ အထက်တန်းတက်နေဆဲ ကျောင်းသား၊ ကျောင်းသူတွေပါ ပါဝင်မှာပါ။ အသက်ကန့်သတ်ချက် မရှိပါဘူး။ ထူးခြားတာက တက်ရောက်သူတွေကို ဘီယာသောက်ခွင့်ပေးထားတဲ့အပြင် Beer Competition ဆိုပြီး တော့တောင် စီစဉ်ပေးလိုက်ပါသေးတယ်။

လူငယ်တွေဆိုတာ နိုင်ငံရဲ့အနာဂတ်ပါဗျာ။ ဒီလိုမျိုးလူငယ်တွေကို ဖျက်ဆီးနေတာ၊ တစ်နည်းအားဖြင့် တိုင်းပြည်ရဲ့ အနာဂတ်ကို ဖျက်ဆီးနေတယ်လို့ထင်ပါတယ်။ ဒါကိုမတားမြစ်ကြတော့ဘူးလား။ ဒီလိုအဖြစ်အပျက်တွေကိုကြည့်ပြီး လူငယ်တွေရဲ့ အနာဂတ်ကိုရင်လေးမိပါတယ်။ ဒါကြောင့် ဒီလိုကိစ္စတွေ ပပျောက်သွားဖို့ အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လိုပါတယ်။ 7Day News ကလည်း တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးမယ်လို့ မျှော်လင့်ပါတယ်။ ဒီလိုကိစ္စတွေကို အများပြည်သူတွေ သိရှိအောင် အသိပေးဖို့လို အပ်ပါတယ်။

**လေးစားစွာဖြင့်**
**ကျောင်းသားတစ်ဦး**




## အကောင်းဆုံးတရား သိပြီလား...

နိဗ္ဗာန်ဆိုတာ ဆုတောင်းတဲ့အလုပ်လားလား၊ ပွားတဲ့အလုပ်လား သိဖို့လိုတယ်။ မပွားလည်း မပွားဘဲနဲ့ ဘုရားရှေ့မှာဆုတောင်းနေတာ အလွဲကြီးလွဲတယ်။ ဘုရားဟောပါဠိတော်တွေ အကုန်လျှောက်ကြည့်၊ ဘယ်လောက်ပဲ ပိဋကတ်သုံးပုံဟောထားထား၊ ဖြစ်ပျက်က အရေးကြီးပါတယ်။ ဒိဋ္ဌိတော်လှန်နိုင်တာသူပဲရှိတယ်။ ဖြစ်ပျက်မြင်တဲ့ဉာဏ်ဟာ သောတာပတ္တိမဂ်၏ မျိုးစေ့လို့မှတ်လိုက်။ ထင်ရှားတဲ့အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဉာဏ်မျက်လုံးရှိတဲ့ပုဂ္ဂိုလ်မှ မြင်နိုင်တယ်။ ဝိပဿနာရှုရင်း မတ္တာနဲ့ဝမ်းထဲ ရှင်းမထားရင် အဝိဇ္ဇာက အပင်းအဖြစ်နဲ့ ဝမ်းထဲ ကန့်ကွက်မှာစိုးရိမ်ရတယ်။ အကြောင်းမသိရင် ဒိဋ္ဌိမသေဘူး၊ ဒိဋ္ဌိပြုတ်ရင် ဝိစိကိစ္ဆာပြုတ်တာပဲဖြစ်တယ်။ ဝိစိကိစ္ဆာကျန်နေတယ်ဆိုရင် ဒိဋ္ဌိကျန် နေလို့ဆိုတာ သေသေချာချာဆုံးဖြတ်ချက်ချရမယ်။

မြင်တဲ့ဝေဒနာ ဖြစ်ပျက်ရှုခြင်းဟာ နိဗ္ဗာန်ရောက်ခြင်းကို ကျေးဇူးပြုတယ်။ တဏှာဥပါဒါန်ကံချုပ်ပဲ။ ဟိုဘက်ဘာဖြစ်စရာရှိသေးလဲ။ နောင်လာမယ့် ဒုက္ခသိမ်းတာ နိဗ္ဗာန်လို့မှတ်ရမယ်။ နိဗ္ဗာန်ဆိုတာ အေးငြိမ်းခြင်း လက္ခဏာရှိပါတယ်။ တဏှာချုပ်ငြိမ်းကတည်းက အေးပ့ါမလား၊ ငြိမ်းပ့ါမလားဆိုတာ သံသယမရှိပါနဲ့။ တဏှာက လုပ်တဲ့ ဒုက္ခတွေလည်း မလာတော့ဘူး။ ကိလေသာမီးလည်း မရှိတဲ့ပုဂ္ဂိုလ်အတွက် ပါရမီမလိုဘူး။ ကိလေသာဖြတ်နိုင်တဲ့ စွမ်းရည်သတ္တိရှိဖို့ပဲလိုပါတယ်။ ရေကြောင့်ဖြစ်တဲ့ ရွှံ့နွံကို ရေဖြင့်သာ စင်အောင်ဆေးသကဲ့သို့ စိတ်ကြောင့်ဖြစ်တဲ့ အကုသိုလ်အညစ်အကြေးကိုလည်း စိတ်ဖြင့်သာ စင်ကြယ်အောင် ဆေးကြောရမှာဖြစ်တယ်။ အကောင်းဆုံးတရားကို သိပြီဆိုရင် ကျင့်ကြံအား ထုတ်ဖို့က ကိုယ့်တာဝန်ပဲဖြစ်တယ်။

ရည်ညွှန်း-'ဓမ္မသံဝေဂနှင့် ဩဝါဒကထာများ' မိုးကုတ်ဆရာတော်ဘုရားကြီး

## စာ -၉၊ ဘဝသစ်ပြန်စရန် မှ

ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဇုန်ရှစ်ဇုန်ပါဝင်မည်ဖြစ်သည်။ ယင်းဇုန်များမှာ အဆင့်မြင့် နည်းပညာစက်မှုဇုန်များ၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဇုန်များ၊ ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်များ၊ ဆိပ်ကမ်းနယ်မြေဇုန်များ၊ ထောက်ပံ့ရေးနှင့်သယ်ယူပို့ဆောင်ရေးဇုန်များ၊ သိပ္ပံနှင့် နည်းပညာ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဇုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းဇုန်များနှင့် တစ်ဆင့်ခံ ကုန်သွယ်မှုဇုန်များပါဝင်သည်။

ကမ္ဘာပေါ်တွင် အကြီးမားဆုံး စက်မှုဇုန်ကြီး ၁၀ ခုစာရင်း၌ ပါဝင်ပြီး အရှေ့တောင်အာရှတွင် အကြီးမားဆုံး စက်မှုဇုန်ကြီးဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းစတင်သည့် နေ့မှစ၍ ပြည်ပရောင်းရငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့် ငါးနှစ်ရရှိရန် လျှောက်ထားနိုင်ပြီး ယင်းမှတစ်ဆင့် ဒုတိယငါးနှစ်တွင် ၅၀ ရာခိုင်နှုန်း သက်သာခွင့်နှင့် တတိယငါးနှစ်တွင် အမြတ်ခွန်ကို ပြန်လည်ရင်းနှီးမြှုပ်နှံပါက ဝင်ငွေခွန် ၅၀ ရာခိုင်နှုန်း လျှောက်ထားနိုင်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေတွင် ဖော်ပြထားသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်စက်မှုဇုန် တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံတန်ဖိုးရှိစာချုပ် ချုပ်ဆိုခဲ့သည်။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ကျေးရွာ ၁၉ ရွာပြောင်းရွှေ့ရမည်ဖြစ်သည်။ ယခုနှစ်တွင် ရေနက်ဆိပ်ကမ်းတည်ဆောက်မည့်နေရာနှင့် အိမ်ရာတည်ဆောက်ရေးတွင် ပါဝင်သောခြံများကို သီးနှံ အမျိုးအစားကို လိုက်၍ လျော်ကြေးပေးနေသည်။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ရေနက်ဆိပ်ကမ်းစီမံကိန်း သတ်မှတ်ထားသည့် ကျေးရွာများမှ ဒေသခံအချို့က ပြောင်းရွှေ့ရမည့်မြေနေရာသစ်တွင် ၎င်းတို့၏ မိသားစုစားဝတ်နေရေး အဆင်ပြေပါ့မလားဟူသော စိုးရိမ်စိတ်ရှိနေကြသည်။

စိုးရိမ်စိတ်များကြောင့် မပြောင်းရွှေ့ချင်သော ကျေးရွာသားအများစုက ၎င်းတို့၏ လူမှုဖူလုံရေးအတွက် ပေးလျော်ရမည့်ငွေကြေးပမာဏအဖြစ် အပင်၏သက်တမ်းကို ထည့်သွင်းတွက်ချက်၍ တောင်းဆိုလာကြသည်။ ထို့ကြောင့် ယင်းစီမံကိန်းနေရာတွင် မြေယာလျော်ကြေးပေးရေးကိစ္စသည်ရှုပ်ထွေးနေသည်။

ဒေသခံများ၏ တောင်းဆိုချက်ကိုတာဝန်ယူထားသည့်ထားဝယ်အတောက်အကူပြုအဖွဲ့က စိစစ်၍ လိုက်လျောသည်များရှိသလို မလိုက်လျောသည်များလည်းရှိသည်။

လျော်ကြေးသတ်မှတ်ချက်သည် အပင်အမျိုးအစားနှင့်သက်တမ်းကိုလိုက်၍ ငါးသောင်းကျပ်မှ သုံးသောင်းကျပ်အထိပေးသည်။ လျော်ကြေးသတ်မှတ်ရာတွင် မြေအမျိုးအစားပါ ထည့်သွင်းတွက်ချက်ထားသောကြောင့် ပိုင်ဆိုင်မှုအကျယ်အဝန်းတူညီသော်လည်း ဈေးနှုန်းသတ်မှတ်ချက်ကွာခြားမှုများရှိသည်။

"သီးနှံဈေးနှုန်းတွေကို ကျေးရွာရပ်မိရပ်ဖတွေနဲ့ တိုင်ပင်ပြီး သတ်မှတ်ကြတာပါ။ ရွာသားတွေပဲ ဈေးနှုန်းသတ်မှတ်တာပဲ။ လျှောက်လွှာတင်ချင်တဲ့သူကတော့ ပိုက်ဆံပိုလိုချင်မှာပဲ။ ပိုတင်တယ်ဆိုရင် ဒီအတိုင်းပေးလိုက်လို့ ဘယ်ရမလဲ။ ပြန်ပြီးတော့ ထပ်ခါ ထပ်ခါ ရေတွက်ပြီးပေးရတာပေါ့"ဟု ထားဝယ်အထောက်အကူပြုရေးအဖွဲ့မှ အတွင်းရေးမှူး ဦးတင်မောင်ဆွေကပြောသည်။

ယခုလက်ရှိတွင် ပြောင်းရွှေ့ရမည့် ကျေးရွာများအတွက် ပိုင်ဆိုင်သောသီးနှံမြေ၏ လျော်ကြေးနှင့်အစားထိုးနေအိမ်ပေးမည်ဟု တာဝန်ရှိသူများက ကျေးရွာသားများကို ကတိပေးထားသည်။ သို့သော် ယင်းတို့၏ ပြောင်းရွှေ့အခြေချမည့် နေရာသစ်ရှိ လူမှုစီးပွားကိုမတွက်ချက်ထားကြောင်း ကျေးရွာဒေသခံအများစု ကပြောသည်။

ပြဋ္ဌာန်းထားသော ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေတွင် ပြောင်းရွှေ့ရမည့်သူများအတွက် မူလအဆင့်အတန်းထက် မနိမ့်ကျစေရန် ကျေးရွာများ၏ အခြေခံလိုအပ်ချက်များ ပြည့်စုံစေရန် ဆောင်ရွက်ပေးရမည်ဟုဖော်ပြထားသည်။

ထိုသို့ ဖော်ပြထားသော်လည်း ယခုလက်ရှိ အခြေအနေတွင် လူမှုစီးပွားရေးကို မတွက်ချက်ထားသောကြောင့် ကျေးရွာအများစုက မပြောင်းရွှေ့ချင်ကြကြောင်း ကျေးရွာဒေသခံများက ပြောသည်။

ထားဝယ်အထောက်အကူပြုအဖွဲ့မှ အတွင်းရေးမှူး ဦးတင်မောင်ဆွေက လျော်ကြေးပေးသည့်ကိစ္စရပ်ကို အရောင်းအဝယ်စာချုပ်ဖြင့် ပြုလုပ်နေသော်လည်း လျော်ကြေးငွေမယူဘဲ ပိုင်ဆိုင်သည့်မြေကေအတိုင်း မြေအစားပြန်ပေးရန် တောင်းဆိုပါက လိုက်လျောပေးကြောင်း၊ ထိုနေရာသည် မူလမြေနေရာထက် စိုက်ပျိုးရန် ခက်ခဲသော်လည်း သီးပင်စားပင်၏ အရွယ်ရောက်ရန် ပြုစုစောင့်ရှောက်ရမည့် အပင်သက်တမ်းကို တောင်းဆိုချက် လိုက်လျောပေးကြောင်းပြောဆိုခဲ့သည်။

"အခု အသက် ၄၆ နှစ်ရှိပြီ။ နောက်ထပ် ဘဝအသစ်တစ်ခုကို ပြန်မစချင်ဘူး။ အိမ်ထောင်ကျစဉ်က စိုက်ခဲ့တဲ့အပင်တွေကို အိုတဲ့အထိ ထိုင်စားလို့ရတယ်။ ပေးတဲ့ပိုက်ဆံဆိုတာ ခဏလေးနဲ့ ကုန်သွားမှာ။ ပြန်စိုက်ရင်လည်း အခုစိုက် အခု စားရတာမဟုတ်ဘူး။ သဲမြေတွေဆိုတော့ တခြားအပင်စိုက်လို့လည်း ရမှာမဟုတ်ဘူး"ဟု ကလုံထားရေကာတာတည်ဆောက်မည့် ကလုံထားကျေးရွာမှ ဦးခင်ကျော်ကပြောသည်။

မည်သို့ပင်ဆိုစေကာမူမနက်ဖြန်၊ သန်ဘက်ခါတွင် ဥယျာဉ်ခြံနေအိမ်မှ ပြောင်းရွှေ့ပေးရမည့် ဒေါ်စန်းတင်က ဘဝါနှင့်ဝေးသော သစ်တိုတောက်ကျေးရွာတွင် ရာဘာခြံနှစ်ဧကကို လျော်ကြေးငွေဖြင့်ဝယ်ခဲ့ရသည်။ သီဟိုဠ်ခြံခြောက်ဧကေ ပိုင်ဆိုင်ခဲ့သော ဒေါ်စန်းတင်သည်နှစ်ဧကကျယ်သော ရာဘာခြံသို့ ပြောင်းရွှေ့ရတော့မည်။

သူမ နေထိုင်ရာ နဘုလယ်ဒေသတွင် သားသမီးများကို အမွေပေးသည့်အခါစိုက်ပျိုးထားသည့်မြေများကို အိုစာမင်းစာစားသောက်ရန် အမွေပေးတတ်ကြသည်။ ယခုတော့ ဒေါ်စန်းတင် သားသမီးများကို ပိုင်ဆိုင်သောခြံမြေအစား တစ်ယောက်ကို ၁၀ သိန်းကျပ်စီသာပေးအပ်ခဲ့ရသည်။



ဓာတ်ပုံ-OhnWinHtut

## ကချင်စစ်ဘေးသင့်ပြည်သူများအတွက်ရဲတိုက်ဖောင်ဒေးရှင်း အလှူငွေ ကျပ်သိန်း ၁၈၀ ကျော်ရရှိ

**ရန်ကုန်၊ မတ်- ၁၈**

ကချင်စစ်ပြေးဒုက္ခသည်များကို ကူညီပေးနိုင်ရန် ရည်ရွယ်၍ ရဲတိုက်ဖောင်ဒေးရှင်းက မန္တလေးမြို့တွင် အိမ်တိုင်ရာရောက် အလှူငွေကောက်ခံခဲ့ရာ စုစုပေါင်းအလှူငွေ ကျပ်သိန်း ၁၈၀ ကျော် ရရှိခဲ့ကြောင်းဖောင်ဒေးရှင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

"အရင်က နှစ်ရက်ပဲ အလှူခံမယ်စီစဉ်ခဲ့ပေမယ့်အလှူရှင်တအားများတာကြောင့် တစ်ရက်ထပ်တိုးပြီး စုစုပေါင်းသုံးရက် အလှူခံခဲ့ရာမှာ အလှူငွေ ၁၈,၃၃၀,၀၀၀ရခဲ့တယ်။ ဒါတောင် မလှူလိုက်ရတဲ့သူတွေ ကျန်ပါသေးတယ်"ဟု ရဲတိုက်ဖောင်ဒေးရှင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒါရိုက်တာရီဇော်ကပြောသည်။ မန္တလေးမြို့ တွင် မတ်လ ၁၅၊ ၁၆၊ ၁၇ ရက်များ တွင် ရဲတိုက်က အိမ်တိုင်ရာရောက် အလှူငွေများ လိုက်လံကောက်ခံခဲ့သည်။

ရဲတိုက်နှင့် ရဲတိုက်ဖောင်ဒေးရှင်းအဖွဲ့ဝင်များသည်မန္တလေးမြို့တွင် လှူဒါန်းလို၍ ဆက်သွယ်လာသော နေရာပေါင်း ၅၀ ကျော်သို့ သွားရောက်ကာ အလှူငွေကောက်ခံခဲ့ပြီး အလှူရှင်ပေါင်း ၁၀၀ ကျော်က အလှူငွေများထည့်ဝင်ခဲ့ကြောင်းသိရသည်။

ရရှိလာသောအလှူငွေများကို စစ်ဘေးဒဏ်ခံစားနေရသော ကချင်ပြည်နယ်ရှိစစ်ဘေးသင့်ပြည်သူများထံသို့ ဧပြီလဆန်းပိုင်းတွင် အရောက်သွားကာ လှူဒါန်းသွားမည်ဖြစ်ကြောင်း ဖောင်ဒေးရှင်းမှ သိရသည်။ ရန်ကုန်မြို့တွင်လည်း အလားတူ အလှူခံသည့်အစီအစဉ် တစ်ခုပြုလုပ်သွားရန်ရှိကြောင်း ရဲတိုက်ဖောင်ဒေးရှင်းမှ သိရသည်။

## စာ-၉၊ အပူကာပစ္စည်းလေးတွေ စုံတဲ့နေရာ မှ

ဒ့ါအပြင် မျက်နှာတစ်ခုလုံးနဲ့ ဦးခေါင်းကို နေရောင်ခြည် တိုက်ရိုက်ထိတွေ့မှုကနေ ကာကွယ်နိုင်ဖို့အတွက် ဦးထုပ်ပုံစံမျိုးစုံကိုလည်း ရနိုင်ပါသေးတယ်။

ဦးထုပ်ပုံစံမျိုးစုံကိုလည်း နေ့စဉ် ဆောင်းလို့ရတဲ့ပုံစံတွေကနေ ကမ်းခြေမှာ၊ ပွဲမှာ အလှအပအတွက် စတိုင်ကျဖို့အတွက်ရော နေရောင်ဒဏ်ကို ကာကွယ်ဖို့အတွက်ပါ အဆင်ပြေစေမယ့် ဦးထုပ်ဒီဇိုင်းမျိုးစုံကို ရနိုင်တာလို့သိရပါတယ်။

ဦးထုပ်တွေရဲ့ ဈေးနှုန်းကလည်း သင့်တင့်တဲ့ဈေးနှုန်းတွေဖြစ်ပြီး အသက်အရွယ်ကြီးငယ်မရွေး ရွေးချယ်ဝယ်ယူနိုင်မယ့်ပုံစံတွေရှိတာပါ။

နွေရာသီကို အလှမပျက်ဘဲ အန်တုနိုင်ဖို့အတွက် ဦးထုပ်၊ မျက်မှန်တွေကို ဝယ်ယူချင်တယ်ဆိုရင် မြေနီကုန်းမှတ်တိုင်အနီးက ဗားကရာလမ်းမပေါ်က Spirit ဖန်စီဆိုင်မှာပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.3 · MARCH 22 , 2012

## မျက်နှာဖုံး - စားသောက်ကုန်နှင့် လူသုံးကုန်ဈေးနှုန်းများ တည်ငြိမ် မှ

"ဆန်ကအကြမ်းရောအချောပါ ဒီဈေးပဲ။ အရောင်းအဝယ်ကအေးတော့ ဈေးကမတက်နိုင်ဘူး" ဟု လမ်းမတော် မော်တင်မှ ဆန်ကုန်သည်တစ်ဦးကဆိုသည်။

ပြည်တွင်းဈေးကွက်တွင် ဆန်ကြမ်းဈေးသည်တစ်အိတ်လျှင် အမြင့်ဆုံးကျပ် ၁၃,၀၀၀ မှ ကျပ် ၁၁,၅၀၀ ကြားတွင်ရှိသည်။ ဆန်ချောဈေးမှာလည်း ကျပ် ၂၅,၀၀၀ မှ ၂၀,၀၀၀ ဝန်းကျင်တွင်ရှိသည်။ ယင်းဈေးနှုန်းများသည် ၂၀၁၂ နှစ်ဆန်းပိုင်းက ဈေးများနှင့် ယှဉ်လျှင် တူညီပြီးကြားကာလတွင် တစ်အိတ်လျှင်ကျပ်၅၀၀မှ၁၀၀၀ ကြားသာ အတက်အကျရှိသည်။

၂၀၁၀ပြည့်နှစ်က ဆန်ကြမ်းရှယ်တစ်အိတ်လျှင် အမြင့်ဆုံး ၁၇,၀၀၀ကျပ်မှ ၁၈,၀၀၀ကျပ်ထိ ရှိခဲ့ဖူးသည်။ ထို့အတူဆန်ချောပေါ်ဆန်းဈေးမှာလည်း ကျပ် ၃၂,၀၀၀ ထိ မြင့်ခဲ့သည်။

"စားအုန်းဆီက ဒီရက်ပိုင်းမှာတစ်ပိဿာကို ၂၅ကျပ်လောက် ဈေးပြန်ကျလာတယ်" ဟု ဆီလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မူလကပြည်တွင်းဈေးကွက်စားသုံးဆီဈေးသည် တစ်ပိဿာလျှင်လက်ကားဈေး ၁၈၂၅ ကျပ်ရှိရာမှ ၁၈၀၀ ကျပ်သို့ပြန်လည်ကျဆင်းလာသည်။ ပဲဆီဈေးနှုန်းမှာ ယခုရက်ပိုင်းတွင် အတက်အကျမရှိဘဲ လက်ကားဈေးကွက်တွင် တစ်ပိဿာလျှင် ကျပ် ၃၈၀၀ ဝန်းကျင်ရှိသည်။

"ရေထွက်ကုန် ငါးကြင်းနဲ့ ပုစွန်က ဈေးတက်လာတယ်။ ကျန်ရေထွက်ကုန်တွေကတော့ ပုံမှန်ပါပဲ" ပြည်တွင်းမှ ရေထွက်ကုန်ကုန်သည်တစ်ဦးကဆိုသည်။

ငင်းတို့သည်ပြီးခဲ့သည့် ရက်သတ္တပတ်က ငါးကြင်းတစ်ပိဿာလျှင် ၄,၀၀၀ ကျပ်မှ ၆,၀၀၀ ကျပ်ထိ မြင့်တက်ခဲ့ပြီး ပုစွန်တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ မှ ၁၈၀၀၀ ကျပ် ထိဈေးမြင့်သွားသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ငါးကန်၊ ပုစွန်ကန်များ ရေခန်းသဖြင့်ဈေးကွက်သို့ကုန်အဝင်နည်းပြီး ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်ကဆိုသည်။

သို့သော် ပြည်ပသွင်းကုန်ထိုင်းကုန်ပစ္စည်းတချို့သည် ဈေးကွက်တွင် ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာသည်။ ထိုင်းနိုင်ငံမှ ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်သို့သယ်ယူရာတွင်စရိတ်ကုန်ကျမှုများခြင်း၊ သင်္ကြန် နှစ်သစ်ကူးကာလကို နီးလာသည့် အတွက် လှောင်သမားများက ပစ္စည်းများ ထုတ်မရောင်းခြင်းတို့ကြောင့်သာ ဈေးတက်ရခြင်းဖြစ်ကြောင်း ပြည်ပသွင်းကုန်ပစ္စည်း ရောင်းချသူတစ်ဦးကဆိုသည်။

"လစာမတိုးခင် တစ်လလောက်ကတည်းက ကုန်ပစ္စည်းတွေရဲ့ ဈေးက တအိအိတက်လာတယ်။ ဒါက နှစ်တိုင်းလိုပဲ။ သင်္ကြန်နားနီးရင် တက်နေကျပါ" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

"လုပ်ခလစာတိုးလို့ကုန်ဈေးနှုန်းတွေက ချက်ချင်း မတက်နိုင်ဘူး။ အခွန်အခတွေနဲ့ ပို့ဆောင်ရေးစရိတ်တွေ တိုးမှသာ ကုန်ဈေးနှုန်းက ချက်ချင်းတက်တာ" ဟု ဦးဟန်ထွန်း(အခွန်)ကဆိုသည်။

အစိုးရဝန်ထမ်းများသည် နိုင်ငံတော်က တိုးမြှင့်ပေးသည့် လုပ်ခ၊ လစာနှင့် အခြားထောက်ပံ့ငွေများ ရရှိမည်ဆိုသော်လည်း လက်ရှိလူနေမှုစရိတ်၊ အခြားကုန်ကျစရိတ်များနှင့် ဝယ်လိုအားကို ရုတ်တရက် မသုံးစွဲနိုင်ပေ။ ဈေးကွက်၌ ဈေးနှုန်းများ မြင့်တက်ရခြင်းမှာ ဝယ်လိုအား၏ ဆွဲခေါ်မှုကြောင့် ဖြစ်သော်လည်း အခြားသော သယ်ယူပို့ဆောင်ရေးစရိတ်၊ အခွန်အခများ မြင့်တက်မှုကသာ ကုန်ပစ္စည်းတန်ဖိုးကို ပိုမိုမြင့်မားစေကြောင်းကိုလည်း အထက်ပါ ပုဂ္ဂိုလ်က ရှင်းပြသည်။

## မျက်နှာဖုံး-ချေးငွေကို ချဲမထိုးရန် လယ်သမားများကို သမ္မတ မှာကြား မှ

"ဒီငွေတွေကို ချဲမထိုးပစ်နဲ့နော်။ ချဲထိုးလို့ ချမ်းသာသွားတဲ့သူ ရှိလား။ မရှိဘူးနော်။ ဒိုင်တွေပဲ ချမ်းသာသွားကြတာ မဟုတ်လား။ အကယ်၍ များများပေါက်ရင်လည်း (ဒိုင်တွေက) မလျော်ဘဲ ပြေးရော"ဟု လယ်သမားများများအား တွေ့ဆုံစဉ် ယင်းသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ ထိုကဲ့သို့ ကြိုတင်ငွေရရှိရန်စီစဉ်ပေးခြင်းသည် ဓာတ်မြေသြဇာ ဝယ်ယူသုံးစွဲရန်အတွက် ဖြစ်သော်လည်း အတင်းအကျပ်မဝယ်ခိုင်းလိုကြောင်းသမ္မတကြီးက ထပ်မံတိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက်ဆက်လက်၍လည်း "ခင်ဗျားတို့ တောင်းတာတွေ အကုန်လုပ်ပေးထားပြီးပြီ။ ပြန်တောင်းဖို့ပဲရှိတော့တယ်။ ဘာ လဲဆိုတာ သိတယ်မဟုတ်လား" ဟု ရင်းနှီးစွာ မေးမြန်းပြောဆိုခဲ့ရာ တက်ရောက်သည့် လယ်သမားများကလည်း "ဟုတ်ကဲ့ သိပါတယ်" ဟု ပြန်လည် ဖြေကြားခဲ့သည်။

အဆိုပါ လယ်သမားများအား ပုလဲသွယ်စပ်မျိုးစပါးတင်း ၁၀၀ လျှင်ကျပ်လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေနှစ်သိန်းစီအား ဧက ၂၀၀ အတွက် စုစုပေါင်း ကျပ်သိန်း ၄၀၀ ကိုမြန်မာနိုင်ငံဆန်စပါးလုပ်ငန်း အသင်းမှ ပေးအပ်ခဲ့ကြောင်း သိရသည်။

ငင်းကြိုတင်ချေးငွေများအား တစ်တင်းဆံ့ ပလတ်စတစ် အိတ်ဖြင့် ထည့်ကာ မော်တော်ဆိုင်ကယ်ဖြင့် သယ်ရန် ပြင်ဆင်လျက်ရှိသည့် လူရွယ်တစ်ဦးကမူ "လောလောဆယ် လက်ထဲတော့ ငွေရောက်လာပြီ။ သုံးချင်တာတွေကတော့ အများကြီးပဲ"ဟူ၍ ပြောသည်။

အောင်ချမ်းသာကျေးရွာနှင့်အနီးရှိရွာတစ်ရွာတွင်မူ ဘုန်းတော်ကြီးတစ်ပါးက ကူညီထုတ်ချေးလိုက်သော ငွေများကို တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လာသော အသုဘဖဲဝိုင်းတွင် ဝင်ရောက်ဆင်နွှဲလိုက်ကြရာမှ အားလုံးနီးပါးရှုံးသွားကြကြောင်းလည်း ဒေသခံများက ပြောကြသည်။ နှစ်လုံး၊ သုံးလုံး(ချဲ)ထီမှာ မြန်မာလူထုအတွင်း အထူးသဖြင့် ကျေးလက်ဒေသနေ ပြည်သူများ အဓိက ကစားလေ့ရှိပြီး သမ္မတဦးသိန်းစိန်အစိုးရတက်လာပြီးနောက် ၂၀၁၁တွင်လျော့နည်းပပျောက်အောင် ဆောင်ရွက်နေသည်။ သို့သော် ယခုနှစ်ပိုင်းအတွင်း အဆိုပါလောင်းကစားနည်း ကစားသူ ပြန်များလာပြီဖြစ်သည်။

## စာ-၂၊ အမေရိကန်စင်တာ အင်္ဂလိပ်စာသင်တန်းကြေး မတိုးမြှင့်ရန် ကျောင်းသားများ တောင်းဆို မှ

ဒါကြောင့် ကျောင်းသားတွေက သင်တန်းကြေးတွေကိုလျှော့ချပေးဖို့ ခုလို တောင်းဆိုကြတာပါ"ဟု သင်တန်းကြေးလျှော့ချရန် ဆန္ဒဖော်ထုတ်တောင်းဆိုသူများထဲတွင် ပါဝင်သော ကျောင်းသားတစ်ဦးကပြောသည်။

"သူတို့တွေက ဒီမိုကရေစီနိုင်ငံကဆိုတော့ ဒီလို ဒီမိုကရေစီနည်းကျကျ တောင်းဆိုတာကို သူတို့လည်း သဘောကျမှာပါ" ဟု ဆန္ဒဖော်ထုတ်တောင်းဆိုမှုအပေါ် သံရုံးတာဝန်ခံများ၏ မြင်လာနိုင်ပုံကို ယင်းကျောင်းတွင် Volunteer အဖြစ် တာဝန်ထမ်းဆောင်နေသော ကျောင်းသားတစ်ဦးကပြောသည်။

အမေရိကန်စင်တာ၏ သင်တန်းကြေးကို လာမည့် သင်တန်းကာလဖြစ်သော ဧပြီလ ၂၃ ရက်မှ ဇွန်လ ၃၀ ရက်ထိ ဖွင့်လှစ်မည့် သင်တန်းမှစ၍ တိုးမြှင့်မည်ဟု ကြေညာထားသည်။

သံရုံးမှ ထုတ်ပြန်သော ကြေညာချက်တွင် လွန်ခဲ့သော ၂နှစ်အတွင်း ငွေလဲနှုန်းများလျော့ကျ၍ သင်တန်းကြေးရငွေမှာ ၅၀ ရာခိုင်နှုန်းလျော့ကျခဲ့သည်။ စင်တာ၏ စုစုပေါင်းအသုံးစရိတ်၏ ၆၀ ရာခိုင်နှုန်းကို သံရုံးရန်ပုံငွေမှ ကျခံနေရခြင်းများကြောင့် သင်တန်းကြေး တိုးမြှင့်ရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

သင်တန်းကြေးများမှာ လက်ရှိဖွင့်လှစ်သင်ကြားပေးနေသော နှုန်းထားများထက် ကျပ် ၈၀,၀၀၀ စီမြင့်တက်မည်ဟု ကြေညာထားသည်။ ထို့ကြောင့် လာမည့် သင်တန်းများတွင်တက်ရောက်မည့်သူများမှာ Level တစ်ခုလျှင် လက်ရှိ ၁၄၀,၀၀၀ ကျပ် ကျသင့်နေရာမှ ၂၂၀,၀၀၀ ကျပ် ပေးသွင်းမှသာ တက်ရောက်နိုင်မည်ဖြစ်သည်။ Elective Course များကို တက်ရောက်လိုသူများမှာလည်း လက်ရှိကျပ်၈၀,၀၀၀ဖြင့်တက်ရောက်နိုင်သော်လည်း ၁၆၀,၀၀၀ ကျပ် ပေးသွင်းရတော့မည်ဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်သံရုံးမှ တာဝန်ခံဖြစ်သော လက်ထောက်လူမှုဆက်ဆံရေးအရာရှိအား မတ်လ ၁၉ ရက်တွင် မေးမြန်းရာ၌ သင်တန်းကြေးနှုန်းထားများကို လာမည့် သင်တန်းကာလဖြစ်သော ဧပြီလ ၂၃ရက်တွင်စတင်မည့် သင်တန်းမှစ၍ တိုးမြှင့်သတ်မှတ်လိုက်သော နှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်း 7Day News အား ပြောကြားခဲ့သည်။

## မျက်နှာဖုံး-ကချင်ပြည်နယ် တိုက်ပွဲများကြောင့် မိဘမဲ့ဖြစ်သွားသော ကလေး ၃၀ဦးရှိလာ မှ

"နဂိုက အမေသေတယ်။ အဖေကျန်တယ်။ စစ်ဖြစ်တော့ အဖေသေရတယ်စသဖြင့်နည်းလမ်းပေါင်းစုံနဲ့မိဘမဲ့ကလေးတွေဖြစ်လာကြတာပါ။ မွေးစားဖို့တော့ သဘောမတူဘူး။ အခုချိန်က မငြိမ်းချမ်းသေးလို့။ ငြိမ်းချမ်းတဲ့အခါကျရင် အမျိုးနီးစပ်တော်တဲ့ လူတွေကို ရှာပြီးပေးမယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

## စာ-၄၊ နိုင်ငံတကာခုံရုံး၏ ဆုံးဖြတ်ချက်ကြောင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ မဆုံးရှုံး မှ

"မီဒီယာအချို့ရဲ့ ရေးသားဖော်ပြမှုကြောင့် အဓိပ္ပာယ်ကောက်လွဲပြီး ပြည်သူများစိုးရိမ် စိတ်လွန်ကဲကာ မခံမရပ်နိုင်ဖြစ်လာနိုင်တာရယ်၊ ပုံကြီးချဲ့ပြောဆိုလာရင်လည်း မမှန်ဘူးဆိုတာကို ရှင်းပြရခြင်းဖြစ်ပါတယ်"ဟု သူရဦးရွှေမန်းကပြည်သူများအား ရည်ညွှန်းပြီးပြောကြားခဲ့သည်။

ယခုလ ၁၄ ရက်က ဆုံးဖြတ်ခဲ့သော အဆိုပါ ဆုံးဖြတ်ချက်အရ ဘင်္ဂလားပင်လယ်အော် ရခိုင်ကမ်းလွန်ပင်လယ်ပြင်အတွင်း မြန်မာနိုင်ငံပိုင်ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်များအားလုံး ဆုံးရှုံးမှု မရှိကြောင်း အဆိုပါလုပ်ကွက်များမှ ယင်းစွမ်းအင်များလည်း ရရှိနေကြောင်း ၎င်းလုပ်ကွက်များအား လုံးဝမပေးနိုင်ကြောင်းနှင့် လုံးဝအဖြစ်ခံမည်လည်း မဟုတ်ကြောင်း၊ ယင်းအတွက် ငွေကုန်ကြေးကျခံပြီးဆောင်ရွက်ခဲ့ကြောင်းလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ဂျာမနီနိုင်ငံ မြောက်ပိုင်း ဟမ်းဘတ်မြို့၌ ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာ တရားရုံးတွင်တရားသူကြီး ပရိုဆေးလူးဝစ်ဂျီးဆပ်က ချမှတ်ပေးလိုက်သော နှစ်နာရီကြာ ဆုံးဖြတ်ချက်မှာ နှစ်နိုင်ငံက အပြိုင်တင်ပြသည့်အမှုများအပေါ် ကြားချည့်နှိုင်းဆုံးဖြတ်မှုဟု ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ကြသည်။

နှစ်နိုင်ငံစလုံးက ၎င်းတို့၏ သက်ဆိုင်ရာပင်လယ်ပြင်နယ်နိမိတ်များကိုဆက်လက် ထိန်းသိမ်းနိုင်သည်ဟု တရားသူကြီးကဆုံး ဖြတ်ပြီး နယ်နိမိတ်တိုင်းတာရေး မြန်မာနိုင်ငံ၏ နည်းလမ်းကို မျက်နှာသာပေးသော်လည်း ဘင်္ဂလား ဒေ့ရှ်နိုင်ငံသို့ ပင်လယ်ပြင်ဧရိယာပိုမိုပေးအပ်ခဲ့သည်။ တရားရုံးဆုံးဖြတ်ချက်၏ အချို့အစိတ်အပိုင်းများကို ကွဲလွဲသော သဘောထားများ ပြောကြားကြသော်လည်း ကမ္ဘာတစ်ဝန်းမှတရားသူကြီး ၂၃ဦးစလုံးက ဆုံးဖြတ်ချက်ကိုတညီတညွတ်တည်း ချမှတ်ခဲ့သည်ဟု အေအက်ဖ်ပီသတင်းကဖော်ပြသည်။

"နှစ်ဖက်စလုံးက နိုင်တာတချို့၊ ရှုံးတာတချို့ရှိပါတယ်" ဟု ခုံရုံးအဖွဲ့တွင် ပါဝင်သော ဂျာမန်တရားသူကြီးရူဒီဂါဂူဖရန်က ပြောကြောင်း ဂျာမန်သတင်းအေဂျင်စီ DPAတွင် ဖော်ပြသည်။

နှစ်နိုင်ငံကြားပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအတွက် ၁၉၇၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဝန်ကြီးအဆင့် ၂ကြိမ်နှင့် ကျွမ်းကျင်အဆင့် ၆ကြိမ်ဆွေးနွေးခဲ့သည်။ သို့သော် သဘောတူညီမှုမရခဲ့သည့်အတွက် ၁၉၈၆ ဇူလိုင် လမှစ၍ ဆွေးနွေးပွဲများကိုရပ်ဆိုင်းခဲ့ပြီး ၂၀၀၈ ခုနှစ်၊ မတ်လမှ ၂၀၀၉ ဇူလိုင်လအထိ နှစ်နိုင်ငံကြား ကျွမ်းကျင်သူအဆင့် ဆွေးနွေးပွဲ ၄ကြိမ်ထပ်မံပြုလုပ်ခဲ့သည်။ သို့သော် သဘောတူညီမှုမရရှိသည့်အတွက် ၂၀၀၉ဒီဇင်ဘာလတွင်ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံး၌ တင်သွင်းဖြေရှင်းရန် စတင်ဆောင်ရွက်ခဲ့သည်။ ယခုဆုံးဖြတ်ချက်ကိုနှစ်နိုင်ငံစလုံးကလက်ခံကြကြောင်းလည်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်။

## မျက်နှာဖုံး-ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေး ပုဂ္ဂလိကကုမ္ပဏီခုနစ်ခု ပါဝင်လုပ်ကိုင်ခွင့်ရ မှ

နိုင်ငံတကာရေနံကုမ္ပဏီ ခုနစ်ခုနှင့်ပူးပေါင်း၍ မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီခုနစ်ခု လုပ်ကိုင်ခွင့်ရခဲ့သည်။

ယခုနှစ် ဇန်နဝါရီလတွင် တင်ဒါရရှိသောကုမ္ပဏီများစာရင်းကို ထုတ်ပြန်ပေးခဲ့ရာ Nobel Oil၊ ထိုင်းမှ PTTEP၊ မလေးရှားမှ Petro-lueneစသောကုမ္ပဏီများပါဝင်သည်။ လုပ်ကိုင်ခွင့်ရရှိထားသော ကုမ္ပဏီများနှင့်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို ယခုလဆန်းပိုင်းမှစတင်၍ လုပ်ကွက်အမျိုးအစားကိုလိုက်ပြီး ပူးပေါင်းဆောင်ရွက်မည့်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုလျက်ရှိသည်။

ကုမ္ပဏီတစ်ခုလျှင် လုပ်ကွက်သုံးခုလျှောက်ထားခွင့် ရှိ၍ ယခုရရှိသောကုမ္ပဏီခုနစ်ခုတွင်လုပ်ကွက်နှစ်ခုရသောကုမ္ပဏီနှစ်ခုနှင့် အခြားကုမ္ပဏီများမှာ လုပ်ကွက်တစ်ခုချင်းစီ လုပ်ကိုင်ခွင့်ရရှိကြောင်း သိရသည်။

လုပ်ကိုင်ခွင့်ရရှိသော ကုန်းပိုင်းလုပ်ကွက် (Product Share Contract)များမှာ မြင်းခြံမြို့နယ်အတွင်းရှိ $PSC_E$၊ တောင်တွင်းကြီးရှိ $PSC_G$၊ ဟသ်ာတမြို့နယ်ရှိ $PSG_I$၊ အောင်လံရှိ $EP_2$၊ သဲကြီးကုန်းအင်ပင်ရှိ$EP_5$၊ မြိုင်မြို့နယ် တူးရွှင်တောင်ရှိ$RSF_2$၊ ငွေးချိုင်လျှံတောင်ရှိ$RSF_3$၊ ပြည်လို့-ပေါက်ခေါင်းဒေသရှိ$RSF_9$၊ ကံမ-နတ်တောင်ရှိ$RSF_{10}$ တို့ဖြစ်ကြသည်။ ကုန်းတွင်းပိုင်းလုပ်ကွက်များအား နိုင်ငံခြားရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်သော ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် နိုင်ငံသားပိုင်ကုမ္ပဏီများကို ၂၀၁၁ ဩဂုတ် ၁၄ရက်တွင် တင်ဒါခေါ်ယူခဲ့ရာ ကုမ္ပဏီ၅၀ လာရောက်လျှောက်ကြပြီး ယင်းကုမ္ပဏီများထဲမှ ခုနစ်ခုက လုပ်ပိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

# Health

7DAY NEWS JOURNAL

Vol.11, No.3 • MARCH 22 , 2012


## ကလေးငယ်ခြောက်သန်းကျော်ကို ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပေးမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊မတ်-၁၆**

တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးလုပ်ငန်းအား ယခုလ ၂၂ရက်မှ၃၁ရက်အထိကျင်းပမည်ဖြစ်ပြီး ကလေးငယ်ပေါင်း ၆ ဒသမ ၄ သန်းခန့်အား ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်းကျန်းမာရေးဝန်ကြီးဌာနမှသတင်းရရှိသည်။

၂၀၁၁ခုနှစ် စာရင်းများအရ နိုင်ငံတစ်ဝန်းတွင် ဝက်သက်ရောဂါဖြစ်ပွားမှုပြန်လည်များပြားလာနေပြီး ယခုကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသက် ၉လမှ ၅နှစ်အတွင်းကလေးများအားလုံးကို မပျက်မကွက်ခေါ်ဆောင်ပြီး ကာကွယ်ဆေးထိုးနှံကြရန် နှိုးဆော်ထားခြင်းဖြစ်သည်။

ဝက်သက်ရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တစ်ဦးမှတစ်ဦးသို့ ကူးစက်ခြင်းဖြစ်ပြီး ရောဂါကူးစက်ဖြစ်ပွားပြီးနောက်ဆက်တွဲပြင်းထန်စွာဖြစ်ပွားလာသည့် ရောဂါများကြောင့် အသက်သေဆုံးနိုင်ကြောင်း ကူးစက်ရောဂါတိုက်ဖျက်ရေးစီမံချက်မှညွှန်ကြားရေးမှူး ဒေါက်တာစိုးလွင်ငြိမ်းက နိုင်ငံပိုင် သတင်းစာများတွင်ရေးသားထားသည်။

“ကာကွယ်ဆေးထိုးတဲ့သူ တချို့မှာလည်း ဝက်သက်ရောဂါထပ်ဖြစ်ကြတာရှိတယ်။ ဒါပေမဲ့ ကာကွယ်ဆေးထိုးထားတဲ့သူက ရောဂါပြင်းထန်ပြီးသေလောက်တဲ့ အခြေအနေတွေမဖြစ်အောင် ကာကွယ်နိုင်တယ်”ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာထွန်းသိန်းကပြောသည်။

ဝက်သက်ရောဂါသည်များသောအားဖြင့် အသက်ငါးနှစ်အောက် ကလေးငယ်များတွင်အဖြစ်များကြလေ့ရှိကြပြီး ငါးနှစ်မှကိုးနှစ်အတွင်းကလေးများသည်ဒုတိယအများဆုံးဖြစ်ပွားကြသည်။ စတင်ဖြစ်ပွားသည့်အချိန်မှအနာဖတ်ကလေးများကွာမကျခင်အချိန်သည် အခြားသူတစ်ဦးထံသို့ကူးစက်နိုင်သည့်အချိန်ဖြစ်ကြောင်းသိရသည်။

ဝက်သက်ရောဂါသည်နိုဝင်ဘာ၊ဒီဇင်ဘာ၊ဇန်နဝါရီ၊ဖေဖော်ဝါရီလများတွင်အဖြစ်များပြီးတစ်ဦးမှတစ်ဦးသို့ ကူးစက်မြန်သည့်ရောဂါလည်းဖြစ်သည်။ ယခု ၂၀၁၂အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများအား ပုံမှန်ကာကွယ်ဆေးထိုလုပ်ငန်းများအရှိန်အဟုန်မြင့်ဆောင်ရွက်ရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန်ကြိုးပမ်းနေပြီး မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်နေကြောင်းသတင်းရရှိသည်။



## ပူပြင်းသော ရာသီ သတိမူရမည့် ကျန်းမာရေး စိန်ခေါ်ချက်များ

**ဝတ်ရည်အောင်**

**အအေးဓာတ်လျော့ကျလာသည့်အချိန်မှစ၍ အချိန်တိုအတွင်းအပူချိန်သည်မြင့်တက်လာခဲ့ပြီး နေ့လယ်ဘက်တွင်ပူပြင်းလာသည့်နေပူဒဏ်ကိုလူအများခံစားနေရပြီဖြစ်သည်။**

နေ့အပူချိန်သည်ဆက်လက်မြင့်တက်လာနိုင်ပြီး ထိုမြင့်တက်လာသည့်အပူချိန်ကြောင့် အနောက်တောင်မုတ်သုံလေရာသီ မကျရောက်မီ ကာလအတွင်း မွန်းလွဲနှင့်ညနေပိုင်းများတွင်ပါမိုးတိမ်တောင်များဖြစ်ပေါ်ပြီးထိုမိုးတိမ်တောင်များရွေ့လျားရာ တစ်လျှောက်တွင်ပါလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းများပါဖြစ်ပွားလာနိုင်မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်မှုများလည်း ပြုလုပ်နေပြီဖြစ်သည်။

ထိုကဲ့သို့သဘာဝဘေးအန္တရာယ်များကို သတိပြုရမည့်အပြင် အပူဒဏ်ကြောင့်အသက်သေဆုံးမှုများ၊ နာမကျန်းမှုများ မဖြစ်စေရန်လည်း ဂရုပြုရန်လိုအပ်ကြောင်း ကျွမ်းကျင်ဆရာဝန်များက သတိပေးပြောကြားထားသည်။

အပူချိန်မြင့်မားလာခြင်းကြောင့် လူအများသည်အပူဒဏ်ကြောင့် မူးမော်ခြင်းများ၊ အပူရှပ်ခြင်းကြောင့်ဖျားနာခြင်းများ ဖြစ်ပွားမှုများရှိနေသော်လည်း ပြီးခဲ့သည့်နှစ်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် အယ်နီညိုရာသီဥတုတွင်ဖြစ်ပွားခဲ့သောအပူဒဏ်ကြောင့်အသက်သေဆုံးမှုများကဲ့သို့သော ဖြစ်စဉ်များဖြစ်ပွားခြင်းမရှိသေးကြောင်း ဆေးရုံ၊ဆေးခန်းများမှသိရသည်။

အပူဒဏ်ကို သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် နေပူထဲတွင်အလုပ်လုပ်ကိုင်နေရသူများ ပိုမိုခံစားကြရပြီး အချို့သောအခြေအနေများမှာအသက်သေဆုံးသည်အထိဖြစ်ပွားခြင်းလည်းရှိကြောင်းသိရသည်။

**စာ(၁၄)သို့**

## နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် ငါးနှစ်အောက်ကလေးငယ် အများဆုံးသေဆုံး

**ဝတ်ရည်အောင်**

**ရန်ကုန်၊မတ်-၁၆**

ငါးနှစ်အောက်ကလေးများ သေဆုံးရသည့် အဓိကအကြောင်းအရင်းသည် အသက်ရှူလမ်းကြောင်းတွင် ပိုးဝင်ခြင်း (နမိုးနီးယား)နှင့် ဝမ်းပျက်ဝမ်းလျှောခြင်းများကြောင့်ဖြစ်ကြောင်းကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

မြန်မာနိုင်ငံသည် ငါးနှစ်အောက်ကလေးသေဆုံးမှုများပြားသည့်နိုင်ငံများတွင်လည်း ပါဝင်နေပြီး ထိုသေဆုံးမှုများအား လျှော့ချနိုင်သည့်ထိရောက်သော နည်းလမ်းများရှိသော်လည်း နိုင်ငံတစ်ဝန်းလုံးရှိ ကလေးများကျန်းမာရေးစောင့်ရှောက်မှုရနိုင်ရန် လိုအပ်ချက်များရှိနေသေးကြောင်း ဒေါက်တာဖေသက်ခင်က မတ် ၁၄ရက်နေပြည်တော်တွင် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားခဲ့ကြောင်း မတ်လ ၁၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြထားသည်။

ငါးနှစ်အောက်ကလေးသေဆုံးမှုတွင် အဖြစ်များသည့်နမိုးနီးယားခေါ် အဆုတ်ရောင်ရောဂါသည် ကလေး၊လူကြီးမရွေးဖြစ်ပွားသော်လည်း ကိုယ်ခံအားအလွန်နည်းပါးသေးသည့် ကလေးများတွင် ဗိုင်းရပ်စ်ကြောင့်သော်လည်းကောင်း၊ဘက်တီးရီးယားများကြောင့် သော်လည်းကောင်း အဆုတ်ရောင်ရောဂါဖြစ်ပွားလာပါက အသက်ရှူရသည့်အဆုတ်များအခက်အခဲရှိလာပြီး စနစ်တကျကုသမှုများ မရရှိပါကအသက်သေဆုံးခြင်းဖြစ်ကြောင်း အထွေထွေရောဂါကုဆရာဝန်ဒေါက်တာ လှိုင်စိုးဝယ်ကပြောသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည်လည်း တစ်ကိုယ်ရေသန့်ရှင်းမှုနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုအားနည်းခြင်းကြောင့်ဖြစ်ပွားပြီး နုနယ်ပြီးခုခံမှုနည်းပါးသည့်ကလေးငယ်များတွင်ဖြစ်ပွားသည့်အခါကုသမှုအချိန်မီ မရရှိပါက ကလေးငယ်များအသက်ပါ သေဆုံးကြခြင်းဖြစ်ကြောင်း အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

ငါးနှစ်အောက်ကလေးသေဆုံးမှုတွင် နမိုးနီးယားနှင့်ဝမ်းပျက်ဝမ်းလျှောခြင်းတို့မှာ အဓိကအကြောင်းအရာများဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာချက်များအရလည်း ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါနှင့် အဆုတ်ရောင်ရောဂါများကြောင့် သေဆုံးမှု များပြားနေကြောင်း ဖော်ပြထားသည်။




7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

## အသီးအရွက်များသည် မိတ်ကပ်များထက် အသားအရေပိုလှနိုင်

**စကော့တလန်၊ မတ် - ၁၃**

နေ့စဉ်စားသုံးသည့် အစားအစာတွင်အသီး၊ အရွက်အနည်းငယ်ထည့်သွင်းစားသုံးခြင်းမှာ ဈေးကြီးသောအသားလှ ခရင်မ်များထက် အသားအရေကို ပိုမိုလှပစေကြောင်း စကော့တလန်နိုင်ငံမှ သုတေသီများက ပြောကြားသည်။

စကော့တလန်နိုင်ငံ စိန့်အင်ဒရူးတက္ကသိုလ်မှ သုတေသီရော့စ်ဒီဝိုက်နှင့် လုပ်ဖော်ကိုင်ဖက်များက အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များစားသုံးခြင်းဖြင့် အရေပြားအသားအရေနှင့် အရောင်ကို မည်သို့ပြောင်းလဲစေနိုင်သနည်း၊ ယင်းသို့ပြောင်းလဲရန် အချိန်မည်မျှကြာသနည်းဆိုသည်ကို လေ့လာခဲ့ကြသည်။

အရှေ့အာရှနှင့် အာရှ-ဥရောပကပြားကျောင်းသား ၃၅ဦး၏ အစားအသောက်နှင့် အသားအရောင်တို့ကို သုတေသနမတင်မီ တစ်ကြိမ်နှင့် ရက်သတ္တပတ်သုံးပတ်တွင် တစ်ကြိမ်၊ ခြောက်ပတ်တွင် တစ်ကြိမ်မှတ်တမ်းတင်ခဲ့သည်။

သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်များ စားသုံးခြင်းသည် အရေပြားအရောင် နီမြန်းလာခြင်း၊ ဝါလာခြင်းနှင့် ဆက်စပ်နေသည်ကို သုတေသနကတွေ့ရှိခဲ့ပြီး တစ်နေ့လျှင် သုံးကြိမ်စားသုံးပါက အရေပြားကျန်းမာရေးနှင့် ဆွဲဆောင်မှုတိုးတက်လာကြောင်းလည်းသုတေသနက တွေ့ရှိခဲ့သည်။ မုန်လာဥနီစားသုံးသူများတွင် အဝါရောင်အသားအရေဖြစ်လာပြီး ခရမ်းချဉ်သီး၊ စားသုံးသူများ၏ အရေပြားမှာ အနီရောင်သန်းလာကြောင်းသိရသည်။

—Ref: UPI

## ဗီတာမင်ဒီ စားသုံးခြင်းဖြင့် လေဖြတ်ခြင်းကို လျော့ကျစေနိုင်

**ဘာမင်ဂမ်၊ မတ် - ၁၃**

ဗီတာမင်ဒီဓာတ်ပါသော အစားအစာ များများစားသုံးသူများသည် ဗီတာမင်ဒီဓာတ် နည်းနည်းသာစားသုံးသူများထက် လေဖြတ်နိုင်သော အန္တရာယ်နည်းပါးကြောင်း အမေရိကန်သုတေသီများ ကပြောကြားသည်။

အသက် ၄၅ နှစ်နှင့်အထက် လူပေါင်း ၂၁,၀၀၀ ကို အတွဲလိုက်မေးခွန်းများ မေးမြန်း၍ ၎င်းတို့၏ အစားအသောက်စားသုံးပုံကိုမှတ်တမ်းတင်ခဲ့ပြီးနောက် ယခုအချက်အလက်များ သိရှိလာခြင်းဖြစ်ပြီး ယင်းမှတစ်ဆင့် ဗီတာမင်ဒီစားသုံးမှု ပမာဏနှင့် လေဖြတ်ခြင်းကို နှိုင်းယှဉ်လေ့လာခဲ့ခြင်းဖြစ်သည်။

ဗီတာမင်ဒီ ပမာဏအများ ဆုံးလူများတွင် လေဖြတ်ရောဂါဖြစ်နိုင်ခြေ ၁၁ ရာခိုင်နှုန်းလျော့ကျနေသည်ကိုတွေ့ရှိနိုင်ကြောင်း အယ်လ်လာဘားမားတက္ကသိုလ်မှ သုတေသီဆူဇန်ဂျပ်ဒ်က ပြောသည်။

ဗီတာမင်ဒီဓာတ်ကို နံနက်ခင်းနေခြည်နုမှ ရရှိနိုင်သလို ဗီတာမင်ဒီဓာတ်ကြွယ်ဝသော ငါးများ၊ ဆော်လမွန်ငါး၊ တူနာငါးနှင့် နို့သောက်ခြင်းဖြင့်လည်း အများအပြားရရှိနိုင်သည်။ ယခုတွေ့ရှိချက်များကိုနိုင်ငံတကာလေဖြတ်ရောဂါကွန်ဖရင့်တွင်တင်ပြခဲ့ကြောင်း သိရသည်။

—Ref: UPI

## စာ-၁၃၊ ပူပြင်းသော ရာသီ သတိမူရမည့် ကျန်းမာရေး စိန်ခေါ်ချက်များ မှ

အပူဒဏ်မြင့်မားသည့်အချိန်တွင် အပြင်သွားမည်ဆိုပါက အကာအကွယ်ထီး၊ ဦးထုပ်များအသုံးပြုသင့်ပြီး အဝတ်အစား ဝတ်ဆင်ရာတွင်လည်း အပူစုပ်သည့် အရောင်တောက်အဝတ်အစားများထက် အရောင်ဖျော့ဖျော့များက ပိုပြီးသင့်လျော်ကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာထွန်းသိန်းကပြောသည်။

အပူဒဏ်ပြင်းထန်သည့် အတွက် နေပူထဲမှပြန်လာလာချင်း ရေချိုးခြင်း၊ ခေါင်းနှင့် ခန္ဓာကိုယ်အားရေလောင်းချခြင်းများသည် ရုတ်တရက်ပင်အသက်သေစေသည့်အပြုအမူများဖြစ်ပြီး နေပူထဲမှ ချက်ချင်းအပူချိန်ကွာခြားသည့် အအေးပေးထားသည့်နေရာသို့ ဝင်ရောက်ခြင်းသည်လည်း ခန္ဓာကိုယ်အပူအအေးပြောင်းလဲမှုလုပ်ဆောင်ချက်များ ပျက်ပြားကာ အန္တရာယ်ရှိနိုင်တဲ့ အခြေအနေများဖြစ်ကြောင်း အဆိုပါဆရာဝန်ကပြောသည်။

“အေးနေတဲ့ရုံးခန်းထဲကနေ အပြင်သွားလိုက်တာ နေပူထဲမှာ မိနစ်ပိုင်းလေးလောက် ခဏလေးပဲရှိသေးတယ်။ ခေါင်းတွေချာချာလည်အောင်မူးလို့ အခုတော့ အအေးထဲကပဲဖြစ်ဖြစ်၊ နေပူထဲကပြန်လာတာပဲဖြစ်ဖြစ်ချက်ချင်းမဝင်၊ မထွက်ရဲတော့ဘူး။ ခဏလေးနားပြီးမှ သွားရဲတော့တယ်”ဟု အသက် ၂၅ နှစ်အရွယ်ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြောသည်။ ရာသီဥတုပူသည့်အတွက် နေ့လယ်ပိုင်းများတွင်ရေချိုးခြင်းများ၊ ညဘက်ရေချိုးခြင်းများမှာလည်း လေဖြတ်ခြင်းများ၊ ဦးနှောက်သွေးကြောပြတ်ခြင်းများလည်းဖြစ်ပွားစေနိုင်ကြောင်းသိရသည်။

ရာသီဥတုပူနေသည့်အချိန်တွင်အပူဒဏ်မခံနိုင်သည့်အတွက် အေးမြမှုရစေရန် အလျင်စလိုပြုမူခြင်းများဖြစ်သည့် ခြေလက်များအား ရေလောင်းခြင်းများ၊ ရေချိုးခြင်း၊ ရေအလျင်စလိုသောက်ခြင်းများသည် သတိပြုရမည့်အခြေအနေများဖြစ်ကြောင်းသိရသည်။

အပူချိန်သည် ခန္ဓာကိုယ်အတွင်းမှသွေးကြောများအား သွေးဖိအားများများစေပြီး ပေါက်ထွက်ခြင်းများဖြစ်ပေါ်စေနိုင်သည့်အတွက် သွေးတိုးရောဂါခံစားနေရသူများနှင့် သွေးဖိအားများများလာစေသည့် အရက်သောက်သုံးသူများအနေဖြင့် အထူးဂရုပြုရမည့်ရာသီလည်းဖြစ်သည်။

၂၀၁၀ အတွင်း ဖြစ်ပွားခဲ့သည့် စံချိန်တင်အပူလွန်ကဲသည့်အချိန်တွင် အရက်သောက်ခြင်းကြောင့် အသက်သေဆုံးမှုများမဖြစ် စေရန်သက်ဆိုင်ရာက အရက်ရောင်းချမှုတားမြစ်ခဲ့သည်များလည်းရှိခဲ့သည်။

အပူဒဏ်ကြောင့် ချွေးထွက်ရှိမှုများပြားသဖြင့် ခန္ဓာကိုယ်ထဲတွင်ဆားဓာတ်များလျော့နည်းပြီး မူးဝေခြင်း၊ သတိလစ်ခြင်းများလည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် ဓာတ်ဆားပြန်လည်ဖြည့်တင်းရန်လိုအပ်ပြီးအပူဒဏ်ကြောင့် ရုတ်တရက်မူးဝေခြင်း ဖြစ်ပွားလာလျှင် အရိပ်တစ်ခုခုတွင်နားနေခြင်း၊အချိုဓာတ်ပါသည့်အဖျော်ရည်များ သောက်ခြင်းဖြင့်သက်သာစေရန်ဆောင်ရွက်နိုင်ကြောင်းသိရသည်။

“ဓာတ်ဆားရည်သောက်တဲ့အခါကျရင်လည်းသတ်မှတ်အချိုးအဆကိုတိတိကျကျဖျော်သောက်သင့်တဲ့အပြင် သွေးတိုးရောဂါရှိတဲ့သူတွေအနေနဲ့ဓာတ်ဆားရည်သောက်ရင်ခန္ဓာကိုယ်ထဲမှာသွေးတိုးစေလာနိုင်တဲ့အတွက် ဓာတ်ဆားရည်ကိုလည်းသွေးတိုးရောဂါရှိတဲ့သူတွေသောက်လို့မရဘူး”ဟု ဒေါက်တာထွန်းသိန်းကဆက်လက်ပြောသည်။

အပူချိန်ကြောင့် သဘာဝဘေးအန္တရာယ်များ၊ အပူဒဏ်တို့ကြောင့်အသက်အန္တရာယ်ထိခိုက်မှုမရှိစေရန် ဂရုပြုရမည့်အပြင် အပူချိန်မြင့်မားလာသည့်အချိန်များတွင်လည်းအတူတွဲ ဖြစ်ပွားလေ့ရှိသည့်ဝမ်းပျက်ဝမ်းလျှောခြင်းကိုလည်းဂရုပြုရမည်ကြောင်း အဆိုပါဆရာဝန်ကဆက်လက်ပြောသည်။

နေပူလွန်းသည့်အချိန်များတွင် သောက်သုံးရေကန်များခန်းခြောက်ခြင်းနှင့်အစားအစာများတွင် ပိုးပေါက်ဖွားမှု များပြားခြင်းများကြောင့်သောက်သုံးသည့်ရေ၊ အစားအစာများမှ ဝမ်းပျက်ဝမ်းလျှောခြင်းများမှာလည်း နေပူဒဏ်နှင့်အတူ ဖြစ်ပွားမှုများပြားသည့်ရောဂါလည်းဖြစ်သည်။

“နေပူတဲ့အချိန်မှာဆိုသောက်ရေကန်တွေလည်းခန်းလာတဲ့အတွက်အနည်တွေ၊ပိုးမွှားတွေပါဝင်မှုများတယ်။ အစားအစာတွေဆိုလည်းအရင်ကမနက်ချက်ထားညနေဆက်စားလို့ရပေမယ့်အခုအပူချိန်ကြောင့် ခဏလေးနဲ့ချွေးထွက်ပြီးသိုးလာတယ်။ အဲဒါမျိုးတွေစားမိရင်ဝမ်းပျက်ဝမ်းလျှောတွေဖြစ်မယ်” ဟုဒေါက်တာထွန်းသိန်းက ဆက်လက်ပြောသည်။

မိုးလေဝသဦးစီးဌာနက မတ် ၁၇ ရက်တွင် ထူးခြားနေ့အပူချိန်များအဖြစ် ချောက်မြို့နှင့် မင်းဘူးမြို့တို့၌ ၄၂ ဒီဂရီ စင်တီဂရိတ်စီ နေပြည်တော် (ရေဆင်း)၊ မိတ္ထီလာမြို့၊ ညောင်ဦးမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ပြည်မြို့နှင့် ဆင်ဖြူကျွန်းမြို့တို့၌ ၄၀ ဒီဂရီ စင်တီဂရိတ်များရှိကြောင်း ထုတ်ပြန်ထားသည်။

## ဆေးလိပ်ဖြတ်လိုက်ခြင်းဖြင့် နှလုံးရောဂါကြောင့် သေဆုံးမှုထက်ဝက်ကို လျှော့ချနိုင်

**အောက်စဖို့ဒ်၊ မတ် - ၁၃**

ဘဝနေထိုင်မှု စတိုင်တစ်ခုပြောင်းလဲခြင်းဆိုလိုသည်မှာ ဆေးလိပ်ဖြတ်လိုက်ခြင်းကြောင့် ယောကျ်ားများအသက် ၆၀ ကျော်တွင် နှလုံးရောဂါကြောင့် သေဆုံးမှုထက်ဝက်လျော့ကျသွားကြောင်း ဗြိတိန်ပါမောက္ခတစ်ဦးကပြောသည်။

၁၉၈၀ ခုနှစ်များတွင် ဗြိတိန် နိုင်ငံ၌ ဆေးလိပ်ကြောင့် အသက် ၆၀ကျော် ယောကျ်ားပေါင်း ၁၁,၀၀၀ ခန့် နှစ်စဉ်သေဆုံးခဲ့ကြောင်းနှင့် ယင်းအရေအတွက်မှာ ၂၀၀၀ ပြည့်နှစ်များတွင် ထက်ဝက်လျှော့ချနိုင်ခဲ့ကြောင်း အောက်စဖို့ဒ်တက္ကသိုလ်မှ အသက်အရွယ်ကြီးရင့်လာမှု ဘာသာရပ်ပါမောက္ခဆာရာဟာပါကပြောသည်။ ယင်းအချိန်အတွင်းမှာပင် ကင်ဆာရောဂါကြောင့်သေဆုံးမှု သုံးပုံတစ်ပုံနှင့် လေဖြတ်ခြင်းကြောင့် သေဆုံးမှုသုံးပုံနှစ်ပုံလျော့ကျခဲ့ကြောင်း သိရသည်။

“၁၉၇၁ ခုနှစ်တုန်းကဆိုရင် ဗြိတိန်နိုင်ငံမှာ ယောကျ်ားတွေဟာအသက် ၇၀ကျော်လောက်ဆိုရင် သက်တမ်းကုန်ပါပြီ။ အခုဆိုရင် အသက် ၈၀ကျော်တဲ့အထိနေဖို့ မျှော်လင့်နိုင်ပါတယ်။ ယောကျ်ားတွေရဲ့သက်တမ်း ရှည် လာတာဟာ ဆေးလိပ်ဖြတ်ဖို့ဆိုတဲ့ ဆုံးဖြတ်ချက်ရိုးရိုးလေးကြောင့် လို့ပြောနိုင်ပါတယ်”ဟုအောက်စဖို့ဒ်တက္ကသိုလ် ပါမောက္ခက ဂါးဒီးယန်းသတင်းစာအားပြောကြားသည်။ —Ref: CNA

မွန်မြတ်ဆေးခန်း ဗိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ် ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

သွေးတိုးနှင့်ဆက်နွယ်သောနှလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount

ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၅၁၉၆၅၁၈

ဂန္ဓဝင်ရွှေပုဂံ Travels & Tours exploring to the edge of the globe

| | | |
|---|---|---|
| အမေရိကန် (၁၄ သိန်း) | ဥရောပ (၃၉ သိန်း) | ဩစတြေးလျ (၃၈ သိန်း) |
| L A၊ နယူးယောက်၊ ဝါရှင်တန် | ဆက်၍ အင်္ဂလန် (၄၈ သိန်း) | မဲဘုန်း၊ ဆစ်ဒနီ၊ Gold Coast |
| ဂျပန် (၂၄ သိန်း) | ကိုရီးယား (၁၇ သိန်း) | ဒူဘိုင်း (၁၇ သိန်း) |
| ဟောင်ကောင် (၁၃ သိန်း) | ပီကင်း+ရှန်ဟိုင်း (၁၃ သိန်း) | ကမ္ဘောဒီးယား (၅.၅ သိန်း) |
| ဗန်ကောက် (၅.၅ သိန်း) | ဗန်ကောက်+ဖူးခက် (၇.၈ သိန်း) | ချင်းမိုင်+ဖူးခက် (၉.၈ သိန်း) |
| ဘာလီ (၁၀ သိန်း) | စင်္ကာပူ+မလေးရှား (၁၁ သိန်း) | သီရိလင်္ကာ (၁၁ သိန်း) |
| မလေးရှား (၆ သိန်း) | ဗန်ကောက်+စင်္ကာပူ+မလေးရှား (၁၃ သိန်း) | ရုရှား (၂၇ သိန်း) |
| အိန္ဒိယ သကြၤန် (၉ သိန်း) | အိန္ဒိယ ဟိုတယ်တည်း/စား (၁၂ သိန်း) | ဗီယက်နမ် (၆.၅ သိန်း) |

outboundgandawun@gmail.com,Hot Line:09-73003772
67, Baho Rd, Sanchaung. Ph : 519292,519293,519360,500191
87, 73 Rd,Bet 29&30 St, Mandalay. Ph:02-32020 web: myanmartraveal.org

# Regional

7DAY NEWS JOURNAL

Vol.11, No.3 • MARCH 22 , 2012


## ဆားလင်းကြီးမြို့နယ် လမ်းနယ်မြေကျူးကျော်စျေးသည်များ ထောင်ဒဏ်၁၅ရက် ပြစ်ဒဏ်ချခံရ

**ရန်နိုင်ကျော်**

**မုံရွာ၊ မတ်- ၁၃**

မုံရွာမြို့ တစ်ဖက်ကမ်းရှိ ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ မုံရွာ-ပုလဲ-ဂန့်ဂေါကား လမ်းမကြီးပေါ်ရှိလယ်နယ်မြေကျူးကျော်စျေးရောင်းချသော ပျံကျစျေးသည်(၁၃) ဦးအား လမ်းမကြီးများ ဥပဒေပုဒ်မ-၉(ဂ) အရ ဆားလင်းကြီးမြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့ပြီးလမ်းနယ်မြေတွင် စျေးရောင်းချခြင်းမပြုတော့ကြောင်း ဝန်ခံကတိစာချုပ်ပျက်ကွက်သူ(၆)ဦးကို ထောင်ဒဏ် (၁၅) ရက်အထိ အရေးယူဆောင်ရွက်ခဲ့ကြောင်း ညောင်ပင်ကြီးကျေးရွာလမ်းဘေးစျေးဆိုင်ပိုင်ရှင်များ ပြောကြားချက်အရ သိရသည်။

"ချင်းတွင်းဆိပ်ကမ်းဘေးမှာရှိတဲ့ ညောင်ပင်ကြီးကျေးရွာမှာ လမ်းဘေးစျေးဆိုင်တွေဖွင့်ခဲ့တာနှစ်ပေါင်း ၃၀ ကျော်ပြီ။ အခု ပထမဆုံးအကြိမ် လမ်းဘေးစျေးရောင်းမှုနဲ့ တရားစွဲခံရတာပါ။ ညောင်ပင်ကြီးစက်လှေဆိပ်ကနေ ညောင်ပင်ကြီးစျေးအကွေ့အထိ စားသောက်ဆိုင်၊ သစ်သီးဆိုင်နဲ့ ကုန်စုံဆိုင်အပါအဝင် လမ်းဘေးစျေးဆိုင်(၆၈)ဆိုင်ရှိတဲ့အနက် လမ်းဘေးကျူးကျော်စျေးဆိုင်(၁၃) ဆိုင်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကတရားစွဲတာပါ။ လမ်းဘေးမှာနောက်ထပ် စျေးမရောင်းတော့ဘူးဆိုတဲ့သူတွေကို ကျေအေးပြီး လမ်းဘေးရောင်းမယ်ဆိုသူ(၆)ဦးကို တရားစွဲအရေးယူခဲ့တာပါ။လမ်းဘေးပျံကျစျေးရောင်းတယ်ဆိုပေမယ့် အိမ်ရှင်ကို လခပေးရတယ်။ မြို့နယ်စည်ပင်ကိုအခွန်ပေးဆောင်ရတယ်။အခုအရေးယူခံရတော့ လခစားတဲ့ အိမ်ရှင်ကတိုင်တယ်" ဟု လမ်းဘေးစျေးရောင်းချမှုဖြင့် ဥပဒေအရ အရေးယူခံရသော လမ်းဘေးစျေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

မုံရွာခရိုင်၊ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာ မုံရွာ-ပုလဲ-ဂန့်ဂေါကားလမ်းမကြီး လမ်းဘေးကျူးကျော်စျေးဆိုင်ပိုင်ရှင်များကို ဆားလင်းကြီးမြို့နယ်တရားရုံးက ယခုနှစ်ဇန်နဝါရီလ(၁၂)ရက်တွင်တရားစွဲဆိုခဲ့ကြောင်း သိရသည်။

### ရွှေတူးဖော်သူများကြောင့် ကလုံးချောင်းတစ်လျှောက် ရေသုံးစွဲရန် အခက်တွေ့နေ

**စိုင်းလူမင်း**

**ကောလင်း၊ မတ်- ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်(အနောက်ခြမ်း)၊ ရှမ်းကလုံးကျေးရွာအုပ်စု၊ ကျွန်းကလုံးကျေးရွာတွင် တစ်ပိုင်တစ်နိုင်လက်လုပ်လက်စား ရွှေတူးဖော်သည့် လုပ်ငန်းလုပ်ကိုင်သောကြောင့် ကလုံးချောင်းတစ်လျှောက် ရွှံ့နွံများဖုံးလွှမ်းပြီးရေများ နောက်ကျိနေသည့်အတွက် ကျေးရွာဒေသခံများ၊ ကျွဲနွားများ သောက်သုံးရေအခက်အခဲဖြစ်နေကြောင်းဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့နယ်မြေမှာ ရွှေတူးဖော်တဲ့ကုမ္ပဏီတွေ အများအပြားလုပ်ကိုင်နေကြတော့ ဒေသခံပြည်သူတွေ စားဝတ်နေရေး အဆင်ပြေကြသလို ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေလည်း အထောက်အကူပြုစေတာပေါ့။ ဒါပေမဲ့လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့တော့လိုအပ်ပါတယ်။

*စာ(၁၈) သို့*

ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)



**လားရှိုးမြို့၊ ရန်တိုင်းအောင်ဘုရားကြီးကွင်းအတွင်း ယာဉ်တန်းဖြင့် ဝင်ရောက်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား ဒေသခံပြည်သူလူထုက မတ်လ၁၆ရက်တွင် တစ်ခဲနက် ကြိုဆိုနေကြစဉ်။ ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ မဲဆွယ်စည်းရုံးရေးခရီးစဉ်တွင် မိနစ်လေးဆယ်ကြာ မိန့်ခွန်းပြောကြားခဲ့သည်။**

## ကောက်ရသည့်ဖုန်း ပိုင်ရှင်အားပြန်မပေးပါက အမှုဖွင့်နိုင်

**ကျော်ဇေယျ**

**နေပြည်တော်၊**

**မတ်- ၁၃**

ပျောက်ဆုံးသွားသည့်ဖုန်း ဟန်းဆက်အားကောက်ရသူက ပိုင်ရှင်ထံပြန်မအပ်ဘဲ တောင်းခံသောငွေပေးမှ ပြန်ပေးမည်ဟု ပြန်ပေးဆန်ဆန်ငွေတောင်းခံသည့်အပေါ် လာရောက်တိုင်တန်းခဲ့မှု ယခုလ ၅ ရက်က နေပြည်တော်ပျဉ်းမနားတွင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သူ ကို . . . (၂၄)နှစ်သည် ယခုလ ၃ ရက် ည ၉ နာရီခန့်က နေပြည်တော် ပျဉ်းမနားယောက်သွားအင်းရပ်ကွက်ရှိဇောတိကကားဂိတ်အနီးသို့ ဆိုင်ကယ်ဖြင့် ညှော့သည်လာကြိုစဉ် ကုတ်အင်္ကျီအိပ်ကပ်ထဲထည့်ထားသော စီဒီအမ်အေ ဖုန်းမှာ ပျောက်ကျသွားခဲ့ သည်။ အခြားဖုန်းဖြင့် ထွက်ကျခဲ့သော ဖုန်းအား ဆက်သွယ်မေးမြန်းရာ ၎င်း၏ဖုန်းကို ပုဂ္ဂလိက ဆေးခန်းတစ်ခုမှ ဝန်ထမ်းဖြစ်သူ မ . . . (၂၁ နှစ်) က ကောက်ရထားပြီး အဆိုပါ အမျိုးသမီးက ဖုန်းပြန်လိုချင်လျှင် သူ့အား မုန့်ဖိုးပေးရမည်ဖြစ်ကြောင်း ပြောသည်ဆို၏။

မ. . . ၏ချိန်းဆိုချက်အတိုင်း ကို. . လည်း ယခုလ ၄ ရက်တွင် သွားတွေ့ဆုံရာ ကျပ်နှစ်သိန်း တောင်းခံခဲ့၍ ကျပ်သုံးသောင်းသာပေးနိုင်သဖြင့် ထိုအမျိုးသမီးက မကျေနပ်ဘဲ ဖုန်းပြန်မပေးနိုင်ကြောင်း၊ သူကောက်တွေ့ထားသောပစ္စည်းဖြစ်နေ၍ တိုင်ချင်လျှင်တိုင်နိုင်ကြောင်း ပြောဆိုခဲ့သည်။ ဖုန်းအား မူလပိုင်ရှင်ဖြစ်သူအား ပြန်မပေးသဖြင့် ကို. . က မတ်လ ၅ ရက်တွင် ပျဉ်းမနားရဲစခန်းမှ တစ်ဆင့် မြို့နယ်တရားရုံးသို့ဦးတိုက်တိုင်တန်းလျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးတော်က ကျင့် ၂၀၂ အရ ရဲစခန်းသို့ ပြန်လည်စစ်ဆေးစေခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

"ခိုးမှုကာယကံမြောက်၊ လိမ်လည်မှု အမှုမြောက်တာ မဟုတ်ပါဘူး။ ကောက်တွေ့ပစ္စည်း ပိုင်ရှင်ပေါ် လျက်နဲ့ မရိုးမဖြောင့်တဲ့ သဘောနဲ့ ထားရင်လည်း အမှုမြောက်ပါတယ်။ ပြစ်မှုပုဒ်မ ၄၀၃ (ရွှေ့ပြောင်းနိုင်သော ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုမှု)နဲ့ငြိစွန်းပါတယ်" ဟုအဆိုပါရဲအရာရှိကပြောသည်။

"လူတွေက ဟန်းဖုန်းထွက်ကျတာတွေ့ရင် ဝိုင်းပြီး လုကောက်ဖို့ပဲ သိတယ်။ ပြီးရင် ပိုင်ရှင်ဆီက ဖုန်းလာရင် ဘယ်ရွှေ့ပေးမှ၊ ဘယ်လောက်ပေးမှဖုန်းပြန်ပေးမယ်ဆိုပြီး ပြန်ပေးဆွဲသလိုမျိုး စျေးခေါ်ပြီး တောင်းကြတယ်ဗျာ။ ကျွန်တော့်ဖုန်းထွက်ကျတုန်းက တစ်သိန်းပေးပြီး ပြန်ရွေးလိုက်ရတယ်။ ဒီလိုအမှုလုပ်လို့ရတယ်ဆိုတာ မသိလို့ ပေးလိုက်ရတယ်။ အမှန်တကယ်တော့ သဒ္ဓါကြေးဆို တော်ရောပေါ့။ အခုတော့ မဟုတ်ပါဘူး။ သူတို့က ဟန်းဆက်ရဲ့ တန်ကြေးပေါ် မူတည်ပြီး စျေးခေါ်ပြီးငွေတောင်းကြတာ" ဟုဖုန်းကို ငွေဖြင့် ပြန်လည်ရွေးယူခဲ့ရသူ ကိုရန်နောင်လတ်က ပြောသည်။

နေပြည်တော် ဒေသတွင်း၌ ပိုင်ရှင်များ ပေါ့ဆမှုကြောင့် ဖုန်းပျောက်မှုများ မကြာခဏ ဖြစ်ပွားနေပြီး ဖုန်းကို ပြန်လည်ရရှိသော်လည်း ငါးသောင်းကျပ်မှ နှစ်သိန်းကျပ်အထိ ကောက်ရသူ၏ စိတ်ကြိုက်စျေးဖြင့် ပြန်လည်ရွေးယူရခြင်းများရှိနေကြောင်း သိရသည်။





SHINE CONSTRUCTION COMPANY LTD.
(Member of Shine Group of Companies)
ဝင့်ကြွားထည်ဝါမှုတို့နှင့် ပြည့်လျှံ .....
Golden Parami Luxurious Condominium
မိသားစုနှင့် အပန်းဖြေနေနိုင်စေမည့် ပြီးပြည့်စုံသော Relax Area
Light & Ventilation ကောင်းမွန်၍ မိသားစုတိုင်းအတွက် ကျေနပ်စေမည့် ကျယ်ဝန်းသောအခန်းတွင်း ဧရိယာ
ခေတ်မှီသော Life Style ကိုမြတ်နိုးသူတိုင်း ရွှေပါရမီကွန်ဒို မှာဝယ်ယူနေထိုင်ကြပါစို့ ......
No.29, Ground Floor, Gyo Phyu Street, Mingalar Taung Nyunt Township, Yangon, Myanmar.
Hot Line : 01-385 344, 01-385 340-4* Ext : (203, 204, 205)
E-mail : shine@myanmar.com.mm , Web Site : www.shinegroupofcompanies.com

# ဖရဲသီးတစ်လုံး ကျပ်တစ်သိန်းအထိ လျော်ကြေးတောင်း

ရန်နိုင်ကျော်

**မုံရွာ၊ မတ်- ၁၃**

မုံရွာမြို့အနီး ချင်းတွင်းမြစ် သက်ရင့် သဲသောင်ကျွန်းဖြစ်သည့်ရန်အေးကျွန်းပေါ်တွင်ယခုနှစ်ဆန်းပိုင်းအတွင်း ပြည်တွင်းစိုက်ပျိုးရေး ကုမ္ပဏီတစ်ခုမှဖရဲစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ဖရဲသီးခိုးယူစားသောက်သူများဟု စွပ်စွဲခံရသူများအား ဖရဲသီးတစ်လုံးလျှင်ကျပ်တစ်သိန်းအထိ ပေးလျော်စေခဲ့ကြောင်းညောင်ပင်ဇောက်ကျေးရွာအုပ်စုဒေသခံများကပြောသည်။

"ချင်းတွင်းမြစ်အတွင်းကရန်အေးကျွန်းပေါ်မှာ ပြည်တွင်းစိုက်ပျိုးရေးကုမ္ပဏီအမည်ခံ တရုတ်လူမျိုးတွေရဲ့ဖရဲစိုက်ခင်းတွေနှစ်တိုင်းလိုလိုလာစိုက်တယ်။ ဒီနှစ်မတ်လဆန်းမှာကျွန်းပေါ်ဖရဲခင်းတွေထဲက ဖရဲသီးခိုးတယ်ဆိုပြီး ကလေးတွေကိုညောင်ပင်ဇောက်အုပ်စု ရပ်ကွက်လူကြီးတွေတိုင်တယ်။ဖရဲသီးခိုးတဲ့ကလေးတွေကို ဖရဲသီးတစ်လုံး တစ်သိန်းနှုန်းနဲ့ ဒဏ်ရိုက် အရေးယူတယ်" ဟု ညောင်ပင်ဇောက် ကျေးရွာအုပ်စုရွှေကုန်းရပ်ဒေသခံတစ်ဦးကပြောသည်။

"ကျွန်းပေါ်မှာစိုက်ခင်းတွေဆီကကလေးတွေခိုးတယ်ဆိုတာမကြာခဏကြုံတွေ့ရတဲ့အဖြစ်အပျက်ပါ။ ကလေးတွေက ချို့တဲ့တော့ ကျွန်းပေါ်မှာသစ်သီးတွေဟင်းသီးဟင်းရွက်တွေသိပ်ပေါတာဆိုတော့ ကလေးတွေ စားချင်လို့ ယူတာကို တောင်သူတွေကသိပ်မပြောဘူး။အခုစိုက်ပျိုးရေးကုမ္ပဏီဆိုတော့ စည်းကမ်းကအရမ်းကြီးတယ်။ စိုက်ခင်းထဲ အပြင်သူဝင်တာမကြိုက်ဘူး။ ဖရဲသီးခိုးတယ်ဆိုပြီး စံပြအဖြစ်ဒဏ်ရိုက်တာဆိုပေမယ့် ခိုးယူတဲ့ကလေးတွေရဲ့အနေအထားတော့ ပြန်ကြည့်သင့်တယ်" ဟု ညောင်ပင်ဇောက်အုပ်စုဒေသခံ တောင်သူတစ်ဦးကပြောသည်။

သို့သော် ဒေသခံများက အာဏာပိုင်အဖွဲ့သို့ တင်ပြပြီးနောက် လျော်ကြေးမပေးရတော့ကြောင်း သတင်းရရှိသည်။

မုံရွာမြို့အနီးချင်းတွင်းမြစ်သက်ရင့်ကျွန်းဖြစ်သောရန်အေးကျွန်းပေါ်တွင် ပြည်တွင်း စိုက်ပျိုးရေးကုမ္ပဏီများမှကိုင်းကျွန်းမြေငှားရမ်းလုပ်ကိုင်ခြင်းအား ၂၀၀၇ နှစ်ဆန်းပိုင်းတွင်စတင်လုပ်ကိုင်ခဲ့သည်။

အဆိုပါ ဖရဲစိုက်ခင်းများနှစ်စဉ် နွေရာသီတွင် ကိုင်းကျွန်းမြေငှားရမ်းလုပ်ကိုင်ခြင်းကြောင့် မြေငှားခများမြင့်တက်လာပြီး ချင်းတွင်းမြစ်ရေကြီးခြင်း မရှိသောနှစ်များတွင်နုန်းတင်မြေနုမရရှိသဖြင့်ဖရဲစိုက်ခင်းများငှားရမ်းလုပ်ကိုင်ခြင်းမရှိကြောင်း သိရှိရသည်။

# ရွှေစာရေးစီမံကိန်းကြောင့် စိမ်းပြာရေညှိအပင်များ ပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်နေ

ရန်နိုင်ကျော်

**မုံရွာ၊ မတ်- ၁၃**



**စိမ်းပြာရေညှိအပင်များ ရှင်သန်ရာ တွင်းတောင်**

ဓာတ်ပုံ - မျိုးမင်းဦး

ချင်းတွင်းမြစ်အတွင်း အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သည့်ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ချင်းတွင်းမြစ်ရေဝပ်ဧရိယာများကြောင့် မုံရွာခရိုင်အတွင်း ဘုတလင်မြို့နယ်တွင်းတောင်အင်းနှင့်ကနီမြို့နယ်ရေခါးအင်းတွင် ပေါက်ရောက်သောသဘာဝစိမ်းပြာရေညှိအပင်များပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်နေရကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် တစ်ဦးက ပြောကြားခဲ့သည်။

"အခု ချင်းတွင်းမြစ်အတွင်းမှာ ရွှေစာရေးနဲ့ ထမံသီရေအားလျှပ်စစ်စီမံကိန်းတွေ အကောင်အထည်ဖော်နေပြီ။ရွှေစာရေးတမံပြီးရင် ကနီမြို့ အနီးတစ်ဝိုက်က ချင်းတွင်းမြစ် ရေဝပ်ဧရိယာဖြစ်သွားမယ်။ဆည်အောက်ဘက်မှာရှိတဲ့ဘုတလင်မြို့နယ်တွင်းတောင်နဲ့ ကနီမြို့နယ် ရေခါးအင်းမှာလည်း စိမ့်ရေနဲ့ မူလရေမျက်နှာပြင်အထက်မြင့်သွားမယ်။ စိမ့်ရေများ တာထက် သဘာဝပေါက်ရောက်နေတဲ့ စိမ်းပြာရေညှိတွေပျက်စီးဆုံးရှုံးမှာတော့ စိုးရိမ်နေမိတယ်" ဟုအဆိုပါပညာရှင်က ပြောသည်။

"တွင်းတောင်နဲ့ရေခါးတွင်းထဲကရွာတွေကို(၁၉၉၈)ခုနှစ်ကစပြီးတွင်းအပေါ်ကိုပြောင်းခိုင်းတော့တွင်းထဲမှာလူနေအိမ်နည်းပါတယ်။တွင်းထဲမှာဆေးဝါးစက်ရုံကကုန်ကြမ်းတွေထုတ်လုပ်တာပဲရှိတာ။တွင်းတောင်ရောရေခါးပါဒေသခံတွေမိရိုးဖလာလုပ်ကိုင်နေကြတဲ့ တွင်းပိုးဖမ်းတာလေး ပျောက်ကွယ်သွားမှာတော့စိုးရိမ်နေမိတယ်။စိမ်းပြာရေညှိကလည်း ကမ္ဘာမှာရှားပါးမျိုးစိတ်လို့ပညာရှင်တွေကပြောကြတယ်။ မြန်မာ့ဆေးဝါးလောကမှာလည်း စပရူလိုင်းနားဆေးဝါးတွေကိုပြည်တွင်းပြည်ပပို့နေရတယ်။ စားသောက်ကုန်တွေလည်းထုတ်နေတယ်ဆိုတော့ကိုယ့်ဒေသထွက်စိမ်းပြာရေညှိတွေပျက်စီးမှာလည်း စိုးရိမ်နေမိတယ်" ဟု ဘုတလင်မြို့နယ် တွင်းတောင် ဒေသတွင်းကျေးရွာဒေသခံတစ်ဦးက ပြောသည်။

ဘုတလင်မြို့နယ်ရှိ တွင်းတောင်နှင့်ကနီမြို့နယ်ရှိရေခါးအင်းတို့သည် မီးတောင်ဟောင်းများဖြစ်ကြောင်း သိရသည်။ မီးတောင်ဟောင်း ရေအိုင်များအတွင်း သဘာဝပေါက်ရောက်သော စိမ်းပြာ ရေညှိ(စပရူလိုင်းနား)ပင်နှင့် တွင်းပိုးများနေထိုင်ကျက်စားကြောင်းသိရှိရသည်။

တွင်းပိုးအား လပြည့်လကွယ်နေ့များတွင်ဖမ်းယူလေ့ရှိပြီး မြန်မာ့ လက်ဖက်နှင့် တွဲဖက် စားသောက်ကုန်အဖြစ် ဈေးကွက်၌ရောင်းချလျက်ရှိသည်။ စိမ်းပြာရေညှိ အားစားသောက်ကုန်နှင့် ဆေးဝါးများထုတ်လုပ်ပြီးပြည်တွင်းပြည်ပဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

## ရခိုင်ဘုရင်သုံးပါး ကြေးသွန်းရုပ်သွန်းလုပ်ရန် အသေးစိတ်စီစဉ်နေ

မာန်ယုကျော်

**စစ်တွေ၊ မတ်- ၁၃**

ရခိုင်တို့၏ ခေတ်လေးခေတ်အနက် ဓညဝတီခေတ်ကို တည်ထောင်ခဲ့ကြသည့် ရခိုင်ဘုရင်သုံးပါး၏ ကြေးရုပ်များကို လာမည့်အောက်တိုဘာလကိုနောက်ဆုံးထား၍ ကြေးရုပ်သွန်းလုပ်သွားမည်ဖြစ်ပြီး ထိုသို့သွန်းလုပ်ရာတွင် ဘုရင်ကြီးသုံးပါး၏ရုပ်ပိုင်းဆိုင်ရာ ဝတ်စားဆင်ယင်မှုများပုံပေါ်စေရေးအတွက် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (ကျောက်တော်)မှဦးစီးကာ လာမည့်သင်္ကြန်အပြီးတွင် ရခိုင်ပြည်နယ်အတွင်းရှိ သမိုင်းသုတေသီများနှင့် စာရေးဆရာများတွေ့ ဆုံဆွေးနွေးသွားရန်စီစဉ်ထားကြောင်းသိရသည်။

"ဘုရင်ကြီးတွေကိုကြေးရုပ် သွန်းလုပ်တဲ့အခါဘုရင်ကြီးတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ဝတ်စားဆင်ယင်မှုတွေပုံပေါ်စေဖို့လိုပါတယ်။ ဒီအတွက် ဘုရင်ကြီးတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ဝတ်စားဆင်ယင်မှုတွေပုံပေါ်စေဖို့အပြင်သမိုင်းဆိုင်ရာ အချက်အလက်တွေပြည့်စုံ မှန်ကန်စေနိုင်ဖို့ ရခိုင်သမိုင်းသုတေသီ ၂၀ ကျော်စုပြီး အဖွဲ့လေးတစ်ဖွဲ့ကို ဖွဲ့စည်းထားပါတယ်။ သင်္ကြန်အပြီးမှာ ကျွန်တော်တို့ပြည်နယ်တွင်းမှာရှိနေကြတဲ့ရခိုင်သမိုင်းသုတေသီတွေနဲ့စာရေးဆရာတွေကိုဖိတ်ကြားပြီးဒီကိစ္စအတွက် တွေ့ဆုံဆွေးနွေးသွားကြမှာပါ" ဟုရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (ကျောက်တော်)မှဒုဥက္ကဋ္ဌဦးစောငြိမ်းက ပြောသည်။

ယခုသွန်းလုပ်မည့် ဘုရင်ကြီးသုံးပါးရုပ်တုအား ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ(ကျောက်တော်)မှဦးစီး၍ သွန်းလုပ်သွားမည်ဖြစ်ပြီး ကြေးရုပ်သွန်းလုပ်မည့် ဘုရင်များမှာ ပထမဓညဝတီခေတ်ကို တည်ထောင်ခဲ့သူ မာရယုမင်း၊ ဒုတိယဓညဝတီခေတ်ကို တည်ထောင်ခဲ့သူ မင်းရာဇာကြီးမင်းနှင့် တတိယဓညဝတီခေတ်ကို တည်ထောင်ခဲ့သူစန္ဒသူရိယမင်းတို့ဖြစ်သည်။ အဆိုပါဘုရင်ကြီးသုံးပါးအား ကြေးရုပ်သွန်းလုပ်ပြီးစီးပါက မဟာမြတ်မုနိဘုရားအရှေ့ဘက် ဥယျာဉ်တော်အတွင်း စိုက်ထူထားရှိသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

# လက်လုပ်မီးသွေးတောင့်ထုတ်လုပ်နည်း သံဃာတစ်ပါးတီထွင်နေ

စိုင်းသာအောင်

**ပဲခူး၊ မတ်- ၁၄**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မှ သံဃာတော်တစ်ပါးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောပြုန်းတီးမှုကာကွယ်ရေးအတွက်သစ်ရွက်၊မြက်၊ပြောင်းဖူးဖက်တို့ကိုကြိတ်ခြေ၍ မီးသွေးတောင့်ပြုလုပ်သော အင်ဂျင်မပါလူလုပ်အားဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သော စက်ကိရိယာတစ်ခုအားတီထွင်နေကြောင်းသတင်းရရှိသည်။

အဆိုပါသံဃာတော်၏ ဘွဲ့အမည်မှာ ဘဒ္ဒန္တ ကဝိန္ဒဖြစ်ပြီး လူအမည်မှာ ဦးကျော်လွင်ဖြစ်ကြောင်း ဆရာတော်သည် ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၈၃ ခုနှစ်တွင် B.E (Civil) ဖြင့်ဘွဲ့ရယူခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် အမှုဆောင်အင်ဂျင်နီယာအထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် သာသနာ့ဘောင်သို့ ကူးပြောင်းခဲ့ကြောင်း သိရသည်။

ရဟန်းဘဝတွင်တရားဘာဝနာလုပ်ပြီးနောက် လက်ပ်တော့ကွန်ပျူတာတစ်လုံးဖြင့် သစ်ရွက်၊ မြက်၊ ပြောင်းဖူးဖက်စသည်တို့ကို စက်အားမသုံးဘဲ လူ၏ လုပ်အားဖြင့် ကြိတ်ခြေ၍ မီးသွေးတောင့်ပြုလုပ်သော ကိရိယာတစ်ခုအား ပုံစံ ဒီဇိုင်းဆွဲရာ ပြီးစီးလုနီးပြီဖြစ်ကြောင်း မိန့်ကြားသည်။

၎င်းဆောင်ရွက်ထားရှိမှုကို အများပြည်သူအကျိုးအတွက်ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများထံသို့ တင်ပြထားကြောင်း၊ မိမိတတ်ကျွမ်းနားလည်သော အင်ဂျင်နီယာ ပညာဖြင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုကူညီဆောင်ရွက်လို၍ ကုန်ကျစရိတ်သက်သာပြီး အများပြည်သူသုံးပြုနိုင်သော မီးသွေးတောင့်စက်ကိရိယာပုံစံဒီဇိုင်းအား ရေးဆွဲရခြင်းဖြစ်ကြောင်း ဆက်လက်မိန့်ကြားသည်။

၎င်းစက်ကိရိယာအား ငွေကြေး အကျိုးအမြတ်အတွက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်သာဖြစ်ပြီး ပါဝင်ပူးပေါင်းဆောင်ရွက်လိုပါက ဖုန်း ၀၉-၅၂၀၀၅၉၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# ရထားလာနေစဉ် ဆိုင်ကယ်နှင့်ဖြတ်ကူး၍ တစ်ဦးသေ တစ်ဦးဒဏ်ရာရ

**စိုင်းလူမင်း**

**ကောလင်း၊ မတ်- ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့ အမှတ် ၆ ရပ်ကွက်နှင့် အမှတ် ၇ ရပ်ကွက် အကူးရထားလမ်းတွင် ဆိုင်ကယ်စီးနင်းလာသည့် ကျောင်းသားနှစ်ဦး ရထားတိုက်မိ၍ ကျောင်းသားတစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ယခုလ ၁၆ ရက် ညနေ ၄ နာရီ မိနစ် ၂၀ အချိန် ကသာမြို့ အမှတ် ၆ ရပ်ကွက်နှင့် အမှတ် ၇ ရပ်ကွက် အကူးရထားလမ်း မိုင်တိုင်အမှတ် ၆၀၃/ ၂၃-၂၄ ကြားတွင် ကသာဘူတာမှ မိုးတားဘူတာသို့ ညနေ ၄ နာရီ ၁၅မိနစ်အချိန် ထွက်ခွာလာသော ဂါတ်ဗိုလ် ဦးမြင့်ထူး၊ စက်ခေါင်းမောင်း ဦးသက်နိုင်ဝင်း၊ (က)ဦးစိန်မြင့် (၄၃ နှစ်)မောင်းနှင်လာသည့် ခေါက်ပြန်ရထားနှင့် ရပ်ကွက် ၆ မှ ရပ်ကွက် ၇ သို့ ဆိုင်ကယ် စီးနင်းလာသော ထက်ဝေယံကျော်မိုး(ဘ) ဦးကျော်မိုး (၁၆ နှစ်) ရပ်ကွက် ၆ နေသူက မောင်းနှင်ပြီး စိုင်းသီဟစိုး (ဘ)ဦးချစ်သင်း(၁၇နှစ်) ရပ်ကွက် ၅ နေကနောက်မှ စီးနင်းလိုက်ပါသူတို့ တိုက်မိပြီး နောက်တွင်လိုက်ပါလာသူသေဆုံးခဲ့ပြီး ထက်ဝေယံကျော်မိုးမှာဦးခေါင်းနောက်စေ့သုံးလက်မခန့် ပေါက်ပြဲဒဏ်ရာ ရရှိ၍ ကသာဆေးရုံတွင် အတွင်းလူနာအဖြစ်တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

# တောမီးမှတစ်ဆင့် နေအိမ်သို့ကူးစက်လောင်ကျွမ်း

**စိုင်းလူမင်း**

**ကောလင်း၊ မတ်- ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာအုပ်စု ရွာမကျေးရွာတွင်မတ်လ ၁၆ရက်နေ့လယ် ၁ နာရီ၄၅မိနစ်အချိန်က မောင်တိုး (တောင်သူ)သက်ကယ်မိုးထရံကာ နေအိမ်သို့ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် အနီးရှိနေအိမ်လေးလုံး နှင့်တဲတစ်လုံး၊ စပါးကျီတစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ စုစုပေါင်း ကျပ်ဆယ့်သုံးသိန်းခန့်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

မီးလောင်ရာသို့ နမ့်ခမ်းရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့်နေ့လယ် ၂ နာရီ ၅ မိနစ်အချိန်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာ၌ လူ၊ တိရစ္ဆာန်များ သေဆုံးမှုမရှိ ကြေ-ာင်း၊ အိမ်ထောင်စုငါးစုမှ မိသားစုဝင် ၂၃ဦးတို့ကို ရွာမကျေးရွာဘုန်းတော်ကြီးကျောင်း ဇရပ်တွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး လိုအပ်သည့် အသုံးအဆောင်ပစ္စည်းနှင့် စားသောက်ဖွယ်ရာများအား ကူညီဆောင်ရွက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# မိတ္ထီလာမီး အိမ်ခြောက်လုံးပြာကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် - ၁၇**

မိတ္ထီလာမြို့ ရတနာမာန်အောင်ရပ်ကွက်ရှိမြသီတာလမ်းတွင် နေအိမ်မီးကြွင်းမီးကျန်မှစ၍ လောင်သောမီးလောင်မှုတစ်ခု နံနက် ၁ နာရီ မိနစ် ၃၀ အချိန်တွင်ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

မီးလောင်မှုကြောင့် နေအိမ်ခြောက်လုံး မီးလောင်ခဲ့ရာ အိမ်ထောင်စု ၆ စုမှ လူဦးရေ ၄၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ မီးဘေးဒုက္ခသည်များကို ရတနာမာန်အောင် ဘုရားဝင်းအတွင်း ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ယင်းမီးလောင်မှုမှာဆုံးရှုံးမှုတန်ဖိုး ၈၇၇,၀၀၀ ကျပ်ဖိုးရှိကြောင်း မီးသတ်ဌာနက ခန့်မှန်းပြောကြားသည်။ မီးလောင်ရာသို့မီးသတ်ယာဉ်ခြောက်စီး၊ တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အရန် ၇၅ ဦးတို့ သွားရောက်ငြိမ်းသတ်ခဲ့ကြသည်။ ယင်းမီးလောင်မှုကို(ပ)၁၁၄ ပုဒ်မ- ၂၈၅ဖြင့် အမှုဖွင့်အရေးယူထားကြောင်း အထက်ပါဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# စစ်တွေတွင် ဧပြီလမှစတင်၍ လမ်းမီးခ ကောက်ခံမည်

**မာန်ယုကျော်**

**စစ်တွေ၊ မတ်- ၁၃**

စစ်တွေတွင် လာမည့်ဧပြီလမှ စတင်ကာ လမ်းမီးရရှိရေးအတွက် မီတာတစ်လုံးလျှင် ငွေကျပ် ၅၀၀ စီကောက်ခံသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ထားချက်အရသိရသည်။

စစ်တွေတွင်မြို့ မီးလင်းရေးအတွက်ဖိုးသီးချိုကုမ္ပဏီနှင့် တော်ဝင်ထူးလင်း ကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၁ ဩဂုတ်မှစတင်ကာ မြို့တွင်း လျှပ်စစ်မီး ၂၄ နာရီရရှိနေပြီဖြစ်သည်။ ယင်းအပြင် စစ်တွေမြို့တွင်းလမ်းမီးများကိုလည်း ၂၀၁၁ စက်တင်ဘာ ၁၈ မှစတင်ကာ ၂၀၁၂ မတ်လ ၃၀ ရက်အထိ လမ်းမီးထွန်းညှိခမကောက်ခံဘဲ အဆိုပါကုမ္ပဏီတို့မှ(၆)လအတွက်ငွေကျပ် သိန်းပေါင်း ၁၅၀ ကျော်အကုန်အကျခံပေးသွားမည်ဖြစ်သည်။

"လာမယ့် ဧပြီလကစပြီး မီတာပုံးတစ်ပုံးကို လမ်းမီးခအဖြစ် ငွေကျပ် ၅၀၀ စီကောက်ခံသွားမယ်လို့သက်ဆိုင်ရာကနေ တရားဝင်ထုတ်ပြန်ထားတယ်ဗျ။ ပြီးတော့ လမ်းမီးခတွေကောက်တာနဲ့တစ်ပြိုင်နက် မြို့တွင်းလမ်းမီးတပ်ဆင်ဖို့ကျန်ရှိတဲ့လမ်းတွေကိုလည်းဆက်ပြီးတပ်ဆင်သွားမယ်လို့သိရတယ်" ဟု စစ်တွေမြို့နေ ဒေသခံတစ်ဦးက ဆိုသည်။

လမ်းမီးများ ထွန်းညှိရာတွင် အသုံးပြုမည့်လမ်း ၄ ပေမီးချောင်း ၂၀၀ စုံ၊ ၂ပေ(၂၀၀)စုံတို့ကိုကုမ္ပဏီ မှ ဝယ်ယူတပ်ဆင်လှူဒါန်းထားပြီး နောက်ထပ်လည်း ၂ပေမီးချောင်း အစုံ ၄၀၀ စုံအားလည်း ဝယ်ယူတပ်ဆင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ စစ်တွေတွင်မီတာပုံးများတပ်ဆင်လျှင် ယခင်က အချိန်ကြန့်ကြာမှုများ ရှိခဲ့သော်လည်း ယခုအခါ သက်ဆိုင်ရာမှ နေ့ချင်းပြီး တပ်ဆင်ပေးနေပြီဖြစ်သည့်အပြင် လာရောက်လျှောက်ကြသူများကိုလည်း အချိန်မီ တပ်ဆင်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# တောင်ကုတ်ချောင်းထိန်းသိမ်းရေးအတွက် ကျပ်သိန်း ၈၀၀ သုံးစွဲမည်

**အိဖြူမွန်**

**ရန်ကုန်၊ မတ် - ၁၇**

တိမ်ကောလာသော တောင်ကုတ်ချောင်း ပြန်လည်တူးဖော်ထိန်းသိမ်းရေးအတွက် ကျပ်သိန်းပေါင်း ၈၀၀ သုံးစွဲမည်ဖြစ်ကြောင်း တောင်ကုတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်တောင်က 7Day News သို့ ပြောသည်။

ပြန်လည်တူးဖော်ထိန်းသိမ်းရေးအတွက် တောင်ကုတ်မြို့ရှိ ဒေသခံများ၏ အလှူငွေဖြင့် တောင်ကုတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တာဝန်ယူတူးဖော်မည်ဖြစ်သည်။

စတုရန်းမီတာ သုံးသိန်းကျော် တူးဖော်မည်ဖြစ်ပြီး ချောင်းပြင်တွင် ပေ ၄၀၀၀ နှင့် ၃၀၀၀ ကြားရှိသည့် သောင်ပြင်များဖြစ်သော ဘီးလူးကြီးသောင်၊ ပုလဲချောင်းဝသောင်၊ သပဲသောင်၊ ခေါင်းလှည့်သောင်၊ ခေါင်းတူဘုသောင်တို့ကို အဓိကတူးဖော်မည်ဖြစ်သည်။

"တူးပြီးသွားရင် အနှစ် ၂၀ လောက် သုံးရမယ် ထင်တယ်။ အရင်လို ရေတက်ချိန်ကို စောင့်စရာမလိုတော့ဘူး။ အချိန်မရွေးသွားလာနိုင်တယ်။ တောင်ကုတ်က တောင်ပိုင်းမှာ စီးပွားရေးမြို့ဆိုတော့ တခြားမြို့က လာကြတယ်။ သောင်ဖြတ်လို့ ညအိပ်စောင့်တာတွေရှိတယ်"ဟုဦးကျော်တောင်က ဆက်လက်ပြောသည်။

တူးဖော်ရေးကို တာဝန်ယူ၍ လှူဒါန်းငွေများဖြင့် တည်ဆောက်သော်လည်း ရေလမ်းဖြတ်သန်းခကိုကောက်ယူမည်မဟုတ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

တောင်ကုတ်ချောင်းအား အသစ်တူးဖော်မည့် ရေအနက်မှာ သုံးပေနှင့် အကျယ် ၁၀၀ ဖြစ်ကြောင်း သိရသည်။

# စာ(၁၈) ရွှေတူးဖော်သူများကြောင့် ကလုံးချောင်းတစ်လျှောက် ရေသုံးစွဲရန် အခက်တွေ့နေ မှ

ကျွန်းကလုံးကျေးရွာဘက်မှာ ရွှေလုပ်ငန်းလုပ်ကိုင်နေကြတဲ့သူတွေဟာ ကလုံးချောင်းထဲက ရေကိုသုံးစွဲပြီးရွှေလုပ်တဲ့ စွန့်ပစ်ရေတွေကို ချောင်းထဲပြန်မျှောချတော့ ရေတွေက နောက်ကျိနေပြီး ရေသုံးစွဲဖို့ အခက်အခဲဖြစ်နေကြပါတယ်။ အဲဒီ စွန့်ပစ်ရေတွေကို ကျွဲနွားတွေသောက်မိရင် သေမှာကိုလည်း စိုးရိမ်ရသေး တယ်။ အချို့ရွာမှာ ပိုက်ဆံရှိတဲ့ လူတွေက သောက်ရေသုံးရေအတွက် ရေတုံကင်၊ ဘုံဘိုင်တွေ တူးထားတော့ အဆင်ပြေကြပေမယ့် ငွေကြေးမတတ်နိုင်တဲ့ ဒေသခံအချို့က အဲဒီချောင်းထဲမှာ လက်ယက်တွင်းတူးပြီး သုံးစွဲနေရပါတယ်"ဟု ကျွန်းကလုံးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးကပြောသည်။"ကျွန်တော်တို့ကလုံးချောင်းဟာ နှစ်စဉ်တောင်ကျရေ တစ်ဟုန်ထိုးစီးဆင်းတာဖြစ်တာမို့မနှစ်ကမိုးရာသီမှာ ချောင်းကမ်းပါးမှာနေတဲ့အိမ် ၃ လုံးနဲ့ ကျေးရွာမှာ ရှိတဲ့ ချောင်းကူးတံတားကြီးလည်း ရေထဲမျောသွားတယ်။မနှစ်ကဆွစ်ဇာလန်နိုင်ငံသား မစ္စတာတိုနီကသံမဏိကြိုးတံတား လာရောက်တည်ဆောက်ပေးခဲ့လို့မိုးရာသီအတွက်သွားရေး၊ လာရေးမပူရတော့ပါဘူး။ အခုလက်ရှိ ချောင်းက တဖြည်းဖြည်းကောလာပြီး ရေကလည်း ရှားပါးလာတဲ့အတွက် အဲဒီရေတွေမနောက်အောင် ရွှေလုပ်တဲ့လူတွေက နွံကန်ကို စနစ်တကျ ပြုလုပ်ဖို့လိုပါတယ်" ဟု ကျွန်းကလုံး ကျေးရွာဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ကလုံးချောင်းသည် ရှမ်းကလုံးကျေးရွာအုပ်စုရှိ ကျေးရွာများသို့ဖြတ်သန်းစီးဆင်းပြီး ဝန်းသိုမြို့နယ်မှ စီးဆင်းလာသော ဒေါင်းမြူးချောင်းထဲသို့ ပေါင်းဆုံကာ ပင်လည်ဘူးမြို့နယ်မှ စီးဆင်းလာသည့် မူးမြစ်အတွင်းသို့စီးဝင်သည်။ ထို့ကြောင့် ထိုရွှံ့နွံ့ရေများအားလုံး ချောင်းတစ်လျှောက် ကျေးရွာများ၊ ဒေါင်းမြူးချောင်းတစ်လျှောက်ကျေး ရွာများနှင့်မူးမြစ်တစ်လျှောက်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ကျွဲနွားတိရစ္ဆာန်များ အသုံးပြုရန် အခက်အခဲရှိသည်။နယ်မြေတာဝန်ခံတာဝန်ရှိသူများမှ ကုမ္ပဏီများဖြစ်စေ၊ တစ်ပိုင်တစ်နိုင်လက်လုပ်လက်စားများဖြစ်စေ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန်လိုက်လံစစ်ဆေးကြပ်မတ်ထိန်းသိမ်းသင့်ကြောင်းဒေသခံများကပြောသည်။ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့အနီးရှိ ဒေါင်းဖြူချောင်း အထက်ပိုင်းရှိ ဒေသများအတွင်း တစ်နိုင်တစ်ပိုင် ရွှေတူးဖော်သူများက စွန့်ပစ်သော သဲနုန်းများကြောင့် ထိုချောင်း တစ်လျှောက်ရှိ ကျေးရွာများ သောက်သုံးရေအခက်တွေ့လျက်ရှိကြောင်း ဒေသခံများက ပြောသည်။

**Double A (1991) Public Company Limited**

Double A (1991) Public Company Limited under the brand name *"Double A"*, is specialized in pulp & paper business. We obtained ISO 14001: the first in Southeast Asia. With alliance network supporting and connecting diversified business i.e. Agriculture-Industrial agriculture, Energy, Transportation and Industrial and Real Estate in order to create sustainable business, to cope with continued business expansion and to strengthen network.

After many successful investments in overseas countries, we're setting up paper tree Nursery Company in Myanmar located in Yangon Region. Paper Tree Nursery is an initial business for Paper that people are consuming in today lives. We plant, look after, and distribute to contract farmer for generating more revenue from unused land. Meantime, not only moving the economy of the country but we also help reduce $CO_2$ in the atmosphere and save the world.

Now we have a few job opportunities to be part of our success in a near future.

**Job Opportunities**

1. Project Manager (based in Yangon or Yangon outskirt area)
2. Channel Development Manager (based in Yangon or Yangon outskirt area)

**Qualifications**

**Project Manager**

- Working experience 5-7 years in Plantation or related field at Management Level
- Male or Female, age not over 35 years old
- Bachelor's Degree in Agriculture or related field
- Able to communicate in English language
- Good in work planning, eager to work in the field. Friendly with farming community

**Channel Development Manager**

- Minimum 5 years in Sales or Marketing Management in Paper, FMCG or other related consumer industry. And at least 2 years with current job.
- Local nationality with Age : 28-35
- A must to obtain Bachelor Degree (Diploma or Master Degree without Bachelor degree is not acceptable), Bachelor in Marketing/Business Administration will be advantage.
- Able to communicate in English language
- Knowledge and Experience in Traditional Trade and Modern Trade, Marketing programs

If you are the one who match with our requirement, please do not be hesitantly to send your **updated resume with expected salary, and a recent photograph** to the email address below:

**Nawaporn Sangkhiew: International Recruitment Officer**

**E-mail:** nawaporn_s@doublea1991.com or cclearr@gmail.com
**Website address:** www.doubleapaper.com

** Successful candidates will be offered good remuneration package including basic Salary, Monthly bonus, telephone allowance, notebook allowance, and etc.

**ဝန်ထမ်းအလိုရှိသည်**

**Marketing** ကျား/မ (၂) ဦး

-အသက် (၂၀)မှ (၂၅)နှစ်ကြားတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ
- ဆက်ဆံရေးပြေပြစ်သူ
-အိမ်၊ ခြံ၊ မြေလုပ်ငန်းကို စိတ်ဝင်စားသူ
-လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂) နှစ်ရှိသူဖြစ်ရမည်။

**"ရွှေနန်းစံ"အကျိုးဆောင်လုပ်ငန်း**

အမှတ်(၃၅၆)၊ ပထမထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ (Myanmar VES နှင့် မျက်နှာချင်းဆိုင်)၊ မရမ်းကုန်းမြို့နယ်သို့ (၃၁-၃-၂၀၁၂)နေ့ နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။ ဖုန်း- ၀၉-၇၃၁၇၃၉၈၇

**ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ အမျိုးသမီးများအတွက်**

**ထွင် အပ်ချုပ်နည်းပညာသင်တန်း**

အမှတ်(၅)၊ မြေညီထပ်၊ လမ်း ၂၀၊ အဝေါ်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ☎:095180009

* ဂျပန်စင်တီမီတာနည်း၊မြန်မာ့ရိုးရာလက်မနည်းတို့ဖြင့် ဘာသာစုံပုံဆွဲနည်း၊ ညှပ်နည်း၊ ချုပ်နည်းသင်တန်း
* ပန်းချီဆေးရေးသင်တန်း၊စက်ကြိုးပန်းထိုးသင်တန်း
* အင်္ကျီပေါ်တွင် ပန်းအလှဆင်နည်းသင်တန်း
* သင်တန်းပြနိုင်ရန် ဆရာဖြစ် မွမ်းမံသင်တန်း
* ဆိုင်ဖွင့်နိုင်သည်အထိ ပံ့ပိုးကူညီပေးသည်။

# အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် အလုပ်လျှောက်လွှာပေါင်း ထောင်နှင့်ချီ၍ လက်ခံရရှိ

အေးမြတ်သူ

ရန်ကုန်၊ မတ်- ၁၈

မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ် 'မြန်မာ့အလုပ်အကိုင် အခွင့်အလမ်းများ ပြပွဲ'ကို ၂ ရက်ကြာ ကျင်းပခဲ့ရာပြပွဲလာလူငယ်များထံမှ အလုပ်လျှောက်လွှာပေါင်း ထောင်နှင့်ချီ၍ လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ကျင်းပသော ပြပွဲတွင် ပြခန်းပေါင်း ၄၉ ခန်းပါဝင်ပြသခဲ့ပြီး တစ်ခန်းလျှင် အနည်းဆုံး လျှောက်လွှာ ၁၀၀ ခန့်မှအများဆုံး ၂,၆၀၀ ခန့်အထိလက်ခံရရှိခဲ့ကြောင်းပြပွဲတွင် ဝင်ရောက်ပြသသော ကုမ္ပဏီများမှ ပြပွဲတာဝန်ခံများကပြောသည်။ လျှောက်လွှာအများဆုံး လက်ခံရရှိသော ကုမ္ပဏီမှာ ထူးကုမ္ပဏီများ အုပ်စုဖြစ်သည်။

မတ်လ ၁၇၊ ၁၈ ရက်များတွင် ကျင်းပသော အဆိုပါပြပွဲသို့ ဘွဲ့ရပြီး အလုပ်ရှာဖွေနေသော လူငယ်အများဆုံးလာရောက် အလုပ်လျှောက်ထားကြသည်ကိုတွေ့ရသည်။

"ကျွန်တော်တို့ ကလေးတွေကိုအင်တာဗျူးကြည့်တဲ့အခါမှာ လုပ်ငန်းအတွေ့အကြုံမေးလို့မရဘူး။ အဲဒီတော့ သူတို့နဲ့ပတ်သက်တဲ့ ဘာသာရပ်ဆိုင်ရာ ပြန်မေးရတာပေါ့။ သူတို့နောက်ဆုံး တင်ခဲ့တဲ့ ပရောဂျက်အကြောင်းမေးတယ်။ ၁၀ ယောက်မှာ ၇ယောက်လောက်က မဖြေနိုင်တော့ဘူး။ အဲဒီမှာပဲ သူတို့ရဲ့ ဘာသာရပ်ဆိုင်ရာမှာ အားနည်းခဲ့တယ်ဆိုတာသိရတယ်"ဟု ပြပွဲတွင် ဝင်ရောက်ပြသသောကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အလားတူပြပွဲကို လာမည့် မေလတွင် ထပ်မံကျင်းပရန် ရှိကြောင်းသတင်းရရှိသည်။




အလုပ်အကိုင်အခွင့်အလမ်းပြပွဲသို့ လာရောက်ကြသူများကို မတ်လ ၁၈ရက်ကတွေ့ရစဉ် ဓာတ်ပုံ-ဝေယံ

## Free Classified　ဝန်ထမ်းအလိုရှိသည်　အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအမြန်အလိုရှိသည်**
အထွေထွေဝန်ထမ်း - မ ၂ ဦး (အသက် ၁၈ မှ ၃၀ အတွင်း)၊ ပညာအရည်အချင်းမလို။
**ဖုန်း-၀၉-၇၃၀၁၀၁၄၄၊ ၀၉-၇၃၁၇၇၈၁၇**

-------------------------

Waiter - ၅ ဦးအလိုရှိသည်။ မြယမုန်စားသောက်ဆိုင်(၁)
**ဖုန်း-၃၈၈၈၃၃**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Accountant - F 2 Posts
2. Store Keeper - M/F 3 Posts
3. Driver - M 6 Posts
**ဖုန်း-၃၈၉၅၂၃၊ ၃၈၄၇၇၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
(1) Sale & Marketing - F 3 Posts, (2) Documentation - F 1 Post, (3) Officer Helper - M 1 Post
**Success Glory Shipping Services Co., Ltd**
Asai Plaza, #522, 5th Floor, 277, Bogyoke Aung San Rd, Kyauktada Tsp.

-------------------------

ယာဉ်မောင်း - ကျား ၁ ဦး (ပန်းဘဲတန်းမြို့နယ်တွင်ခန့်ထားရန်) လစာ-၁၀၀,၀၀၀၊ အထွေထွေလုပ်သား - ကျား ၂ ဦး(အင်းစိန်မြို့နယ်တွင်ခန့်ထားရန်) လစာ-၆၀,၀၀၀
**ဖုန်း-၀၉-၇၃၀၅၉၃၄၈၊ ၃၈၆၉၂၈**

-------------------------

Computer (DTP, Photoshop, Excel, PageMaker) ကျွမ်းကျင်သူများ အလိုရှိသည်။
**ဖုန်း-၀၉-၇၃၀၃၁၄၀၇**

-------------------------

အထွေထွေရောင်းဝယ်ရေးလုပ်ငန်းတွင် တာဝန်ခံ (ရောင်း/ဝယ်)- ကျား ၁ ဦး (၁၀ တန်းအောင်/ဘွဲ့ရ)။
**ဖုန်း-၀၉-၄၉၃၄၁၁၄၈၁**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
(1) English Teacher - F 5 Posts, (2) Maths Teacher - F 5 Posts, (3) Bio Teacher - F 5 Posts, (4) Physics Teacher - F 5 Posts, (5) Chemistry Teacher - F 5 Posts (6) Office Staff - F 3 Posts
**ဖုန်း-၅၄၄၇၂၈၊ ၀၉-၅၀၃၀၀၃၇**

-------------------------

Office Manager - ကျား/မ ၁ ဦး၊ တရုတ်စကားပြန် (ရေး၊ဖတ်၊ ပြောကျွမ်းကျင်) - ကျား/မ ၁ ဦး၊ ထိုင်းစကားပြန် (ရေး၊ဖတ်၊ ပြောကျွမ်းကျင်) - ကျား/မ ၁ဦး
**ဖုန်း-၂၅၀၃၈၈(လိုင်းခွဲ-၃၅၄)**

-------------------------

**Tour Guide အလိုရှိသည်**
Guide Licence ရှိသော English, Japan, Spain, France, German, Russian, Thai, Chinese Speaking Tour Guide နှင့် ရုံးဝန်ထမ်းအလိုရှိသည်။
**ဖုန်း-၀၉-၇၃၂၄၃၉၈၉**
thuriyamm@gmail.com

-------------------------

**ဝန်ထမ်းအလိုရှိသည်**
(၁) Photoshop ကျွမ်းကျင်ဝန်ထမ်း - ကျား၊ (၂) Accountant - မ၊ (၃) Excel ကျွမ်းကျင် ဝန်ထမ်း - မ၊ (၄) Admin Assistance - မ
Channel (Digital Inkjet Printing & Advertising)
**ဖုန်း-၃၉၆၁၁၆၊ ၃၉၆၂၃၅**

-------------------------

၁။ အရောင်းဝန်ထမ်း - မ ၅ ဦး၊ ၂။ အထွေထွေလုပ်သား - ကျား ၅ ဦး။
SPORTS WORLD CO., LTD
**ဖုန်း-၃၇၈၉၈၅၊ ၂၅၄၁၄၈**

-------------------------

(၁) Cashier - မ ၂ ဦး၊ (၂) Waiter - ကျား ၅ ဦး၊ (၃) စည် ဘားကိုင် - ကျား၊ မ ၁ ဦး၊ (၄) အကြော်ဆရာ - ကျား ၂ ဦး၊ (၅) ခါးကိုင် - မ ၁ ဦး
**ဖုန်း-၀၉-၅၀၉၃၈၇၀**

-------------------------

Study Guide သင်ကြားလိုသူများ လျှောက်ထားနိုင်ပါသည်။
PROFESSIONAL STUDY GUIDE GROUP
**ဖုန်း-၂၂၂၂၆၇၊ ၀၉-၇၃၀၂၉၂၈၉**

-------------------------

အရောင်းဝန်ထမ်း - မ ၄ ဦး အလိုရှိသည်။
**7 Stars Computer**
အမှတ်(၂၂၅/၂၂၇)၊ အနော်ရထာလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်။

-------------------------

**အလိုရှိသည်**
ခါးကိုင် - ကျား ၁ ဦး
**ဖုန်း-၀၉-၄၃၀၃၈၈၄၈**

-------------------------

အိမ်၊ခြံ၊မြေကျွမ်းကျင်ဝန်ထမ်း အလိုရှိသည်။
**ဖုန်း-၀၉-၄၃၀၇၄၁၇၆၊ ၀၉-၇၃၂၃၉၂၉၃**

-------------------------

(၁) Site Engineer - ကျား/မ ၃ ဦး၊ (၂) Marketing Manager - ကျား/မ ၃ ဦး၊ (၃) Accountant - မ ၃ ဦး၊ (၄) Computer Operator - မ ၃ ဦး၊ (၅) Office Staff/အရောင်းစာရေး - မ ၅ ဦး၊ (၆) Marketing - ကျား/မ ၅ ဦး၊ (၇) ယာဉ်မောင်း - ကျား ၅ ဦး၊ (၈) Waiter/Waitress - ၅ ဦး။
စေတနာ
**ဖုန်း-၂၄၃၈၁၉**

-------------------------

ယာဉ်မောင်း - ကျား ၂ ဦးအလိုရှိသည်။
ကျန်းမာရေးကောင်းမွန်၍ ယာဉ်မောင်းအတွေ့အကြုံရှိသူ၊ ရန်ကုန်မြို့တွင်း/မြို့ပြင် ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
**ဖုန်း-၅၄၆၃၀၆၊ ၅၅၀၄၇၆**

-------------------------

အရောင်းဝန်ထမ်း - မ ၅ ဦး
**ဖုန်း-၀၉-၇၃၀၆၆၁၅၆**

-------------------------

၁။ အရောင်းဝန်ထမ်း - မ ၂ ဦး၊ ၂။ အရောင်းတာဝန်ခံ - မ ၂ ဦး၊ ၃။ အထွေထွေလုပ်သား - ကျား ၄ ဦး၊ ၄။ ယာဉ်မောင်း - ကျား ၂ ဦး
အမှတ်(၁၃၂)၊ မင်းရဲကျော်စွာ(၆) လမ်း၊ ၁ ထိပ်မှတ်တိုင်အနီး၊ လှိုင်သာယာမြို့နယ်။

-------------------------

(၁) Hair Stylist - ၂ ဦး၊ (၂) လက်သည်းပန်းချီ - ၂ ဦး၊ (၃) ခေါင်းလျှော်၊ မျက်နှာဆေး၊ စက်ဆွဲ - ၂ ဦး
**ဖုန်း-၀၉-၅၁၆၈၄၈၆၊ ၀၉-၅၁၇၈၇၆၄**

-------------------------

**မိုမိုကိုအလှပြုပြင်ရေး**
ခေါင်းလျှော်၊ညှပ်(ကျွမ်းကျင်)ဝန်ထမ်း - မ ၁ ဦးအလိုရှိသည်။ (ရာခိုင်နှုန်း၊လစာခံစားခွင့် ရှိသည်)
**ဖုန်း-၀၉-၄၉၂၉၃၅၅**

-------------------------

လုံခြုံရေးဝန်ထမ်း - ကျား ၈၀ ဦး၊ မ ၂၀ ဦး။
လှည်းတန်းမှတ်တိုင်၊ မေတ္တာဦးဆေးရုံအနီး။
**ဖုန်း-၅၂၆၄၈၊ ၀၉-၇၃၂၁၃၆၀၃**

-------------------------

(1) Project Engineer - 1 M, (2) H.R Manager - 1 M, (3) Site Manager - 1 M, (4) Admin Manager - 1 M, (5) Accountant - 3 F, (6) Coordinator - 3 F, (7) Driver 5 M
**Ph:526648**

-------------------------

ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင် - မ ၁ ဦး
Min Thurein Publishing Services. **ဖုန်း-၀၉-၅၁၄၈၅၂၄**

-------------------------

Cashier - မ ၁ ဦး
လက်ကီးပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ
အမှတ်(၂၄)၊ မြေညီထပ်၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်။

-------------------------

Security Guard - ကျား ၂၄ ဦး အလိုရှိသည်။ (အသက် ၂၀ မှ ၅၅ နှစ်အတွင်း)
MANS SECURITY AGENCY
**ဖုန်း-၀၉-၇၃၀၈၂၂၈၉၊ ၀၉-၇၃၀၆၄၂၉၈**

-------------------------

Computer Lecturer - မ ၅ ဦး (Basic, DTP, Graphic, Advanced Ecxel သင်ကြားနိုင်ရမည်)
Value Star Computer Taring Center
**ဖုန်း-၀၉-၅၁၆၁၉၈၄**

-------------------------

(၁) စတိုမှူး - ကျား/မ ၃ ဦး၊ (၂) စက်ရုံမှူး - ကျား ၂ ဦး၊ (၃) တရုတ်စကားပြန် - ကျား/မ ၂ ဦး၊ (၄) စက်မောင်း - ကျား/မ ၂ ဦး
Deluxe Formula Industrial Co., Ltd
**ဖုန်း-၆၈၅၅၂၆၊ ၆၈၅၉၈၈**

-------------------------

(1) Assistant Manager - M 1 Post, (2) Sales Executive - M 1 Post, (3) Accountant LCCI Level 3 - F 1 Post, (4) Sales Engineer - M 1 Post
**ဖုန်း-၅၄၈၀၆၃၊ ၀၉-၄၉၃၁၅၂၃၉**

-------------------------

Store-keeper - ကျား/မ ၂ ဦး (အသက် ၁၈- ၄၀ နှစ်အတွင်း) ၁၀ တန်းအောင်/ဘွဲ့ရ။
**Trinity Treasure Co., Ltd**
**ဖုန်း-၂၉၁၆၅၈၊ ၀၉-၄၃၁၂၃၆၇၇**

-------------------------

ဆရာ/ဆရာမများအလိုရှိသည်။ Ph.D, ME.d, BE.d, M.A, M.Sc, B.A, B.Sc ဘွဲ့တစ်ခုခုရရှိသူ၊ ကျွမ်းကျင်လုပ်သက် ၃ နှစ်ရှိသူ၊ အသက် ၂၅ - ၆၅ နှစ်အတွင်း။
**ဖုန်း-၀၅၉-၄၂၄၉၉(မြိတ်)**
**၀၉-၅၀၂၀၈၂၃(ရန်ကုန်)**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
(၁) Admin & Account - မ ၁ ဦး၊ (၂) Security Guard - ကျား ၁၆ ဦး။ (အသက် ၂၀ မှ ၅၅ နှစ်၊ အခြေခံပညာအလယ်တန်းအဆင့်) (လစာကောင်းကောင်းပေးမည်)
MANS SECURITY AGNECY
**ဖုန်း-၀၉-၇၃၀၈၂၂၈၉**

-------------------------

**အလိုရှိသည်**
ဆေးကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် Sales & Delivery - ၂ ဦး။
**Amethyst Co., Ltd**
**ဖုန်း-၅၄၄၆၇၈၊ ၀၉-၄၃၀၂၅၇၁၁**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



SWEETY HOME
I can't sleep without you
ရာဘာမွေ့ယာနှင့်ခေါင်းအုံးများ
SPECIAL PROMOTION
15-3-2012 to 31-3-2012
7 Zone Latex Foam Mattress
Latex Neckcare Pillow
8% OFF
Latex Pillow
Latex Pocket Spring Mattress
Yangon 01-535694, 205224 Mandalay 02-65938, 60810, 66373, 34021
100% NATURAL LATEX
IMPORTED FROM THAILAND




edutrust SINGAPORE PROVISIONAL
Cert No. : EDU-3-3059
Validity : 20/09/2011 - 19/09/2012
MELIOR International College
ERF Registration No. 200408579D
Validity: 07/07/2010 to 06/07/2014
In partnership with
CQUniversity AUSTRALIA
အခမဲ့ဟောပြောပွဲ
"မြင့်မားသောပညာရေးအတွက် အခွင့်အလမ်းကောင်း"
အနာဂတ်အတွက် ကောင်းမွန်သောပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို စင်ကာပူနှင့် ဩစတြေးလျတွင်ရှာကြည့်ကြပါစို့။ အစည်းအဝေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် အခွင့်အခါကောင်းများကို ဆွေးနွေးပွဲအပြီးတွင် သိရှိလိုသောမေးခွန်းများကို မေးမြန်းနိုင်ပါသည်။
Date: 31 March 2012
Time: 1.30pm to 3.00pm
Venue: PARKROYAL HOTEL-Padamyar Room(3)
33 Alan Pya Phaya Road,
Dagon Township, Yangon, Myanmar.
Topics include:
• How you can save time and money by studying with us in Yangon.
• Accelerated Pathway to obtain 5 Stars Central Queensland University degree through Melior International College.
For registration, please call +95 943196211 to reserve your seats.
All Education Agents are welcome.
MELIOR International College
Certificate (Foundation) 6 Months
MELIOR International College
Advanced Diploma 15 Months
CQUniversity AUSTRALIA
Bachelor Degree 16 Months
Study scholarships available for Foundation Certificate.
လူဦးရေကန့်သတ်ထားပါသဖြင့် တက်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရန်-၀၉ ၄၃၁ ၉၆၂၁၁
ABOUT MELIOR INTERNATIONAL COLLEGE
Melior International College is the exclusive partner of CQUniversity Australia. Through this partnership, our students are given the opportunity to attain a truly international degree via a unique learning experience.
• School of Life Science • School of Psychology •
• School of Tourism & Hospitality Management •
• School of Business • Department of Postgraduate Studies •
ABOUT CQUNIVERSITY AUSTRALIA
CQUniversity Australia is a fully accredited and highly rated university. CQUniversity has consistently received 5-star ratings from The Good Universities Guide, Australia's only degree and university ratings published by Hobsons.
ROBINSON SERVICES CO., LTD.
No(277) Hotel Lobby Rom(01), Asia Plaza, Corner of Bogyoke Aung San Road & 38th Street, Kyauktada Township, Yangon, Myanmar. Tel : 01-370834, 09-512 6968, 09-431 96211




SUNPOWER
Established Since 1998
20% Extra Brightness
မဟာသင်္ကြန် အထူးအစီအစဉ်
5W 9W 12W 15W
2400 ks. 2500 ks. 2600 ks. 2750 ks.
MOST ECO FRIENDLY BULB
(1.3.2012 to 30.4.2012)
Available Range: 5W/ 9W/ 12W/ 15W
2 YEAR FULL WARRANTY




Learn English with
Native Speakers
15 x 100,000K
30 x 50,000K
vouchers to be won
See www.edulinkaustralia.com or call 01 500 464, 09 7316 2586 for more details
EDULINK AUSTRALIA
Your success is ours
Building 6, Junction Square,
Kamaryut Township,
Yangon, Myanmar
Phone: +95 1 500 464, +95 9 7316 2586
Email: info@edulinkaustralia.com
Website: www.edulinkaustralia.com

Education
7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

ပညာရေးသတင်းတိုများ

## ဗြိတိသျှကောင်စီ ပြပွဲ

**ရန်ကုန်၊ မတ် - ၁၆**

ဗြိတိသျှကောင်စီ ပညာရေး၊ ယဉ်ကျေးမှုနှင့် လူမှုအထောက်အကူပြုလုပ်ငန်းများဆိုင်ရာပြပွဲကို မတ်လ ၂၅ရက် နံနက် ၁၀ နာရီမှ ညနေ၅နာရီထိ ကမ်းနာဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဗြိတိသျှကောင်စီ (မြန်မာ)၏ ဝန်ဆောင်မှုများအကြောင်းကို လူအများသိရှိနားလည်အသုံးပြုနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြုယူကေစာမေးပွဲများ၊ အင်္ဂလိပ်စာသင်တန်းများ၊ စာကြည့်တိုက်ဝန်ဆောင်မှုများ၊ အနုပညာနှင့်ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များ၊ အင်္ဂလိပ်စာသင်ကြားမှုအထောက်အကူပြုလုပ်ငန်းများ၊ လူမှုရေးအထောက်အကူပြုလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုများ အကြောင်းကိုရှင်းလင်းပြသထားမည်ဖြစ်သည်။

## တေလာတက္ကသိုလ် ပညာရေးဟောပြောပွဲ

**ရန်ကုန်၊ မတ် - ၁၅**

မလေးရှားနိုင်ငံရှိတေလာတက္ကသိုလ်၌ သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများအတွက် ပညာရေးဟောပြောပွဲကို မတ်လ ၂၆ ရက် နေ့လယ် ၁ နာရီမှ ၃ နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ကျောင်းသား တစ်ဦးချင်းကို ဆွေးနွေးဟောပြောမည်ဖြစ်ပြီး ရွှေဘုံသာလမ်း (အလယ်ဘလောက်)ရှိMSIပညာရေးဝန်ဆောင်မှုလုပ်ငန်းတွင် တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

## SSA Global Education ပညာရေးဟောပြောပွဲ

**ရန်ကုန်၊ မတ် - ၁၅**

စင်ကာပူနိုင်ငံရှိ SAA Global Education တွင်ပညာသင်ယူလိုသော ကျောင်းသားများအတွက် ပညာရေးဟောပြောပွဲကို မတ်လ ၂၅ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီထိနှင့် နေ့လယ် ၁နာရီမှ ၃ နာရီခွဲထိ နှစ်ကြိမ်ခွဲ၍ ကျင်းပပြုလုပ်မည်ဖြစ်သည်။ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေး၊ စာရင်းအင်းဘာသာရပ်များ လေ့လာသင်ယူလိုသော ကျောင်းသားများအနေဖြင့် ပညာရေးဟောပြောပွဲပြုလုပ်မည့် မြေနီကုန်း၊ မြေနုလမ်းရှိ AT&S ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွင်တက်ရောက်လေ့လာနိုင်သည်။



၂၀၁၁ခုနှစ်က ထွက်ရှိခဲ့သော တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်းကို ကြည့်ရှုနေသော ကျောင်းသူတစ်ဦး ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## "လာမယ့် ပညာသင်နှစ်မှာ ပြုပြင်ပြောင်းလဲဖို့ လိုအပ်တဲ့အချက်တွေဟာ ပြေ၊ မေလောက်ဆိုရင် ခတင်ရတော့မှာပါ"

### အမှတ်(၃)အခြေခံပညာဦးစီးဌာန တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံခြင်း

**နေလင်းထွန်း**

၂၀၁၁-၂၀၁၂ပညာသင်နှစ်အတွက်တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မတ်လ ၁၂ရက်မှ ၂၂ရက်ထိ တစ်နိုင်ငံလုံးမှ ကျောင်းသားများ သက်ဆိုင်ရာစာစစ်ဌာနအသီးသီးတွင် ဝင်ရောက်ဖြေဆိုနေကြသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုနေကြသော ကျောင်းသားများနှင့်ပတ်သက်၍ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် မတ်လ ၁၆ ရက်၌ တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်သည်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုနေတဲ့ ကျောင်းသားဦးရေကို သိလိုပါတယ်။**

ရန်ကုန်တိုင်းဒေသကြီးမှာ ၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနပေါင်း ၂၃၂ ခုရှိတယ်။ စုစုပေါင်းဖြေဆိုနေတဲ့ ကျောင်းသားအင်အားက တစ်သိန်းသုံးထောင့်သုံးရာ့သုံးဆယ့်ခြောက်ဦး(၁၀၃,၃၃၆)ရှိတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အပြင်ဖြေရော၊ အတွင်းဖြေရော ယောကျ်ားလေးက ငါးသောင်းတစ်ထောင်ကျော်ပေါ့။ မိန်းကလေးက ငါးသောင်းနှစ်ထောင်ကျော်ရှိတယ်။ ဆွံ့အနားမကြား ကျောင်းသားက ၂၄ဦးရှိတယ်။ မသန်စွမ်းကလေးဆိုရင် ၁၁ဦးရှိတယ်။ မျက်မမြင်ကျောင်းသား က ၁၅ ဦးရှိတယ်။ စာစစ်ဌာနအလိုက် ဖြေဆိုနေကြတာပေ့ါ။

**နှစ်စဉ် ဖြေဆိုတဲ့ ပျမ်းမျှ ကျောင်းသားဦးရေကို သိချင်ပါ တယ်။**

အဲ့ဒီလောက်ပါပဲ။ တစ်သိန်းကျော်ပါပဲ။ နောက်ဂဏန်းကသာ ပြောင်းသွားတာပါ။ မူလတန်းကနေစပြီးတော့ အားလုံးပေါင်း ကျောင်းသားက ကိုးသိန်းကျော်၊ ဆယ်သိန်းနီးပါးလောက်ရှိတာပါ။

**ဘယ်လိုဘာသာရပ်တွဲကို ကျောင်းသားအများစု ဖြေဆိုနေ ကြပါ သလဲ။**

အခု သိသလောက်တွေ အများဆုံးဖြေဆိုတာ နှစ်တွဲရှိတယ်။ အတွဲ(၁) သိပ္ပံနဲ့ ဘောဂဗေဒဘာသာရပ်နဲ့ အတွဲ(၇)သိပ္ပံ ဘာသာရပ်တွေပေ့ါ။ တခြားဘာသာတွဲတွေတော့ ယူတာ နည်းတာပေ့ါ။ အသေးစိတ်တော့ မပြောနိုင်သေးဘူး။ စာမေးပွဲ ဖြေနေတာလည်း မပြီးသေးဘူးဆိုတော့။

**ရန်ကုန်တိုင်းဒေသကြီးရဲ့စာမေးပွဲအောင်ချက်အခြေအနေကိုသိလိုပါတယ်။**

အောင်ချက်က အခု ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းတော့ တက်လာပါတယ်။ မနှစ်က ၃၉ ဒသမ ကျော်တယ်။ ဒီနှစ်တော့ အနိမ့်ဆုံး ၄၀ ရာခိုင်နှုန်း ရည်မှန်းထားတယ်။

**စာ(၂၂)သို့**

## ၂၀၁၂ စင်ကာပူပိုလီကျောင်းဝင်ခွင့် မြန်မာကျောင်းသားများအတွက် ခက်ခဲ

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၁၅**

ယခုနှစ် စင်ကာပူနိုင်ငံရှိ ပိုလီကျောင်းများတွင် ပညာသင်ယူရန် လျှောက်ထားသောမြန်မာကျောင်းသားများအနေဖြင့် ကျောင်းဝင်ခွင့် ပိုမိုကျပ်တည်းခဲ့ကြောင်းပြည်တွင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှ သတင်းရရှိသည်။

ပိုလီကျောင်းများတွင် တက်ရောက်ပညာသင်ယူရန် ကျောင်းဝင်ခွင့်စာမေးပွဲဝင်ရောက် ဖြေဆိုသော ကျောင်းသားများတွင် အင်္ဂလိပ်စာအရည်အချင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ရလဒ်ကောင်းမွန်သော ကျောင်းသားများပါ ကျောင်းဝင်ခွင့်အတွက် ငြင်းပယ်ခံခဲ့ရကြောင်း သိရသည်။

"တက္ကသိုလ်ဝင်တန်းအမှတ် ၅၀၀ ကျော်ရှိတယ်။ IELTS အမှတ်က ၇ရှိတယ်။ ဒါတောင်အပယ်ခံရတယ်။ ဒီနှစ်တော်တော်ကျပ်တယ်။ ကျောင်းသားအများစု ဝင်ခွင့်အပယ်ခံရတယ်။ ဘာကြောင့် ဒီလိုဖြစ်တာလဲဆိုတာ သုံးသပ်ဖို့ ခက်တယ်။အရင်နှစ်တွေ ထက် ကျောင်းဝင်ခွင့်ရတဲ့သူနည်းသွားတယ်"ဟု စင်ကာပူပညာရေးဝန်ဆောင်မှု လုပ်ကိုင်နေသူတစ်ဦးကပြောသည်။

နှစ်စဉ် မြန်မာကျောင်းသား သုံးရာမှ ငါးရာအတွင်း စင်ကာပူနိုင်ငံရှိ ပိုလီကျောင်းငါးကျောင်းတွင် ကျောင်းဝင်ခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိပြီး ကျောင်းဝင်ခွင့်ရရှိရေး ပိုမိုခက်ခဲလာကြောင်း ယခင်နှစ်များကတည်းက သတင်းများ ထွက်ပေါ် နေခြင်းဖြစ်သည်။ ပညာသင်ဈေးငွေရရှိခြင်း၊ ကျောင်းပြီးချိန်တွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်ခြင်းတို့ကြောင့် တက္ကသိုလ်ဝင်တန်းရမှတ်ကောင်းမွန်သော မြန်မာကျောင်းသားအချို့သည် အထက်ပါကျောင်းများ၌ တက်ရောက်ခွင့်ရရှိရန် ငွေကြေးအကုန်အကျခံ၍ ပြင်ဆင်ကြိုးပမ်းလျက်ရှိကြသည်။ သို့သော် ယခုနှစ်ပိုင်းမှ စတင်၍ ပိုလီကျောင်းများ၏ ကျောင်းလခများ သိသိသာသာ တိုးမြှင့်လာခဲ့သလို ကျောင်းပြီးချိန်တွင် နေထိုင်အလုပ်လုပ်ကိုင်ခွင့်အတွက် စိန်ခေါ် မှုများ မြင့်တက်လာခဲ့ကြောင်း စင်ကာပူရောက် မြန်မာကျောင်းသားအချို့က ပြောသည်။

## အကောင်းဆုံး စင်ကာပူပုဂ္ဂလိက ကျောင်းသုံးကျောင်း ရွေးချယ်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၁၅**

စင်ကာပူနိုင်ငံရှိ အကောင်းဆုံး ပုဂ္ဂလိကကျောင်းများအနေဖြင့် ၂၀၁၁-၂၀၁၂ခုနှစ်အတွက် PSB Academy, Singapore Institute of Management(SIM) နှင့် SMa of Higher Learning တို့ ရွေးချယ်ခံရကြောင်း သတင်းရရှိသည်။

အွန်လိုင်းမှတစ်ဆင့် စစ်တမ်းကောက်ယူ၍ နှစ်စဉ်ရွေးချယ်ချီးမြှင့်နေသော အစီအစဉ်တွင် အထက်ပါကျောင်းများ အနေဖြင့် အကောင်းဆုံး ပုဂ္ဂလိကကျောင်းများအဖြစ် ရွေးချယ်ခံရခြင်း ဖြစ်သည်။

"မြန်မာကျောင်းသားတွေ သွားရောက် ပညာသင်ယူနေတဲ့ ကျောင်းတွေဖြစ်ပါတယ်။သူတို့နိုင်ငံက ရွေးချယ်သတ်မှတ်ထားတဲ့ အကောင်းဆုံးကျောင်းမှာ ပညာသင်ယူခွင့်ရရင် အဆင်ပြေတာပေ့ါ။ စင်ကာပူက ပုဂ္ဂလိကကျောင်းတွေမှာ သွားတက်မယ်ဆိုရင် ကျောင်းကောင်းကောင်းရွေးနိုင်ဖို့လည်း အရေးကြီးပါတယ်"ဟု စင်ကာပူပညာရေး လေ့လာသူတစ်ဦးက သုံးသပ်သည်။

SIM Global Education သည်အကောင်းဆုံးပုဂ္ဂလိကကျောင်းအဖြစ် လေးနှစ်ဆက်တိုက်ရွေးချယ်ခံရသော ကျောင်းဖြစ်ပြီး အနောက်နိုင်ငံများမှ တက္ကသိုလ်များနှင့် ပူးပေါင်း၍ ဒီဂရီဘွဲ့သင်တန်းများ ပို့ချနေခြင်းဖြစ်ကာ စီးပွားရေးဘာသာရပ်များ လေ့လာလိုသော ကျောင်းသားများအတွက် သင့်လျော်သောကျောင်းဖြစ်ကြောင်း သိရသည်။

PSB Academy သည် ဩစတြေးလျတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသောကျောင်းဖြစ်ပြီး အင်ဂျင်နီယာဘာသာရပ်၊ စီးပွားရေးဘာသာရပ်၊ ဆက်သွယ်ရေးနှင့် နည်းပညာဘာသာရပ်၊ ဘဏ္ဍာရေးနှင့် ဈေးကွက်ရှာဖွေမှု ဘာသာရပ်စသည့်ပညာများ လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

SMa ကျောင်းသည် နိုင်ငံတကာအသိအမှတ်ပြုသင်တန်းများကို သင်ကြားပို့ချနေပြီး စာရင်းအင်း၊ ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးစီမံခန့်ခွဲမှု၊ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု၊ ကုန်စည်လည်ပတ်မှုစီမံခန့်ခွဲခြင်း စသည့် ဘာသာရပ်များကို လေ့လာနိုင်သည်။

7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# အခြေခံအဆင့် ပညာသင်ဆု ကျောင်းသား ၈၂၄ ဦးကို ရွေးချယ်ချီးမြှင့်မည်

နေလင်းထွန်း

ရန်ကုန်၊ မတ် - ၁၅

လာမည့်ပညာသင်နှစ်တွင်စတင်ပေးအပ်မည့်အခြေခံပညာအဆင့် ပညာသင်ဆုအတွက် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကျောင်းသား ၈၂၄ဦးကို စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ သတင်းရရှိသည်။

အခြေခံပညာအဆင့်တွင် အလယ်တန်းပညာသင်ဆုအတွက် စတုတ္ထတန်းကျောင်းသားများနှင့် အထက်တန်းပညာသင်ဆုအတွက်အဋ္ဌမတန်းကျောင်းသားများကိုရေးဖြေစစ်ဆေးပြီး မြို့နယ်တစ်မြို့နယ်လျှင် တစ်ဦးနှုန်းနှင့် မြို့နယ်ခွဲတစ်ခုလျှင် တစ်ဦးနှုန်းဖြင့် အလယ်တန်းအတွက် ကျောင်းသား ၄၁၂ဦးနှင့် အထက်တန်းအတွက် ကျောင်းသား ၄၁၂ ဦးကို ပညာသင်ဆု ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

ပညာသင်ဆုအတွက် ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသားများ ဝင်ရောက်လျှောက်ထားနိုင်မည်ဖြစ်ပြီး ပညာသင်ဆုများအတွက် မြို့နယ်အဆင့် စစ်ဆေးမှုများကို မတ်လကုန်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ အလယ်တန်းပညာသင်ဆုနှင့် အထက်တန်းပညာသင်ဆုအတွက် သက်ဆိုင်ရာ ကျောင်းသားများကိုစစ်ဆေးရွေးချယ်ရာတွင် သာမာန် အားဖြင့် ကျောင်းတစ်ကျောင်းလျှင် အထူးချွန်ဆုံး ကျောင်းသားတစ်ဦးစီ ပါဝင်ယှဉ်ပြိုင်ရန်နှင့် အခြေခံပညာကျောင်းအသီးသီးမှ မိမိသက်ဆိုင်ရာမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။



အလယ်တန်းပညာသင်ဆု ရရှိသူများအား ပဉ္စမတန်းမှ အဋ္ဌမတန်းထိ တစ်လလျှင်ငွေကျပ်တစ်သောင်းနှုန်းဖြင့် လေးနှစ်စာအတွက် ဆုချီးမြှင့်မည်ဖြစ်ပြီး အထက်တန်းပညာသင်ဆု ရရှိသူများအား နဝမတန်းမှ ဒသမတန်း အထိ ငွေကျပ်တစ်သောင်းခွဲနှုန်းဖြင့် ၂နှစ်စာအတွက် နှစ်စဉ်ဇွန်လမှ မတ်လအထိ ဆုချီးမြှင့်သွားမည်ဖြစ်သည်။

နှစ်ပေါင်းများစွာ ရပ်ဆိုင်းထားခဲ့သော အဆင့်မြင့်ပညာအဆင့် ပညာသင်ဆုနှင့် အခြေခံပညာအဆင့် ပညာသင်ဆု အစီအစဉ်ကိုလက်ရှိအစိုးရလက်ထက်၌လာမည့်ပညာသင်နှစ်မှစတင်၍ ပြန်လည်ချီးမြှင့်ပေးနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

# ၂၀၁၂–၁၃ ဘဏ္ဍာနှစ်တွင် တောင်ကုတ်တက္ကသိုလ် စတင်တည်ဆောက်မည်

မာန်ယုကျော်

စစ်တွေ၊ မတ်- ၁၃

ရခိုင်ပြည်နယ်တောင်ပိုင်း တောင်ကုတ် တက္ကသိုလ်အား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ (၂၈)ရက်က ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့သို့ ရောက်ရှိခဲ့သည့်နိုင်ငံတော်ဒုတိယသမ္မတ သီဟသူရတင်အောင်မြင့်ဦးက ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်တွင်ကျောင်းသူ၊ကျောင်းသားများအတွက်တက္ကသိုလ်ပညာဆက်လက်သင်ယူနိုင်ရန် စစ်တွေတက္ကသိုလ်တစ်ခုတည်းကိုသာ ဖွင့်လှစ်ထားရှိကြောင်းနှင့် စစ်တွေတက္ကသိုလ်နှင့် အလှမ်းဝေးကွာပြီး သွားလာရေးခက်ခဲမှုရှိသည့်ဒေသများမှကျောင်း သူ၊ ကျောင်းသားများ တက္ကသိုလ် ပညာသင်ယူကြရာတွင်အဆင်ပြေချောမွေ့စေရန်အတွက် နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်၊တောင်ကုတ်မြို့၌နောက်ထပ်တက္ကသိုလ်အသစ်တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိကိုပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်က မေးမြန်းခဲ့သည်။

ယခုအခါတောင်ကုတ်မြို့တွင် ရခိုင်ပြည်နယ် တောင်ပိုင်းဒေသရှိကျောင်းသူ၊ ကျောင်းသားများအတွက်ဝိဇ္ဇာ / သိပ္ပံပညာရပ်များ အဆင်ပြေစွာတက်ရောက်သင်ယူနိုင်ရန် တောင်ကုတ်မြို့တွင် အဆင့်လိုက်တက္ကသိုလ်အဖြစ်ယခုနှစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ တည်ဆောက်သွားတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ် တည်ဆောက်နိုင်ရေးအတွက် တောင်ကုတ်မြို့ဒေသဖွံ့ဖြိုးရေးကော်မတီ မှကျပ်သိန်း ၂,၀၀၀ တန်ဖိုးရှိမြေ ဧက ၃၀၀ ကိုလှူဒါန်းထားကြောင်း သိရသည်။

TRADEMARK CAUTION
SKODA INVESTMENT a.s., a company incorporated in Czech Republic at Praha 1, Václavské nám. 837/11, 110 00, Czech Republic is the Owner and Sole Proprietor of the following Trademark:-

ŠKODA

Reg:No.4/974/1966
Reg:No.4/7462/2006
Reg:No.4/5575/2008
Reg:No.4/5359/2010

In respect of : Metalurgical products; machines and equipment for rolling mills; mining machinery and equipment, coal and dressing plants and machinery; industrial furnaces and charging installations therefor; crushing, milling and sorting plants and machines, high-pressure installation and machines; machines and equipments for the chemical, foodstaff, paper and glass-industry; tobacco and cigarette making machines; printing, packing, weighing, granding, testing, and measuring machines, machines tools for the metal industry; chucking tools, measuring appliances; vehicles, road rollers, excavators, cranes, travelling platforms, turntables, lowering appliances; internal combustion engines, diesel engines; turbines; condensation plants, compressors, blowers; electric machines and installations; ships"

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 22.March.2012

စာ – ၂၁၊ **အမှတ်(၃)အခြေခံပညာဦးစီးဌာန တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံခြင်း မှ**

လက်ရှိဖြေဆိုထားတဲ့ဘာသာရပ်တွေ အနေအထားအရလည်း ဖြေနိုင်ကြတာ တော်တော်များတယ်လို့ သတင်းကြားတယ်။ အရင်နှစ်ထက် မနိမ့်ဘဲ ပိုတိုးလာမယ့် သဘောရှိတယ်။

**သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အောင်ချက်မြင့်မားရေးစီမံချက်တွေ ဆောင်ရွက်နေတာရှိတော့ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ရော ဘယ်လိုဆောင်ရွက်ခဲ့ပါလဲ။**

မနှစ်ကထက် ထူးခြားတယ်လိုတော့ မဆိုနိုင်ပါဘူး။ မနှစ်ကထက် မလျော့အောင်တော့ လုပ်တယ်။ ထူးထူးခြားခြားအနေနဲ့တော့ အရင်နှစ်တွေက ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်ထားခဲ့တဲ့ ကလေးတွေက ကျောင်းတွေမှာ အခု ဖြေနေတဲ့ကလေးတွေကို ပြန်ပြီးတော့ ဟောပြောပို့ချတဲ့ အစီအစဉ်လုပ်ခဲ့တယ်။ တကယ် ထူးချွန်စွာအောင်ခဲ့တဲ့ ကလေးတွေက သူတို့ ဘယ်လိုစာကျက်ခဲ့တယ်၊ ဘယ်လိုပြင်ဆင်ခဲ့တယ်၊ အမှတ်ကောင်းကောင်းရအောင် ဘယ်လိုလေ့လာ ကျက်မှတ်ခဲ့တယ်ဆိုတာ ဆောင်ရန်၊ရှောင်ရန်ကို ပြောပြတာပေါ့။ စာမေးပွဲ မဖြေမီနှစ်လလောက်အလိုမှာလုပ်ခဲ့တာပါ။

**မနှစ်က တက္ကသိုလ်ဝင်တန်းစာမေးပွဲ တစ်နိုင်ငံလုံး အမှတ်အများဆုံး ဆယ်ယောက်မှာ ရန်ကုန်တိုင်းဒေသကြီးက ဘယ်နှယောက်ပါခဲ့ပါလဲ။**

မနှစ်က တစ်နိုင်ငံလုံး Top Ten မှာ ရန်ကုန်တိုင်းဒေသကြီးက ၃၂ယောက်ပါတယ်။ ခြောက်ဘာသာဂုဏ်ထူးရှင်က ရန်ကုန်တိုင်းဒေသကြီးက အများဆုံးပါပဲ။

**အခြေခံပညာအဆင့်မှာ သင်ရိုးညွှန်းတမ်းတွေနဲ့ ပတ်သက်ပြီး လာမယ့်နှစ်မှာ အပြောင်းအလဲရှိနိုင်ပါသလား။**

အဲ့ဒါလည်း ရှိလာနိုင်တယ်။ ဒါပေမဲ့ ဘယ်လိုဆိုတာ အခုထိ အသေးစိတ်ထွက်မလာသေးပါဘူး။ အပြောင်းအလဲ ရှိလာနိုင်တယ်။လာမယ့် ပညာသင်နှစ်မှာ ပြုပြင်ပြောင်းလဲဖို့ လိုအပ်တဲ့အချက်တွေဟာ ပြေီ၊ မေလောက်ဆိုရင် စတင်ရတော့မှာပါ။

**စာသင်နှစ်ကိုရော တိုးမြှင့်ဖို့ ရှိပါသလား။**

တရားဝင်တော့ မကျသေးဘူး။ တိုးဖို့ လျာထားတဲ့အခြေအနေတော့ကြားတယ်။ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ဆိုပြီး သုံးဆင့်ရှိတာပါ။ အခု သွားနေတာက ငါး၊ လေး၊ နှစ်။ မူလတန်းက ငါးနှစ်၊ အလယ်တန်းက လေးနှစ်နဲ့ အထက်တန်းက နှစ်နှစ်ပေါ့။ အဲ့ဒါကို နိုင်ငံတကာနဲ့၊ အာဆီယံစံနဲ့ညီအောင် ဘယ်လိုလုပ်မလဲဆိုတာ စီစဉ်နေတာရှိပါတယ်။

**အချိန်ပေးဖြေကြားတဲ့ အတွက် ကျေးဇူးတင်ပါတယ်။**

မိမိဘဝအတွက် အကောင်းဆုံးကိုမှ ရွေးချယ်လိုသူများအတွက်

- ကမ္ဘာ့နိုင်ငံအသီးသီးမှ သန်းပေါင်းများစွာသော လူငယ်တို့ ရယူရန် ကြိုးစားလျက် ရှိသော၊ UK တက္ကသိုလ်ကြီး များ၏ ဒုတိယနှစ်နှင့်ညီမျှသည့် Higher National Diploma ဖြစ်ပါသည်။
- မြန်မာနိုင်ငံတွင် အိုးမကွာအိမ်မကွာ နေထိုင်ရင်း နိုင်ငံတကာ တက္ကသိုလ် ကြီးများနည်းတူ မှန်ကန် ကောင်းမွန်သော ကမ္ဘာ့အဆင့်မီ သင်ကြားမှုပုံစံ ကို ရယူခံစားနိုင်ပါသည်။
- HND Diploma ရရှိပြီးပါက လုပ်ငန်းခွင်သို့တိုက်ရိုက်ဝင်ရောက်နိုင်ပါသည်။ (သို့မဟုတ်) နိုင်ငံတကာ တက္ကသိုလ်ကြီးများ၏ နောက်ဆုံးနှစ်သို့တိုက်ရိုက်တတ်ရောက်၍ B.Sc. (Hons;) Computing ဘွဲ့ကိုရယူနိုင်ပါသည်။

BTEC HND
DIPLOMA IN COMPUTING

Gusto Higher Education Institute

Admissions Enquries :
332(D), Pyay Road,
SanChaung Tsp., Yangon.
Tel : 01- 503715, 0986-28806



SAA GLOBAL EDUCATION
SUCCEED WITH PLYMOUTH UNIVERSITY




အင်္ဂလန်နိုင်ငံမှ Highly Trusted University ဖြစ်သည့် University of Plymouth ၏ တရင်းကိုင် နှင့် စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ ဒီဂရီများအကြောင်းကို လာရောက် ဟောပြောမည်ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

နေ့ရက် - ၂၅-၃-၂၀၁၂ (တနင်္ဂနွေနေ့)
အချိန် (၁) - နံနက် (၁၀) နာရီ မှ နေ့လယ် (၁၂) နာရီ
အချိန် (၂) - နေ့လည် (၂) နာရီ မှ ညနေ (၄) နာရီ
ဟောပြောသူ - Amber Tan (SAA Global Education)

AT&S Co., Ltd.
– ပညာရေးဆွေးနွေးပွဲကျင်းပမည့်နေရာ –
အမှတ် (၁၆) မြေညီထပ်၊ မြေနုလမ်း၊ (မြေနီကုန်းမဟာမြိုင်မှတ်တိုင်) စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
(ဖုန်း) ၀၉-၅၁၂၄၇၆၁၊ ၀၉-၅၀၆၂၁၇၁၊ ၆၅၂၂၈၀၊ ၅၂၁၁၂၅

SAA Global Education Centre Pte Ltd
Registration Number: 201001206N
Period of Registration: 20/05/2010 to 19/05/2014
edutrust
SINGAPORE QUALITY CLASS

Technology
7 DAY NEWS JOURNAL
Vol.11, No.3 · MARCH 22 , 2012

## အွန်လိုင်းငွေလွှဲဝန်ဆောင်မှု စတင်တော့မည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်-၁၇**

အစိုးရနှင့်ပုဂ္ဂလိကဘဏ် ၁၁ ခုနှင့် ချိတ်ဆက်ထားပြီး အဆိုပါဘဏ်များနှင့်ငွေပို့ငွေလွှဲလိုသူများအကြား အွန်လိုင်းမှတစ်ဆင့် ကြားခံဆောင်ရွက်ပေးမည့်ပုဂ္ဂလိကကုမ္ပဏီတစ်ခု၏ အွန်လိုင်းငွေပို့ငွေလွှဲဝန်ဆောင်မှုတစ်ခုကို လာမည့်ဧပြီလအတွင်း စတင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

Online Payment System ဖြစ်သည့် အဆိုပါဝန်ဆောင်မှု၏ အမည်မှာ MyanPay ဖြစ်ပြီး မြန်မာပြည်တွင်းဘဏ်များ၏ ငွေလွှဲပို့ဝန်ဆောင်မှုအပေါ် အခြေခံပြီး တည်ဆောက်ထားခြင်းဖြစ်သည်ဟု ယင်းစနစ်ကို အကောင်အထည်ဖော်သည့် Myanmar Soft-Gate Technology Co.,Ltd မှ တာဝန်ရှိသူက ဆိုသည်။

အဆိုပါ ဝန်ဆောင်မှုသည် အွန်လိုင်းမှတစ်ဆင့် ငွေလွှဲပို့ခြင်း၊ နှင့်ငွေလက်ခံခြင်း အစရှိသည့် လုပ်ငန်းများကို ဘဏ်များနှင့် အသုံးပြုသူများအကြား ဆောင်ရွက်ပေးမည်ဖြစ်သည်။

အထက်ပါ ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ထားသည့် ဘဏ်များမှာ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ စည်ပင်သာယာရေးဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊မြန်မာအရှေ့တိုင်းဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာရှေ့ဆောင်ဘဏ်၊ ယူနိုက်တက်အမရာဘဏ်နှင့် ဧရာဝတီဘဏ်တို့ဖြစ်သည်။

စာ(၂၄)သို့

## ဂျီအက်စ်အမ်ဖုန်း သန်း ၄၀ ချပေးမည့်စီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး အများဆုံးရမည်

**နေလင်းအောင်**

**ရန်ကုန်၊ မတ် - ၁၆**

ဂျီအက်စ်အမ်မိုဘိုင်းဖုန်း သန်း ၃၀ စီမံကိန်း၏ ပထမအဆင့် ကာလအတွင်း ချထားပေးမည့် ဖုန်းလိုင်းလေးသန်းတွင် ရန်ကုန်တိုင်းဒေသကြီးမှ လိုင်းအရေအတွက်အများဆုံးရရှိမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

မတ်လမှစတင်၍ ကျပ်နှစ်သိန်းဖြင့် စတင်ရောင်းချသည့် ဂျီအက်စ်အမ်ဖုန်းလေးသန်းစီမံချက်တွင် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးမှအပ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးအားပထမဦးစွာ ရောင်းချပေးခဲ့ပြီး ပထမနှစ်အတွက် လိုင်းအရေအတွက် ၄,၀၀၀,၁၀၉ လိုင်း ချထားပေးမည်ဖြစ်သည်။

လက်ရှိခွဲတမ်းအရ ရန်ကုန်တိုင်းဒေသကြီးအတွက် ဂျီအက်စ်အမ်လိုင်းပေါင်း ရှစ်သိန်းနီးပါးရရှိမည်ဖြစ်ပြီး ဒုတိယအများဆုံးရရှိသော မန္တလေးတိုင်းဒေသကြီးအတွက် ငါးသိန်းကျော်ခန့်ရရှိမည်ဖြစ်ကြောင်း ဆက်သွယ်ရေးမှလွှင့်တင်ထားသည့်ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

သန်း ၃၀ စီမံချက်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ချထားပေးလျက်ရှိသည့် စီဒီအမ်အေ ၈၀၀ နှင့် စီဒီအမ်အေ ၄၅၀ မိုဘိုင်းဖုန်းများကိုလည်း ယခုပထမနှစ်တွင် လိုင်းတစ်သန်းစီ တပ်ဆင်ပေးမည်ဖြစ်ပြီး ငါးနှစ်စီမံကိန်းအပြီးတွင် လိုင်းပေါင်း ၁၈၇,၀၀၀စီတပ်ဆင်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးက "ဒါကအလွယ်မှတ်ထားရင် လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်ဆိုပြီး မှတ်ထားလို့ရတယ်"ဟု နေပြည်တော်တွင် ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

ယခုပထမအဆင့်တွင်လိုင်းလေးသန်း၊ ဒုတိယအဆင့်တွင် လိုင်းငါးသန်း၊ တတိယနှစ် လိုင်းခြောက်သန်း၊ စတုတ္ထနှစ် ခုနစ်သန်းနှင့် ပဉ္စမနှစ် လိုင်းရှစ်သန်း ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်း မေလတွင်မှ တစ်နိုင်ငံလုံးသယ်ယူအသုံးပြုနိုင်မည်



**ယုဇနကိုကို**

**ရန်ကုန်၊မတ်-၁၄**

မြန်မာ့ဆက်သွယ်ရေးနှင့် ပုဂ္ဂလိကလုပ်ငန်းများ အကျိုးတူပူးပေါင်းထားသည့် နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်းများသည် လာမည့်မေလ ပထမပတ်အတွင်းမှသာတစ်နိုင်ငံလုံးအနှံ့သယ်ဆောင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့ကြောင့် လောလောဆယ် ရောင်းချထားပေးသည့် ကျပ်နှစ်သိန်းဖုန်းများသည် လာမည့်ဧပြီ ၉ ရက်မတိုင်မီအထိ ဝယ်ယူသည့် ပြည်နယ် ပြင်ပသို့သယ်ဆောင်နိုင်ဦးမည်မဟုတ်ဟုသတင်းရရှိသည်။

အလားတူပင်ယခုလ ၂၈ရက်နှင့်ဧပြီလ၉ရက်တို့တွင် တိုင်းဒေသကြီးခုနစ်ခု၊ နေပြည်တော်ခရိုင်နှင့် ရန်ကုန်၊မန္တလေးတို့တွင် ဆက်လက်ရောင်းချပေးမည့် ဖုန်းများအားလုံးသည်လည်း မေလ ပထမပတ်အတွင်းမှသာ တစ်နိုင်ငံလုံးသို့ သယ်ဆောင်ဆက်သွယ်အသုံးပြုနိုင်မည်ဟု ဆက်သွယ်ရေးမှ သတင်းထုတ်ပြန်သည်။

ထိုသို့ဖြစ်ရခြင်းမှာ တစ်နိုင်ငံလုံးအနှံ့ စိုက်ထူမည့် ဆက်သွယ်ရေးတာဝါတိုင်များမှာ ပြီးဆုံးအောင်စိုက်ထူနိုင်ခြင်းမရှိသေးသောကြောင့် ဟုသိရသည်။

တန်ဖိုးနည်းမိုဘိုင်းဖုန်းစီမံကိန်း၏ ပထမဆုံးအသုတ်ကို ကချင်၊ကယား၊ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့်ပြည်နယ်ခုနစ်ခု၏ မြို့ကြီးများတွင် မတ်လ ၁၄ ရက် နံနက် ၉ နာရီမှစတင်ကာ တစ်ပြိုင်တည်းရောင်းချပေးခဲ့ခြင်းဖြစ်သည်။

စာ(၂၄)သို့

## နှစ်သိန်းတန် ဂျီအက်စ်အမ်နှင့် ဖုန်းအိမ်တွဲ၍ အရစ်ကျရောင်းမည့် ဆိုင်ပေါ်ပေါက်

**နေလင်းအောင်**

**ရန်ကုန်၊**
**မတ် - ၁၄**

မြန်မာ့ဆက်သွယ်ရေးမှ ရောင်းချမည့် ကျပ်နှစ်သိန်းတန်ဖုန်းများအား အရစ်ကျစနစ်ဖြင့် မည်သည့်အာမခံမှုမလိုအပ်ဘဲရောင်းချပေးမည့်အစီအစဉ်အား ရန်ကုန်မြို့ရှိ ABC ကွန်ပျူတာအရောင်းဆိုင်များတွင်စတင် နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်တွင် ဧပြီမှစတင်၍ ရောင်းချမည့်ဖုန်းများအတွက် အရစ်ကျဝယ်ယူလိုပါက ယခုကတည်းကကြိုတင်စာရင်းပေးသွင်းထားရမည်ဖြစ်ပြီး ဖုန်းကတ်နှင့် တွဲဖက်သုံးနိုင်မည့် သုံးသောင်းတန်ဟန်းဆက်တစ်လုံးကိုပါအရစ်ကျစနစ်တွင် ထည့်သွင်းရောင်းချမည်ဖြစ်ကြောင်း ABC ကွန်ပျူတာစင်တာမှသိရသည်။

အဆိုပါဖုန်းဝယ်ယူရန်အတွက် မှတ်ပုံတင်၊ သန်းခေါင်စာရင်း အစရှိသည့် အထောက်အထားများထားရှိရန်မလိုဘဲ ကနဦးပေးသွင်းငွေကျပ်ခြောက်သောင်းပေးသွင်းရမည်ဖြစ်သည်။

ဝယ်ယူရမည့် စုစုပေါင်းငွေပမာဏမှာ ဟန်းဆက်ဖိုးနှင့် လစဉ် ဝန်ဆောင်ခ ကျပ်တစ်သောင်းအပါအဝင် ၂၇၀,၀၀၀ ကျပ်ကျသင့်မည်ဖြစ်ပြီး ပထမဦးဆုံးလ ကျပ်ခြောက်သောင်းပေးသွင်း၍ လစဉ် ၅၂,၅၀၀ ကျပ်နှင့် လေးလအကျေပေးသွင်းရမည်ဟုဆို သည်။

အထောက်အထား အာမခံမလိုဘဲ ရောင်းချခြင်းဖြစ်သည့်အတွက် လစဉ်ပေးသွင်းမှုမရှိခြင်း၊ ပျက်ကွက်ခြင်းတို့ရှိပါက ချထားသည့် ဖုန်းလိုင်းအား ပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ဝယ်သူကို အာမခံထားစရာမလိုဘဲ ရောင်းပေးမယ်ဆိုပေမဲ့ စည်းကမ်းတစ်ခုတော့ရှိတယ်။ အဲဒါက ပထမအရစ်ပေးပြီး ဒုတိယအရစ်ပေးရမယ့်ရက်ကို သုံးရက်လွန်သွားပြီဆိုတာနဲ့ ဒီဖုန်းကိုပိတ်မယ်ပေါ့။ အဲတော့ သူက တကယ်မအားလို့ ရက်လွန်တယ်ဆိုရင်တော့ အမည်ပေါက်မဖြစ်တော့ဘူး"ဟု အရစ်ကျဖုန်းစီစဉ်သူ ဦးအောင်မျိုးလွင်ကပြောသည်။

ယခုလက်ရှိတွင် စာရင်းပေးသွင်းထားသူ ဦးရေ ၅၀၀ ခန့်ရှိနေပြီး ဝယ်ယူလိုသူများအနေဖြင့် ABC ကွန်ပျူတာစင်တာ မြေနီကုန်း(ဓမ္မာရုံလမ်း)၊ ဆိပ်ကမ်းသာလမ်းနှင့် အလုံ(ဆင်မင်းလမ်း)တို့ရှိ ဆိုင်ခွဲများတွင် စာရင်းပေးသွင်းနိုင်သည်ဟုဆိုသည်။

အရစ်ကျစနစ်ဖြင့် မိုဘိုင်းဖုန်းရောင်းချခြင်းအား ပြီးခဲ့သည့် ငါးသိန်းတန်ဖုန်းများ ထွက်ရှိခဲ့စဉ်ကလည်း ဖုန်းဆိုင်အချို့ ဆောင်ရွက်ခဲ့ဖူးသည်။ သို့သော်ဝယ်ယူသူက တင်ပြရသော အချက်အလက်နှင့် သတ်မှတ်ချက်များပြားခြင်း၊ ကနဦးပေးသွင်းငွေ များခြင်းကြောင့် မအောင်မြင်ခဲ့ပေ။






# Tech

## စာ(၂၃) - နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်း မေလတွင်မှ တစ်နိုင်ငံလုံးသယ်ယူအသုံးပြုနိုင်မည် မှ

“မနက်ကတည်းကစရောင်းတာ ကြိတ်ကြိတ်တိုးပဲ။ နှစ်သိန်းထက်မပိုဘူး။ ဒီလောက်အထိ ဈေးကျသွားတော့ လူတွေလည်း အဆင်ပြေသွားကြတာပေါ့။ ဒီလို အနေအထားမျိုးကို တကယ်လို အပ်နေတာကြာပြီဆိုတာ ဒီနေ့ နှစ်သိန်းဖုန်းတွေကို အုံခဲပြီး လျှောက်နေကြတာက သက်သေပြလိုက်တာပဲ” ဟု တောင်ကြီးမြို့တွင်ဖွင့်လှစ်ထားသော Mobile Zone မိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်မှ တာဝန်ရှိသူဖြစ်သော ကိုအိုက်ဝေကသုံးသပ်ပြောဆိုသည်။

ယခုကဲ့သို့ တန်ဖိုးနည်းဂျီအက်စ်အမ်ဖုန်းများကို စတင်ရောင်းချပေးရာတွင် ပြည်နယ်အသီးသီးရှိ မြို့ကြီးများတွင်ဖွင့်လှစ်ထားသော ပုဂ္ဂလိကမိုဘိုင်းနှင့် နည်းပညာကုမ္ပဏီများမှတစ်ဆင့် အခြားသောရောင်းချလိုသည့် ဆိုင်များသို့ တစ်ဆင့်ပြန်လည်ချထားပေးခြင်းဖြစ်သည်။

E-Lite Tech, Fortune, Asia Mega Link အစရှိသောပုဂ္ဂလိကကုမ္ပဏီကြီးများမှ တစ်ဆင့် ဝယ်ယူရောင်းချနေကြသည့် မိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်များနှင့် အခြားသောအရောင်းဆိုင်များအနေဖြင့် ထိုကုမ္ပဏီကြီးများထံမှ ကျပ်ငွေနှစ်သိန်းတိတိဖြင့်ပြန်လည်ဝယ်ယူပြီး ယင်းနှုန်းထားအတိုင်းပင်ပြန်လည်ရောင်းချရခြင်းဖြစ်သည်။

ထို့အတွက် အဆိုပါမိုဘိုင်းဖုန်းဝန်ဆောင်မှုနှင့် အရောင်းဆိုင်များအနေဖြင့်၎င်းတို့ထံတွင်ရောင်းချသော ကျပ်နှစ်သိန်းတန်ဖုန်းငွေဖြည့်ကတ်များနှင့် ဟန်းဆက်များကိုသာ အဓိကအားကိုရောင်းချနေကြရသည်ဟုလည်းသိရသည်။

“ကျွန်တော်တို့က ကုမ္ပဏီကြီးတွေကနေ နှစ်သိန်းအတိနဲ့ပြန်ယူရတယ်။ပြန်ရောင်းတော့လည်း နှစ်သိန်းထက်မပိုဘူး။ အဲ့ဒီတော့ ကြိုတင်ငွေဖြည့်ကတ်နဲ့ဟန်းဆက်တွေရောင်းရမှပဲ အမြတ်ရမှာပါ” ဟု မွန်ပြည်နယ် မော်လမြိုင်မြို့တွင်ဖွင့်လှစ်ထားသောမိုဘိုင်းဖုန်းဝန်ဆောင်မှုနှင့်ဖုန်းအိမ်အရောင်းဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါကျပ်နှစ်သိန်းတန်မိုဘိုင်းဖုန်းများကို ယခုလ ၂၈ ရက်တွင် နေပြည်တော်ခရိုင်အပါအဝင် တိုင်းဒေသကြီးခုနစ်ခုတို့တွင် ချထားပေးမည်ဖြစ်ပြီး ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင်မူ လာမည့်ဧပြီ ၉ ရက်တွင်ဆက်လက်ချထားပေးမည်ဖြစ်သည်။

ကျပ်နှစ်သိန်းငါးသောင်းသို့ကျဆင်းသွားသည့် WCDMA ဖုန်းများကို ဧပြီလ ၉ ရက်တွင်ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးမှအပ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ချထားပေးမည်ဖြစ်သည်။ ဧပြီလ ၂၃ ရက်မှသာ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း စတင်ရောင်းချပေးမည်ဖြစ်သည်။

| | | |
|---|---|---|
| **၂၀၁၂ မတ် ၁၄** | - | ပြည်နယ်အားလုံးတွင် နှစ်သိန်းတန်ဖုန်း စချပေး။ |
| **မတ် ၂၈** | - | နေပြည်တော်နှင့် တိုင်းဒေသကြီး ၇ ခု စချပေး။ (ရန်ကုန်၊ မန္တလေး မပါ) |
| **ဧပြီ ၉** | - | ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးမြို့တွင်ပါ ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်စချမည်။ |
| **ဧပြီ ၂၃** | - | ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးမြို့တွင် WCDMA ဖုန်း စတင်ချပေးမည်။ |

**CDMA 450 နှင့် CDMA 800 HMz ဖုန်းများမှာ လတ်တလောလိုင်းအင်အားပြည့်နေ၍ လောလောဆယ် ရောင်းချပေးရန်မရှိသေးကြောင်း ဆက်သွယ်ရေးက သတင်းထုတ်ပြန်သည်။**




## စာ(၂၃) - အွန်လိုင်းငွေလွှဲဝန်ဆောင်မှု စတင်တော့မည်ဟုဆို မှ

ငွေလွှဲပို့လိုသူများအနေဖြင့် ၎င်းတို့၏လွှဲငွေများကို လက်ခံမည့်သူ၏ အီးမေးလ်လိပ်စာ (သို့) MyanPay Account နံပါတ်ကို သိရှိရုံဖြင့် အထက်ပါဘဏ်များတွင် အွန်လိုင်းစနစ်ဖြင့် ပေးပို့နိုင်မည်ဟုဆိုသည်။

ထို့အတွက် MyanPay Account ကိုအသုံးပြုလိုသူများအနေဖြင့် မည်သည့်ကုန်ကျစရိတ်ကိုမျှ ပေးဆောင်ရန်မလိုဘဲ အခမဲ့ အသုံးပြုနိုင်မည်ဟု သိရသည်။

အစိုးရ၊ ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည့် အဆိုပါဝန်ဆောင်မှုစနစ်ကို Personal Account နှင့် Business Account ဟူပြီး နှစ်မျိုးခွဲခြားထားသည်ဟု သိရသည်။

Personal Account သည် အနည်းဆုံးကျပ်ငွေတစ်ထောင်မှ အများဆုံး ငါးသိန်းအထိ ထားရှိနိုင်သည်ဟု ယင်းကုမ္ပဏီမှ သိရသည်။

Business Account သည် အနည်းဆုံးငွေကျပ် တစ်သောင်းမှ ကျပ်သိန်းငါးဆယ်အထိ ထားရှိနိုင်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စများကို အထက်ပါဘဏ်များနှင့် ဆောင်ရွက်နိုင်မည်ဟုလည်းဆိုသည်။


Malteser International
Order of Malta Worldwide Relief

**တင်ဒါခေါ်ယူခြင်း**

မာလ်တေဆာအင်တာနေရှင်နယ် အဖွဲ့အစည်းမှ ရခိုင်ပြည်မြောက်ပိုင်းဒေသ၊ မောင်တောနှင့်ဘူးသီးတောင်မြို့ အတွင်းတွင် ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းဒေသများ၌ အသုံးပြုရန် အတွက် 4x4 (သို့) Double-Cab ယာဉ် (၁) စီး ငှားရမ်းရန်အတွက် တင်ဒါခေါ်ယူလိုပါသည်။

ခရီးသည် သုံးတန်းထိုင်နိုင်သော ယာဉ်များ Toyota Landcruiser, Mitsubishi Pajero - ကို ပိုနှစ်သက်ပါသည်။ သို့သော်လည်း Toyota Hilux ကိုလည်း စဉ်းစားရွေးချယ်ပေးပါမည်။

စိတ်ဝင်စားသော တင်ဒါတင်သွင်းလိုသူ ယာဉ်ပိုင်ရှင်များသည် အသေးစိတ် အချက်အလက်များနှင့် တင်ဒါပုံစံကို **၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်**၊ နောက်ဆုံးထား၍ မာလ်တေဆာ အင်တာနေရှင်နယ် ရုံးများဖြစ်သော ရန်ကုန်၊ စစ်တွေ၊ ဘူးသီးတောင် နှင့်မောင်တောမြို့များတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းထုတ်ယူ နိုင်ပါသည်။

**ဌာနေရုံး**
14/15 (6F)၊ ပြည်တော်အေးရိပ်သာလမ်း၊
ရန်ကင်းမြို့နယ်၊ရန်ကုန်။
ဖုန်း- 01-657122, 09 86 22851

Malteser International
Order of Malta Worldwide Relief

**Public Tendering Announcement**

Malteser International requests tenders from interested local vehicle owners for rent of 4x4 vehicle or Double-Cab to use project implementation areas in Maungdaw and Buthidaung, NRS.

Preferred vehicles are those that can accommodate 3 rows of passengers e.g. Toyota Landcruiser, Mitsubishi Pajero etc, but others such as Toyota Hilux will also be considered.

Detailed information and tender form can be collected by interested vehicle owners at Malteser International Country Office in Yangon, or Malteser International offices in Sittwe, Maungdaw or Buthidaung not later than **28 March, 2012**.

**The address of Country Office is:**
No. 14/15 (6F), Pyi Taw Aye Yeik Thar Street,
(Diagonally opposite of Marina Residence, off Kabar Aye Pagoda Road)
Yankin Township, Yangon, Myanmar
Tel: 01-657122, 09 86 22851

7DAY NEWS JOURNAL
Vol.11, No.3 ▪ MARCH 22 , 2012

7Day News ဂျာနယ်တွင် ကျွန်တော်ရေးခဲ့သည့် 'ဟိုတုန်းက ဆရာတွေ' ဆောင်းပါးနှင့် 'ခေတ်ပတ်ဝန်းကျင်၊ လူငယ်နှင့် တားဆီးရမည့် ပြဿနာ'ဆောင်းပါးများနှင့် ပတ်သက်ပြီး 7Day ပရိသတ်မိတ်ဆွေအချို့က ဆိုလာကြသည်။ ဆရာနှင့် ကျောင်းသားတွေအကြောင်းပဲ ရေးသည်။ မိဘတွေအကြောင်းတော့ မရေးတော့ဘူးလား။ ပညာရေးတြိဂံမှာ ဆရာ၊ မိဘ၊ ကျောင်းသားသုံးနားညီမှ ပီပြင်မယ်မဟုတ်လား။ မိဘတွေရဲ့ ချွတ်ယွင်းချက်တွေလည်း ထောက်ပြပါဦးဟု အကြံပြုလာကြသည်။

.............................

# လက်ဦးဆရာ မည်ထိုက်စွာ

မင်းသန်းထိုက် (ဒေးဒရဲ)



ကျေးဇူးအထူးတင်ပါသည်။ သို့သော် ကျွန်တော့်ဆောင်းပါးများသည် ချွတ်ယွင်းချက်များကို ထောက်ပြထားသော ဆောင်းပါးများမဟုတ်ပါ။ ပညာရေးလောကတွင် ဆရာကောင်း၊ ဆရာမြတ်များ များများပေါ်ထွန်းစေချင်သောကြောင့် ဟိုတုန်းက ဆရာတွေ၏ စိတ်နေသဘာဝလေးများကို တင်ပြခြင်းဖြစ်ပါသည်။ ဒုတိယဆောင်းပါးမှာလည်း ကျောင်းသားလူငယ်များ ဘဝကို အလေးအနက် တန်ဖိုးထားတတ်လာအောင် မိဘနှင့် ဆရာများက ဘယ်လိုကူညီသင့်သလဲဆိုတာလောက်သာ အကြံပြုထားခြင်းဖြစ်ပါသည်။ အဓိကရည်ရွယ်ရင်းမှာ အနာဂတ်နိုင်ငံတော်ကိုပုံဖော်ထုဆစ်ကြရမည့်လူငယ်များသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် 'ပညာပြည့်ဝ နှလုံးလှသူများ'ဖြစ်စေချင်သောကြောင့်သာ ဖြစ်ပါသည်။

မိတ်ဆွေအချို့ အကြံပြုသလိုပင် ပညာရေးတြိဂံ၌မိဘ၏အခန်းကဏ္ဍသည် ဆရာ၏အခန်းကဏ္ဍထက် ပို၍ပင် အရေးပါပါသည်။ အကြောင်းမှာ ဆရာနှင့် ကျောင်းသားထိတွေ့ချိန်သည် ကျောင်းတက်ချိန် ငါးနာရီခန့်သာရှိသည်။ ကျန် ၁၉ နာရီလုံးလုံး မိဘနှင့်သာ ထိတွေ့ဆက်ဆံရသည်။ သို့ဖြစ်ရာ မိဘ၏ ပြုမူနေထိုင်မှုပုံစံသည် သားသမီးထံ လုံးဝစီးဆင်း ကူးစက်သွားတော့၏။ ခပ်ဟော့ဟော့ နေထိုင်ပြုမူတတ်သော မိဘတို့၏ သားသမီးများသည် ခပ်ဟော့ဟော့ နေထိုင်ပြုမူတတ်ကြ၏။ ဒါကိုပင် အချို့က ခေတ်မီသည်ဟု ထင်နေကြပြန်သည်။

'လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ'ဟု ဆိုရိုးရှိသည်မဟုတ်ပါလား။ အချို့မိဘများ သားသမီးအပေါ် ပြုမူပုံတွေ လွဲကြသည်။ မိတ်ဆွေ မူလတန်းကျောင်းအုပ်ဆရာတစ်ယောက်က ပြောဖူးသည်။ ကျောင်းအပ်ချိန်ဆို "အရမ်းစိတ်ညစ်ရတယ်ဗျာ"တဲ့။ သူငယ်တန်းအသစ် လာအပ်တဲ့ အချို့ကလေးတွေက ဆံပင်တွေ ဆေးဆိုးလို့။ အချို့က နောက်စေ့တစ်နေရာတည်းက ရှည်ထွက်နေတဲ့ သံယောဇဉ်ကေနဲ့။ အချို့ယောက်ျားလေးတွေက နားကပ်လေးတွေနဲ့။ ကိုးတန်း၊ ဆယ်တန်းကလေးတွေ သူတို့ဘာသာ သူတို့ လုပ်တာထားပါ။ ခုဟာက မိဘတွေလုပ်ပေးတာ။ ဘယ်ကလေးကမှ သူတို့ကို ဒီလိုလုပ်ပေးပါလို့ မပူဆာဘူး။ မိဘတွေက ရှုပ်တာ။ နောင် အရွယ်ရောက်လို့ ပြောမကောင်း၊ ဆိုမကောင်းဆိုတော့မှ ဆရာတို့ တပည့်တွေ ဆုံးမပေးပါဦးဆိုတော့ မခက်ဘူးလားဗျာတဲ့။

ကျူရှင်ဆရာတစ်ယောက်ကလည်း ပြောဖူးသည်။ ဆယ်တန်းဝိုင်းတစ်ဝိုင်းမှာ ကျူရှင်တက်နေတဲ့ ကျောင်းသားတစ်ယောက်ရဲ့မိဘက သူ့သားကိုဝိုင်းမှာလည်း ဘာသာစုံသင်။ ပြီးတော့ အရေးကြီးတယ်ထင်တဲ့ လေးဘာသာ (အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ) ကိုလည်း အိမ်မှာ ခေါ်ပြီး တစ်ယောက်တည်းသင်သတဲ့။ Guide သဘောမျိုးပေါ့။ သူတို့က အိမ်နှစ်လုံးရှိတော့ ဆောက်ပြီးခါစအိမ်အသစ်မှာ သားကို သီးသန့်သင်စေပါသတဲ့။ နှစ်လလောက်သင်ပြီးတော့ ကျောင်းသားက ဆရာတွေကိုပြောသတဲ့။ နောက်လကစပြီး ဝိုင်းမှာပဲ တက်တော့မယ့်အကြောင်း၊ ဒီနှစ် အရောင်းအဝယ်မကောင်းလို့ သူ့အိမ်က တစ်ဘာသာချင်း Guide မထားနိုင်တော့တဲ့အကြောင်း ပြောသတဲ့။ ဆရာတွေကလည်း ဘာတတ်နိုင်မှာလဲ။ ကျောင်းသားက Guide မယူတော့ပါဘူးဆိုမှတော့ စိတ်မကောင်းစွာနဲ့ပဲ ရပ်လိုက်ရတော့တာပေါ့။

နောက်သုံးလလောက်ရှိလို့ အဲဒီကျောင်းသားရဲ့အမေနဲ့ ကျူရှင်ဆရာတို့ လမ်းမှာ အမှတ်မထင်သွားတွေ့ကြတော့ ကျောင်းသားအမေက သူ့သားအခြေအနေ ဘယ့်နှယ့်လဲ။ စာရော လိုက်နိုင်ရဲ့လား။ Guide ရော မှန်မှန်တက်ရဲ့လား စသဖြင့် မေးတော့မှ ကျောင်းသားရဲ့လှည့်ကွက်တွေ ပေါ်တာကိုး။ အိမ်ကိုတော့ ဆရာတွေက သူတို့အိမ်မှာခေါ်ပြီး Guide လုပ်ပေးတယ်လို့ညာ။ ဆရာတွေကိုတော့ အိမ်က စီးပွားရေးမကောင်းလို့ Guide မယူတော့ဘူးလို့လှိမ့်။ ပြီးတော့မှ အိမ်ကပေးတဲ့ ကျူရှင် လခတွေနဲ့ Guide အချိန်တွေမှာ ဂိမ်းသွားသွားဆော့နေတာကိုး။

ကျွန်တော့်မှာ ထိုကျောင်းသား၏ ညဏ်အနီရောင်၊ အနက်ရောင်တွေကို သဘောတောင်ကျတတဖြစ်မိပါ၏။ သည်ဖြစ်ရပ်တွင် ကျွန်တော့်အနေဖြင့် ကျောင်းသားကိုအပြစ်မတင်ချင်ပါ။ သုံးလလုံးလုံး ကိုယ့်သားသမီး ကျောင်းမှန်မှန်တက်ရဲ့လား၊ ကျူရှင်မှန်မှန်တက်ရဲ့လား၊ စာရော မှန်မှန်လုပ်ရဲ့လား လုံးဝမစူးစမ်းဘဲ လမ်းကြုံမှ သားအခြေအနေကို ဝတ်ကျေတမ်းကျေ မေးမြန်းသည့်မိဘများကိုသာ အပြစ်တင်ချင်ပါတော့သည်။ တကယ်ဆို တစ်ပတ်တစ်ကြိမ်လောက် မဟုတ်သည့်တိုင် နှစ်ပတ်တစ်ကြိမ်လောက်ဖြစ်ဖြစ် ကိုယ့်သားသမီးအခြေအနေကို ဆရာများနှင့်တွေ့ဆုံမေးမြန်းသင့်သည်မဟုတ်ပါလား။ သားသမီး၏ စိတ်နေသဘာဝ၊ အမူအကျင့်ကို ဆရာများထက် မိဘများက ပိုသိသည်မဟုတ်ပါလား။ ခုတော့ဖြင့် နာမည်ကြီးဝိုင်းမှာ ထားပေးရုံ၊ Guide ငှားပေးရုံဖြင့် တာဝန်ကျေပြီထင်နေကြလျှင်ဖြင့် ရလဒ်ဆိုးများသာ ထွက်လာပါလိမ့်မည်။

နောက် တွေ့ဖူးသော မိဘတစ်ဦးကတော့ အယူအဆတစ်မျိုးဖြစ်သည်။ ဆရာဝန်ဖြစ်မှ၊ အင်ဂျင်နီယာဖြစ်မှ ဂုဏ်ရှိသည်ထင်၏။ ထို့ကြောင့်ပင် သူ့ကလေးကို သိန်း ၃၀ လောက်ပေးရသော ရန်ကုန်က ဘော်ဒါကြီးတစ်ခုကိုပို့သည်။ ကလေးဆီကို ဖုန်းဆက်တိုင်း၊ ရန်ကုန်သွားရင်း ခရီးကြုံလို့ဝင်တွေ့တိုင်း ဘာသာစုံဂုဏ်ထူးထွက်အောင်လုပ်ဖို့၊ ဆရာဝန်လိုင်းဝင်အောင်ကြိုးစားဖို့ ဖိအားတွေပေးသည်။ ကျောင်းသားကလည်း အသင့်အတင့်တော်ပါ၏။ လိမ်လည်း လိမ္မာပါ၏။ မိဘတွေ ဆန္ဒပြည့်အောင် ကြိုးစားရှာပါသည်။ သို့သော် ဆန်တစ်တင်းသာ ဆံ့သောအိတ်ကို အတင်းဖိသိပ်ကာ နှစ်တင်းထည့်လျှင် အိတ်ကွဲရုံသာရှိပေလိမ့်မည်။ မနိုင်ဝန်ထမ်းရရှာသည့် ကျောင်းသားခမျာ အောင်စာရင်းထွက်တော့ ဂုဏ်ထူးတစ်ခုသာရပါသည်။ နှင့်အတွက် ဘယ်လောက်ကုန်တာ၊ ဘယ်မျှကုန်တာစသဖြင့် ပြစ်တင်ကြိမ်းမောင်းသံများဖြင့် စာမေးပွဲအောင်တာတောင် မပျော်လိုက်ရပါ။ အမှတ်စာရင်းတွေရတော့လည်း အမှတ် ၄၀၀ နီးနီးသာရသဖြင့် မိဘများက ငွေကြေးပြည့်စုံပါလျက် ထိုကျောင်းသားမှာ တက္ကသိုလ်တက်ခွင့်မရခဲ့ပါ။ ငွေကြေးမတတ်နိုင်သူများလိုပင် အဝေးသင်သာယူလိုက်ရပါသည်။ အခြား သူငယ်ချင်းတွေ တက္ကသိုလ်သွားဖို့အသီးသီးပြင်ကြဆင်ကြတော့ "ငါလည်း တက္ကသိုလ်တက်ချင်လိုက်တာ"တဲ့။ ဝမ်းပန်းတနည်းပြောရှာသည်။ သြော်. . လောက၌ သည်လိုမိဘမျိုးတွေလည်းရှိကြသည်။ အံ့သြဖွယ်ကောင်းလေစွ။

ဤစာကို ရေးရင်းမှပင် လွန်ခဲ့သည့်ငါးနှစ်ခန့်က ကြုံခဲ့ရပုံလေးကို သတိရမိသည်။ ကိစ္စတစ်ခုဖြင့် သူငယ်ချင်းတစ်ယောက်၏ အိမ်ကိုရောက်သွားတော့ သူငယ်ချင်း၏ ဇနီးက သူ့သမီး ဆယ်တန်းကျောင်းသူ စာကျက်နေသည်ကို အနီးတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်စောင့်နေ၏။ သူငယ်ချင်းနှင့် ပတ်သက်ပြီး တစ်မိသားစုလုံးနှင့် ပါ ရင်းနှီးနေသဖြင့် ကျွန်တော်က "ဟာ. . ကလေး စာကျက်တာ လွတ်လွတ်လပ်လပ် ကျက်ပါစေလားဟာ။ နင်တို့က အနားမှာထိုင်နေတော့ စာကျက်တဲ့သူက အာရုံရမလား" လို့ ဆိုလိုက်တော့ "သူက အဲလို မစောင့်လို့မရဘူး။ သူ့ချည်း လွှတ်ပေးထားလိုက်ရင် စာမကျက်ဘဲ ဝတ္ထုတွေ ခိုးခိုးဖတ်နေတာ။ ခွေးဖြစ်ချင်လို့လေ"တဲ့။ ကြားလိုက်ရတဲ့ ကျွန်တော့်မှာလည်း ခေါင်းတွေ ဘာတွေတောင် ကျိန်းသွားမိပါရဲ့။ ဒါနဲ့ပဲ "ဝတ္ထုဖတ်လို့သာ ခွေးဖြစ်ရရင် ငါခွေးဖြစ်တာကြာပေါ့ဟာ။ ကလေး ဝါသနာပါတာလည်း လုပ်ပါစေ။ သူ့စည်းသူ့ကမ်းလေးနဲ့ ထိန်းပေးပေါ့"လို့ပြောရသည်။

နောက် ကြုံရပုံက ကျွန်တော့်အစ်ကိုဝမ်းကွဲက မွေးသည့် တူကလေးတစ်ယောက်နှင့်ပတ်သက်၍ဖြစ်သည်။ ထိုကလေးက ပန်းချီဝါသနာပါသည်။ ကျောင်းအားချိန်တွင်သူ့ဘာသာသူတောင်ဆွဲမြောက်ဆွဲနှင့် အတော်ကလေးဖြစ်လာ၏။ သူ့ရှုခင်းပုံလေးတွေက ကျွန်တော်တို့ လူပြိန်းမျက်စိနှင့် ကြည့်လျှင်တော့ အတော်လက်ရာမြောက်သည်။ သည်လိုနှင့် ဆယ်တန်းအောင်တော့ သူက ယဉ်ကျေးမှုတက္ကသိုလ်တက်ချင်သည်။ သူ့အိမ်က အားမပေး။ G.T.C ကျောင်းကိုအတင်းအကျပ်တက်ခိုင်းသည်။ မတက်ချင်ဘဲတက်ရတော့ ကျောင်းမှာ မပျော်။ ပထမနှစ်ကိုနှစ်နှစ်ကျပြီး ကျောင်းက ထွက်လာသည်။ အခုတော့ တောပြန်ပြီး နွတ်ခမ်းမွေး မုတ်ဆိတ်မွေးဗရပျစ်နှင့် လယ်သမားကြီးလုံးလုံးဖြစ်နေရှာပြီ။

ကျွန်တော် ပြောလိုသည်မှာ မိဘဟူသည် သားသမီးကို ပြုစုပျိုးထောင်သူသာဖြစ်သင့်သည်။ ပုံသွင်းသူ မဖြစ်သင့်ပေ။ ကိုယ်ကိုယ်တိုင်ရော ကိုယ့်စိတ်တိုင်းကျ ဘဝကို တည်ဆောက်နိုင်ခဲ့ရဲ့လား။ သူတို့မှာလည်း သူတို့စိတ်၊ သူတို့ခံစားချက်၊ သူတို့ အိပ်မက်လေးတွေ ရှိပေလိမ့်မည်။ သူတို့ရဲ့ ဘဝလမ်းကြောင်း မတိမ်းစောင်းအောင်သာ ဖေးမကူညီတည့်မတ်ပေးရပေမည်။ သူတို့ရဲ့ ဝါသနာသည် ဝါသနာဆိုးလား၊ ဝါသနာကောင်းလား ခွဲခြားကြည့်ရပေမည်။ ဆိုပါစို့ ကိုယ့်သားသမီးက အလောင်းအစား ဝါသနာပါနေသည်ဆိုလျှင်တော့ အကျိုးအကြောင်းသင့် ဆုံးမ၍မရပါလျှင် "မကောင်းမြစ်တာ"ဟူသော မိဘဝတ္တရားအတိုင်း ဆောင်ရွက်ရပေမည်။ စာဖတ်ဝါသနာပါခြင်း၊ ပန်းချီဝါသနာပါခြင်းသည်ဝါသနာဆိုးမဟုတ်သည့်အတွက် မတားဆီး၊ မပိတ်ပင်သင့်ပေ။ ဘဝအတွက် ဘယ်အရာသည် အဓိကကျတယ်ဆိုတာ နားလည်သဘောပေါက်အောင်ရှင်းပြပြီး အဓိကအရာကို ဦးစားပေးလုပ်၊ ဝါသနာပါတာကို အားလပ်ချိန်တွေထဲက ဖဲ့ပြီးလုပ်တတ်အောင် ရှင်းပြပြောဆိုလျှင် ယခုခေတ် သားသမီးများ နားနီးကြပါသည်။


ကိုယ်မျှော်မှန်းသည့် တက္ကသိုလ်ရအောင် မလုပ်နိုင်လို့ နေ့တက္ကသိုလ်ထားနိုင်အောင် ချမ်းသာပါလျက် အဝေးသင်တက္ကသိုလ်တက်ခိုင်းခြင်းသည် ပြစ်မှုနှင့် ပြစ်ဒဏ်မမျှတသည့် စီရင်ချက်ဖြစ်ပါသည်။ ကလေး၏ ရင်ထဲမှာ (ဆရာကြီး ရွှေဥဒေါင်းအသုံးအနှုန်းနှင့်သုံးရလျှင်) ဆူးအကြီးကြီး ပေါက်သွားနိုင်ပါသည်။ ဆရာဝန်၊ အင်ဂျင်နီယာလုပ်ရမှ လူရာဝင်သည်မဟုတ်ပါ။ ကိုယ့်ဘာသာရပ်နယ်ပယ်မှာ ကိုယ်တကယ်ပိုင်နိုင်တတ်ကျွမ်းလျှင် လူရာဝင်သည်သာဖြစ်ပါသည်။

မိဘဟူသည် လက်ဦးဆရာဖြစ်ပါ၏။ လှပသော သုံးနားညီတြိဂံလေးတစ်ခု ဖြစ်လာရန်မှာ မိဘဟူသော အနားတစ်ဖက်သည်လည်း လွန်စွာအရေးကြီးပါသည်။ ကျွန်တော်တို့၏ သားသမီးများ ပညာပြည့်ဝ နှလုံးလှကြစေရန် ဆရာကောင်း၊ ဆရာမြတ်များနှင့်အတူ မိဘများကလည်း မိဘကောင်း၊ မိဘမြတ်များဖြစ်ရန်လိုအပ်သည်မဟုတ်ပါလော။ ။

7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

မတ်လ ၁၀ ရက်ညကဖြစ်သည်။ ထိုညကို သည်းထိတ်ရင်ဖိုညဟု ပြောရမည်ထင်၏။ ဘုရားတ၍ လိုက်ရသည်။ သံဗုဒ္ဓေရွတ်ရသည်။ ဓာရဏပရိတ်ရွတ်ရသည်။ ကုသိုလ်ရမရတော့မသိ။ ဘယာကြောင့် ကြောက်ရွတ်ရွတ်ခြင်းဖြစ် ၍ ကုသိုလ်ရလိမ့်မည်တော့မထင်။ ထိုကြောက်စိတ်ထဲမှာမှပင် ဒေါသစိတ်က ခေါင်းထောင်ထပြန်သည်။ ထို့ကြောင့် ကုသိုလ်နှင့်တော့ ဝေးမည်သေချာ၏။ သို့သော် ပါးစပ်ကပရိတ်ကိုပဲ ဖိရွတ်နေမိသည်။ ဘာတစ်လုံးမှတော့ ဒင်းတို့ကို မပြောဖြစ်။ ပြောလျှင်လည်းရမည်မဟုတ်။ ပြောမိ၍ ကိုယ့်ပြန်ပြီး ဂျစ်ကန်ကန်လုပ်လျှင် ကိုယ်ကငယ်မူငယ်သွေးမဟုတ်တော့။ အဘိုးကြီးပေါက်စဖြစ်နေပြီ။ သည်တော့လည်း ဘုရားကယ်ပါတရုံမှအပ ဘာမျှမလုပ်တာကောင်းသည်ဟုပဲ ကိုယ့်စိတ်ကို ကိုယ်ချိုးနှိမ်ထားရ၏။

သူကတော့ ဘာကိုမျှမြင်ပုံတွေးပုံမရ။ သူ့ရှေ့မှ လေကာမှန်ပေါ်တွင် အစီအရီကပ်ထားသည့် "သင့်မိသားစုကဘေးရန်ကင်းရှင်းစွာ အိမ်ပြန်လာမည့်သင့်ကို မျှော်နေကြသည်" ကိုလည်း မြင်ပုံမရ၊ "တစ်နာရီမိုင် ၂၀ ထက်ပိုမမောင်းရ" ကိုလည်း မြင်ပုံမရ၊ "ဘေးရန်ကင်းရှင်းစွာမောင်းနှင်ပါ" ကိုလည်း ကြည့်ပုံမရ။ ရှေ့ကားကိုကျော်ဖို့နှင့် နောက်ကားကို ဖြတ်ထားခဲ့နိုင်ဖို့ အသည်းအသန် ကြိုးစားနေသည်။ တီးလိုက်သည့်ဟွန်းကလည်း အဆက်မပြတ်။ ပြီးသူ့ဟွန်းကြီးက သေးသေးအသံကြီးမဟုတ်။ တစ်လမ်းလုံးကို သူ့ကားဟွန်းသံကြီးက ဆွဲခါရိုက်ပုတ်နေသလိုရှိသည်။



# ကြည်ဖြူရန်မေတ္တာအသိတွေနဲ့ ပြည်သူ့သရဏံဂစ္ဆာမိကြပေရော့

[redacted] **သင်းရီ**

တကယ်တော့ ဒရိုင်ဘာကိုယ်တော်မြတ်ရော စပယ်ယာကိုယ်တော်မြတ်တို့ပါ အလွန်ဆင်ခြင်ဖို့ကောင်းသည်။ မှောင်ရီပျိုးစ ည ၇ နာရီခန့်ဆိုတော့အနော်ရထာလမ်းမကြီးပေါ်မှာ လူတွေကားတွေက ကျပ်ခဲနေသည်။အဲ့သည်ကျပ်ကျပ်ထဲမှာ ဒင်းကအတင်းကွေ့ဝိုက်ဖြတ်တက်ပြီး အရှိန်ပြင်းပြင်းနှင့် မောင်းနေသည်။ လေဟာပြင်ထဲမှ ဂျက်လေယာဉ်လို့များထင်မှတ်နေသလားမသိ။ လမ်း၅၀မှတ်တိုင်ကတည်းက လီဗာကို စွတ်နင်းလာလိုက်သည်မှာ လမ်း ၄၀ မှာမှ အရှိန်သတ်ရုံလေးရပ်။ ဆင်းသည့်ခရီးသည်တွေကို တွန်းချပြီး ၃၈ လမ်းညနေဈေး လူရှုပ်ရှုပ်ကြားထဲဖြတ်တိုးကာ ပန်းဆိုးတန်း မီးပွိုင့်ကိုကျော်ခဲ့ပြီ။ ကိုယ်ကတော့ ရွတ်လာသည့်ပရိတ်တွေကို မရပ်မိ။

တကယ်တော့ကိုယ်ရွတ်နေမိသည့်ပရိတ်တွေက ကိုယ့်အတွက်ဦးစားပေးမဟုတ်။ ဦးစားပေး နံပါတ် (၁) က စိတ်အထိန်းအကွပ်မဲ့စွာအလုအယက်ရမ်းရမ်းကားကားမောင်းလာနေသည့် လိုင်းကားကြီး၏အန္တရာယ်ကိုကြိုတင်မမြင်နိုင်စွာနမော်နမဲ့နှင့်ပင်လမ်းဖြတ်ကူးနေကြသူတွေနှင့်တစ်လမ်းလုံးပြည့်နေသော ဆလွန်းကားလေးတွေအတွက်ဖြစ်လျက် နံပါတ်(၂) က ဒရိုင်ဘာကိုယ်တော်မြတ် အတွက်ဖြစ်သည်။ အဲ့ဒီနောက်က မှ ကိုယ့်အတွက်က ပါရုံမျှ။

သည်လောက်အရှိန်ကြီးနှင့်ဖြစ်လိုက်လျှင် အကွဲအပြဲအကျိုးအပဲ့မျှမဟုတ်လောက်။ အသေအကြေဖြစ်သွားမည်သေချာသည်။ ခံရသူလည်းသက်သာမည်မဟုတ်။ ယဉ်မောင်းသူလည်း သက်သာမည် မဟုတ်။

ဘုရားတရင်းပရိတ်တွေရွတ်နေရင်းမှပင်ကိုယ့်စိတ်အတွေးက မီးခိုးကြွက်လျှောက်ကြွက်မြီးတန်းသွားပြန်သေးသည်။

ယဉ်တိုက်မှုဖြင့်ထောင်(၁၀) နှစ်ကျသွားခဲ့သော ဟီးနိုးလိုင်းကားကြီးမောင်းသည့် ညီဝမ်းကွဲတော်သူကိုသတိရသည်။သူ့စိတ်ကိုဆင်ခြင်မှုမဲ့အောင် ဘာတွေကများ စေ့ဆော်လာသည်မသိ။ ကုန်းအဆင်းကြီးဖြစ်ပါလျက် အရှိန်ကိုလျှော့ဖို့သတိမရ၊ ရှေ့မှာရပ်ထားသည့်ကားကိုမြင်မှ ဘရိတ်ကိုနင်းသည့်အခါ မမီလိုက်တော့သည်လား ဘရိတ်ပေါက်သွားသည်လားမသိတော့။ ရှေ့မှတီအီးအလဲဗင်းကားကြီး၏နောက်ပိုင်းကို အရှိန်ပြင်းပြင်းကြီးဖြင့် ဝင်တိုက်မိသွားတော့သည်။

ယာဉ်ယာဉ်ချင်းတိုက်မိသည်မျှဆိုလျှင်တော့ ပြဿနာက မကြီးကျယ်လှ။ သို့သော် ၅ စက္ကန့်မျှလောက်ပင် မကြာလိုက်သည့် ထိုအဖြစ်အပျက်ကလေးအတွင်းတွင် လူသားနှစ်ယောက်ဘဝနှစ်ခုကိုကံကြမ္မာအမှောင်တိုက်ကတစ်ပြိုင်နက်တည်း ခြေမွဖျက်ဆီးပစ်လိုက်သည်ကမူရင်နင့်စရာကောင်းလှ၏။ တိုက်ဆိုင်မှုက ရက်စက်လွန်းသည်။ ရုံးဝန်ထမ်းတွေကိုတင်ဆောင်လာသည့် ထိုတီအီး အလဲဗင်း ကားကြီး၏ နောက်ဘက်တွင်တပ်ဆင်ထားသော သံလှေကားပေါ်မှ ဝန်ထမ်းအမျိုးသမီးငယ်လေးတစ်ဦး ခြေတစ်ဖက်ကိုကျော်ချပြီးဆင်းလိုက်သည့် ၂ စက္ကန့်မျှလက်မတင်အချိန်လေးအတွင်းမှာမှ တကယ့်ကိုတိုက်တိုက်ဆိုင်ဆိုင်။

လျပ်တစ်ပြက်အတွင်းမျက်စိထဲအမှိုက်ဝင်လိုက်သလိုဖြစ်ပျက်သွားသည့် မြင်ကွင်းကမြင်ရက်စရာမရှိ။ နောက်မှ ဝင်တိုက်လိုက်သည့် ဟီးနိုးလိုင်းကားကြီး၏အရှိန်ကြောင့် အမျိုးသမီးငယ်လေးလှေကားပေါ်မှလွင့်ကျသွားသည်။ ကတ္တရာလမ်းပေါ်သို့လွင့်ကျလာသော ထိုအမျိုးသမီးငယ်လေးကို အရှိန်ထိန်းမရတော့သည့်ကားကြီးက မုန်ယိုနေသော ဆင်မျက်ကန်းကြီးတစ်ကောင်လို နင်းခြေပစ်လိုက်သည်။၅စက္ကန့်မျှလောက်ကလေးပင်မရှိလိုက်သည့်အချိန်တိုလေးအတွင်းမှထိုအဖြစ်အပျက်သည် ကာယကံရှင် နှစ်ယောက်လုံးကို အနည်းငယ်မျှပင်ပြန်လည်ပြင်ဆင်ပိုင်ခွင့် မပေးနိုင်စွာ နိဂုံးချုပ်ပစ်လိုက်လေတော့၏။

ဆင်ခြင်မှုမဲ့စွာယဉ်မောင်းသူက အထူးစီမံချက်နှင့် တိုးကာထောင်ဒဏ် (၁၀) နှစ် အပြစ်ပေးခံရသည်မှာသူ့အပြစ်နှင့်သူဟုဆိုနိုင်သည့်တိုင် သူ့ကိုမှီခိုနေရသောမိသားစုတစ်ခုလုံး ဖရိုဖရဲနှင့်ဘဝတွေအားလုံးပျက်စီးကုန်ကြရသည်ကမူ ဆင်ခြင်မှုမဲ့သူ၏ ငြင်းပယ်၍ မရသော အကျိုးဆက်ဟုသာဆိုရတော့မည်။

မထင်မမှတ် ပိုးစိုးပက်စက်အသက်ဆုံးရှုံးသွားရသည့်အပြစ်မဲ့အမျိုးသမီးငယ်လေးအတွက်ကတော့ ပြောစရာမရှိတော့။ ဆုံးရှုံးမှုကြီးမားလွန်းသလောက် ရင်နင့်စရာ ကောင်းလှသည်။ ဒါသည်ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ကံအကြောင်းတရားမဟုတ်။အဆင်ခြင်မဲ့မှု၏အကျိုးဆက်များသာဖြစ်လေ၏ဟုအတိအကျဆိုချင်သည်။

တကယ်တော့သည်လိုအဖြစ်အပျက်မျိုးတွေက အနမတဂ္ဂ။ သို့တိုင်လည်း ဆင်ခြင်ဖို့သတိမရှိကြ။ ဖြစ်ပြီးမှကိုယ့်တာဝန်ကိုယ်မယူဘဲ ကားကိုထားပြီးထွက်ပြေးကြသည့် ဒရိုင်ဘာမျိုးတွေကလည်း မရေမတွက်နိုင်အောင်ရှိလှပြီ။ ထိုသို့တာဝန်မဲ့မှုက ပိုပြီးမိုက်မဲသကဲ့သို့ ရှက်စရာလည်းကောင်းလှ၏။

ယခုလည်း ညဥ့်ဦး အနော်ရထာလမ်း လူကျပ်ကျပ်ထဲမှာ ဟွန်းရှည်ကြီးတီးပြီး ကွေ့ကောက်ပွတ်ဆွဲ ရဲတင်းမိုက်မဲစွာအရှိန်ပြင်းပြင်းမောင်းရဲသည့်ဒရိုင်ဘာကိုယ်တော်မြတ်ကို ထူးထူးခြားခြားဖြင့် မအံ့ဩမိတော့။ မကြာခဏဆိုသလိုသည်လိုဒရိုင်ဘာမျိုးတွေကိုတွေ့ရတတ်သည်ပဲ။ ဟွန်းကိုလက်မလွှတ်တမ်းတီးနေသည်ကပင်လမ်းပေါ်မှ အရာအားလုံးကို ရိုင်းပြစွာစိမ်ခေါ်နေသလို ထင်ရသည်။

ဟိုဘက်နှစ်တွေများတုန်းက ဟွန်းသံကင်းမဲ့ဇုန်တွေသတ်မှတ်ပြီးဟွန်းတီးလျှင် အရေးယူတာတွေရှိတော့ဟွန်းသံတွေမကြားရ။ ခုတော့ အရေးယူမှုမရှိတော့လို့လားမသိ။ တီးလိုက်ကြသည့်ဟွန်းတွေက အပြိုင်တီးနေကြသလားပင် ထင်ရသည်။ ဟွန်းတွေကလည်းအမျိုးမျိုး။ echo horn, air horn ဟွန်းအမျိုးပေါင်းကို စုံလို့။ အသံတွေက လိုအပ်သည်ထက်ဆန်းပြားကျယ်လောင်အောင် ဖန်တီးထားသည့်ဟွန်းတွေဖြစ်သည်။

တကယ်တော့ ယဉ်တွေမှာ လိုအပ်သဖြင့် ဟွန်းတွေ၊ ဥသြတွေ၊ ဘဲလ်တွေ တပ်ပေးထားတာဖြစ်သည်။ ထို့ကြောင့် ဟွန်းမတီးရဟု သတ်မှတ်သည်ကို မကြိုက်ပါ။ အလားတူပင်ဟွန်းတွေကိုနှိပ်ရလွယ်တိုင်း စည်းမဲ့ကမ်းမဲ့ရိုင်းပြစွာ နှိပ်နေကြသည်ကို လည်းမကြိုက်ပါ။ အထူးသဖြင့် လိုအပ်သည်ထက် အဆမတန် ကျယ်ကျယ်လောင်လောင်ဖြစ်အောင် ဖန်တီးထားသည့် air horn လို ဟွန်းမျိုးတွေကိုမကြိုက်ပါ။ မုန်းပင်မုန်းတီးပါသေးသည်။

အဝေးပြေးကုန်တင် Truck ကားကြီးတွေက အလွန်ကျယ်လောင်သော air horn တွေကို တပ်ကြသည်။အနားကပ်မှအမှတ်မထင်နှိပ်လိုက်လျှင် ဖျပ်ခနဲတုန်၍ပင် လန့်သွားလောက်သည်ထိ ကျယ်လောင်သည်။ ဒါကိုပင် သဘောကျပြီး နောက်သလိုပြောင်သလိုသဘောဖြင့်ဟွန်းကို တမင်တီးကြသေးသည်။

လွန်ခဲ့သည့် ၁၀ နှစ်လောက်တုန်းကဖြစ်သည်။ ရန်ကုန်၊ ပြည်လမ်းမကြီးပေါ်မှ မြို့တစ်မြို့တွင် အရှိန်ပြင်းပြင်းနှင့် မောင်းလာသည့်truck ကားကြီးကကျောင်းဆင်းလာသည့် ကလေးတွေနားရောက်မှ နောက်သည့်ပြောင်သည့်သဘောဖြင့် air horn အကျယ်ကြီးကို လန့်သွားအောင် တမင်နှိပ်လိုက်သည့်အခါ စက်ဘီးစီးပြီးကျောင်းဆင်းလာသည့် ကျောင်းသူလေးတစ်ဦး လန့်ပြီးစက်ဘီးဒယီးဒယိုင်ဖြစ်ကာ ကားအောက်ရောက်သွားခဲ့ဖူးသည်။ မလိုအပ်ဘဲတီးသည့် ဟွန်းသံတစ်ချက်ကြောင့် ကလေးငယ်တစ်ဦး အသက်ဆုံးရှုံးရသည်မှာ နစ်နာလွန်းလှသည်။

လက်ကိုင်ခွေပေါ်တွင်လွယ်လင့်တကူရှိလွန်းလှသည့် ဟွန်းဆိုတော့လည်း မလိုအပ်ဘဲနှင့်လည်းနှိပ်တတ်ကြသေး၏။ ရန်ကုန်မြို့ထဲမှ တစ်လမ်းမောင်းသတ်မှတ်ထားသည့် လမ်းတိုလေးတွေမှာ သည်လိုအသံမျိုးတွေအမြဲလိုကြားရတတ်သည်။ ဥပမာ ၃၈ လမ်းလိုဈေးရှိသည့်လမ်း၊ လူထူသည့်လမ်းမျိုးမှာ ရှေ့မှကားက ကုန်ချလို့ပဲဖြစ်ဖြစ် လူဆင်းလို့ပဲဖြစ်ဖြစ် ခေတ္တရပ်သည်ကို သိနေမြင်နေပါလျက် နောက်ကကားတွေကသည်းညည်းခံ၍ပင် ခဏတဖြုတ်မစောင့်ချင်ကြ။ ကိုယ်ချင်းမစာချင်ကြ။ဟွန်းတွေကိုအပြိုင်တီးကြတော့သည်။ သူတို့ကိုယ်သူတို့သတိထားမိချင်မှထားမိမည်ဖြစ်သော်လည်းကြားရသည်မှာ အကုသိုလ် ဖြစ်လှ၏။ တချို့အာဏာပါဝါရှိသူတွေကဆိုဟွန်းကိုစပယ်ရှယ် တီးရုံမျှမက ရှေ့ကကားကိုမာန်မဲဟောက်ဟန့်၍ပင် သွားတတ်ကြသေးတာမြင်မြင်နေရသည်။ လမ်းပိတ်ရကောင်းလားပေါ့။ လက်ထဲ ဓားရှိသူကသာ မှန်တမ်းလားလည်းမသိ။

ယခုလည်း ဒရိုင်ဘာကျေးဇူးရှင်က ငါလုပ်ချင်တာလုပ်မယ် ဆိုသည့် ငါစွဲတွေပင်ပြင်းနေလေသလား ထင်၏။ ဟွန်းသံအကျယ်ကြီးကို အဆက်မပြတ်တမ်းလိုနှိပ်ရင်းကုန်ဈေးတန်း မှတ်တိုင်သို့ရောက်လာသည်။ ရှေ့မှရောက်နှင့်ထားသည့်လိုင်းနံပါတ်တူကားကိုကျော်ပြီးရပ်သည်။

"ဘယ်ညာ နှစ်ယောက်ဆင်းမယ်၊ လက်တွေလွှတ်ဆင်း လက်တွေလွှတ်ထား. ထုတ်ဆရာရေ့"

စပယ်ယာ့အော်သံ ကြားရသည်။ကားကဝုန်းခနဲဆောင့်ထွက်သည်။ အင်ဂျင်ကငယ်သံပါသည်။ သည် အထဲဟွန်းသံကပါ ရောပါလာသည့်အခါ ငရဲပွက်သလားထင်ရသည်။

သိမ်ကြီးဈေးမီးပွိုင့်ရောက်တော့မီးကနီနေ၏။ သို့သော်ဘယ်ညာကားအလာရှင်းနေသည်ကို အခွင့်ကောင်းယူလျက် မီးအစိမ်းကို မစောင့်ဘဲ အရှိန်နှင့် ဖြတ်သည်။ လသာလမ်း မှတ်တိုင်မှာ တန်းစီပြီးစောင့်နေကြသည့် ခရီးသည်တွေကို တက်သုတ်ရိုက်ပြီး ကျောပုတ်၊ ခါးဖက်၊ လက်ဆွဲ တင်သည်။ "ဟိုကောင်တွေ သိမ်ကြီးဈေးမှာ ပွိုင့်မိနေတယ်"ဆိုသည့် စပယ်ယာ့အော်သံ ကြားရသည်။ လသာမှတ်တိုင်မှထပ်တက်လာသူတွေနှင့် ကားအူလယ်လမ်းမှာပင် အတော်ကျပ်သွားပြီ။ ကျော်တက်လာခဲ့သည့်ကားလည်းသိမ်ကြီးဈေးမီးပွိုင့်မှာ ကန့်လန့်တင်ကျန်ခဲ့ပြီ။ ဒါကိုပင် ကျေနပ်ပျော်ရွှင်သွားသည်လားမသိ အတက်အဆင်းအပေါက်မှ စပယ်ယာကိုယ်တော်မြတ်က ဖွင့်ထားသည့်ထိုအပေါက်မှာကိုယ်တစ်ပိုင်းထုတ်လျက် လက်ခေါက်တရှီရှီမှုတ်ရင်း သူ့ဆရာဒရိုင်ဘာကို ဂုဏ်ပြုတေးသီလာလိုက်သေးသည်။ ထိုလက်ခေါက်မှုတ်သံက မြှောက်ပေးနေ၍လားမသိ၊ ကားအင်ဂျင်သံက ငယ်သံပါဆဲ။ လမ်းဘေးမြင်ကွင်းတွေကရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ဆဲ။ ဟွန်းသံကလည်း မြည်ကောင်းဆဲ။

သို့နှင့် အချိန်တိုအတွင်း ၁၅ လမ်းမှတ်တိုင်သို့ အန္တရာယ်ကင်းစွာပင်ရောက်သွားသည်။ ၁၅လမ်းမှတ်တိုင်မှာလည်းခရီးသည်တွေက မနည်းလှ။ ကားကြောပြတ်နေ၍များ သည်လောက်စုပုံနေသလားတွေးမိသည်။ ခရီးသည်တွေက လူကျပ်ကျပ်ကားပေါ်သို့တိုးဝှေ့တက်လာကြသည်။ သည်တစ်ခါတွင်တော့ ကိုရွှေစပယ်ယာက တက်သုတ်မရိုက်တော့။ မလှမ်းမကမ်း ကွမ်းယာဆိုင်သို့ပင်ကွမ်းသွားဝယ်နေလိုက်သေးသည်"အေးရာအေးကြောင်းပဲ ကိုယ့်ဆရာရေ. . " ဟု အသံကြားရသည်။ ကားပေါ်မှာက ကျောချင်းကပ်ရင်ချင်းအပ်တွေ ဖြစ်ကုန်ပြီ။ သို့သော်လည်းအေးရာအေးကြောင်းပဲဟု ဆိုထားသည် မဟုတ်လား။ မှတ်သားလောက်အောင် အေးပြန်လေတော့၏။ စက်သံပင်မကြားရတော့လောက်နီးနီး ငြိမ်သက်သွားသည့် ကားကြီးက အစာဝအောင်မျိုထားပြီးသည့် စပါးကြီး မြွေကြီးတစ်ကောင်လို ငြိမ်သက်နေလေတော့၏။

စာ(၃၁) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.3 • MARCH 22 , 2012

# အစိုးရဝန်ထမ်းများ ဧပြီ ၁ ရက်မှစ၍ အပိုထောက်ပံ့ကြေး တိုးမြှင့်ခံစားခွင့်ပြု

**ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်းများမှာ အပိုထောက်ပံ့ကြေးအပြင် လက်ရှိလစာနှင့်ညီမျှသောငွေကိုပါ ဒေသစရိတ်အဖြစ် ခံစားခွင့်ရရှိမည်**

**အားမာန်**

**ရန်ကုန်၊ မတ် - ၁၄**

တပ်မတော်သားများအပါအဝင် အစိုးရဝန်ထမ်းများ အားလုံး၏ စားဝတ်နေရေး သက်သာချောင်လည်မှုရှိစေရန် လာမည့် ဧပြီ ၁ ရက်မှစတင်၍ လက်ရှိ လစာအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် ကျပ်သုံးသောင်းနှင့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိနေ့စားအလုပ်သမားများ၏ လုပ်ခကို တစ်ရက်လျှင် ကျပ်တစ်ထောင် ထပ်မံခံစားခွင့်ပြုလိုက်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှသတင်းထုတ်ပြန်သည်။

နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်းခေါင်းစဉ်ဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးက မတ်လ ၁၄ ရက်၊ ရက်စွဲဖြင့် ကြေညာစာအမှတ် ၁၀၀/၂၀၁၂ ဖြင့် နိုင်ငံတော်အတွင်း နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများကို စားဝတ်နေရေး သက်သာချောင်လည်မှု ရှိစေရန်အတွက် လက်ရှိလစာအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လကျပ်သုံးသောင်းတိတိနှင့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏ လုပ်ခကို အလုပ်ချိန် တစ်နေ့ ရှစ်နာရီအတွက် လက်ရှိ သတ်မှတ်ထားသော လုပ်ခ ၁,၁၀၀ ကျပ်အပေါ်တွင် အပိုထောက်ပံ့ကြေး ကျပ် ၁,၀၀၀ တိတိကို ထပ်မံခံစားခွင့်ပြုမည်ဖြစ်၍ နေ့စားအလုပ်သမားမှာ တစ်နေ့ လုပ်ခ ၂,၁၀၀ ကျပ်တိတိကို ၂၀၁၂၊ ဧပြီ ၁ ရက်မှစတင်ခံစားခွင့်ပြုလိုက်ကြောင်း နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် ကြေညာသွားသည်။

အစိုးရဝန်ထမ်းများကို အပိုထောက်ပံ့ကြေးပေးသည့်အတွက် ပြည်သူအများစုမှာ ကုန်ဈေးနှုန်းများ တက်လာမည်ကို ပူပန်နေကြသည်။ အစိုးရ ဝန်ထမ်းများကိုယ်တိုင်လည်း ယခုကဲ့သို့ အပိုထောက်ပံ့ကြေးချီးမြှင့်သည့်အတွက် ဝမ်းသာကျေနပ်သူများရှိပြီး၊ မျှော်မှန်းထားသည်ထက်နည်း၍ မပျော်နိုင်သူများလည်းရှိသည်။

"ကျွန်တော်တို့ဝန်ထမ်းတွေလစာတိုးမြှင့်ပေးလိုက်လို့ ခံသာပေမယ့် အစိုးရဝန်ထမ်းမဟုတ်တဲ့ ၅၈ သန်းသော ပြည်သူတွေဟာ ဒီနောက်ဆက်တွဲအကျိုးဆက်ကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရမှာဖြစ်ပါတယ်။ ကိုယ့်ရဲ့ ယန္တရားတစ်ရပ်တည်းကိုပဲ အလေးပေး စဉ်းစားလို့ မဖြစ်တဲ့ အခြေအနေမှာ ကျွန်တော်တို့အနေနဲ့ လစာ (သို့မဟုတ်) ထောက်ပံ့ကူညီမှုတွေကို တိုးမြှင့်ပေးရန် ခြုံငုံစဉ်းစားဆုံးဖြတ်သွားမှာဖြစ်ပါတယ်"ဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်က အစိုးရသက်တမ်းတစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီလက ပြည်ထောင်စုလွှတ်တော်တွင်ပြောကြားခဲ့သော မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သန့်ရှင်းသောအစိုးရအဖြစ် အကောင်အထည်ဖော်ရေး ပိုမိုထိရောက်ရန် အစိုးရဝန်ထမ်းများ၏ လုပ်ခလစာကို ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်သတ်မှတ်ပေးရန် ပြည်ထောင်စုလွှတ်တော်တွင် အရေးကြီးအဆိုအဖြစ်တင်သွင်းခဲ့ပြီးနောက် အစိုးရဝန်ထမ်းလစာနှင့်ပတ်သက်၍ ထင်ကြေးအမျိုးမျိုးပေးနေချိန်တွင် နိုင်ငံတော်သမ္မတက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ အစိုးရဝန်ထမ်းမှာ တစ်နိုင်ငံလုံး လူဦးရေ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းသာရှိသည့်အတွက် ၉၇ ရာခိုင်နှုန်းကျော်ရှိသော ပြည်သူများ၏ စားဝတ်နေရေးကို ဦးစားပေးရန်လိုကြောင်း သမ္မတက ဆိုခဲ့သည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော မြို့နယ်နှင့် မြို့နယ်ခွဲ ၈၇ ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဝန်ထမ်းများကို လစဉ်အပိုထောက်ပံ့ကြေးသုံးသောင်းကျပ်အပြင်လက်ရှိလစဉ်ထုတ်ယူရရှိနေသော လစာနှင့်ညီမျှသည့်ငွေကိုပါ ဒေသစရိတ်အဖြစ် ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ သတ်မှတ်ခံစားခွင့်ပြုလိုက်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက မတ်လ ၁၅ ရက် ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်သည်။ အစိုးရဝန်ထမ်းများကို အပိုထောက်ပံ့ကြေးနှင့် ဝေးလံခေါင်သီ၍လူမှုရေးခက်ခဲသော ဒေသများမှ ဝန်ထမ်းများကိုဒေသစရိတ်ခံစားခွင့်ပြုကြောင်းကြေညာသော်လည်း အစိုးရအပါအဝင်လူအများစုစိုးရိမ်နေသကဲ့သို့ ယခုလတ်တလောတွင်ကုန်ဈေးနှုန်းများမတက်ဘဲ တည်ငြိမ်နေသည်။

## မြန်မာနိုင်ငံ ပါလီမန်အဖွဲ့ ဖွဲ့စည်းမည်

**ထူးသန့်**

**နေပြည်တော်၊ မတ် - ၁၆**

နိုင်ငံတကာပါလီမန်ဆိုင်ရာသမဂ္ဂ(I PU)သို့ဝင်ရောက်ရန်အတွက် မြန်မာနိုင်ငံပါလီမန်အဖွဲ့ကို သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းသွားရန် ယနေ့ကျင်းပပြုလုပ်သောပြည်ထောင်စုလွှတ်တော်အစည်းအဝေးက သဘောတူဆုံးဖြတ်ခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ လူ့အခွင့်အရေးစောင့်ရှောက်ရေးဆိုင်ရာအစီအစဉ်များတိုးတက်ဆောင်ရွက်နိုင်ရန်အတွက်IPU သို့ဝင်ရောက်ရန်ဖြစ်ကြောင်း၊IPU ထံမှလည်း ကူညီထောက်ပံ့မှုများရရှိမည့်အပြင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် ကြိုဆိုမှုများကိုလည်း လက်ခံရရှိထားကြောင်း ပြည်ထောင်စုလွှတ်တော် နာယကဦးခင်အောင်မြင့်၏ ပြောကြားချက်များအရ သိရှိရသည်။

ယနေ့အစည်း အဝေးတွင်မြန်မာပါလီမန်အဖွဲ့ ဖွဲ့စည်းရေးနှင့်နိုင်ငံတကာပါလီမန်ဆိုင်ရာသမဂ္ဂသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးကိုပါ သဘောတူဆုံးဖြတ်ခဲ့သည်။

ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ လာမည့်ဧပြီလဆန်းတွင် ကျင်းပမည့် အာဆီယံပါလီမန်အမတ်များညီလာခံတွင်လည်း အာဆီယံပဋိညာဉ်စာတမ်းကိုပြင်ဆင်ရန်၊ ပြန်လည်သုံးသပ်ရန်အတွက် အဆိုပြုသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကဦးခင်အောင်မြင့်က ပြောကြားခဲ့သည်။

## မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ မှတ်ပုံတင် မတင် ဆုံးဖြတ်မည်

**နေလင်းထွန်း**

**မော်လမြိုင်၊ မတ်-၁၁**

မွန်အမျိုးသားဒီမိုကရေစီအဖွဲ့သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲပြင်ဆင်မှုပေါ်မူတည်၍ ပါတီမှတ်ပုံတင်သွားမည်ဖြစ်ပြီး မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနှင့် ပူးပေါင်းသွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနှင့် မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့သည် နှစ်ပါတီ ပူးပေါင်းရေးကော်မရှင်ကို ဖွဲ့စည်းထားပြီးဖြစ်ကာ ပါတီနှစ်ခု ပူးပေါင်းလိုက်ပါက အခြားနာမည်တစ်ခုသတ်မှတ်ရန် အခြေအနေရှိကြောင်း မွန်အမျိုးသားခေါင်းဆောင် နိုင်ငွေသိမ်း၏ အသက်(၈၉)နှစ်မြောက်မွေးနေ့တွင် တာဝန်ရှိသူများကပြောသည်။

မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့သည် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် မှတ်ပုံတင်ရန် ရည်ရွယ်ထားပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးများ အခွင့်အရေးနှင့်ပတ်သက်၍ ပြင်ဆင်သွားလိုကြောင်း ပါတီဒုတိယ ဥက္ကဋ္ဌတစ်ဦးဖြစ်သူ နိုင်တင်အောင်က ပြောသည်။

မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့သည် ၈၈ ကာလတွင် ပေါ်ထွက်လာခဲ့ပြီး ဖျက်သိမ်းခံလိုက်ရကာ ယခုနှစ်ပေါင်း ၂၀ အကြာတွင်ပြန်လည်ဖွဲ့စည်းတည်ထောင်ရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကြားဖြတ်ရွေးကောက်ပွဲအခြေအနေကိုလည်းစောင့်ကြည့်သွားမည်ဖြစ်ကြောင်း ပါတီတာဝန်ရှိသူများက ပြောသည်။

## ကချင်စစ်ဘေးဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဟုဆို



မြစ်ကြီးနားမြို့ ဂျန်မိုင်ကောင်းစစ်ဘေးဒုက္ခသည်စခန်းကို ဒေသခံများကိုတွေ့ရစဉ် ဓာတ်ပုံ-အေးမြကျော်

**အိဖြူမွန်**

**ရန်ကုန်၊ မတ်-၁၃**

ငြိမ်းချမ်းရေးရရှိလာသည့်အခါ ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြောင်းရွှေ့နေထိုင်ရသူများအတွက်ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဘုန်းဆွေက ပြောသည်။

ကချင်ပြည်နယ်အတွင်း ပဋိပက္ခများကြောင့်ဒေသစွန့်ခွာတိမ်းရှောင်နေကြသူများအတွက် ပြန်လည်ထူထောင်ပေးရန် ရှိ၊ မရှိ မေးခွန်း၏ အဖြေကို ယခုလ ၁၂ ရက် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အထက်ပါပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

"လောလောဆယ် ဒီကိစ္စနဲ့ပတ်သက်ရင် ငြိမ်းချမ်းရေး ကိစ္စက မပြီးသေးတော့ နယ်မြေလုံခြုံရေးက စိတ်မချရလို့ လုပ်လို့မရသေးဘူး။ ဒါပေမဲ့ လုပ်ပေးဖို့ အစီအစဉ်ရှိပါတယ်။ လုပ်ဖြစ်ခဲ့ရင် သဘာဝဘေး အန္တရာယ်တွေဖြစ်ရင်ပြန်လည်ထူထောင်ရေးလုပ်တဲ့ Disaster Risk Action Plan အတိုင်းပဲ လုပ်ဖြစ်ဖို့များပါတယ်" ဟု လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှအကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသစွန့်ခွာတိမ်းရှောင်သူ ဒေသခံဦးရေ ခုနစ်သောင်းကျော်ရှိသည်ဟု ဒေသတွင်း ကယ်ဆယ်ရေးလုပ်ဆောင်နေကြသူများက ပြောသည်။

ယင်းလူဦးရေခုနစ်သောင်းရှိသည့်အနက် အချို့သော ဒေသခံများသည် ကယ်ဆယ်ရေးစခန်းတွင် နေထိုင်ကြပြီး အချို့မှာ နီးစပ်ရာဆွေမျိုး အိမ်များတွင် နေထိုင်ကြကြောင်း၊ ထို့ကြောင့် ထုတ်ပြန်ထားသော လူဦးရေစာရင်းမှာ ကွာဟမှု ရှိနေခြင်းဖြစ်ကြောင်း ဒေသတွင်းကယ်ဆယ်ရေးဆောင်ရွက်နေသူများက ပြောသည်။

ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ပါက မူလဒေသတွင် အခြေချနေထိုင်ရေးအတွက် တစ်နှစ်မှ သုံးနှစ်အထိ အချိန်ယူရမည်ဖြစ်ကြောင်း ကချင်ခရစ်ယာန်နှစ်ခြင်းအဖွဲ့ချုပ်မှ ဓမ္မဆရာဦးကွမ်ရှောင်က ပြောသည်။

နေရပ်စွန့်ခွာသူများအတွက် အိမ်ရာ တည်ဆောက်ပေးရေး၊ စားဝတ်နေရေး ပြန်လည်ထူထောင်ရေးနှင့် နှစ်ဦးနှစ်ဖက်မှ မြေမြှုပ်မိုင်းရှင်းလင်းရေးတို့ကို အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒေသတွင်းလုပ်ဆောင်ရမည့် လုပ်ငန်းကို အထက်ပါပုဂ္ဂိုလ်ကထပ်မံပြောကြားသည်။

ကချင်လွတ်မြောက်ရေးအဖွဲ့နှင့် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးအဖွဲ့ တွေ့ဆုံသည်မှာ သုံးကြိမ်ရှိပြီ ဖြစ်သည်။

ယခုအချိန်တွင်စစ်ပွဲကြောင့် ပျက်စီးခဲ့သော ကျေးရွာပေါင်း ၂၀၀ ကျော်ရှိကြောင်း ကချင်ခရစ်ယာန် နှစ်ခြင်းအဖွဲ့ချုပ်က တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# "တိုင်းရင်းသားတွေ အမျိုးစုံလေ ကျွန်မတို့အနေနဲ့ တစ်ဦးအပေါ်တစ်ဦး နားလည်မှုရှိဖို့လိုလေပဲ ဖြစ်ပါတယ်" — ဒေါ်အောင်ဆန်းစုကြည်



**ဥက္ကာကိုကို**

**လားရှိုး၊ မတ် - ၁၈**

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး စနစ် ပိုမိုတိုးတက်လာစေရန်မှာ တာဝန်ယူသည့် အစိုးရတစ်ရပ်ရှိရန် အဓိက လိုအပ်ပြီး ပြည်သူများကိုယ်တိုင်ကလည်း တာဝန်ယူချင်စိတ်နှင့် တာဝန်သိစိတ်များ မွေးမြူကြရန်လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က မတ်လ ၁၇ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ပြုလုပ်သော လားရှိုးမြို့ လူထုဟောပြောပွဲတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

"နိုင်ငံစီးပွားရေး တိုးတက်ဖို့ဆိုတာ အဓိကအားဖြင့် ကျွန်မတို့နိုင်ငံမှာ တာဝန်ယူရဲတဲ့ အစိုးရမျိုးလိုအပ်တယ်။ အစိုးရက တာဝန်ယူစိတ်မရှိရင်၊ အစိုးရက ဘာလုပ်နေသလဲဆိုတာ ပြည်သူတွေကို အသိမပေးရင် ပြည်သူတွေက ကြိုက်လား၊မကြိုက်ဘူးလား ဘယ်လိုပြောမလဲ။ ကိစ္စတစ်ခုက လုပ်လုပ်ပြီးမှ ဘွားခနဲ ပေါ်လာတဲ့အခါကျရင် ဘာမှမတတ်နိုင်တော့ဘူး။ ဒါကြောင့်မို့ ကျွန်မတို့ဟာ တာဝန်ယူတဲ့ အစိုးရစနစ်ကိုလိုချင်တယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က လားရှိုးမြို့၊ ရန်တိုင်းအောင် ဘုရားကြီးကွင်းပြင်ရှိ လူထုအား ပြောကြားသွားခြင်းဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယခုလ ၁၇ ရက် နံနက် ၁၂ နာရီ ၁၅မိနစ်တွင် ရန်ကုန်အဲဝေးလေယာဉ်ဖြင့် လားရှိုးမြို့သို့ ဆိုက်ရောက်လာပြီး လေဆိပ်ရှေ့၌ စောင့်ကြိုနေကြသည့် နှစ်သောင်းဝန်းကျင်ရှိ လူထုအား နှုတ်ဆက်ကာ မြို့တွင်းသို့ ဝင်ရောက်လာခဲ့သည်။

ထို့နောက် လားရှိုးတက္ကသိုလ်ရှေ့ရှိ ဦးသန်းဌေးနေအိမ်တွင် ခေတ္တအနားယူခဲ့ပြီး နေ့လယ် ၃ နာရီခန့်တွင် လားရှိုးမြို့ပြင်ရှိ ရန်တိုင်းအောင် ဘုရားကြီးရှေ့ ကွင်းပြင်၌ပြုလုပ်ထားသော ဟောပြောပွဲ စင်မြင့်ဆီသို့ ရောက်ရှိလာသည်။

လူထုဟောပြောပွဲ ပြုလုပ်ရာ ကွင်းပြင်တွင် စောင့်ဆိုင်းနေကြသည့်လူထုမှာ ငါးသောင်းခန့်ရှိပြီး မြို့တွင်းမှ လိုက်ပါလာကြသည့် လူထုမှာ သုံးသောင်းခန့်ရှိသဖြင့် လူထုမှာ ကွင်းပြင်ဘေးရှိ တောင်စောင်းများပေါ်တွင်ပါ တက်ရောက်နေရာယူထားခဲ့ကြသည်ကိုတွေ့ရသည်။

"အမေစုကျန်းမာပါစေ"ဟု ဆုတောင်းဟစ်ကြွေးကြသည်။ အိုးစည်ဗုံမောင်းများဖြင့် တီးမှုတ်ကခုန်နေကြသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ရန်တိုင်းအောင်ကွင်းသို့ ဝင်ရောက်လာရာတွင် ရှမ်းတိုင်းရင်းသူဝတ်စုံ ဝတ်ဆင်လာခဲ့ပြီး ကားကြီး ကားငယ်အသွယ်သွယ်ဖြင့် လမ်းတစ်လျှောက် လိုက်ပါလာကြသူများကို လမ်းအပြည့်မြင်တွေ့ရသည်။

ကြိုဆိုကြသည့် ဒေသခံများထဲတွင် လူငယ်များကိုအများဆုံး မြင်တွေ့ရပြီး နည်းပညာတက္ကသိုလ်၊ လားရှိုးတက္ကသိုလ်တို့မှ ကျောင်းသူ ကျောင်းသားများကိုလည်းတွေ့ရသည်။

ဒေါ်အောင်ဆန်းစုကြည်က "ဘွဲ့ရလူငယ်တွေရဲ့ အင်အားကို မသုံးဖြစ်တဲ့ အခြေအနေမှာရောက်နေတယ်။ ဒါကြောင့်မို့ ဒီနိုင်ငံက ပြုပြင်စရာတွေအများကြီးရှိပါတယ်"ဟု ပြောကြားသွားခဲ့သည်။

ရန်တိုင်းအောင်ကွင်းပြင်အတွင်း လူထုအား မိနစ်လေးဆယ်ကြာ ဟောပြောသွားခဲ့သောကြောင့် ဒေသခံများ ကျေနပ်မှုရှိခဲ့ကြောင်းသိရသည်။

ဒီမိုကရေစီအစိုးရဆိုသည်မှာ ပြည်သူများ၏ ဝေဖန်မှုကို ခံနိုင်ရမည်ဖြစ်ကြောင်း၊ ပြည်သူများကိုလည်း သူတစ်ပါး အားကိုးသည့် ပြည်သူမျိုး မဖြစ်စေချင်ဘဲ ကိုယ့်အားကိုယ်ကိုး၍ နိုင်ငံတိုးတက်စေရန် လုပ်ဆောင်ကြမည့် ပြည်သူမျိုးဖြစ်စေချင်ကြောင်း၊ ထို့အတွက် အစိုးရကလည်း တတ်နိုင်သမျှ ပံ့ပိုးပေးရမည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံရေးသည် လူတိုင်းနှင့် သက်ဆိုင်သည့်အတွက် လူတိုင်းပါဝင် ဆောင်ရွက်သင့်ပြီး လူတိုင်းဆိုသည့်စကားတွင် တပ်မတော်သားများလည်း ပါဝင်ကြောင်းပြောကြားပြီး "တပ်မတော်သားတွေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မဲပေးကြပါ" ဟုလည်း မဲဆွယ်စည်းရုံးသွားခဲ့သည်။

အဆိုပါလူထုဟောပြောပွဲသို့ လားရှိုး၊ သီပေါ၊ ကျောက်မဲ စသည့်မြို့များ၊ ကျေးရွာများမှ ရှမ်းတိုင်းရင်းသားများ၊ ပလောင်၊ ဝ၊ ကိုးကန့် စသည့်တိုင်းရင်းသားလူမျိုးများ တက်ရောက်အားပေးခဲ့ကြပြီး လူအင်အားမှာ ရှစ်သောင်းဝန်းကျင်ခန့်ရှိခဲ့သည်။ အများစုမှာ တိုင်းရင်းသားများဖြစ်ကြသည်။

"တိုင်းရင်းသားတွေ အမျိုးစုံလေ ကျွန်မတို့အနေနဲ့ တစ်ဦးအပေါ်တစ်ဦး နားလည်မှုရှိဖို့ လိုလေပဲဖြစ်ပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောခဲ့သည်။

သူမ၏ လားရှိုးမြို့ လူထုသို့ ဟောပြောပွဲကို ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် အောင်မြင်စွာ အဆုံးသတ်ခဲ့ကာ လားရှိုးတက္ကသိုလ်ရှေ့ရှိဦးသန်းဌေး၏ နေအိမ်သို့ပြန်လည်ထွက်ခွာသွားခဲ့သည်။

မတ်လ ၁၈ ရက် နံနက် ၇ နာရီခွဲခန့်တွင် ဒေါ်အောင်ဆန်းစုကြည်သည် သူမ တည်းခိုရာနေအိမ်မှ သိန္နီမြို့သို့ စတင်ထွက်ခွာလာခဲ့ပြီး သိန္နီမြို့၊ **အချပ်ပို(D)သို့**



# မျှော်လင့်ချက် မဲတစ်ပြား



မဟာအောင်မြေမြို့နယ်ရှိ ကျူးကျော်တဲများကို တွေ့ရစဉ်

ညီညီဇော်

တဲအိမ်ကလေးများက တစ်တဲနှင့်တစ်တဲ ရင်ချင်းအပ်လျက်ရှိသည်။တဲတစ်လုံးဘေးက ထမင်းရည်အိုးမှာတော့ ယင်ကောင်များတဝီဝီ အုံခဲနေ၏။ တဲတစ်လုံးအောက်မှာ ခွေးတစ်ကောင် အိပ်နေလေသည်။ တဲအိမ်တန်းတွင်နေထိုင်သူများ၏ အလေး၊ အပေါ့စွန့်ပစ်ရာ ချုံပုတ်များဘက်မှ လေအဝှေ့တွင်ပါလာသည့် အနံ့အသက်က မြစ်ဆိပ်ကန်ပတ်လမ်းပေါ် ခုန်တက်လာသည်။

ထိုနေရာလေးသည် မန္တလေးတိုင်း ဒေသကြီး၏ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မှုအများဆုံးနေရာတစ်ခုဖြစ်သော မဟာအောင်မြေမြို့နယ်၏ အနောက်ဘက်အစွန်အဖျား ဧရာဝတီမြစ်ဘေးရှိ ကျူးကျော်ကျော်တဲလေးများရှိသည့် ရပ်ကွက်များပင်ဖြစ်သည်။မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်နေရာအတွက်ကိုယ်စားလှယ်လောင်းရှစ်ဦးယှဉ်ပြိုင်ကြမည် ဖြစ်သည်။ နိုင်ငံရေးပါတီကိုယ်စားလှယ်လောင်းငါးဦးနှင့်တစ်သီးပုဂ္ဂလသုံးဦးဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲတွင်မဲပေးဖြစ် အောင်ပေးကြမည်ဟု ကျူးကျော်တဲတန်းလေး၌နေထိုင်သူများကဆိုလေသည်။ ၂၀၁၀ ရွေးကောက်ပွဲက မဲမပေးရသည့်အတွက် တဲအိမ်အလုံး ၂၀၀ ဝန်းကျင်မှ လူဦးရေ၃၀၀ ကျော်ကသက်ဆိုင်ရာသို့တိုင်ကြားခဲ့ကြသော်လည်း အဆိုပါရွေးကောက်ပွဲတွင် မဲပေးခွင့်မရခဲ့ကြဟု အဆိုပါတဲတန်းတွင် နေထိုင်သူများကဆိုသည်။ ဒီတစ်ကြိမ်တော့ ဘယ်လိုမှအလွတ်မခံနိုင်ကြောင်း အသက် ၄၀ ဝန်းကျင်အရွယ် ကိုကျော်ဦးက ပြောလေသည်။

“အဲဒီတုန်းက အိမ်ထောင်စုဇယား မရှိလို့ဆိုလား၊ မဲပေးလို့မရခဲ့ဘူး။ ဒီတစ်ခေါက်မှာ ပါတယ်ဆိုတာ သေချာတယ်လို့တော့ပြောတယ်။ မပါလည်း တိုင်ဦးမှာပဲ”ဟု အားကြိုးမာန်တက်ပြောလေသည်။ အိမ်ထောင်စုဇယားလည်းမရှိ၊ အိမ်စာရင်းလည်း တိုင်ခွင့်မပေးသော ထိုကျူးကျော်တဲတန်းလေးများတွင် နေထိုင်သူများသည် ဧည့်စာရင်း လာစစ်လျှင် နီးစပ်ရာချုံပုတ်များ၊ ချိုင့်ခွက်ကြီးများကြားသို့ အပြေးအလွှား သွားရောက်ပုန်းရသည်ဟု ဆိုသည်။

“ဧည့်စာရင်း လာစစ်မယ်ဆိုတဲ့ည မအိပ်ရဲတော့ဘူး။ တစ်ညလုံးထိုင် စောင့်နေရတယ်။ လာနိုး လာနိုးနဲ့လေ။ တစ်နေကုန် သဲကားလိုက်လို့ ပင်ပန်းလာတဲ့ သူတွေကတော့အိပ်မောကျနေတော့ အဖမ်းခံရရော”ဟု ကိုကျော်ဦးက ဆိုသည်။

ယခုတစ်ကြိမ်တွင် မဲစာရင်း၌ ပါ၊ မပါသိပြီလားဟု ၎င်းတို့ကို မေးရာတွင်“မဲရုံကိုသွားမကြည့်ရသေးဘူး။ မဲစာရင်းတွေ ကပ်ထားတယ်ပြောတယ်။ မဲပေးဖို့ လူစာရင်းတွေလည်းဟိုတလောလေးက လာကောက်သွားတယ်ဆိုတော့ ဒီတစ်ခေါက်တော့ပါမှာပါ” ဟု ကျူးကျော်တဲတစ်တဲတွင် နေထိုင်သူတစ်ဦးက ဆိုသည်။

၎င်းရပ်ကွက်ကို အုပ်ချုပ်သည့် သံလျက်မော်အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးကို ရုံးတွင် သွားရောက်တွေ့ဆုံ၍ ကျူးကျော်တဲများရှိလူများ၏ မဲစာရင်းများပါ၊ မပါ၊ မည်သည့် သင်ပုန်းတွင် ကပ်ထားကြောင်း မေးကြည့်ရာ မိမိမသိကြောင်း မြို့နယ် ကော်မရှင်ရုံးကိုသာ ဖုန်းဆက်မေးပါဟုပြန်လည်ဖြေကြားသည်။

စည်ပင်သာယာမှ ကျူးကျော်တဲများကို ယခင်နှစ်များက မကြာခဏလာရောက် ရှင်းလင်းတတ်ပြီး ယခုနောက်ပိုင်း သိပ်မလာတော့ဟု အုတ်ကျင်းရပ်ကွက် ကျူးကျော်တဲတန်းတွင် နေထိုင်သူအမျိုးသမီးတစ်ဦးက ဆိုသည်။


“စည်ပင်က ရှင်းပြီဆိုရင် ကိုယ့်ရှိတာ ‘မ’ ပြီး ပြေးရတာ။ မဖယ်နိုင်ခဲ့ရင် သူတို့ကားပေါ်တင်သွားတယ်”ဟု အဆိုပါအမျိုးသမီးက ကလေးကို ခါးထစ်ခွင်ချီရင်း ပြောပြသည်။ ထို့ကြောင့် သူတို့အနေဖြင့် သူများတွေလို ကိုယ့်အိမ်ကိုယ့်ရာမှာ နှစ်ခြိုက်စွာအိပ်ပျော်ရင်းဖြတ်သန်းလိုသည်ဟု ဆိုလေသည်။ မိမိတို့ ယုံကြည်စွာဆန္ဒမဲပေးကြမည့် ကိုယ်စားလှယ်လောင်းများသည် မိမိတို့ အခက်အခဲကို ဖြေရှင်းပေးနိုင်သော လူများ ဖြစ်စေလိုသည်ဟု ဆိုကြသည်။

သမီးအကြီးက ဘွဲ့ရ၊ သမီးအလတ်က တက္ကသိုလ်နောက်ဆုံးနှစ်၊ သားအငယ်ဆုံးက လက်ရှိဆယ်တန်းဖြေဆိုထားသည့် သားသမီးသုံးဦးကို ကွမ်းယာရောင်း၍ ပညာသင်ပေးခဲ့သည့် ချော်ဆိပ်ရပ်ကွက်နေ အသက်(၅၀)အရွယ် ဦးမင်းကြီးကတော့ သားသမီးတွေရှေ့ရေးအတွက်မိမိမဲပေးမည့် ကိုယ်စားလှယ်လောင်းများကို ယုံကြည်သည်ဟု ဆိုလေသည်။

“ကျွန်တော်တို့ကတော့ အိုပါပြီဗျာ။ သားသမီးတွေ ဒီအရွယ်ထိရောက်အောင် ပညာတွေတတ်အောင် ပင်ပင်ပန်းပန်း ရုန်းကန်ခဲ့ရပြီးပြီ။ သူတို့တွေ အလှည့်မှာတော့ ကျွန်တော်တို့လို မဖြစ်စေချင်ဘူး။ ဘယ်သူပဲ တက်တက်တိုင်းပြည်အကျိုး လုပ်လိမ့်မယ်လို့ယုံကြည်ချင်တယ်” ဟုဆိုသည်။ မဟာအောင်မြေမြို့နယ်မှ ကိုယ်စားပြုယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်များက ၎င်းတို့အား မဲပေးကြမည့်ဒေသခံများကို အောက်ပါအတိုင်း ပြောဆိုခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးသန်းထွန်းက အဆိုပါ ကျူးကျော်တဲများရှိအောက်ခြေလူတန်းစားများ လူနေမှု အဆင့်အတန်းမြင့်စေရန် ငွေချေးပေးခြင်း၊ အလုပ်အကိုင်များ ရှာဖွေပေးခြင်းများ ပြုလုပ်ပေးလိုပြီး နေရာအတည်တကျလည်း ဖန်တီးပေးလိုသည်ဟုဆိုသည်။

စာ(၃၀) သို့



# ရန်ကုန်မြို့နှင့် ဟိုချီမင်းမြို့

ဒေါက်တာကျော်လတ်




*ညီအစ်မမြို့တော်သတ်မှတ်လိုက်သော ဟိုချီမင်းမြို့နှင့် ရန်ကုန်မြို့*

**လွန်** ခဲ့သောအပတ်က ရန်ကုန်မြို့နှင့် ဟိုချီမင်းမြို့ (Ho Chi Minh City)တို့သည် Sister Cities (ညီအစ်မမြို့တော်) ခေါ် ညီအစ်မအခြေအနေနှင့် ကူးလူးဆက်ဆံမိတ်ဖွဲ့၍ သဘောတူလက်မှတ်ထိုးကြကြောင်း သတင်းစာများတွင် ဖတ်ရှုရပါသည်။ ရန်ကုန်မြို့မှာ မြန်မာနိုင်ငံ၏ အစိုးရရုံးစိုက်ရာမြို့တော် မဟုတ်တော့သော်လည်း မြန်မာပြည်တွင် လူဦးရေအများဆုံးနှင့် အကြီးဆုံးသောမြို့အဖြစ် ဆက်လက်တည်ရှိလျက်ရှိသည်။ ဟိုချီမင်းမြို့မှာလည်း ဗီယက်နမ်နိုင်ငံ၏ အစိုးရရုံးစိုက်ရာ မြို့တော်မဟုတ်သော်လည်း ထိုနိုင်ငံ၏ အကြီးဆုံးနှင့် လူဦးရေ အများဆုံး နေထိုင်လျက်ရှိသည့်အတွက် ဤမြို့နှစ်မြို့တွင် တူညီသော အချက်များရှိသည်ဟု သတ်မှတ်နိုင်ပါသည်။

မိမိတို့ အာဆီယံ တိုင်းပြည်များတွင် Mega Cities ခေါ် လူဦးရေ ၁၀ သန်းအထက် နေထိုင်ကြသောမြို့များရှိသော တိုင်းပြည်များရှိသည်။ ယင်းတို့တွင် အင်ဒိုနီးရှားနိုင်ငံရှိ ဂျကာတာမြို့သည် ၂၀၁၀ ခုနှစ်တွင် လူဦးရေ ၁၄ ဒသမ ၆ သန်း၊ ဖိလစ်ပိုင်နိုင်ငံရှိမနီလာမြို့သည် ထို ၂၀၁၀ ခုနှစ်တွင် လူဦးရေ ၁၀ ဒသမ ၄ သန်းနှင့် အာဆီယံတိုင်းပြည်များတွင် အကြီးဆုံးသောမြို့များဖြစ်ကြသည်။ ထို့အပြင် ဘန်ကောက်သည် သတ်မှတ်ထားသော မြို့လူဦးရေမှာ ကိုးသန်းခန့်ဖြစ်သော်လည်း ဘန်ကောက် Metropolitan Region သည်လည်း နေ့စဉ်ကူးလူးဆက်ဆံလျက်ရှိသော မြို့ကြီးတစ်မြို့ကဲ့သို့ ပင်ရှိပြီး ယင်းမြို့ပေါင်း စုဝေးရာ ဧရိယာသည်လည်း လူဦးရေ ၁၂ သန်းကျော်ရှိသဖြင့် Mega City ဟုပင် သတ်မှတ်နိုင်ပေသည်။

အထက်တွင် ဖော်ပြသော Mega Cities ခေါ် ၁၀ သန်းကျော် မြို့ကြီးများသည် လူများ၏ ကျန်းမာရေးရှုထောင့်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုရှုထောင့်၊ သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံရှုထောင့်၊ အိမ်ရာပြဿနာရှုထောင့်နှင့် ရှုထောင့်အမျိုးမျိုးတို့မှ သုံးသပ်ပါလျှင် ပြဿနာအမျိုးမျိုးနှင့် အခက်အခဲအမျိုးမျိုးတို့နှင့် ရင်ဆိုင်နေရပါ၍ ဤသို့ကြီးမားသော မြို့ကြီးများကို မြို့ပြစီမံကိန်းပညာရှင် အများစုတို့က ကောင်းသောလက္ခဏာဟု သုံးသပ်နိုင်ခြင်းမရှိပေ။ ထိုမြို့ကြီးများတွင် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်သားအင်အားများကြောင့် ကုန်ထုတ်လုပ်မှုတွင် အခြားဒေသများထက် ပိုမိုမြင့်မားကြသည်ဆိုသော စီးပွားရေးရှုထောင့်မှ အချက်တစ်ချက်သည်သာ ကောင်းသောလက္ခဏာဆောင်ပေသည်။ သို့သော် နိုင်ငံတော်အဆင့်၊ လူနေမြို့ရွာစီမံကိန်းများနှင့်လည်း လူများနေထိုင်ရန် သင့်လျော်၍ ထုတ်လုပ်မှုတန်ဖိုးမြင့်မားပြီး စီးပွားရေးအကျိုးကျေးဇူးများလည်း ရရှိနိုင်ပေသည်။ ယင်းသို့ နိုင်ငံတော်အဆင့်မှ လူနေမြို့ရွာ စီမံကိန်းများဖြင့် ကောင်းမွန်သော စီးပွားရေးအကျိုးရလဒ်များလည်း ပေါ်ပေါက်ပြီး Mega Cities ခေါ် ၁၀ သန်းအကျော်မြို့ကြီးများ မပေါ်ပေါက်အောင်အောင်မြင်စွာဆောင်ရွက်နိုင်သော တိုင်းပြည်မှာ ဗီယက်နမ်နိုင်ငံဖြစ်သည်ဟု သုံးသပ်ပါသည်။ ဗီယက်နမ် နိုင်ငံသည် သမိုင်းကြောင်းအရ မြောက်ပိုင်းတွင် ဟနွိုင်းမြို့နှင့် တောင်ပိုင်းတွင် ဟိုချီမင်းမြို့ဟု ရှိခဲ့ရာ ဗီယက်နမ်နိုင်ငံပေါင်းစည်းသွားသော အချိန်တွင် ထိုကဲ့သို့ Bi-Polar System ခေါ် ဆွဲဆောင်မှုကောင်းသော မြို့ကြီးနှစ်မြို့ တည်ရှိခဲ့ခြင်းမှ အကျိုးရလဒ်များပေါ် ထွန်းခဲ့သည်။ ဗီယက်နမ်နိုင်ငံ ပေါင်းစည်းပြီးလျှင်လည်း အထက်ပါအတိုင်း မြို့ကြီးနှစ်မြို့တွင်သာ စက်ရုံ၊ အလုပ်ရုံများ တိုးပွားခြင်း၊ လူဦးရေတိုးပွားခြင်းတို့ကို လွှဲရှောင်နိုင်ရန် အခြားမြို့ကြီးသုံးမြို့ဖြစ်သော Haiphong၊ Da-Nang နှင့် Bien Hua တို့ကိုလည်း Economic Regions ခေါ် စီးပွားရေးဆိုင်ရာအဆောက်အအုံများနှင့် စက်ရုံ၊ အလုပ်ရုံများ ပေါ်ပေါက်နိုင်ရန် ကြိုးစားခဲ့ကြသည်။ ဗီယက်နမ်နိုင်ငံ၏ ပထဝီဝင်အနေအထားအရလည်း ထိုကဲ့သို့ ကောင်းမွန်သောလူဦးရေဖြန့်ဖြူးမှုပုံစံပေါ် ပေါက်နိုင်ရန် အခြေအနေပေးခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ပုံစံမှာ အကြမ်းအားဖြင့် အနံ မိုင် ၂၀၀ ခန့်သာရှိပြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် မိုင် ၁,၂၀၀ ခန့်ရှိသဖြင့် တိုင်းပြည်၏အလျားအလိုက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန် အခြေအနေပေးခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာ ဘက်စုံပညာရှင်များ၏ အကြံဉာဏ်နှင့် ယူဆချက်များကို အသုံးချပြီး တောင်နှင့် မြောက်အလျားလိုက်ဆက်သွယ်သော Highway ခေါ် အမြန်လမ်းမကြီးများ တည်ဆောက်ခဲ့ပြီး ယင်းလမ်းမကြီးနှင့်ယှဉ်ပြိုင်၍ အမြန်မီးရထားလမ်းမကြီးကိုလည်း တည်ဆောက်ခဲ့ကြသည်။ ထိုမီးရထားနှင့် အမြန်လမ်းမကြီးတို့အပေါ်တွင် အထက်ဖော်ပြပါ စီးပွားရေးဇုန်များကို ဖော်ထုတ်ခဲ့ကြသဖြင့် ယင်းတို့နိုင်ငံတွင် လူများအတွက် မသင့်လျော်သော ပတ်ဝန်းကျင် ညစ်ညမ်းမှုများရှိသော လူသန်းပေါင်းများစွာနေထိုင်သော Mega Cities ခေါ် မြို့ပြများ ပေါ်ပေါက်ခြင်းကို ရှောင်ရှားနိုင်သည့်အပြင် ယင်းတိုင်းပြည်၏ ဖွံ့ဖြိုးမှုမှာလည်း လွန်စွာ အားရဖွယ်ကောင်းပေသည်။ ယခုအခါ ဗီယက်နမ်နိုင်ငံ၏ Per Capita GDP ခေါ် တစ်ဦးချင်း ထုတ်လုပ်မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂,၉၄၂ ခန့်နှင့် လွန်ခဲ့သော ၁၅ နှစ်ခန့်ကမှ အာဆီယံတိုင်းပြည်များအသင်းသို့ ဝင်ရောက်ခဲ့သော နိုင်ငံလေးနိုင်ငံတို့တွင် ထိပ်ဆုံးသို့ ရောက်လျက်ရှိသည်။ ထို့အပြင် ဗီယက်နမ်နိုင်ငံ၏ စက်မှုကဏ္ဍမှာလည်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ခဲ့၍ ယင်းနိုင်ငံ၏ စက်မှုကဏ္ဍသည် စုစုပေါင်း ဂျီဒီပီ၏ ၃၉ ဒသမ ၉ ရာခိုင်နှုန်းခန့်အထိပင် ပါဝင်စွမ်းဆောင်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍဘက်မှ သုံးသပ်ပါလျှင် ဗီယက်နမ်နိုင်ငံသည် လွန်ခဲ့သော အနှစ် ၂၀ ကျော်ကာလက မြန်မာပြည်မှ ဆန်ဝယ်ယူတင်သွင်းနေရသော်လည်း ယခုအခါ နှစ်စဉ် ဆန်တန်ချိန် ၇ ဒသမ ၂ သန်းခန့်တင်ပို့နိုင်သောတိုင်းပြည်အနေနှင့် ကမ္ဘာပေါ်တွင် ဒုတိယ အများဆုံး ဆန်တင်ပို့သော တိုင်းပြည်အဖြစ် ရောက်ရှိခဲ့သည်။ (www.business week.com) ဗီယက်နမ်နိုင်ငံတွင် ယင်းတို့ ကြုံတွေ့နေရသော စိန်ခေါ်မှုများရှိမည်ဖြစ်သော်လည်း များစွာသော လုပ်ရပ်များနှင့် စီးပွားရေးဆိုင်ရာမူဝါဒများသည် လေ့လာအတုယူသင့်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟုယူဆပါသည်။ ။

**အာဆီယံတိုင်းပြည်များ၏ စုစုပေါင်း တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး စက်မှုကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတွင် ပါဝင်သောအချိုးအစားတို့ကို ပြသသောဇယား**

| နိုင်ငံ | တစ်ဦးချင်းထုတ်လုပ်မှု ကန်ဒေါ်လာတန်ဖိုး (၂၀၀၉ ခုနှစ် IMF မှ ထုတ်ပြန်သောစာရင်းအရ) | စက်မှုကဏ္ဍ ထုတ်လုပ်မှုတန်ဖိုး |
|---|---|---|
| ကမ္ဘောဒီးယား | ၁၉၉၃ | ၃၀ |
| **မြန်မာ** | **၁၁၉၇** | **၁၉ ဒသမ ၈** |
| လာအို | ၂၂၈၆ | ၃၃ ဒသမ ၁ |
| အင်ဒိုနီးရှား | ၄၁၅၁ | ၄၇ ဒသမ ၆ |
| ဖိလစ်ပိုင် | ၃၅၁၆ | ၃၀ ဒသမ ၂ |
| ဗီယက်နမ် | ၂၉၄၂ | ၃၉ ဒသမ ၉ |
| ထိုင်း | ၈၀၅၁ | ၄၃ ဒသမ ၃ |
| မလေးရှား | ၁၃၈၀၀ | ၄၀ ဒသမ ၉ |
| ဘရူနိုင်း | ၄၇၉၃၀ | ၇၄ ဒသမ ၁ |
| စင်ကာပူ | ၅၀၁၈၀ | ၂၇ ဒသမ ၆ |

Source : List of countries by electricity consumption & List of countries by GDP, Wikipedia

## စာ - ၂၆၊ ကြည်ဖြူရန်မေတ္တာအသိတွေနဲ့ ပြည်သူသရဏံဂစ္ဆာမိကြပေရော့ မှ

ထင်းချောင်းတွေကို အထပ်လိုက်ကျပ်ညပ်နေအောင်စီထည့်ထားသလို ဖြစ်နေသည့် ကားပေါ်မှ ခရီးသည်တွေကမူ ချွေးတွေနှင့် တလုံးလုံး။ သို့သော် ကားက ထွက်သေးမည့်ပုံမပေါ်။ သူ့ကားပေါ် တက်လိုက်လာမိသည်ကပင် သူလုပ်ချင်တိုင်းလုပ်တာခံဖို့စာချုပ်ချုပ်လာခဲ့မိသလိုဖြစ်နေသလားတော့မသိ။ အားလုံးထံမှ ဘာသံမျှထွက်မလာ။ ကိုယ့်ထံမှလည်း ဘာသံမျှမထွက်။ သည်လိုအောင့်အည်းမျိုသိပ်ရင်စည်းခံခြင်း ဆိုသည်ကပင် နိစ္စဓူဝ တွေ့ကြုံနေရသည့်ကိုယ်ကျင့်တရား အလေ့အကျင့်လိုဖြစ်ကာ ခေါက်ရိုးအသေတွေဖြစ်ကုန်ကြပြီလားလည်း မသိတော့။

တစ်ခါကလည်း သည်လိုပရမ်းပတာ မောင်းတာမျိုးနှင့် သည်လိုင်းပေါ်မှာပဲ ကြုံခဲ့ဖူးသည်။ ယခုလို လူတွေပြည့်ကျပ်နေတာမျိုးတော့ မဟုတ်။ သို့သော် ခရီးသည် ၂၀ ကျော်တော့ပါသည်။ စာတိုက်မှတ်တိုင်အရောက်တွင် ကားပေါ်ပါလာသည့် ခရီးသည်တွေအားလုံးကို ဆင်းခိုင်းပြီးရှေ့မှရောက်နှင့်နေသည့် နံပါတ်တူလိုင်းကားပေါ်သို့ ပြောင်းတက်ခိုင်းသည်။ စက်လည်းမပျက် ၊ ဘီးလည်းမပေါက်ပါဘဲ ကားပြောင်းခိုင်းနေသောကြောင့် အကျိုးအကြောင်းသိချင်သဖြင့်“ဘယ်လိုဖြစ်တာတုံး ငါ့တူရဲ့”ဟု စပယ်ယာကို ခပ်တိုတိုပဲလိုရင်းမေးဖြစ်လိုက်သည်။ သူကလည်း တိုတိုပဲဖြေသည်။ “ဟိုကားပေါ် ကျမှမေး” တဲ့။ ကိုင်း။

ဟိုကားပေါ် ရောက်လို့ ဟိုကားကစပယ်ယာကို“ဘယ်လိုဖြစ်ကြတာ တုံးငါ့တူရယ်” ထပ်မေးမိတော့လည်း ဖြေပုံက ထပ်တူပါပဲတော်လိုက်ကြပုံများ။ “ဟိုကားမှာ မေးမလာခဲ့ဘူးလား” တဲ့ ။ ကိုင်း။ နှစ်ခါကိုင်းရတော့ နှစ်ကိုင်းပေါ့လေလို့ပဲတွေးလိုက်ရပါသည်။

ငါဟာ ငါ့ကားပေါ်ပါလာတဲ့ လူတွေအားလုံးရဲ့ အရှင်သခင်ဖြစ်တယ် ဟုများ ခံယူထားကြလေသလား မသိ။ တကယ်တော့သူတို့က ကုသိုလ်ဖြစ် ကားမောင်းနေကြသူတွေလည်းမဟုတ်။ ခရီးသည်တွေအားလုံးကသူတို့ထမင်းကပ်စားနေကြသူတွေလည်းမဟုတ်။ သူတို့ကို ထမင်းကျွေးနေသည့် ထမင်းရှင်တွေဖြစ်ကြောင်း မသိသားဆိုးဝါးကြလေသလားပင်။

ငါတို့သည် ပြည်သူများ၏ တာဝန်ကိုတစ်ထောင့်တစ်နေရာမှ ထမ်းရွက်နေကြသူတွေ၊ ပြည်သူ့ဝန်ထမ်းတွေပါလားဟု မြင်ကြပုံမရ။ ငါ့ကားစီးလျှင် ငါထင်တိုင်းလုပ်မည် ဆိုသည့်အတွေးဘယ်ကစ၍ ရလာခဲ့ကြသည်မသိ။


ထင်တိုင်း လုပ်၍ရသောခေတ် မဟုတ်တော့ကြောင်း သိဖို့လိုမည်ထင်ပါသည်။ ပြည်သူသာအမိ ပြည်သူသာ အဖခေတ်သို့ ချောမောစွာ ပြန်လည်တာစူနေသည့်ခေတ်ဖြစ်ကြောင်း သဘောပေါက်စေချင်ပါသည်။ စပယ်ယာသာအမိ၊ စပယ်ယာသာ အဖခေတ်မဟုတ်ပါ။

နိုင်ငံတော်၏အကြီးအကဲ ပုဂ္ဂိုလ်ဖြစ်သောနိုင်ငံတော်သမ္မတကြီး၏မိန့်ခွန်းတွင်ပင် “မိဘပြည်သူများကိုဦးထိပ်ပန်ဆင်လျက်”ဟု အာလုပ်ပြုသုံးစွဲနေပြီဖြစ်သဖြင့် ကိုရွှေဒရိုင်ဘာတို့၊ ကိုရွှေ စပယ်ယာတို့သာမကပြည်သူ့ထမင်းကိုစားနေသူ ပြည်သူ့ဝန်ထမ်းမှန်သမျှ ပြည်သူသရဏံဂစ္ဆာမမိချင်၍ မဖြစ်နိုင်တော့ကြောင်းသတိပေးစကားတို့ဖြင့် လက်တို့ကာပါးလိုက်ချင်ကြောင်းပါခင်ဗျား။ ။

7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# ဆယ်နှစ်ပြည့်နဲ့ လွဲခဲ့တယ်

မင်းသန်းထိုက်(ဒေးဒရဲ)



၂၀၁၂ ခု၊ မတ်လ ၈ ရက်၊ ကြာသပတေးနေ့၊ နေ့လယ် ၁၂နာရီခန့်။ နံနက်စာ ထမင်းစားအပြီး ဗုဒ္ဓဟူးနေ့က တစ်ရက်စောပြီးကြိုရောက်နေတဲ့မတ်လ ၈ ရက်နေ့ထုတ် 7Day News ဂျာနယ်ထဲက (၁၀)နှစ်ပြည့်အမှတ်တရ ပြန်လည်ဖော်ပြပေးတဲ့ဆောင်းပါးလေးတွေနဲ့ စည်းစိမ်ခံနေစဉ်

အိမ်ရှေ့ လမ်းမပေါ်က "ကလင်၊ ကလင်" ဟူသော စက်ဘီးဘဲလ်သံနှင့်အတူ ကျွန်တော့်ငယ်မွေးခြံ ပေါက်တွေဖြစ်တဲ့ ဂေါ်လီတို့၊ မဲလုံးတို့ရဲ့ ဝေါခနဲထိုးဟောင်သံကြောင့် အိမ်ရှေ့ကို ကမန်းကတန်း ပြေးထွက်လိုက်ရသည်။ ခြံဝတွင်တော့ စာပို့လုလင်လေးက ရပ်လို့။ "စာပါတယ်ဆရာ၊ လက်မှတ်ထိုးယူပါ"တဲ့။ စာအိတ်ညိုညိုပြားပြား၊ မကြီးမသေး အလတ်စားတစ်ခု။ ပို့သူလိပ်စာကြည့်လိုက်တော့ 7Day News ဂျာနယ်တဲ့။ ခပ်လတ်လတ်အရွယ်ဆိုတော့ မေတ္တာလက်ဆောင်ဂျာနယ်လည်းဟုတ်ဟန်မတူ။ (စာပို့ခတွေ တက်သွားကတည်းက ဂျာနယ် လက်ဆောင်မပို့တော့ဘဲ စာမူခထဲမှာဂျာနယ်ဖိုးထည့်ထည့်ပေးနေတာလည်းကြာခဲ့ပြီ။ 7Day News ဂျာနယ်၏ မေတ္တာလက်ဆောင်ဆိုတဲ့ Seal တံဆိပ်ကလေးနဲ့ မသိမ်းရတာတော့ရင်ထဲမှာ ဟာတာတာဖြစ်မိ၏။ ဤကား စကားချပ်)။

ဆိုတော့. . ။ ဘာများပါလိမ့်။ ကျောဘက်ကို လှည့်ကြည့်တော့ ဖိတ်စာဟုရေးထားသည်။ ဘာဖိတ်စာများပါလိမ့်။ သိချင်စိတ်က ပိုစောလာသည်။ အိမ်ထဲကိုမြန်မြန်ပြန်ဝင်။ စာအိတ်ရဲ့ တစ်ဖက်ကို ကတ်ကြေးနဲ့ခပ်သေးသေးကလေး ကိုက်ပြီး ဖောက်လိုက်သည်။ စာအိတ်ထဲက ထွက်လာသည်က အနက်ရောင်ကတ်ထူဖိတ်စာလေးတစ်ခု။ မင်းသန်းထိုက်(ဒေးဒရဲ)ဟု ကွန်ပျူတာစာစီ၍ကပ်ထားသည်။ Invitation ဟု အင်္ဂလိပ်လိုရေးထားသည်။ အထဲက ဖိတ်စာကို ဆွဲထုတ်လိုက်တော့ အနက်ရောင်အောက်ခံမှာ ငွေရောင်လင်းလင်းနဲ့ ရေးထားတဲ့ 10 ဟူသော စာလုံးကြီးအလယ်မှာ 7Day News Journal 10TH ANNIVERSARY ဆိုတာ တွေ့လိုက်ရသည်။

ဩော်။ 7Day News ဂျာနယ်ရဲ့ ဆယ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနား ဖိတ်စာပါလား။ တိုက်ဆိုင်လိုက်တာ။ ပြီးခဲ့တဲ့အပတ်ကပဲ ဂျာနယ်အရောင်းသမားလေးလာပို့တော့ အတွဲ(၁၀)၊ အမှတ်(၅၀)၊ မတ် ၁၊ ၂၀၁၂ ဆိုတဲ့ ဂျာနယ်ခေါင်းစီးကိုကြည့်ပြီး နောက်တစ်ပတ်ဆို 7Day တောင် ၁၀ နှစ်ပြည့်တော့မှာပါလား။ ၂၀၀၈ ခုနှစ် နာဂစ်ပြီးစကတည်းက အဆက်မပြတ်မိမိအားပေးခဲ့တဲ့ဂျာနယ်။ နောက်တော့ ဖတ်ရှုအားပေးရုံနဲ့ မတင်းတိမ်နိုင်လို့ဆောင်းပါးလေးတွေပါ ကိုယ်တိုင်ဝင်ရေးဖြစ်တဲ့ဂျာနယ်။ ဒီဂျာနယ် ၁၀ နှစ်ပြည့်ပြီဆိုတော့ ကိုယ်နဲ့ လေးနှစ်နီးပါးပတ်သက်လာတဲ့ ဂျာနယ်တစ်ခုရဲ့အောင်မြင်မှုကို ကိုယ့်အောင်မြင်မှုလိုပဲ ရင်ထဲမှာ ပီတိလှိုင်းကလေးတွေ ထမိပါသည်။

တစ်ဆက်တည်းမှာပဲ ၁၀နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွေ ဘာတွေ လုပ်ရင်ကောင်းမှာပဲ။ ငါ့များ ဖိတ်ရင်တော့ ဘယ်လောက်အရေးကြီးတဲ့ ကိစ္စရှိနေ၊ ရှိနေ ပစ်ထားခဲ့ပြီးတော့ သွားတက်လိုက်ဦးမယ်လို့ စိတ်ထဲက တွေးနေမိပါသည်။ ဟော. . အခု ဖိတ်စာလေးက ကျွန်တော့်ရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်နေပြီ။ ကျက်သရေမင်္ဂလာရှိလိုက်ပါဘိ။ ကြည်နူးဝမ်းသာစိတ်ဖြင့် ဖိတ်စာလေးကိုဖွင့်လိုက်တော့ လက်မှတ်ကလေးက အရင်ထွက်ကျလာသည်။ '၁၀ နှစ်ပြည့်နှစ်ပတ်လည်အခမ်းနား။ နေ့ရက်- ၂၀၁၂ ခုနှစ်၊ မတ်လ ၇ ရက်(ဗုဒ္ဓဟူးနေ့)' တဲ့။ ဟင်. . ဘယ်လိုဖြစ်တာပါလိမ့်။ ဒီနေ့ပဲ မတ်လ ၈ ရက် မယုံသင်္ကာဖြင့် ပြက္ခဒိန်ကိုလှမ်းကြည့်မိသည်။ ဟုတ်သည်။ ပြက္ခဒိန်ထဲမှာ မတ်လ ၈ ရက် ကြာသပတေးနေ့။ မျက်စိအကြည့်မှားသလားဟု လက်မှတ်ကို တစ်ခါထပ်ကြည့်သည်။ မမှား။ ဖိတ်စာနဲ့လက်မှတ်လွဲများနေသလားဟု ဖိတ်စာကိုကြည့်မိပြန်သည်။ ဖိတ်စာပေါ်က '၂၀၁၂ ခုနှစ်၊ မတ်လ ၇ ရက်(ဗုဒ္ဓဟူးနေ့)'ဟူသော ငွေရောင်စာလုံးများက ကျွန်တော့်အား လှောင်ပြောင်နေသယောင်။ ကျွန်တော့်အဖြစ်က တစ်ပတ်ကျော်က ထီလက်မှတ်အဟောင်းကြီးနဲ့ သိန်း ၁၀၀၀ ဆုကြီးပေါက်သလိုဖြစ်နေပါပေါ့လား။ ငယ်ငယ်တုန်းက ကြည့်ခဲ့ဖူးသည့် မင်းသားကြီးဦးမြတ်လေး၏ 'ငို၍ရယ်၍မရသောမျက်နှာ' ဆိုတာ အခု ကျွန်တော့်မျက်နှာမျိုးပင်ဖြစ်ပေလိမ့်မည်။

ပြီးခဲ့တဲ့ညက Traders Hotel ကြီးရဲ့ Myanmar Ballroom၊ Level II မှာ အမျိုးသားဝတ်စုံတွေနဲ့ ခံ့ညားပြုံးရွှင်နေတဲ့ 7Day News ဂျာနယ်မိသားစုတွေ၊ မဂ္ဂဇင်းဂျာနယ်အသီးသီးက အယ်ဒီတာတွေ၊ ဂျာနယ်လစ်တွေ၊ စာရေးဆရာ အကျော်အမော်တွေ၊ ရေးဖော်ရေးဖက်တွေကို ကျွန်တော် မြင်ယောင်မိသည်။ ရယ်မောနှုတ်ဆက်သံတွေ၊ ဖွန်းသံ ပန်းကန်သံ၊ ခွက်သံ (ဘီယာလောက်တော့ပါမည်ထင်သည်)တွေ ကျွန်တော်ကြားယောင်မိသည်။ အခမ်းအနားစတော့ အယ်ဒီတာချုပ် ဦးသောင်းစုငြိမ်းက 7Day News ဂျာနယ်၏ ဆယ်နှစ်တာဖြတ်သန်းခဲ့ရသည့် အခက်အခဲများ၊ ရင်ဆိုင်ကြုံတွေ့ခဲ့ရပုံများ၊ အောင်မြင်မှုများကိုရှင်းပြသည်။ ပြီး. . အားမာန်၊ ငြိမ်းငြိမ်းနိုင် စသည့် အမှုဆောင်အယ်ဒီတာများနှင့်လည်း 7Day News ဂျာနယ်ရေးဖော်များကို မိတ်ဆက်ပေးသည်။

**၇-ရက်သတင်းဂျာနယ်**
**ရန်ကုန်မြို့** **ရက်စွဲ ၉-၃-၂၀၁၂**
**(၁၀)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား တက်ရောက်ရန် ဖိတ်လွှာကို လက်ခံရရှိပါသည်။ ၉-၃-၂၀၁၂ နေ့တွင် စာတိုက်မှ ရောက်လာခြင်းဖြစ်သဖြင့် အခမ်းအနားကျင်းပမည့် ရက်ထက် နှစ်ရက်နောက်ကျပြီး ရောက်ရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ တက်ရောက်ခြင်း မပြုနိုင်ခြင်းကို နားလည်ခွင့်လွှတ် ပေးပါရန် မေတ္တာရပ်ခံပါသည်။ ဖိတ်ကြားမှုကို အထူးကျေးဇူးတင်ပါသည်။**
**အရှင်တေဇောသာရ(ထနောင်းကန်)**

**အယ်ဒီတာ**
**၁၂ ရက်(မတ်လ ၁၂ရက်)နေ့က ဖိတ်စာရပါတယ်။ ကမ္ဘာအေးနဲ့ လပြည့်ဝန်းပလာဇာ စာပို့တာ ၁၂ရက်တောင် ကြာသတဲ့။ ကြိုးစားမှုပေါ့ဗျာ။**
**အရှင်ရေဝတ**

*စာ(၄၀) သို့*

JOKE

## အဆိုအမိန့်(၂)

(၁) သင်နိုင်ငံရေးကိုစိတ်မဝင်စားဘူးဆိုတာနဲ့ သင့်အပေါ် နိုင်ငံရေးက စိတ်မဝင်စားဘူးလို့ ပြောလို့မရဘူး။

*(ပါရီဆယ်-BC 430 မှ တွေးခေါ်ပညာရှင်)*

(၂) သင်လိုအပ်သမျှပေးနိုင်အောင် ကြီးမားတဲ့အစိုးရဟာ သင်ပိုင်ဆိုင်သမျှကိုလည်း သိမ်းယူသွားနိုင်ပါတယ်။

*(သောမတ်စ်ဂျက်ဖာဆန်-အမေရိကန်တတိယမြောက်သမ္မတ)*

(၃) ယေဘုယျအားဖြင့် အစိုးရရဲ့ အုပ်ချုပ်မှုအတတ်ပညာဆိုတာ နိုင်ငံသားအုပ်စုတစ်စုစီက ပိုက်ဆံတွေကို ရနိုင်သမျှများများယူပြီး တခြားတစ်ဖက်ကို ပေးရတာပါပဲ။

*(ဂိုထေး-ပြင်သစ်တွေးခေါ်ပညာရှင်)*

(၄) အစိုးရတစ်ရပ်ကို ငွေကြေးနဲ့ဩဇာအာဏာ အပ်နှင်းလိုက်တယ်ဆိုတာ ဆယ်ကျော်သက် ယောက်ျားလေးတွေကို ကားသော့အပ်လိုက်တာနဲ့ အတူတူပါပဲ။

*(ပီဂျေ၊အိုရူကီး-အရပ်သားအခွင့်အရေးလှုပ်ရှားသူ)*

## အားပေးမှု

အမေရိကန်နိုင်ငံရေးသမားတစ်ဦးသည် ရွေးကောက်ပွဲကာလအတွင်း အခြားမည်သူမျှ မဲဆွယ်ဖူးခြင်းမရှိသော အမေရိကန်ရက်အင်ဒီးယန်းများဒေသသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်သည်။ ထိုဒေသသို့ရောက်သောအခါ စင်မြင့်ထက်မှနေ၍ ၎င်းတို့အတွက် ပညာရေးအခွင့်အလမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခွင့်အရေးများမည်သို့တောင်းဆိုပေးမည်ဆိုသည်ကိုအာပေါင်အာရင်းသန်သန်ဖြင့်ပြောသည်။

အောက်က လူအုပ်ကြီးကလည်း ၎င်း၏ စကားဆုံးသွားတိုင်း "ဟိုးယား၊ ဟိုးယား"ဟုအော်ဟစ်ကြသည်။ အဓိပ္ပာယ်နားမလည်သော်လည်း ၎င်းတို့အော်ဟစ်ပုံကို အားရပြီး နိုင်ငံရေးသမားက ဆက်ဟောသည်။ အောက်က ရက်အင်ဒီးယန်းလူအုပ်ကြီးကလည်း "ဟိုးယား၊ ဟိုးယား"ဟု အော်ဟစ်ကြပြန်ပါသည်။

ထို့နောက် နွားမွေးမြူရေးခြံကြီးတစ်ခြံသို့ရောက်သောအခါ နိုင်ငံရေးသမားက ဝင်ရောက်ကြည့်ရှုလေ့လာချင်ကြောင်းပြောသည်။ ထိုအခါ စကားပြန်က "ဟာ. . ရပါတယ် ခင်ဗျာ။ ဒါပေမဲ့ သတိတော့ထားပါ။ အထဲမှာ ဟိုးယားသေးသေးလေးတွေ မွေးနေတယ်။ ဟိုးယားသေးသေးလေးတွေကို သွားကိုင်ရင် ကျွန်တော်တို့လူမျိုးတွေက အရမ်းစိတ်ဆိုးတယ်"ဟု ဆိုလိုက်ပါသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျော်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com

7DAY NEWS Hotline : 73032006

7DAY NEWS JOURNAL

# Business

Vol.11, No.3 • MARCH 22 , 2012

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၃ | ၈၂၇ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၃ | ၈၂၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၃၅ | ၆၄၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၇ | ၁၀၅၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆ | ၂၆. ၄ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၆ | ၁၂၇ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၃၇ | ၈၃၈ | ကျပ် |

၂၀၁၂ မတ် ၁၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၃. ၄၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၂၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၀. ၁၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၇၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၅. ၇၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၁၂၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၉၆ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၃၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၄၃၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၂၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၂၃၀၉ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၈၇၂ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၅၅. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၂၅. ၈၁၀ |
| ငွေ | ၁ အောင်စ | ၃၂. ၆၀၄ |
| ကြေးနီ | ပေါင် | ၃၈၇. ၈၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၃၂၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ မတ် ၁၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ပဲမျိုးစုံ အာမခံဝယ်ယူမည့်အစီအစဉ် ယခုနှစ် မစတင်နိုင်သေး



ဓာတ်ပုံ - အေးမြတ်ကျော်

**ပြည်သိမ်း**

**ရန်ကုန်၊ မတ် - ၁၇**

ပဲမျိုးစုံကို အာမခံဈေးဖြင့် ဝယ်ယူမည့်အစီအစဉ်ကို ယခုနှစ်တွင် အကောင်အထည်မဖော်နိုင်သေးကြောင်း ပဲနှမ်းကုန်သည်အသင်းမှသတင်းရရှိသည်။

လက်ရှိအချိန်တွင် အာမခံဖြင့် ဝယ်ယူရန် အများပိုင်ကုမ္ပဏီဖွဲ့စည်းရန်အတွက် ညှိနှိုင်းဆဲအဆင့်တွင်သာရှိနေသည်။ ထို့အပြင် အာမခံဖြင့် ဝယ်ယူမည့်အစီအစဉ်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ နိုင်ငံတော်သမ္မတက လမ်းညွှန်ခဲ့သဖြင့် ဖေဖော်ဝါရီလ ၂၀ ရက်တွင် UMFCCI ၌ ညှိနှိုင်းစည်းဝေးခဲ့သည်။ သို့သော် ယင်းအချိန်၌ ကုန်သည်များသည် ပဲသစ်အတွက် ကြိုတင်ဝယ်ယူမှုများကြောင့် ငွေကြေးလက်ဝယ်ရှိမှုနည်းနေကြသည်။ ထို့ကြောင့် ယခုနှစ်တွင်ပြင်ဆင်မှုများပြုလုပ်၍ အာမခံဖြင့် ဝယ်ယူမှုကို လာမည့်နှစ်မှသာ စတင်နိုင်မည်ဖြစ်ကြောင်း ပဲနှမ်းအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးမင်းကိုဦးက ဆိုသည်။

"တောင်သူတွေ မျှော်လင့်နေကြမယ်ဆိုတာလည်းသိတယ်။ ကုန်သည်တွေကလည်း ငွေရေးကြေးရေး နိုင်နိုင်နင်းနင်းဖြစ်အောင် ပြင်ဆင်မှုတွေပြုလုပ်နေရတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

လယ်သမားများသည် ယခုနှစ် မိုးစပါးစိုက်ပျိုးချိန်တွင် ရာသီဥတုဆိုးရွားမှုများကြောင့် ရေနစ်ပြီး ဆုံးရှုံးမှုများစွာနှင့်ကြုံတွေ့ခဲ့ရသည်။ စပါးပေါ်ချိန်တွင်လည်း ဈေးကောင်းမရသဖြင့် ဆောင်းရာသီပဲမျိုးစုံကိုသာ အဓိက အားထားခဲ့ကြသည်။

"ပဲမှာ ငမြှောင်တောင်ပိုးသုံးခါကျတာ အလုပ်သမားခ တစ်ဝက်လောက်ပဲပြန်ရတယ်။ တော်တော်ကြီးဆိုးတယ်" ဟု ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၊ ကရင်စုကျေးရွာမှ လယ်သမားတစ်ဦးကဆိုသည်။

မိုးစပါးကဲ့သို့ပင် ပဲစိုက်သူလယ်သမားများသည် ပိုးမွှားအန္တရာယ်ဖျက်ဆီးမှုကြောင့် ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ယင်းအပြင် ပဲပေါ်သည့်အခါတွင်လည်း ဈေးနှုန်းများ ကျဆင်းနေသဖြင့် အကြွေးများကို မိမိပိုင်ကျွဲနွားများကိုရောင်း၍ဆပ်ရသည့် အခြေအနေမျိုးဖြစ်လာသည်။

စာ(၃၄)သို့

# ရေထွက်ကုန် ပြည်ပတင်ပို့မှု ကန်ဒေါ်လာသန်း ၆၀၀ ကျော်

**သန်းဌေး**

**ရန်ကုန်၊ မတ်- ၁၃**

ဘဏ္ဍာနှစ်ကုန်ရန် နီးကပ်လာချိန်တွင် ရေထွက်ကုန်ပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာသန်း ၆၀၀ ကျော်ရရှိထားပြီဖြစ်သောကြောင့် ပြီးခဲ့သော နှစ်များကထက် ဝင်ငွေရရှိမှု စံချိန်တင်သကဲ့သို့ နောင်နှစ်များတွင်လည်းပိုမိုဖွယ်ရှိနေကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့် အရာရှိကြီးတစ်ဦးက ပြောသည်။

"လာမယ့်နှစ်တွေမှာလည်း ဈေးကွက်တွေ ပွင့်လာရင် အခြေအနေ ပိုကောင်းလာနိုင်တယ်" ဟု မတ် ၁၃ ရက်တွင်မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ၎င်းက ပြောသည်။

ပြီးခဲ့သော ဘဏ္ဍာနှစ်ကုန်ချိန်တွင် ကန်ဒေါ်လာ ၅၅၅ သန်းကျော်သာ ရရှိခဲ့သော်လည်း ယခု ဘဏ္ဍာနှစ်ကုန်ရန် ရက် ၂၀ လိုသေးချိန်တွင်ပင် ကန်ဒေါ်လာ ၆၀၈ ဒသမ ၁၃၁ သန်းရရှိထားပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

၂၀၀၇ - ၂၀၀၈ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန် ပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာ ၅၆၁ ဒသမ ၀၂၃ သန်းရရှိခဲ့သည်။ ယခုနှစ်တွင် ကန်ဒေါ်လာသန်း ၇၀၀ လျှာထားပြီး ဘဏ္ဍာနှစ်ကုန်ပါက ကန်ဒေါ်လာသန်း ၆၅၀ ခန့်ရရှိနိုင်ကြောင်း ခန့်မှန်းထားကြသည်။

ပြည်ပသို့ ရေထွက်ပို့ကုန်များ တင်ပို့ရာတွင် နိုင်ငံတော်မှ ကုန်သွယ်ခွန်လျှော့ချပေးခြင်း၊ ငွေလဲလှယ်နှုန်း တည်ငြိမ်လာခြင်း၊ ရေထွက်ကုန်များ ပိုမိုတင်ပို့လာရခြင်းနှင့် ကဏန်းနှင့် ငါးရှဉ့်များအား လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုလိုက်ခြင်း၊ တရုတ်နိုင်ငံကဈေးနှုန်းမြင့်မားစွာ ပေးဝယ်ခြင်းများကြောင့် ဝင်ငွေစံချိန်တင်ရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ စံချိန်တင်ဝင်ငွေရရှိနေသော်လည်း ငါးမွေးမြူရေးလုပ်ငန်းရှင်များမှာမူ အရှုံးနှင့်ရင်ဆိုင်နေရသဖြင့် လုပ်ငန်းပြောင်းလုပ်ခြင်း၊ မွေးဧက လျှော့မွေးခြင်းနှင့် သွင်းအားစုများလျှော့ချခြင်းများ ပြုလုပ်နေသောကြောင့် လာမည့်လများတွင် တစ်လချင်းစီ ဝင်ငွေကိုထိခိုက်လာနိုင်ကြောင်း မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသန်းလွင်က ပြောသည်။




7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

## ပြည်ပသို့ ပြောင်းတင်ပို့မှုရပ်နားထား

ပြည့်သိမ်း

**ရန်ကုန်၊ မတ် - ၁၇**

နှစ်နိုင်ငံဘဏ်အချင်းချင်း ချိတ်ဆက်မှုမရှိသေးခြင်းကြောင့် ပြည်ပသို့ ပြောင်းဆန်တင်ပို့ရာတွင် အခွင့်အရေးများ ဆုံးရှုံးပြီး တင်ပို့မှုရပ်နားထားရကြောင်း ပြည်ပသို့ ပြောင်းတင်ပို့နေသည့် လုပ်ငန်းအချို့မှ တာဝန်ရှိသူများက ပြောသည်။

ပြည်တွင်းပုဂ္ဂလိကဘဏ်များသည်နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရရှိသော်လည်း အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကြောင့် ကုန်သွယ်ဖက်နိုင်ငံများနှင့် ဘဏ်အချင်းချင်း တိုက်ရိုက်ငွေပေး ငွေယူမလုပ်နိုင်ပေ။ ကြားနိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံနှင့်သာ လုပ်ကိုင်နေရသည့်အတွက် ဈေးကွက်အားသာမှုနှင့် အမြတ်ငွေ အပြည့်အဝ မရရှိခြင်းဖြစ်ကြောင်း ကမ္ဘောဇဘဏ် ဒုဥက္ကဋ္ဌ-၂ဦးသန်းလွင်ကဆိုသည်။

လက်ရှိ မြန်မာနိုင်ငံမှ အဓိကပြောင်းဆန် တင်ပို့နေသည့် မလေးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံက လျှော့ဈေးဖြင့် ဝင်ရောက်ရောင်းချမှုများကြောင့် ဈေးနှုန်းများကျဆင်းခဲ့သည်။ အိန္ဒိယနိုင်ငံသည် ပြောင်းဆန်ကို မလေးရှားနိုင်ငံရောက် တစ်တန်လျှင် ကန်ဒေါ်လာ ၂၆၅၊ ၂၇၀ အထိ ဈေးလျှော့ရောင်းသည်။ မြန်မာနိုင်ငံက ပြောင်းဆန်ဈေးကို တစ်တန်လျှင် သင်္ဘောပေါ်ရောက်ဈေး ကန်ဒေါ်လာ ၂၈၀ ဖြင့်သာ ရောင်းနိုင်သဖြင့် တင်ပို့နိုင်ခြင်းမရှိကြောင်း ပြောင်းလုပ်ငန်းရှင်အချို့ကဆိုသည်။

"ဖိလစ်ပိုင်ကတော့ မြန်မာရောင်းဈေးနဲ့ ဝယ်ချင်တယ်။ ဒါပေမဲ့ သူက ၁၀၀ ရာခိုင်နှုန်း LC ဆိုတော့မလွယ်ဘူး။ စင်ကာပူကြားခံလုပ်ရတာဆိုတော့ မလုပ်ရဲဘူး"ဟု ပြောင်းဆန် ပြည်ပသို့ တင်ပို့နေသည့် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

အိန္ဒိယနိုင်ငံသည် အခွန်အတားအဆီးကြောင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းဆန်တင်ပို့နိုင်ခြင်းမရှိပေ။ ဖိလစ်ပိုင်နိုင်ငံသည် မြန်မာပြောင်းဆန်ကို တစ်တန်လျှင် FOB ကန်ဒေါ်လာ ၂၈၀ အထက်ပေး၍ဝယ်ယူလိုသည်။ သို့သော် တင်ပို့နိုင်ခြင်းမရှိသဖြင့် ပြောင်းသစ်ပေါ်ချိန်တွင်ပြည်တွင်းပြောင်းဆန်ဈေးနှုန်း ကျဆင်းမည့်အချိန်ကိုသာ စောင့်နေရကြောင်း လုပ်ငန်းရှင်အချို့ကပြောသည်။

"ဇလွန်၊ ဟသ်ာတဘက်က ပြောင်းသစ်က မကြာခင် လှိုင်လှိုင်ပေါ်လာမှာပါ။ အဲဒီကာလဈေးအကျကို စောင့်ဝယ်ရမှာပဲ"ဟု ပြည်ပသို့ ပြောင်းတင်ပို့နေသည့် လုပ်ငန်းရှင်ကဆိုသည်။

လက်ရှိ ပြည်တွင်း ပြောင်းဈေးသည် ၅၄ ပိဿာ တစ်အိတ်လျှင် ရန်ကုန်ဈေးကွက်တွင် ၁၇,၀၀၀ ကျပ်ဝန်းကျင်သာရှိသည်။ မန္တလေးဈေးကွက်မှာ ၁၇,၅၀၀ ကျပ်မှ ၁၈,၀၀၀ ကျပ်ကြားရှိကြောင်းသိရသည်။

### စာ(၃၃) - ပဲမျိုးစုံ အာမခံဝယ်ယူမည့်အစီအစဉ် ယခုနှစ် မစတင်နိုင်သေး မှ

"ပြည်တွင်းက ပိုးသတ်ဆေးတွေနဲ့က ဘယ်လိုမှမနိုင်ဘူး။ ထိုင်းနိုင်ငံကလာတဲ့ ငါးနှစ်ကောင်ဆေးနဲ့မှ အဆင်ပြေတယ်။ သူက အရမ်းပြင်းတော့ ဖျန်းတဲ့လူတွေ တောင် မူးမေ့တာတွေရှိတယ်"ဟု ဝေါမြို့နယ် ဖိုးဦးစိန်ရွာသားတစ်ဦးက ဆိုသည်။

ယင်းကဲ့သို့ ပိုးမွှားအန္တရာယ်ကြောင့် ပဲအထွက်လျော့ကျခဲ့သော်လည်း ပဲဈေးမှာ မတ်ပဲတစ်တင်းလျှင် ၁၃,၀၀၀ ကျပ်ဝန်းကျင်သာရှိကြောင်း ဟသ်ာတမြို့နယ်မှ ပဲနှမ်းကုန်သည်တစ်ဦးကဆိုသည်။ ယင်းကြောင့် ပဲမျိုးစုံစိုက်ပျိုးသည့် လယ်သမားများသည် အာမခံဈေးဖြင့် ဝယ်ယူပေးမည်ကို မျှော်လင့်နေကြသည်။

ရန်ကုန်ဈေးကွက်တွင် မတ်ပဲသည် ယခုရက်ပိုင်း၌ ဈေးနှုန်းပြန်လည်တက်လာပြီး FAQ အမျိုးအစား တစ်တန်လျှင် ကျပ် ၃၈၀,၀၀၀ မှ ၄၁၀,၀၀၀ ကျော်ထိ ဈေးပြန်တက်လာသည်။ သို့သော် ပဲစင်းငုံနှင့်ပဲတီစိမ်းမှာ ဈေးနှုန်းပြန်လည်ကျဆင်းလာသည်။ ပဲစင်းငုံမှာ တစ်တန်လျှင် ကျပ်ငါးသိန်းကျော်မှ ၄၆၀,၀၀၀၊ ပဲတီစိမ်းမှာ ကျပ် ၆၀,၀၀၀ ကျော်မှ ကျပ် ၅၇,၀၀၀ ထိဈေးနှုန်းများပြန်လည်ကျဆင်းလာသည်။

## ရွှေဝယ်သူ ပြန်များလာ

သိမ့်သိမ့်စိုး

**ရန်ကုန်၊ မတ် - ၁၇**

ရွှေဈေးပြန်ကျနေချိန်တွင် ဝန်ထမ်းများကို အပိုထောက်ပံ့ကြေးချီးမြှင့်သော သတင်းထွက်ပေါ်လာပြီးနောက် ရွှေရောင်းအားများ ယခုရက်ပိုင်း၌ သိသာစွာမြင့်တက်ခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ရွှေဈေးက တစ်ကျပ်သားကို ၇၃၀,၀၀၀ ကျပ်အောက်ရောက်သွားတော့ ဝယ်သူကြိုက်ဈေးဖြစ်နေတဲ့အချိန် ဝန်ထမ်းတွေ လစာတိုးရမယ်ဆိုတဲ့ သတင်းကတိုက်ဆိုင်သွားတော့ ရွှေရောင်းအားက ဒီရက်ပိုင်း တော်တော့်ကို မြင့်တက်လာတယ်"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ရက်ပိုင်းအတွင်း ရွှေဈေးကွက်ရောင်းအားတက်ရခြင်းကိုသုံးသပ်ပြောသည်။

ရွှေဈေးနှုန်းကျဆင်းခြင်းမှာ ကမ္ဘာ့ရွှေဈေးနှုန်း တစ်အောင်စလျှင် ၁,၇၁၀ ဒေါ်လာဝန်းကျင်မှ ၁,၆၆၀ ဒေါ်လာဝန်းကျင်ထိ ကျဆင်းသွားခြင်းကြောင့်ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများကဆိုသည်။


ထိုကဲ့သို့ ကမ္ဘာ့ရွှေဈေးနှုန်းများ ကျဆင်းခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းများသည်လည်း ယခုအပတ်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၂၅,၀၀၀ ကျပ်၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၆၈၀,၀၀၀ ကျပ် အသီးသီးဈေးပေါက်နေသည်။

"ဒီရက်ပိုင်းမှာ ဈေးကွက်ကရောင်းအား တော်တော်တက်လာခဲ့တာ။ အထည်ဈေးကွက်ရော အပိုင်းဈေးကွက်မှာပါ ရောင်းအားကောင်းလာတယ်။ အပိုင်းဈေးကွက်မှာဆို ပုံမှန် ဝယ်လက်ထက်ကို ရွှေဝယ်တဲ့သူ ၃၀ နီးပါးလောက် တက်လာခဲ့တယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။


ကမ္ဘာ့ရွှေဈေး ဆက်လက်ကျဆင်းနေသော်လည်းပြည်တွင်းဈေးကွက်ဝယ်လိုအားကောင်းနေခြင်းကြောင့် ရွှေဈေးနှုန်းမှာ ကျသင့်သလောက် ကျဆင်းခြင်းမရှိသေးကြောင်း ရွှေလုပ်ငန်းရှင်အချို့ကဆိုသည်။

လက်ရှိရွှေဈေးနှုန်းများအရ ပြည်တွင်းရွှေဈေးနှုန်းမှာ ကမ္ဘာ့ရွှေဈေးနှုန်းနှင့်ယှဉ်ပါက တစ်ကျပ်သားပေါ်တွင်ကျပ်၁၀,၀၀၀ကျော် မြင့်နေသေးသည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာ ကမ္ဘာ့ဈေးတက်ရိပ်မပြပါက ဈေးနှုန်းများ ကျဆင်းနိုင်သေးကြောင်း ရွှေလုပ်ငန်းရှင်အချို့က ခန့်မှန်းပြောကြားသည်။






# 7DAY BOOK REVIEW




## ရတနာမြင်ကွင်း (မောင်ဝင်းမြတ်)


ကျောက်မျက်ရတနာနှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ် ထုတ်ဝေလိုက်သည့် ရတနာပစ္စည်းများအကြောင်း စာအုပ်ဖြစ်သည်။ စာရေးသူမောင်ဝင်းမြတ်သည် ‘ရတနာမျက်ရှု’ ဆိုသော ကျောက်မျက်နှင့်သက်ဆိုင်သည့် စာအုပ်ထွက်ရှိပြီးဖြစ်သည်။ ယခုစာအုပ်တွင် ဆောင်းပါး ၂၅ပုဒ်ပါဝင်ပြီး အထူးသဖြင့် စိန်များအကြောင်း(အဝါရောင်စိန်၊ ပန်းရောင်စိန်၊ စိန်အတု) ပတ္တမြားအကြောင်း(မိုင်းရှူးပတ္တမြား၊ နန့်ယားပတ္တမြား) အထူးပြုရေးသားထားသည်။ ထို့ပြင် နီလာ၊ ကျောက်စိမ်း၊ သန္တာ၊ လူလုပ်ဂေါ်ကြိုး ကျောက်မျက်၊ ကြောင်မျက်လုံး ကျောက်မျက်အစရှိသည့် ရတနာမြင်ကွင်းစုံကို ရောင်စုံဓာတ်ပုံများဖြင့် ဖတ်ရှုသူပေါ့ပါးသွက်လက်အောင် ပေးစာသဘောမျိုး ရေးဖွဲ့တင်ပြထားသည်။ ဇင်ရတနာစာပေက တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## စာချွန်တော်(စီရင်ထုံးများနှင့် ဆုံးဖြတ်ချက်များအကျဉ်း)




၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဥပဒေဘွဲ့ရရှိခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ဥပဒေပါရဂူဘွဲ့ရယူခဲ့သောဒေါက်တာမာလာအောင်ရေးသားပြုစုခဲ့သည့် ဥပဒေပညာရပ်ဆိုင်ရာ စာတမ်းဖြစ်သည်။ စာအုပ်တွင် လွတ်လပ်ရေးရသည့် ၁၉၄၈ မှ ၁၉၇၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သည့် အမှုအခင်းများနှင့်ပတ်သက်၍ စီရင်ထုံးများနှင့် ဆုံးဖြတ်ချက်များကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် အကျဉ်းချုံးစုစည်းဖော်ပြထားသည်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ကုစားမှုများဖြစ်သည့် စာချွန်တော် အမိန့်လျှောက်ထားနိုင်ခွင့်အပေါ် အခြေပြု၍ စီရင်ဆုံးဖြတ်ချက် အကျဉ်း၊ တရားသူကြီးများ၏ အဆုံးသတ်ဆင်ခြင်မှု၊ အမှုအရှုံးအနိုင်များကို စုစည်းဖော်ပြထားရုံမျှမက စာချွန်တော်အမျိုးအစား ခွဲခြားခြင်းမရှိဘဲ စာချွန်တော်လျှောက်ထားမှုမျိုးကိုပါတင်ပြထားသည်။ နေမျိုးစာပဒေသာစာပေက တန်ဖိုး ၄,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## မန္တလေးမှ ဗန်းမော်သို့ ဧရာဝတီလင်းပိုင်နှင့်အတူ ခရီးသွားခြင်း (စိန်မျိုးမြင့်)




ဓာတ်ပုံပညာရှင် (ဦး)စိန်မျိုးမြင့်၏ ခရီးသွားဆောင်းပါးစာအုပ်ဖြစ်သည်။ မေခ၊ မလိခပေါင်းစုံရာမှ ဖြစ်တည်လာသည့် ဧရာဝတီမြစ်ကြောတစ်လျှောက်ကျက်စားလေ့ရှိသော လင်းပိုင်များ၏ အကြောင်း မှတ်တမ်းတင် ခရီးသွားဆောင်းပါးအဖြစ် ရေးသားထားသည့် စာအုပ်ဖြစ်သည့် အလျောက်သတင်းဓာတ်ပုံများ၊ အလှဓာတ်ပုံများဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။ အထူးသဖြင့် ဧရာဝတီလင်းပိုင်တို့၏ သဘာဝ၊ နေထိုင်မှုဘဝပုံစံတို့ကို မန္တလေးမှဗန်းမော်သို့ စာရေးသူကိုယ်တိုင် ဆန်တက်ကာ မှတ်တမ်းတင်ထားသည်ဖြစ်၍ ဧရာဝတီကို စိတ်ဝင်စားမြတ်နိုးကြသူများ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလိုသူများနှင့် ဒေသန္တရဗဟုသုတရရှိလိုသူများအတွက် ဖတ်ရှုသင့်သောစာအုပ်ဖြစ်သည်။ ဧရာဝတီလင်းပိုင်များအကြောင်းသာမက ပျက်စီးယိုယွင်းစပြုနေသော ဧရာဝတီမြစ်ကြီးနှင့်ပတ်သက်၍ စာရေးသူ၏အမြင်ကိုပါ ဆင့်ပွားသိရှိနိုင်ပါသည်။ စာပေလောကစာအုပ်တိုက်က တန်ဖိုး ၃,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## သတ္တဝါတွေထဲမှာ ဘုရင်လို့တင်စားခေါ်ရလောက်တာ ဘာတွေလဲ

ဘုရင်(King)ဟုဆိုရာ၌ ခေါင်းဆောင်မှုစွမ်းရည်၊ စိုးမိုးအုပ်ချုပ်နိုင်မှု စွမ်းအား၊ ထီးဟန်နန်းဟန်ဆန်သော ပုံရိပ်စသည်ဖြင့် သူမတူသော အရည်အသွေးများနှင့်ပြည့်စုံသူအဖြစ် ခံယူကြသည်။ တိရစ္ဆာန်လောကတွင်လည်း မျိုးရင်းနီးစပ်များအကြား အသွင်အပြင်၊ ပြုမူလှုပ်ရှားပုံ၊ ကိုယ်နေဟန်ထားစသည်များ အထူးထင်ရှားကွဲပြားသည့်ဘုရင်များရှိသည့်အနက် အချို့ကိုဖော်ပြလိုက်ပါသည်။


ကဏန်းကြီးမျိုး(King Crab)သည်မြောက်အမေရိက၊ အရှေ့တောင်အာရှတိုက်ရှိကမ်းခြေများတွင် တွေ့ရတတ်ပြီး လွန်ခဲ့သောနှစ်သန်းပေါင်း ၂၀၀ ကတည်းက ရှင်သန်နေထိုင်ခဲ့သည့် ရှေးဟောင်းမျိုးနွယ်ဝင်ကဏန်းဖြစ်သဖြင့် သက်ရှိရုပ်ကြွင်းအဖြစ်တင်စားခေါ်ဝေါ်ကြသည်။ ပုစွန်တုပ်ကြီး(King Lobster)သည် ၂၀ စင်တီမီတာခန့်ရှည်လျားပြီး ဘရစ်တန်နီကမ်းခြေနှင့်နော်ဝေးနိုင်ငံတို့တွင် တွေ့ရတတ်ကာ ပင်လယ်ရေနက်ပိုင်းနှင့်ရွှံ့ထူသောရေအောက်ခြေတွင် နေထိုင်တတ်သည်။ တောကြီးမြွေဟောက်(King Cobra)သည်ကမ္ဘာပေါ်တွင်အဆိပ်အပြင်းဆုံး အကြီးဆုံးမြွေမျိုးဖြစ်ပြီး ၄ မီတာမှ ၅ မီတာအထိ ရှည်လျားသော ခန္ဓာကိုယ်ကိုပိုင်ဆိုင်ကာ ဟိမဝန္တာတောင်ခြေသစ်တောများတွင်သာ တွေ့နိုင်သည်။ အမြီးဖျားရှိအခွံမာအထပ်ထပ်ကို ခလောက်သံထွက်အောင် လှုပ်ခါလေ့ရှိသော အမေရိကခလောက်ဆွဲအမြီးမြွေပွေး(King Rattler)သည် တိရစ္ဆာန်ဘုရင်စာရင်းတွင်ပါဝင်ပြီး ယင်းသည်သားကောင်၏အပူလှိုင်းကိုခြေရာခံလိုက်နိုင်စွမ်းရှိသည်။ အဆိုပါမြွေပွေးသည် အလျား ၁၂၅စင်တီမီတာအထိရှည်လျားကြီးထွားနိုင်ပြီး အမေရိကန်ပြည်ထောင်စုကယ်ရိုလိုင်းနား၊ လူးဝစ္စယားနား၊ ဖလော်ရီဒါပြည်နယ်များတွင် တွေ့ရတတ်သည်။

—Source:Wisdom Monthly Digest

# တစ်ပတ်တာကံကြမ္မာ

မတ် ၂၁ ရက် မှ ၂၇ ရက် အထိ

စံဇာဏီဘို




## ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အခက်အခဲအားလုံးကို ကျော်ဖြတ်၍ ပြောင်းလဲမှုအလုံးစုံကို အရှိန်အဟုန်မြင့်စွာ ဆောင်ရွက်သင့်သည်။ ရုတ်တရက် ပေါ်လာသည့်အခြေအနေ၊ အပြောင်းအလဲတို့ကို လက်တွေ့အသုံးချသင့်သည်။ အသွားအလာအနေအထိုင် အားလုံးဂရုစိုက်ပါ။ ခိုက်ရန်ဖြစ်မှုရှောင်ပါ။ အမှုအခင်း၊ ပြဿနာများနှင့်ဆက်နွှယ်ပတ်သက်ရမည်။ ငွေလိမ်ခံရမည်။ အိမ်မှာထားသောငွေ သူခိုးခိုးခံရမည်။




## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အခွင့်အလမ်းကောင်းများ တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်မည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ ကိုယ့်ကိစ္စမဟုတ်ဘဲ တစ်ပါးသူအတွက် စိတ်ရှုပ်ထွေးရမည်။ ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးခြားအကျိုးပေးမည်။ ပြောင်းလဲနေသောအခြေအနေကို စနစ်တကျအသုံးချပြီး ပိုမိုမြင့်မားသောဘဝအဆင့်သို့ တိုးတက်ရောက်ရှိမည်။




## GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အရာရာအဆင်ပြေမည်။ စိတ်ချမ်းမြေ့စရာများရှိမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ ထူးခြားသည့်မိတ်သစ်ဆွေသစ်များနှင့် ပူးတွဲ၍ အလုပ်အကြံအစည်များ ဆောင်ရွက်နိုင်မည်။ ဤရက်အတွင်း လူစည်ကားရာအရပ်များသို့ သွားလာခြင်းရှောင်ပါ။ အရောင်းထိုင်းပစ္စည်းများ အမြတ်အစွန်းကောင်းစွာနှင့်ရောင်းချရမည်။ လုပ်ငန်းခွင်ရှိသူများ နေရာကောင်းရ၍ အဆင့်တိုးတက်မည်။



## CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အောင်မြင်မှုများ၊ အဆင်ပြေမှုများ ဆက်တိုက်ဖြစ်ပေါ်မည်။ မိတ်ဆွေအကြီးအကဲထံမှ အကူအညီရမည်။ အမျိုးသမီးလူလွတ်များ အလွန်ကောင်းသော မေတ္တာရေး၊ အချစ်ရေးကိစ္စများ ကြုံတွေ့ရမည်။ ကိုယ်တိုင်လုပ်ကိုင်နေသည့်ကိစ္စများအတွက် အထောက်အကူရမည်။ လုပ်ငန်းခွင်ရှိသူများ အလုပ်တိုးတက်မည်။ စိတ်ကူးသစ်များကို လက်တွေ့အကောင်အထည်ဖော်သင့်သည်။ စီးပွားတိုးတက်မည်။



## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ခံစားချက်ကို ဦးစားပေး၍မရ။ အကျိုးအကြောင်းဆင်ခြင်လုပ်၍ တိုးတက်မှုရှာဖွေရမည်။ ခက်ခဲသောပြဿနာများကို ဖြေရှင်းအောင်မြင်နိုင်မည်။ မိမိစိတ်ကူးထားသည်များကို လက်တွေ့ဆောင်ရွက်၍ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ ငွေကြေးလက်လွှန်ဆုံးရှုံးမှုများမည်။ အချိန်တိုတိုနှင့် လွယ်လင့်တကူပြီးမြောက်ရမည်ကိစ္စအား အချိန်ဆွဲလွန်းခြင်း၊ အနီးကပ်မှ လုပ်ကိုင်ခြင်းကိုလျှော့သင့်သည်။



## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရန်အတိုက်အခံနှင့်ယှဉ်၍ အလိုရှိရာ ဆောင်ရွက်ရမည်။ အလွန်စိတ်ရှည်သည်းခံရမည်။ လမ်းကြောင်းမည်မျှကြမ်းစေ အဆုံးတွင် အောင်မြင်သွားမည်။ မိမိအမည်ကို အလွဲသုံးစားပြုသူများ၊ မိမိမိတ်ဆွေများကိုအသုံးချသူများ၊ မိမိကို ခုတုံးလုပ်၍ ဘဝတိုးတက်မှုရှာဖွေသောသူများနှင့်တွေ့ကြုံရမည်။ အိမ်တွင်းရေးအညံ့ရှိသည်။ ရင်းသူများနှင့် စကားများခြင်း၊ ပဋိပက္ခဖြစ်ရခြင်းများကြုံမည်။



## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ကျန်းမာရေး အထူးဂရုစိုက်ရမည့်ကာလဖြစ်သည်။ ပျို့ရွယ်သူများ အချစ်ရေးကိုအကြောင်းပြု၍ မိဘ၊ မိသားစုနှင့် ပဋိပက္ခဖြစ်တတ်သည်။ ပညာရှာသူများ ပညာရေးတွင် အနှောင့်အယှက်များရှိမည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်ခြင်း၊ စေတနာ ဝေဒနာဖြစ်ခြင်းတို့ ကြုံတွေ့ရတတ်သည်။ ကာလရှည်ကြာစီစဉ်ပြီး လုပ်သည့်ကိစ္စများကို တတ်အားသမျှရှောင်ပါ။



## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စိတ်အလိုကျလုပ်ကိုင်၍ တိုးတက်မှုအဆင့်ဆင့်ကို ရရှိပေမည်။ မိတ်ကောင်းဆွေကောင်းများထံမှ အထောက်အကူရနိုင်သော အနေအထားရှိသည်။ စုပေါင်းလုပ်ကိုင်သောကိစ္စများမှ အကျိုးဆက်ကောင်းရရှိမည်။ မိသားစုနှင့်ပတ်သက်သော လုပ်ငန်းကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ စိတ်ချမ်းမြေ့ဖွယ်သတင်းစကားများကြုံမည်။ ကျန်းမာရေးအညံ့ကြုံမည်။



## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ပြဿနာများ၊ အခက်အခဲများ၊ အနှောင့်အယှက်များ၊ ဝေဖန်တိုက်ခိုက်ခံရခြင်းများ၊ ငွေဝင်လမ်းပိတ်ဆို့ခံရခြင်းများ တစ်မျိုးပြီးတစ်မျိုး ဆင့်ကဲဆင့်ကဲကြုံမည့်ကာလဖြစ်သည်။ ရန်အနှောင့်အယှက်များစွာကိုရင်ဆိုင်ဖြေရှင်းပြီးမှ အလိုရှိရာ ပြီးပြည့်စုံသည်။ မိမိအပေါ် အထင်အမြင်လွဲမှားသူများနှင့် တွေ့တတ် သည်။ လူလိမ်လူကောက်သတိရှိရမည်။ လှည့်စားခံရတတ်သည်။



## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အရာရာသတိရှိပါ။ မတော်တဆထိရှိမှုများဖြစ်တတ်သည်။ ရန်အတိုက်အခံများလည်း ကျော်လွှားရမည်။ ခက်ခဲသောပြဿနာများ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရမည်။ ဉာဏ်များသော လှည့်စားသော မာယာရှင်များ၏ ညွှတ်ကွင်းအတွင်း သက်ဆင်းရကိန်းရှိသည်။ အလိုက်မသိသော၊ ဒုက္ခပေးသောမိတ်ဆွေများ၏ ဒဏ်ခံရမည်။ ရင်းနှီးမြှုပ်နှံမှုများမှ အရှုံးပေါ်မည်။



## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)


ကျန်းမာရေးဂရုစိုက်ပါ။ မတော်တဆထိခိုက်မှုများဖြစ်လွယ်သည်။ အရာရာသတိနှင့်ဆောင်ရွက်ပါ။ အမှားတစ်ချက်ကြုံသည်နှင့် စိတ်အနှောင့်အယှက်များ ဇယ်စက်သလိုကြုံမည်။ မိဘဆွေမျိုးအကြီးအကဲများ၏ ကျန်းမာရေးဂရုစိုက်ရမည်။ ဤရက်အတွင်း ပစ္စည်းလျှောင်ခြင်း၊ စျေးကစားခြင်းမပြုရ။ တစ်ပိုင်းတစ်စရပ်တန့်ထားသည်များ အပြီးသတ်ဆောင်ရွက်နိုင်မည်။ ငွေကြေးကိစ္စ ကြားဝင်အာမခံခြင်းမပြုရ။



## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အရာရာအဆင်ပြေမည်။ ရည်မှန်းထားသည်များ အားလုံးအောင်မြင်မည်။ မည်မျှအခက်အခဲရှိစေ အဆုံးပိုင်းတွင် အောင်မြင်မည်။ တစ်ပိုင်းတစ်စဖြစ်နေသည့်လုပ်ငန်းများ ပိတ်ဆို့နေသည်များကို ကျော်လွှား၍ အောင်မြင်မှုရမည်။ ကာလအတန်ကြာ စိတ်ကူးထားပြီး လက်တွေ့ဆောင်ရွက်ခြင်းပြုသေးသောကိစ္စများကို ဆောင်ရွက်သင့်သောကာလဖြစ်သည်။ မမျှော်လင့်ဘဲ ငွေဝင်ကိန်းများရှိသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012



# ဆီးရီးယားရောက် ပြင်သစ်သူရဲကောင်း

**ကြည့်နေဝင်းမင်း**

စစ်မြေပြင်ပေါင်း များစွာတွင် သွားရောက်ဆေးကုသပေးဖူးသူဒေါက်တာဂျက်ဘီးရက်စ်တစ်ယောက် အသက် ၇၁ နှစ်အရွယ်တွင် ပါရီမြို့မှ သက်သောင့်သက်သာဘဝကိုထားခဲ့ကာပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်း၎င်းကိုယ်၎င်းဆီးရီးယားနိုင်ငံ ဟွမ်းစ်မြို့သို့ ခိုးဝင်ခဲ့သည်။ ဟွမ်းစ်မြို့မှာ ဆီးရီးယားတော်လှန်ရေး၏ ဗဟိုချက်ဖြစ်ပြီး ယင်းမြို့၌ ထိခိုက်ဒဏ်ရာရသူများကို ဆေးကုသပေးရန် ဒေါက်တာဘီးရက်စ်သွားရောက်ခြင်းဖြစ်သည်။



လူသူကင်းမဲ့နေသော မှောင်မှောင်မည်းမည်း အိမ်တစ်လုံးတွင် လျှို့ဝှက်စွာ နေထိုင်ရင်း ခွဲစိတ်ခုံတစ်လုံး၊ ခုတင်သုံးလုံးနှင့် ဒေသခံဆီးရီးယားလူမျိုးသုံးဦး အကူအညီနှင့် ဒေါက်တာဘီးရက်စ်က လူပေါင်း ၈၉ ဦးကိုခွဲစိတ်ကုသပေးခဲ့သည်။ ကိုးဦးမှ လွဲ၍ ကျန်လူများ အသက်ရှင်ခဲ့ကြောင်း ဒေါက်တာဘီးရက်စ်က ပြောပြသည်။

ခွဲစိတ်အထူးကု ဆရာဝန်တစ်ဦးဖြစ်သူဒေါက်တာဘီးရက်စ်သည် နည်းစနည်းမခြားဆရာဝန်များအဖွဲ့ကို စတင်တည်ထောင်ခဲ့သူများတွင် ပါဝင်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များက ရက်ရက်စက်စက် ထိုးစစ်ဆင်နေသော ဟွမ်းစ်မြို့သို့ ဝင်ရောက်နိုင်ခဲ့သည့်တစ်ဦးတည်းသော အနောက်တိုင်း ဆရာဝန်ဖြစ်ပုံရပါသည်။

ဒေါက်တာဘီးရက်စ်၏ ဆီးရီးယားနိုင်ငံဆီသို့ ခရီးစဉ်မှာ ဖေဖော်ဝါရီလစောစောပိုင်းတွင် လက်ဘနွန်နယ်စပ်ကိုဖြတ်ကျော်ဝင်ရောက်ခြင်းမှ စတင်ခဲ့သည်။ မှောင်ခိုသမားများ၏ အကူအညီဖြင့် ဆေးပစ္စည်းကိရိယာများအပြည့်ပါသည့် အိတ်တစ်လုံးကိုလည်းသယ်ယူခဲ့သည်။ ထိုမှတစ်ဆင့် ကားဖြင့်တစ်မျိုး၊ မော်တော်ဆိုင်ကယ်ဖြင့် တစ်ဖုံ ခရီးသွားရင်း အယ်လ်ကူဆာရာမြို့သို့ရောက်ရှိခဲ့သည်။ အယ်လ်ကူဆာရာမှာလည်း အစိုးရတပ်များ ဝန်းရံခံထားရသည့် ဟွမ်းစ်ခရိုင်မှ မြို့ဖြစ်သည်။ ဒေါက်တာဘီးရက်စ်သည် ယင်းမြို့တွင်လည်း ဆီးရီးယား ဆရာဝန်တစ်ဦးနှင့် အတူ ဆေးကုသမှုများ ပြုလုပ်ခဲ့ပြီးနောက်ဆုံးတွင် ဟွမ်းစ်မြို့သို့ ဝင်ရောက်နိုင်ခဲ့သည်။

ဟွမ်းစ်မြို့တွင် ရက်သတ္တပတ်နှစ်ပတ်နေထိုင်စဉ်အတွင်း တစ်ကြိမ်နေရာ ရွှေ့ပြောင်းခဲ့ရသည်။ "အဲဒီအဆောက်အအုံဟာအစိုးရတပ်ဖွဲ့တွေရဲ့ ပစ်မှတ်ဖြစ်လာတယ်လို့ ငါခံစားရတယ်။ နေရာအနေအထားကလည်း အဆင်မပြေ၊ အဲဒီနေရာမှာ လူကအရမ်းများနေတော့ သယ်လာတဲ့ လူနာတွေကြားထဲမှာပဲ အလုပ်လုပ်နေရတယ်"ဟု ဆီးရီးယားနိုင်ငံမှပြန်လာပြီး မကြာသေးခင်မှာပင် ၎င်း၏ ပါရီမြို့တိုက်ခန်းတွင်ပြုလုပ်သည့် အင်တာဗျူး၌ ဒေါက်တာဘီးရက်စ်ကပြောပြသည်။

"ဒဏ်ရာမျိုးစုံကုသခဲ့ရတယ်။ လက်နက်ကြီးနဲ့ မော်တာကြောင့်ရတဲ့ဒဏ်ရာတွေ၊ တာဝေးပစ်စနိုက်ပါရိုင်ဖယ်နဲ့ အပစ်ခံရတာတွေ၊ အော်တိုမက်တစ်သေနတ်ဒဏ်ရာတွေ၊ ဗုံးဆန်ထိတာတွေ အစုံပဲ"ဟုဒေါက်တာဘီးရက်စ်ကပြောသည်။ ၎င်း၏ ယာယီဆေးရုံမှာဟွမ်းစ်မြို့တစ်ဝိုက်တွင် တိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများအသည်းထန်ဆုံးဖြစ်ပေါ်ရာ ဘာဘာအာမေးရပ်ကွက်မှ သွားလျှင် မိနစ်အနည်းငယ်သာ ကွာဝေးသည်။

တစ်နေ့တွင် သူ့ဆေးရုံ၌ လူ ၁၁ ဦးသေဆုံးခဲ့ကြောင်း ဒေါက်တာဘီးရက်စ်က ဆိုပါသည်။ တချို့မှာ သူဆေးမကုရသေးမီမှာပင် သေဆုံးခဲ့ခြင်း ဖြစ်သည်။ "တချို့ကဦးနှောက်ဒဏ်ရာတွေရပြီး ရောက်ကတည်းက သေနေပြီ။ အချို့ကျတော့လည်း ဒဏ်ရာပြင်းထန်လွန်းလို့ ဘယ်လိုမှ မကယ်နိုင်တော့ဘူး" ဟု၎င်းကပြောပြသည်။ လူနာအများအပြားမှာ ကလေးငယ်များဖြစ်ကြောင်း သူကဆိုသည်။ ယူနီဆက်၏ အဆိုအရ ဆီးရီးယားပဋိပက္ခတွင် ကလေးသူငယ် ၄၀၀ ခန့်သေဆုံးခဲ့ပြီဖြစ်သည်။

ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ဆီးရီးယားအစိုးရက ဟွမ်းစ်မြို့အား မီးကုန်ယမ်းကုန် မတိုက်ခိုက်မီလေးတွင် ဒေါက်တာဘီးရက်စ် ဆီးရီးယားနိုင်ငံမှ ထွက်ခွာခဲ့သည်။

"ကျွန်တော်စိတ်မကောင်းပါဘူး" ပါရီသို့ ပြန်ရောက်ချိန်တွင် ပြင်သစ် RTL ရေဒီယိုအား ဒေါက်တာဘီးရက်စ်က ပြောပါသည်။ "အသုံးမဝင်တဲ့ ဒုက္ခသုက္ခတွေ၊ ရက်စက်မှု၊ လူမဆန်မှု၊ ကလေးတွေ မိသားစုတွေ ခံစားနေရတာတွေကို ကျွန်တော်မြင်တွေ့ခဲ့ရပါတယ်" ဟု၎င်းကဆိုသည်။

သို့သော် ဒေါက်တာဘီးရက်စ်နှင့် အလုပ်လုပ်ခဲ့သူများကမူ သူ၏ အေးဆေးတည်ငြိမ်မှု၊ ဒုက္ခနှင့် သေခြင်းတရားများကြားမှပင် ငြိမ်သက်စွာ အားပြည့်အင်ပြည့် အလုပ်လုပ်နိုင်ခြင်းကို ချီးကျူးကြသည်။ "ခက်ခဲတဲ့အချိန်တွေ ငါတို့ ဖြတ်သန်းခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ဘေးနားမှာရှိတဲ့လူတိုင်းလိုလို ပျာယာခတ်နေချိန်မှာတောင် ဒေါက်တာဘီးရက်စ်က အေးအေးဆေးဆေးပါပဲ" ဟု အယ်ကူဆာရာမြို့ ရောက်ခါစတွင်ဒေါက်တာဘီးရက်စ်အား ဗီဒီယိုရိုက်ကူးပေးခဲ့သူ ဗီဒီယိုဂျာနယ် လစ်သူငယ်ချင်း နီကိုးလပ်စ်ကဆိုသည်။

ဒေါက်တာဘီးရက်စ်၏ ဆီးရီးယားခရီးစဉ်အား အဖွဲ့အစည်းနှစ်ရပ်က တစ်စိတ်တစ်ပိုင်းပံ့ပိုးပေးခဲ့သည်။ ပြင်သစ်-ဆီးရီးယား ဒီမိုကရေစီအဖွဲ့နှင့် UAM93 ဟုခေါ်သောပါရီမြို့ဆင်ခြေဖုံး စိန့်ဒင်းနစ်ဒေသမှ မွတ်ဆလင်အဖွဲ့အစည်းတို့ဖြစ်သည်။

ဆီးရီးယားနိုင်ငံတွင်ရောက်ရှိနေစဉ်အတွင်း အိပ်ရေးပျက်သောညများ၊ စိတ်တင်းကျပ်သောရက်သတ္တပတ်များ ကြုံတွေ့ခဲ့ရသည်ဟု ဒေါက်တာဘီးရက်စ်က ပြောပြသည်။ လက်နက်ကြီးကျရောက်ပေါက်ကွဲဆူညံမှု၊ ရာသီဥတုအေးခြင်း၊ လမ်းပေါ်မှ ရွံ့များ၊ အစာရေစာပြတ်လပ်မှု၊ ကလေးများကို မေ့ဆေးပေးရန် ခွဲစိတ်ခန်းသုံးမျက်နှာဖုံး ရှားပါးမှုများနှင့် ရုန်းကန်ခဲ့ရကြောင်း ပြောပြသည်။ ထို့အပြင် အခြေခံကုသမှုများမှလွဲ၍ အခြားကုသမှုများအတွက် ပစ္စည်းကိရိယာ အလုံအလောက်မရှိကြောင်း ၎င်းကဆိုသည်။

"တချို့လူတွေဆိုရင် ခွဲစိတ်ပြီးလို့ သုံးနာရီလောက်အကြာမှာပဲ အနာကသွေးတိတ်ရုံလောက်ပဲရှိဦးမယ်။ ပတ်တီးတန်းလန်းကြီးနဲ့ ဆေးရုံပေါ်ကနေ လမ်းလျှောက်ဆင်းသွားကြတယ်" ဟု ဒေါက်တာဘီးရက်စ်က ပြောသည်။

သို့သော် ၎င်းကို ကူညီလုပ်ကိုင်ပေးသူများ၏ ပရော်ဖက်ရှင်နယ်ဆန်မှု၊ ဆီးရီးယားအတိုက်အခံများ၏ ကိုယ်ကျင့်တရားနှင့် ဟွမ်းစ်မြို့သူမြို့သားများ၏ စည်းစည်းလုံးလုံးရှိသော စိတ်ဓာတ်အကြောင်းကိုမူ ဒေါက်တာဘီးရက်စ်က အလေးအနက်ထားပြောကြားသည်။ "အတိုက်အခံအဖွဲ့ဝင်တွေက တော်တော်လေးတောင့်တင်းပါတယ်။ အရမ်းကိုတက်တက်ကြွကြွရှိပြီး သူတို့အတွက် ဘာဖြစ်နေနေ၊ စိတ်ဓာတ်အရမ်းကို ခိုင်မာကြတယ်" ဟု ဒေါက်တာဘီးရက်စ်က ပြောပါသည်။ အခြားစစ်မြေပြင်များတွင် ကြုံတွေ့ရသော သွေးရှားပါးမှုလည်းမကြုံတွေ့ခဲ့ရဘဲ ဒဏ်ရာရရှိသူများအတွက် သွေးလှူဒါန်းမည့်သူများတန်းစီနေကြောင်း ၎င်းကဆိုပါသည်။

၁၉၄၁ တွင်မွေးဖွားပြီး နှစ်ကြိမ်အိမ်ထောင်ပြုခဲ့သော ဒေါက်တာဘီးရက်စ်သည် ၁၉၆၇ ခုနှစ် ဗီယက်နမ်စစ်ပွဲ အတွင်း ၎င်းတာဝန်ကျရာ ဆိုင်ဂုံမြို့ရှိပြင်သစ်ဆေးရုံတွင် စစ်မြေပြင်ခွဲစိတ်ကုသမှုကိုသင်ယူခဲ့သည်။ ၁၉၇၁ ခုနှစ် နယ်စည်းမခြား ဆရာဝန်များအဖွဲ့ ဖွဲ့စည်းရာတွင် ပါဝင်ခဲ့ပြီး ၁၉၈၀ တွင် ကမ္ဘာ့ဆရာဝန်များအဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ နှစ်ပေါင်း ၄၀ အတွင်း ကမ္ဘာ့အန္တရာယ်အများဆုံး စစ်ပွဲဇုန်များအတွင်း သွားရောက်နေထိုင်ခဲ့သည်။ ဗီယက်နမ်စစ်ပွဲ၊ လိုင်ဘေးရီးယား၊ ဆူဒန်၊ ဆီယာရာလီယွန်၊ ရဝမ်ဒါ၊ ချေချင်းညာ၊ အီရတ်နှင့် လစ်ဗျား စစ်ပွဲများ၌ ဆေးကုသပေးခဲ့သည်။

ဟွမ်းစ်မြို့သို့ ပြန်လည်သွားရောက်လိုသည်ဟု ဒေါက်တာဘီးရက်စ်က ပြောကြားပြီး လိုအပ်ချက်က များပြားနေပြီး နိုင်ငံတကာအကူအညီကမဖြစ်စလောက်သာ ရှိနေသောကြောင့်ဟု အကြောင်းပြသည်။

"ဆီးရီးယားရဲ့ အနာဂတ်ဘယ်လိုဖြစ်လာမလဲတော့ ငါမသိဘူး။ ဒါပေမဲ့ ဆီးရီးယားပြည်သူတွေကိုတော့ အရမ်းလေးစားတယ်" ဟုဒေါက်တာဘီးရက်စ်က ဆိုပါသည်။ —*Ref: French Surgeon, 71, Saves Lives in Syria*

168 ကရဏာတိုင်းရင်းဆေးကုခန်း
နှာခေါင်းရောဂါအမျိုးမျိုး
နှာခေါင်းရောဂါအမျိုးမျိုးတို့တွင် နှာခေါင်းယားယံခြင်း၊ နှာပိတ်ခြင်း၊ မကြာခဏ နှာချေခြင်း၊ ပြည်/နှပ်ရည်ထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်စွမ်းပကား လျော့နည်းလာခြင်း စသောရောဂါလက္ခဏာရှိသည်။ နှာခေါင်းရောဂါတွင် ရုတ်တရက် နှာတာရှည်နှာမှုးရောင်ရောဂါ အလာဂျီနှာမှုးရောင်ရောဂါ၊ နှာခေါင်းတွင် လှိုက်စားခြင်းကြောင့် ပြည်နံ့ရခြင်း၊ နှာခေါင်းရဲထားသော အခေါင်းရောင်ရမ်းနာ၊ နှာခေါင်းအနီးပတ်ဝန်းရှိ အခန်းအတွင်း အမြှေးပါးရောင်ခြင်းနှင့် အသားပိုထွက်ခြင်း၊ အနံ့အသက်မရခြင်းတို့ရှိသည်။ တိုင်းရင်းဆေးသမားတော်များသည် လိမ်းဆေးနှင့်သောက်ဆေးကိုသုံးပြီး တစ်ပြိုင်နက် ကုသမှုပြုခြင်းကြောင့် ဝေဒနာခံစားမှုလျှင်မြန်စွာသက်သာစေပြီး ပျောက်ကင်းမှုမြန်ဆန်သည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။
ကြာသပတေးနေ့တိုင်းပိတ်သည်။
အမှတ်(၇၅)၊ နိုင်ရွှေဝါလမ်း၊ ဗဟိုလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၅၀၁၉၇၇၊ ၀၉-၇၃၁၈၃၁၂၂
ကုသချိန်-နေ့လည် ၁၂း၃၀ မှ ည ၇း၃၀ ထိ

စင်္ကာပူနိုင်ငံ ဓရန်ဓာတု စက်ရုံတွင်လုပ်ရန်
(1)General Worker(General Fitter)(အထွေထွေလုပ်သား) (၃၀)ဦး S$450+O.T
အင်တာဗျူးရက် ၂၀၁၂ ခုနှစ်၊ မတ်လ (၂၁) ရက် မှ (၃၀) ရက်နေ့အထိ
အင်တာဗျူးအတွက် အင်္ဂလိပ်စကားပြောနှင့် General Fitter "သင်တန်းအခမဲ့" ဝန်ဆောင်မှုပေးနေပါသည်။
ငွေကြေးမတတ်နိုင်သူများလည်း စုံစမ်းဆက်သွယ်နိုင်ပါသည်။
မှတ်ချက်။ နယ်မှလာသူများအတွက် အဆောင် "အခမဲ့" စီစဉ်ပေးမည်။
ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ
Licence No.023/2012
အမှတ်(၃၀၅/၃၀၉)၊(၃)လွှာ(ညာ)၊ပန်းဆိုးတန်းလမ်းနှင့်မဟာဗန္ဓုလလမ်း(ထောင့်)၊
Global(Tower)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
S'pore Contact - HP: 65-90019420/Fax :65 65668784/ E-mail: sseagency@gmail.com



Photo - EPA

# ဩစတြေးလျတွင် ရာသီဥတု ပိုမိုခြောက်သွေ့ပူနွေးလာကြောင်း ပညာရှင်များဆို

**ဆစ်ဒနီ၊ မတ် - ၁၄**

ဩစတြေးလျနိုင်ငံ၏ ရာသီဥတု အခြေအနေသည် သတိထားရမည့်အနေအထားရောက်ရှိလာပြီး မကြာမီက စံချိန်တင်ရေကြီးမှုများရှိခဲ့သော်လည်း ပို၍ခြောက်သွေ့ပူနွေးလာကြောင်း သိပ္ပံပညာရှင်များကဆိုသည်။ ဩစတြေးလျအစိုးရ၏ မိုးလေဝသဗျူရိုနှင့် အစိုးရသိပ္ပံအဖွဲ့ တို့၏ အစီရင်ခံစာ၌ နိုင်ငံ၏ နေ့အပူချိန်များသည်နှစ်စဉ် ၀ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်စ်တိုးလာသည်မှာ ၁၉၁၁ မှဖြစ်ကြောင်း၊ ၁၉၅၀ နှစ်များမှစ၍ ဆယ်စုနှစ်တစ်ခုစီ၌ ပို၍ပူနွေးလာကြောင်းဆိုသည်။

ထို့အပြင်အစီရင်ခံစာက ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ယခုမျှော်မှန်းထားသည့်နှုန်းအတိုင်းဆက်လက်ရှိနေပါက ၂၀၇၀ ပြည့်နှစ်နောက်ပိုင်း နှစ်စဉ်အပူချိန်တိုးနှုန်း ၁ ဒသမ ၀ မှ ၅ ဒသမ ၀ ဒီဂရီအကြား ထပ်တိုးလာနိုင်ကြောင်းဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံသည်ရေကြီးမှုများ၊ ဆိုင်ကလုန်းမုန်တိုင်းများနှင့် တောမီးများ၊ ရေလျှံမှုများ မကြာခဏ ကြုံတွေ့ရတတ်ပြီး တောင်ပိုင်းတွင် ရေကြီးမှုများ မြင့်တက်လာနိုင်သကဲ့သို့ ကွင်းစလန်ပြည်နယ် ရေလျှံမှုကဲ့သို့ မိုးများစွာရွာသွန်းမှုဖြစ်စဉ်များလည်း တိုးပွားလာနိုင်ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

*—Ref: AP*






# Commodity Watch

7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 52,000 |
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 57,652 |
| Intel P4 Dual Core  3.3 GHz (1155,2120) Processor | 96,628 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 154,280 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 237,916 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 49,532 |
| MSI H67MA-E35 (1155) | 82,012 |
| ASUS P5G41T-MLX (775) | 50,344 |
| ASUS P8H61-MLX Plus (1155) | 62,524 |
| ASUS P8H67MLE (1155) | 92,568 |
| Gigabyte G41MT-S2(775) | 50,344 |
| Gigabyte H61M-S2 (B3) (1155) | 73,080 |
| Gigabyte H67M-D2 (B3) (1155) | 97,440 |
| **PC Memory** | |
| 1 GB DDR2 (800) Kingston | 16,240 |
| 2 GB DDR2 (800) Kingston | 24,360 |
| 2 GB DDR3 (1333) Kingston | 12,180 |
| 4 GB DDR3 (1333) Kingston | 20,300 |
| **Harddisk** | |
| 500 GB Seagate SATA | 73,892 |
| 1 TB Seagate SATA | 97,440 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 119,364 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 67,396 |
| MSI N430GT 2GB  PCI Express Card | 69,020 |
| ASUS ENGTX520 1GB  PCI Express Card | 48,720 |
| ASUS EAH 6850 1GB DDR5 PCI Express Card | 153,468 |
| ASUS EHA 5450 1GB DDR3 PCI Express Card | 38,164 |
| Gigabyte ATI Radeon HDR545SC 1GB PCI Express Card | 56,840 |
| Gigabyte ATI Redeon HD6450 1GB D3 PCI Express Card | 69,020 |
| **Memory Stick** | |
| Kingston 4 GB (101) | 5,500 |
| Silicon Power 4 GB(322) | 5,705 |
| Apacer 4 GB (AH-129) | 7,500 |
| SONY 4 GB | 8,000 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| အိတ်ဆောင်တိပိဋကအဘိဓာန် | ၁၆၀,၀၀၀ |

Technoland ဆိုင်မှ မတ်လ(၁၀) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 225,000 |
| Panasonic(LCD) | 32SC4S | 285,000 |
| Sony (LCD) | 32BX | 320,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| Daewoo | DTU2131NZF | 115,000 |
| | DTU2132NZF | 125,000 |
| **DVD** | | |
| EVD (coeco) | 8082 | 21,000 |
| EVD(Sony) | DVK75 | 26,000 |
| LG | DV276 | 32,000 |
| Toshiba | DV380 | 28,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 175,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 210,000 |
| Toshiba | 120 R | 145,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မတ်လ (၁၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀-၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၃ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၉၈ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၃ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၀၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ(၁၇) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး | ၁ သေတ္တာ | ၅,၀၀၀-၆,၀၀၀ |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၃၀၀-၄၀၀ |
| ဂေါ်ဖီထုပ် (ဗမာ) | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပြိန်း) | ၁ ပိဿာ | ၁,၂၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မတ်လ (၁၇)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၉၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၆၅၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၀၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၆၂၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၇၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၃,၀၀၀-၆,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၈၀၀-၂,၈၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၇၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၅,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၆၀၀ |

မတ်လ (၁၇)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| တိုယိုတာ ဝက်ဂွန် | **၃. ဝအင်ဂျင်ပါဝါ** | ၇ဂ၊ ၉ဂ၊ ၁ဃ | ၃၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | ၂၀၀၀- ၂၀၀၁ | ၁ဂ၊ ၂ဂ/၃ဂ | ၁၈၅ |
| ပါဂျဲရို | ၉၅၊ ၉၆ | ၇ဂ/၉ဂ | ၃၃၀ |
| ပါဂျဲရို | ၉၇၊ ၉၈၊ ၉၉ | ၇ဂ/၉ဂ | ၄၀၀ အောက် |
| ဟိုင်းလပ်ဆပ် (ဝက်ဂွန်) | ၉၆ | ၇ဂ/၉ဂ/၁ဃ | ၃၄၀-၃၆၀ |
| ဟိုင်းလပ်ဆပ် (Gradeအစုံ) | ၉၇၊၉၈၊၉၉ | ၇ဂ/၉ဂ/၁ဃ | ၄၀၀ ဝန်းကျင် |
| တိုယိုတာဖင်ကောက် (ဒီဇယ်) | ၂၀၀၀-၀၁ | ၇ဂ/၉ဂ | ၃၃၀ |
| တိုယိုတာ (လီမိတက်) | ၉၆-၉၈ | ၂ဃ/၈ဃ | ၃၀၀ |
| မတ်တူး (2 .0 Grade) | ၂၀၀၂ | ၉ဂ | ၂၇၀ |
| မတ်တူး (2.5 Grade) | ၂၀၀၂ | ၉ဂ | ၃၀၀ ဝန်းကျင် |

မတ်လ (၁၇)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | March (11) | March (12) | March (13) | March (14) | March (15) | March (16) | March (17) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ |
| Octane ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |
| Premier ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# စာ - ၃၂၊ ဆယ်နှစ်ပြည့်နဲ့ လွဲခဲ့တယ် မှ

ပညာရေး တက္ကသိုလ်မှာ သွားသွားရှာတိုင်း မတွေ့ရသည့် ဖုန်းဆက်တိုင်း ဆက်သွယ်ရေး ဧရိယာပြင်ပရောက်နေသည့် ကိုသာချိုကြီးကိုလည်း သွားတက်ကလေးပေါ်အောင် တပြုံးပြုံးနှင့် တွေ့ရသည်။

ကျွန်တော်တို့ စာသမားများအတွက် ပီတိအဖြစ်ရဆုံးအချိန်သည် စာသမား အချင်းချင်း တွေ့ရ၊ ဆုံရ၊ လွတ်လပ်ရယ်မောရသောအချိန်ပင်ဖြစ်သည်။ သည်ပီတိ၊ သည်အရသာသည် စာရေးသက်နုနုရင့်ရင့် ပြောင်းလဲမသွား၊ တစ်သမတ်တည်းသာဖြစ်၏။ လူချင်း မမြင်ဖူးကြသော်လည်း စာမျက်နှာများပေါ်ကတစ်ဆင့် ကလောင်ချင်း ရင်းနှီးမှုသည် ငယ်ပေါင်းကြီးဖော်များထက်ပင် နှလုံးသားချင်းနီးကြသည်။ နှလုံးသားနီးသူချင်း ဆုံစည်းခွင့်ရသောပွဲသည် ဘယ်လောက်ပီတိဖြစ်စရာကောင်းလိုက်ပါမည်နည်း။ သည်လိုပွဲမျိုးကိုမှ ကြံကြံဖန်ဖန် လွဲတတ်ပလေတယ်လို့ ဖိတ်စာကြီးကိုကိုင်ရင်း ကျွန်တော့်မှာ နေမထိထိုင်မထိဖြစ်နေမိသည်။

တစ်ခါ၊ စာအိတ်ပေါ်က စာပို့ရက်စွဲကို ကြည့်မိသည်။ 1/3/12 ဟု တွေ့ရ၏။ ပြီးခဲ့တဲ့ မတ်လ ၁ ရက်နေ့က ပို့လိုက်တာပေါ့။ ကျွန်တော့်ဆီရောက်တာ မတ်လ ၈ ရက်ဆိုတော့ ရန်ကုန်နဲ့ ဒေးဒရဲ ၄၈ မိုင်ခရီးကို ၈ ရက်ကြီးများ တောင်ကြာပါလား။ ငှက်ခါးလေးရယ်၊ ဘယ်လိုဗွေဆိုးနဲ့များ ဘယ်ကို သဝေထိုးနေရပါသလဲလို့ ပွဲထဲကလို ငိုချင်းသာ ချလိုက်ချင်ပါသည်။ သည်လိုသာ တစ်ရက်ခြောက်မိုင်နှုန်းဆိုလျှင် မန္တလေးတို့၊ မြစ်ကြီးနားတို့ကိုများ စာပို့လျှင် လနှင့်ချီပြီး ကြာသွားနိုင်ပါသည်။

သည်လို အခမ်းအနားတက်ဖို့မဟုတ်ဘဲ မိမိအလုပ်လျှောက်ထားသည့် ကုမ္ပဏီက အင်တာဗျူးဝင်ဖို့ ခေါ်သည့်စာမျိုး၊ ဒါမှမဟုတ် ကိုယ်လျှောက်ထားသည့် တက္ကသိုလ်ကဝင်ခွင့်ရကြောင်းအကြောင်းကြားသည့်စာမျိုးသာဖြစ်ခဲ့ပါမူ ခုလိုနောက်ကျနေလျှင်ကာယကံရှင်အဖို့ရင်ကျိုးရရုံရှိပေလိမ့်မည်။ ၂၁ ရာစု၏ ငှက်ခါးသည် အသံထက်ပင် မြန်သင့်သည် မဟုတ်ပါလား။ ခုတော့ . . .

ပုဂံရာဇဝင်ထဲက မင်းယဉ်နရသိခ်နှင့် နရပတိစည်သူတို့ ဇာတ်လမ်းလေးကို သတိရမိ၏။ အစ်ကိုမင်းယဉ်နရသိခ်နန်းတက်တော့ ညီတော်နရပတိစည်သူက အိမ်ရှေ့မင်းပေါ့။ တစ်နေ့မှာ ဝေဠုဝတီလို့ အမည်ရတဲ့ မင်းသမီးလေးတစ်ပါးကို နယ်စားကြီးတစ်ယောက်က ဘုရင်ကို လာဆက်သသည်။ မင်းသမီးလေးက နားပေါက်ကျယ်သည်ဟုဆိုပါ၏။ ဒါနဲ့ အစ်ကိုဘုရင်က ညီအိမ်ရှေ့မင်းကို ပေးသတဲ့။ အိမ်ရှေ့မင်းမယ်တော်က နားလှအောင်ပြန်ပြင်ပေးလိုက်တော့ မင်းသမီးလေး အတော့်ကို ချောမောလှပသွားသည်။ တိုတိုပြောရလျှင် အစ်ကိုဘုရင်လည်း ညီ့မယားကိုလိုချင်တော့ ညီတော်ကို ငဆောင်ချမ်းအရပ်ကိုစစ်ထွက်စေသည်။

ညီတော်လည်း သတိကောင်းသူဆိုတော့ ကျွန်ယုံငပြည့်ကို စီးတော်မြင်းပေးခဲ့ပြီး "အိမ်တော်ကိုကြည့်ရစ်။ ထူးခြားရင် အမြန်သတင်းပို့" လို့ မှာခဲ့ပါသတဲ့။ ငဆောင်ချမ်းရောက်တော့ ဘာသူပုန်သူကန်မှ မရှိတာနဲ့ အစ်ကိုတော် အကောက်ကြံတာသိပြီး ပုဂံကို ခြေဦးပြန်လှည့်သည်။ ကျွန်ယုံငပြည့်လည်း သခင့်မယားကို ဘုရင်သိမ်းပိုက်တာ သိတာနဲ့ သတင်းပို့ဖို့ မြင်းနဲ့အပြင်လာ၏။ လမ်းခုလတ်မှာ မိုးချုပ်သွားတော့ မြင်းလည်းပန်းပြီဆိုပြီး ညအိပ်နားနေလိုက်မိသည်။ မနက်လင်းမှ ခရီးဆက်၊ သခင့်ဆီ သတင်းပို့တော့ ညတွင်းချင်းရောက်အောင် လာသင့်ပါလျက် ညအိပ်နားရပ့်မလားလို့ ပြင်းစွာအမျက်ထွက်ပြီး နရပတိစည်သူက ငပြည့်ကို ကွပ်မျက်ပစ်သည်။

ဒါဟာ ပုဂံရာဇဝင်ထဲမှာ ဖတ်ခဲ့ဖူးသည့် ဆက်သွယ်ရေးစနစ်ချွတ်ယွင်းမှုကြောင့် အပြစ်ပေးခံရတဲ့ဖြစ်ရပ်ပါ။ တစ်နယ်က တစ်နယ်ကို စာပို့တယ်။ ဖုန်းဆက်တယ်ဆိုတာ အကြောင်းတစ်စုံတစ်ခုရှိကြလို့သာ ငွေကုန်ကြေးကျခံပြီး ဆက်သွယ်နေကြတာပါ။ သည်အကြောင်း တစ်စုံတစ်ခုဟာ သူ့အတိုင်းအတာနဲ့သူ အရေးကြီးတဲ့အကြောင်းတစ်စုံတစ်ခုပဲဖြစ်ပါလိမ့်မည်။ သေရေးရှင်ရေးကိစ္စမျိုးကစပြီး သမီးရည်းစား လွမ်းစာဆွေးစာမျိုးအထိပေါ့။

ကျွန်တော့်ဆီကို ဖိတ်စာပို့ခဲ့သည့် မတ်လ ၁ ရက်သည် ကြာသပတေးနေ့ဖြစ်၏။ နောက် မတ်လ ၂ ရက် သောကြာနေ့သည် တောင်သူလယ်သမားနေ့။ ထို့နောက်မှာ စနေ၊ တနင်္ဂနွေ။ ငှက်ခါးလေးသည် မတ် ၁ ရက်နေ့၌ လပြည့်ဝန်းပလာဇာမှ ထွက်လာပြီး လမ်းခုလတ်မှာ သုံးညအိပ်မည်။ နောက် တနင်္လာနေ့ကျမှ ဆက်လက်ပျံသန်းလာ။ မတ်လ ၆ ရက် အင်္ဂါနေ့ညနေပိုင်းလောက်ဖြစ်ဖြစ် ဒေးဒရဲသို့ရောက်ပေလိမ့်မည်။ နောက်တစ်နေ့ မတ်လ ၇ ရက် ဗုဒ္ဓဟူးနေ့က တပေါင်းလပြည့်ဆိုတော့ ငှက်ခါးလေး စိတ်ချလက်ချနားပေလိမ့်မည်။ သည်လိုနှင့် 7Day News ဂျာနယ်၏ ဆယ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားအပြီး မတ်လ ၈ ရက် ကြာသပတေးနေ့ကျမှ ကျွန်တော့်ဆီကို သုတ်သီးသုတ်ပျာရောက်ချလာခဲ့သည်။

ကျွန်တော်ပြောလိုသည်မှာ ကမ္ဘာ့အနောက်ခြမ်းက ဖြစ်ရပ်တစ်ခုကို စက္ကန့်အတွင်း ကမ္ဘာ့အရှေ့ခြမ်းက သိနိုင်သည့်ခေတ်ကြီးထဲမှာ ၄၈ မိုင်ခရီးကို ရှစ်ရက်ကြာမှရောက်နိုင်သည့် ဆက်သွယ်ရေးစနစ်ကတော့ အားနည်းသည်ထင်သည်။ ရုံးပိတ်ရက်ပင်ဖြစ်သော်လည်း တစ်နယ်မှ တစ်နယ်သို့ စာသွားခြင်း၊ စာဝေးခြင်းကိစ္စများကိုဖြင့် ရပ်ဆိုင်းမထားသင့်ပေ။ သည်စာများထဲတွင် လူတစ်ဦးစီ၏ ပုဂ္ဂလိကဘဝများအတွက် အရေးပါသောကိစ္စများ ပါနေနိုင်သည်မဟုတ်ပါလော။ မိမိ၏ တာဝန်သိမှု၊ တာဝန်ကျေမှုကြောင့် လူတိုင်းလူတိုင်း၏ ယုံကြည်ကိုးစားခံရမှုကို ရရှိသည်ဆိုပါလျှင် မိမိ၏ လုပ်ငန်းခွင်သည် ပို၍ အဓိပ္ပာယ်ရှိသောလုပ်ငန်းခွင်ဖြစ်လာနိုင်သည်မဟုတ်ပါလော။ အပြစ်ပြောဆိုခြင်းမဟုတ်ဘဲ အားနည်းချက်ကို သိပြီးပြင်စေလိုသည်မှာသာအဓိကရည်ရွယ်ချက်ဖြစ်ပါ၏။ ခုတော့ဖြင့် ကျွန်တော့်မှာ ဆယ်နှစ်ပြည့်နှင့်လွဲခဲ့လေပြီ။ ။

## စာရေးဆရာကျော်ဝင်း 'ရွှေးကောက်ပွဲဒီမိုကရေစီမှ လစ်ဘရယ်ဒီမိုကရေစီသို့ ' ခေါင်းစဉ်ဖြင့် ဟောပြောမည်

**သန်းဌေး**

**ရန်ကုန်၊ မတ်-၁၄**

'ရွေးကောက်ပွဲဒီမိုကရေစီမှ လစ်ဘရယ်ဒီမိုကရေစီ' သို့ ခေါင်းစဉ်ဖြင့် စာရေးဆရာကျော်ဝင်းသည် မတ် ၂၅ ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အင်းစိန်မြို့နယ်၊ ကြို့ကုန်းရှိမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် မည်သူမဆို အခမဲ့နားထောင်ကာ ပြန်လည်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

အဆိုပါဘာသာရပ်ဆိုင်ရာပညာရှင်များ ဟောပြောပွဲများကိုလွန်ခဲ့သော ၆နှစ်ကာလ (၂၀၀၆ခုနှစ်)ကတည်းက နှစ်ပတ်တစ်ကြိမ်ကျင်းပနေရာမှ ဟောပြောမည့် ပညာရှင်များရရှိမှုအခက်အခဲကြောင့် တစ်လတစ်ကြိမ်သာ ကျင်းပနိုင်တော့ကြောင်း ဟောပြောပွဲစီစဉ်သူတစ်ဦးက ပြောသည်။

## စားသောက်ကုန်များတွင် တွေ့ရသော အဏုဇီဝပိုးမွှားများမှာ ထုတ်လုပ်မှုနှင့် ထုတ်ပိုးမှု မသန့်ရှင်း၍ဟုဆို

**နေလင်းအောင်**

**ရန်ကုန်၊ မတ်-၁၄**

ပြည်တွင်းရောင်းချလျက်ရှိသည့် စားသောက်ကုန်အချို့တွင် ၂၀၁၁ ခုနှစ်၌ အဏုဇီဝပိုးများ စစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါအဏုဇီဝပိုးမွှားများသည် လူကိုချက်ချင်း အန္တရာယ်ပြုနိုင်သည့် ပိုးမွှားများမဟုတ်ဘဲ ထုတ်လုပ်မှုနှင့်ထုတ် ပိုးမှု မသန့်ရှင်းခြင်းကြောင့်ပါဝင်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

အဓိကအားဖြင့် စစ်ဆေးတွေ့ရှိသော အဏုဇီဝပိုးများမှာ လူကိုချက်ချင်း အန္တရာယ်ပေးနိုင်သည့် Salmonella နှင့် S.aureus ပိုးမျိုးတွေ့ရှိခြင်းမဟုတ်သည့်အတွက် စားသုံးသူများအတွက် စိုးရိမ်ဖွယ်မရှိကြောင်း မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌဦးစိန်သောင်းဦးက ပြောသည်။

ယင်းနှင့်ပတ်သက်၍ စားသောက်ကုန်ဓာတ်ခွဲခန်းမှ တာဝန်ရှိသူတစ်ဦးက "လူကိုချက်ချင်း အန္တရာယ်ပြုနိုင်တဲ့ အဏုဇီဝပိုးပါလာရင်တော့ မြန်မာနိုင်ငံမှာလည်း အမျိုးသားအစားအသောက်ဥပဒေအခန်း ၁၀ တားမြစ်ချက်အရ FDA ကအရေးယူဆောင်ရွက်မှာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာလည်း ဥပဒေအရအရေးယူဆောင်ရွက်တာတွေရှိပါတယ်"ဟု ပြောကြားသည်။

ပြည်တွင်းအနေဖြင့် စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၌ သင်တန်းများဖွင့်လှစ်ခြင်း၊ ဈေးကွက်ပိုမိုရရှိရေးအတွက် စားသောက်ကုန်ထုတ်လုပ်မှု သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။


**မြန်မာတစ်နိုင်ငံလုံးသို့ ကုန်ပစ္စည်းထုတ်လုပ်၊ ဖြန့်ချီရောင်းချမှုလုပ်ငန်းအတွက်**

၁။ ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ။
၂။ ရောင်းချမှုနှင့် ဝန်ဆောင်မှုကဏ္ဍ။
၃။ စာရင်း၊ ငွေကြေးကဏ္ဍ။
၄။ လျှပ်စစ်နှင့်စက်ပစ္စည်း ထိန်းသိမ်း၊ မောင်းနှင်မှုကဏ္ဍ။
၅။ အုပ်ချုပ်မှုကဏ္ဍ - များအတွက်. . .

အမျိုးသမီးဝန်ထမ်း (၃၀) ဦး အလိုရှိပါသည်။

(က) ကောင်းမွန်စွာလုပ်ကိုင်နိုင်သူ၊ (အတွေ့အကြုံရှိသူ၊ တက်ကြွစွာလုပ်ကိုင်နိုင်သူ)
(ခ) စာရင်းကိုင်၊ နည်းပညာ၊ ဝိဇ္ဇာ သိပ္ပံဘွဲ့တစ်ခုခုရရှိပြီးသူ၊
(ဂ) အသက် (၂၅-၃၅)နှစ် အတွင်း အိမ်ထောင်မရှိသူ၊ (အပျို)
(ဃ) အနည်းဆုံး- ၃နှစ် တာဝန်ယူလုပ်ကိုင်နိုင်သူ၊
(င) လုပ်ငန်းအောင်မြင်မှုကို အဓိကထားလုပ်ကိုင်ချင်သူ ဖြစ်ရပါမည်။

Ph - ၀၉ ၇၇၂ ၅၅၉၂၀ ရန်ကုန်-မြန်မာ၊





# Environment

7Day News Journal

Vol.11, No.3 • MARCH 22 , 2012


# ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေလမ်းကြောင်းထိန်းသိမ်းရေး ပုဂ္ဂလိကကုမ္ပဏီများ စတင်လုပ်ကိုင်ခွင့်ရ

**အိဖြူမွန်**

**ရန်ကုန်၊ မတ်-၁၅**

ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ရေလမ်းကြောင်းထိန်းသိမ်းရေးအတွက် အကျိုးတူပူးပေါင်းလုပ်ကိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ပထမဆုံးအကြိမ်ဖိတ်ခေါ်ခဲ့သော တင်ဒါအစည်းအဝေးတွင် ကုမ္ပဏီပေါင်း ၅၀ ကျော်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းအစည်းအဝေးတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် (ရေနည်းရာသီ နိုဝင်ဘာမှ မတ်လအထိ)ရေကြောင်းကျပ်သောကာလအတွင်း ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရန်နှင့် ထိန်းသိမ်းသောရေလမ်းကြောင်းတွင် ဖြတ်သန်းခကောက်ယူနိုင်ကြောင်း စသည့်အကျိုးအမြတ်ခွဲဝေမှုများကို ဆွေးနွေးခဲ့ကြောင်း တက်ရောက်ခဲ့သူ ကုမ္ပဏီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ရေကြောင်းကျပ်တဲ့အချိန်မှာ ရေအနက် သုံးပေအတွင်းရှိတဲ့ နေရာတွေကို တူးဖော်ထိန်းသိမ်းပေးဖို့ ပြောပါတယ်။ အပိုင်းလိုက်ရတဲ့ ကုမ္ပဏီက အဲဒီနေရာအပေါ် ဖြတ်သန်းခကောက်ပေ့ါ။ ရေယာဉ်ပိုင်ရှင်အသင်းက တက်ရောက်တဲ့သူတွေကတော့ တန်ဆာပိုရင်တော့ ဖြတ်သန်းခပေးချင်ပေးမယ်လို ပြောပါတယ်။ အဲလို လုပ်တဲ့အချိန်က ရေကျပ်တဲ့အချိန်ပါပဲ။ ကျန်တဲ့အချိန် မူလအတိုင်းပဲ ရှိမှာပါ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*ချင်းတွင်းမြစ်ရေလျော့နည်းပြီး သဲသောင်ခုံများပေါ်ထွန်းနေသော ချင်းတွင်းတံတားအနီး မြစ်တစ်နေရာကို ယခုနှစ် ဖေဖော်ဝါရီတတိယပတ်က တွေ့ရစဉ်*

ယင်းလုပ်ငန်းကို ငွေကြေးနှင့် နည်းပညာရှိပါက အကျိုးတူပူးပေါင်းလုပ်နိုင်ကြောင်း၊ သက်ဆိုင်ရာဦးစီးဌာနမှ မြစ်ကြောင်း၏ တစ်လျှောက်ကို ကုမ္ပဏီတစ်ခုတည်း လုပ်ခွင့်ပြုခြင်းမဟုတ်ကြောင်း၊ မြစ်ကြောင်း၏ အစိတ်အပိုင်းတစ်ခုချင်းစီကို တာဝန်ယူရမည်ဖြစ်ကြောင်း တက်ရောက်သူ အချို့ကပြောပြသည်။

ကောက်ခံရမည့် သတ်မှတ်နှုန်းထားများနှင့် ဖြတ်သန်းခကောက်ခံမည့်အရေးကို ဆွေးနွေးနေဆဲဖြစ်ပြီး နောက်တစ်ကြိမ် အစည်းအဝေး ထပ်မံပြုလုပ်မည်ဟု သိရသည်။

ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ် အထက်ပိုင်း ရေဝေရေလဲဒေသများတွင် သစ်တောများပြုန်းတီးလာမှုကြောင့် နှစ်စဉ်နှစ်တိုင်း မိုးရာဦးကုန်၌ ရေကြောင်းကျပ်တည်းခြင်းကို ကြုံတွေ့ရကြောင်း မန္တလေးအခြေစိုက် သင်္ဘောပြေးဆွဲသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ကြောင်းအတွင်းရှိ သဲသောင်ဖြစ်ထွန်းလာမှုများမှာ ရေဝေရေလဲဒေသတွင် ပတ်ဝန်းကျင်ပျက်စီးမှုများကြောင့်ဖြစ်ပြီး ရေလမ်းကြောင်း ထိန်းသိမ်းရေးသည် လိုအပ်သော်လည်း ရေဝေ ရေလဲဒေသအတွင်းရှိ ပတ်ဝန်းကျင်ဒေသများတွင် ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖရီဒါအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းက ပြောသည်။

## သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော အဆောက်အအုံပိုမိုဆောက်လုပ်လာ

**မေဝင်းမွန်**

**ရန်ကုန်၊ မတ်-၁၅**

မြန်မာနိုင်ငံ၏ အဆောက်အအုံတည်ဆောက်မှု ပတ်ဝန်းကျင် (Build Environment) မှာ သဘာဝနှင့်နီးစပ်သည့် ခေတ်မီအဆောက်အအုံ (Green Building) ဒီဇိုင်းများကို လူထုလက်ခံမှုအရ ရေးဆွဲမှုများပြားလာသည့်အနေအထားရှိကြောင်း မြန်မာဗိသုကာလက်ရာများပြပွဲမှသတင်းရရှိသည်။

"တစ်ကမ္ဘာလုံးက လိုအပ်ချက်ဖြစ်နေတဲ့အတွက် Green ဆိုတာ ဘယ်နယ်ပယ်မှာမဆိုလိုအပ်လာတဲ့ အနေအထားရှိပါတယ်။ ဗိသုကာပညာရပ်ဆိုတာက လူမှုအဖွဲ့အစည်းပေါ်မှာ အခြေခံတဲ့ဘာသာရပ်ဖြစ်တဲ့အတွက် လူမှုအဖွဲ့အစည်းပြောင်းလဲ တိုးတက်လာတာနဲ့လိုက်ပြီး လူမှုအဖွဲ့ အစည်းရဲ့ လိုအပ်ချက်အပေါ်မှာမူတည်ပြီး ပြောင်းလဲရပါတယ်။ လူမှုအဖွဲ့အစည်းမှာ သဘာဝပတ်ဝန်းကျင်ဆိုတာ လိုလာတယ်။ ဒါကြောင့်မို့လို့လည်းဗိသုကာတွေကဒါတွေကိုဦးစားပေးပြီးလုပ်လာကြတာဖြစ်ပါတယ်" ဟု မြန်မာဗိသုကာလက်ရာပြပွဲဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူ ဦးမော်လင်းက ပြောကြားသည်။

အဆောက်အအုံ တည်ဆောက်ရာတွင် ဘေးကင်းလုံခြုံမှုကိုအဓိက ဦးစားပေးသကဲ့သို့ သဘာဝနှင့် နီးစပ်သောအဆောက်အအုံ တည်ဆောက်မှုမှာလည်း ယခုနောက်ပိုင်းကာလတွင်ဦးစားပေးအဆင့်တစ်ခုအဖြစ်ရပ်တည်လာပြီဖြစ်သည်ဟု ဝါရင့်ဗိသုကာပညာရှင်များဆိုသည်။

"ဗိသုကာပညာရပ်မှာသဘာဝပတ်ဝန်းကျင်နဲ့ သက်ဆိုင်တာကို အရင်တည်းကိုကထည့်စဉ်းစားပြီး ဒီဇိုင်းတည်ဆောက်ပါတယ်။ လူတွေ သက်သောင့်သက်သာရှိဖို့ အမြင်ပသာဒ တင့်တယ်ဖို့အဲဒါတွေလိုတယ်။ ၂၀ ရာစုကုန်တော့မယ့်အချိန်မှာ သဘာဝပတ်ဝန်းကျင်ပြဿနာက အရမ်းကြီးကျယ်လာတယ်။ Green Architecture လို့နေပြီဆိုတာကိုလွန်ခဲ့တဲ့ငါးနှစ်လောက်ကတည်းကစပြီးပြောခဲ့၊ ဆွေးနွေးခဲ့ကြတယ်။ ဒီဇိုင်းလုပ်တဲ့အခါမှာလည်းသဘာဝပတ်ဝန်းကျင်ကိုမထိခိုက်အောင်အတတ်နိုင်ဆုံး လုပ်လာကြတယ်။ လူထုလက်ခံလာတဲ့ အနေအထားကိုရောက်နေပါပြီ။ အရေးကြီးတယ်ဆိုတာသိလာကြပါပြီ" ဟုမြန်မာနိုင်ငံဗိသုကာ ပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌဦး မော်လင်းကပြောကြားသည်။

ယခုလ ၁၅ ရက်မှ ၁၈ ရက်အထိရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပသောမြန်မာနိုင်ငံ ဗိသုကာအသင်း ၁၀ နှစ်ပြည့် အထိမ်းအမှတ်ဗိသုကာပြပွဲတွင် ဗိသုကာသမိုင်းဆိုင်ရာနှင့် မြန်မာခေတ်ဦးဗိသုကာကြီးများ သမိုင်းဝင် လက်ရာပြကွက်များ၊မှတ်ပုံတင်ဗိသုကာ (Registered Architect) များ၏ လက်ရာဒီဇိုင်းများစွာကို ပြသခဲ့သည်။

### Environment Cartoon







ကားဝယ်ချင်သူတွေ အားကိုးအားထားပြုနိုင်ရမယ်

ကားရောင်းချင်တဲ့သူတွေလည်း အဆင်ပြေစေနိုင်ရမယ်

နောက်ဆုံးရကားသတင်းတွေနဲ့ အခြားစီးပွားရေးသတင်းများ

ကမ္ဘာ့အကောင်းဆုံးကားများနဲ့ အခြားထူးထူးဆန်းဆန်းကားများ

Automobile Weekly Car Journal

ကြွေသားစက္ကူ၊ ရောင်စုံစာမျက်နှာပေါင်းများစွာဖြင့် ...

၂၃.၃.၂၀၁၂ မှစတင်၍

သောကြာနေ့တိုင်း ထွက်ပြီ

Tourism

7DAY NEWS JOURNAL

Vol.11, No.3 • MARCH 22 , 2012

# သင်္ကြန်ကာလအတွက် ကမ်းခြေဟိုတယ်များ အမှာအပြည့်ရရှိထား

အေးမြကျော်

**ရန်ကုန်၊မတ်-၁၆**

လာမည့်သင်္ကြန်ကာလရုံးပိတ်ရက်တွင် ရန်ကုန်မြို့နှင့် အနီးဆုံးချောင်းသာ၊ ငွေဆောင်ကမ်းခြေများ၌ အပမ်းဖြေမည့် သူများပြားသည့်အတွက် ကမ်းခြေဟိုတယ်များအမှာ အပြည့် ရရှိထားပြီးဖြစ်ကြောင်း ကမ်းခြေဟိုတယ်များထံမှသိရသည်။

"အခန်းတွေအားလုံး မရှိတော့ပါဘူး။ သင်္ကြန်အပြီးအထိ အမှာအပြည့် ရထားပါပြီ" ဟု ချောင်းသာကမ်းခြေ Hotel Max ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲများ ပြီးကတည်းက သင်္ကြန်အပြီးကာလအထိချောင်းသာနှင့် ငွေဆောင်ကမ်းခြေများတွင် အပမ်းဖြေလိုသူများ ယခင်နှစ်များကထက် ပိုမိုများပြားပြီး ကြိုတင် အခန်းမှာယူထားမှုများကြောင့် ယခုအခါ အခန်းမှာယူမရနိုင်တော့ကြောင်း ကမ်းခြေ ဟိုတယ်များမှ စုံစမ်းသိရသည်။

ယခုကာလမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲများ ဖြေဆိုပြီးချိန်ဖြစ်သဖြင့် သင်္ကြန်ရုံးပိတ်ရက်ကာလမတိုင်မီတွင် ခရီးသည်အများဆုံး လာရောက်ချိန်ဖြစ်နေပြီး အများစုမှာပြည်တွင်းခရီးသွားများဖြစ်ကြောင်း ကမ်းခြေဟိုတယ်များထံမှ သိရသည်။

'အခု ၁၀ တန်းစာမေးပွဲပြီးချိန်မို့ လူများနေတယ်" ဟု ချောင်းသာကမ်းခြေ Belle Resort ဟိုတယ်အရောင်းဌာနနှင့် ဈေးကွက်မြှင့်တင်ရေးမှ တာဝန်ရှိသူတစ်ဦး ကပြောသည်။



သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် ကမ်းခြေများသို့ အပန်းဖြေရန် အခန်းကြိုတင်မှာကြားထားသူ အများစုမှာ ပြည်တွင်းခရီးသွားများဖြစ်ပြီး နိုင်ငံခြားသားခရီးသည်များမှာ အနည်းငယ်သာရှိကြောင်း ချောင်းသာ ကမ်းခြေဟိုတယ်များထံမှသိရသည်။ ကြိုတင်မှာယူမှုများတွင်မိသားစုလိုက်အပန်းဖြေမည့်သူများထက် ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများ အဖွဲ့လိုက်လာရောက်ခြင်းများ ပိုမိုများပြားကြောင်း ချောင်းသာကမ်းခြေဟိုတယ်များမှ သိရသည်။

"အခန်း ကြိုမှာထားတဲ့သူတွေ ၈၀ ရာခိုင်နှုန်းက ပြည်တွင်းခရီးသွားတွေပါ'ဟု Hotel Max ချောင်းသာမှ အထွေထွေမန်နေဂျာက ပြောသည်။

## PHOTO NEWS




ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် မတ်လ ၇ ရက်မှ ၁၁ ရက်အထိပြုလုပ်သော နိုင်ငံတကာခရီးသွားပြပွဲ(ဘာလင်)၌ ပါဝင်ပြသခဲ့သော မြန်မာနိုင်ငံ၏ပြခန်းကိုတွေ့ရစဉ်။ မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီများ၊ လေကြောင်းလိုင်းများနှင့် ဟိုတယ်များမှ ကိုယ်စားလှယ်ပေါင်း ၂၆ ဦးတက်ရောက်ခဲ့ကြောင်း မြန်မာဈေးကွက်ရှာဖွေရေးကော်မတီ (MMC) မှသိရသည်။

ဓာတ်ပုံ - myanmar marketing committee

## ဗီဇာအဆင်ပြေရန် ထိုင်းသံရုံး စနေ နေ့တစ်ဝက်ဖွင့်



**ရန်ကုန်၊ မတ်- ၁၆**

ခရီးသွားလုပ်ငန်းနှင့်အကျိုးဆောင်များမှ တဆင့်ဗီဇာလျှောက်ထားခြင်းကိုယာယီပိတ်ပင်လိုက်သဖြင့် ထိုင်းဗီဇာလျှောက်ထားရာတွင် အဆင်ပြေစေရန်သံရုံး၏ ဗီဇာဌာနကို စနေနေ့တွင် နေ့တစ်ဝက်ဖွင့်ပေးလိုက်ကြောင်းထိုင်းသံရုံးနှင့် ထိုင်းဗီဇာလျှောက်ထားသူများထံမှသိရသည်။

"ဗီဇာက အေးဂျင့်ကတစ်ဆင့် လျှောက်လို့မရတော့ ကိုယ်တိုင်လျှောက်ရတယ်။ သံရုံးကအဆင်ပြေအောင် ဆိုပြီး ဒီနေ့ (မတ်၁၇ရက်) စနေနေ့ကို နေ့တစ်ဝက်ဖွင့်ပေးတယ်"ဟု ထိုင်းသံရုံးတွင်ဗီဇာကိုယ်တိုင်လျှောက်ထားခဲ့သူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံမှခရီးသွားများအများဆုံးသွားလာလည်ပတ်ရာ ထိုင်းနိုင်ငံသို့သွားရောက်ရန်ဗီဇာများကို ပြည်တွင်းဗီဇာဝန်ဆောင်မှုလုပ်ငန်းများနှင့် လက်မှတ်အရောင်းဌာနများက ဝန်ဆောင်ခယူလုပ်ပေးရာတွင် လက်မှတ်အတုပြဿနာများဖြစ်ပွားခဲ့သဖြင့် ရန်ကုန်မြို့ရှိထိုင်းသံရုံးမှအေးဂျင့်များမှတစ်ဆင့် ဗီဇာလျှောက်ထားခြင်းကို လွန်ခဲ့သော ရက်အနည်းအတွင်းက ပိတ်ပင်လိုက်သည်။ ထို့ကြောင့် ထိုင်းနိုင်ငံသို့သွားရောက်လိုလျှင်ဗီဇာကို ကိုယ်တိုင်လျှောက်ထားရမည်ဖြစ်သည်။

အေးဂျင့်များမှတစ်ဆင့်လျှောက်ထားရာတွင် ကိုယ်တိုင်သွားစရာမလိုဘဲ အဆင်ပြေသော်လည်း နာမည်ရှေ့တွင် အမျိုးသားနှင့်အမျိုးသမီးမှားခြင်း ဖခင်နာမည်လွဲခြင်း စသည့်ပြဿနာများနှင့် မကြာခဏရင်ဆိုင်ရကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများက ပြောသည်။

"အေးဂျင့်နဲ့လုပ်သွားတဲ့သူ တစ်ယောက် ထိုင်းလေဆိပ်မှာ လက်မှတ်အတုနဲ့ ပြဿနာတက်တယ်ကြားတယ်။ ဘယ်တော့အေးဂျင့်ကနေတစ်ဆင့်ဗီဇာ လျှောက်လို့ ရမလဲဆိုတာ မသိရသေးဘူး" ဟုရန်ကုန်မြို့ရှိထိုင်းဗီဇာလျှောက်ထားသည့်ဝန်ဆောင်မှုပေးသော အေးဂျင့်တစ်ဦးကပြောသည်။

ထိုင်းဗီဇာလျှောက်ထားရာတွင် အေးဂျင့်များမှတစ်ဆင့်လျှောက်ထားရာ၌ လျှောက်ထားသူများအတွက်ပိုမိုလွယ်ကူသော်လည်း ယခုကဲ့သို့ ပြဿနာများဖြစ်လာသည့်အတွက် ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများကပြောကြားနေကြသည်။








7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# Cartoon

The Cartoon Logo




























7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# အာရှတွင် စင်ကာပူရှိ ဟိုတယ်များ ဈေးအကြီးဆုံးဖြစ်



**စင်ကာပူ၊ မတ် - ၁၄**

ပြီးခဲ့သည့် ၂၀၁၁ တွင် ကမ္ဘာအနှံ့၌ ဟိုတယ်အခန်းခဈေးနှုန်းများ လေးရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ပြီး စင်ကာပူမှ အခန်းခဈေးနှုန်းများမှာအာရှတွင် ဈေးအကြီးဆုံးဖြစ်နေကြောင်း Hotels.com မှပြုလုပ်သည့် စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။ ယင်းစစ်တမ်းအရ အခန်းခဈေးနှုန်းများ အများဆုံးကျဆင်းသည့် မြို့တော်မှာမူ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့ဖြစ်ပြီး ၂၂ ရာခိုင်နှုန်းကျဆင်းကာ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်မှာ ၂၀ရာခိုင်နှုန်း၊ တရုတ်နိုင်ငံ ရှန်ဟိုင်းမှာ ၁၉ ရာခိုင်နှုန်းအထိ အသီးသီးကျဆင်းခဲ့သည်။

ဂျပန်နိုင်ငံတွင်လည်း ဟိုတယ်အခန်းခနှုန်းများမှာ ဆက်ပိုရိုတွင် ၁၅ ရာခိုင်နှုန်း၊ တိုကျိုတွင် ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သို့သော် စင်ကာပူတွင် ဟိုတယ်အခန်းခနှုန်းများမှာ နှစ်ရာခိုင်နှုန်းပိုတက်ခဲ့ပြီး ဒေသတွင်း၌ ဈေးအကြီးဆုံးဖြစ်ခဲ့ကာ ကမ္ဘာ၌လည်း ဆဋ္ဌမမြောက် အခန်းခဈေးအကြီးဆုံးနိုင်ငံဖြစ်လာသည်။ စင်ကာပူ၏ အခန်းခများ ဈေးနှုန်းကြီးမြင့်လာရခြင်းတွင် ကြွယ်ဝချမ်းသာသော တည်းခိုသူများကိုဦးတည်၍ ဟိုတယ်များကို အဆင့်မြှင့်တင်ကြခြင်းကြောင့်ဖြစ်သည်ဟု သတင်းတွင်ဖော်ပြသည်။

*—Ref: Asiaone*

# ဖိလစ်ပိုင်သမ္မတဟောင်း အာရိုယို၏ ခင်ပွန်းကို ဖမ်းဆီးရန် တရားရုံးအမိန့်ပေး



**မနီလာ၊ မတ် - ၁၄**

တရုတ်တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီတစ်ခုထံမှ လာဘ်ထိုးငွေများ ရယူခဲ့သည်ဆိုသော စွပ်စွဲမှုများကြောင့် ဖိလစ်ပိုင်နိုင်ငံ သမ္မတဟောင်း မစ္စအာရိုယို၏ ခင်ပွန်းအား ဖမ်းဆီးရန် ဖိလစ်ပိုင်တရားရုံးက အမိန့်ပေးခဲ့ကြောင်း သိရသည်။

ဟိုဆေးမီးဂွယ် အာရိုယို၏ ရှေ့နေ ဖာဒီနန်တိုပါစီယိုကမူ ၎င်း၏ အမှုသည်က သူကိုယ်တိုင် တရားရုံးသို့ လာရောက်ကာ အာမခံငွေတင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။

မီဂွယ်'မိုက်' အာရိုယိုမှာ ရှေ့နေတစ်ဦးဖြစ်ပြီး ၎င်း၏ ဇနီးသည် မစ္စအာရိုယို၏ ကိုးနှစ်ကြာ သမ္မတသက်တမ်းအတွင်း နောက်ကွယ်မှ လှုပ်ရှားသူဟု ရှုမြင်ခံရသည်။ ၂၀၀၇ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ လိုင်းကျယ်ကွန်ရက်ထူထောင်ရေးအတွက် တရုတ်နိုင်ငံမှ ZTE ကော်ပိုရေးရှင်းနှင့် ကန်ဒေါ်လာ သန်း ၃၃၀ ကန်ထရိုက်စာချုပ်ချုပ်ဆိုရေး တွန်းအားပေးခဲ့ပြီး ယင်းမှနေ၍ ငွေကြေးရယူခဲ့ကြောင်းစွပ်စွဲခံရသည်။ ယင်းကန်ထရိုက်၏ မူလသတ်မှတ်ဈေးနှုန်းမှာ ကန်ဒေါ်လာ သန်း ၁၃၀ သာရှိသည်ဟုဆိုသည်။

ယင်းကန်ထရိုက်သဘောတူညီမှုကို သမ္မတဖြစ်သူ မစ္စအာရိုယိုက အတည်ပြုပေးခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်သူလူထုက ဖိအားပေးမှုနှင့် ကွန်ဂရက်စုံစမ်းစစ်ဆေးမှုများကြောင့် ပယ်ဖျက်ခဲ့သည်။

မစ္စတာအာရိုယိုကလည်း ယင်းကိစ္စအပေါ် ငြင်းဆိုခဲ့ပြီး သမ္မတက ယင်းကန်ထရိုက်ကို ပယ်ဖျက်ခဲ့ပြီးဖြစ်သည့်အတွက် ၎င်းအနေဖြင့် လာဘ်စားသည်ဟု စွပ်စွဲခြင်းမှာ လွဲမှားနေကြောင်း ပြောသည်။

မစ္စအာရိုယိုကိုယ်တိုင်မှာလည်း ရွေးကောက်ပွဲလိမ်လည်မှုများနှင့် စစ်ဘက်ဆေးရုံတစ်ခုတွင် ဖမ်းဆီးခံထားရသည်။

*—Ref: The Hindu*

# အိန္ဒိယမှမိသားစု ဆံပင်နှင့်အသားအရေများဖြူဖွေးနေသည့်မျိုးနွယ်စုအဖြစ် စံချိန်တင်ရန် ကြိုးပမ်း

**မွန်ဘိုင်း၊ မတ် - ၁၄**

အိန္ဒိယနိုင်ငံမှ မိသားစုဝင် ၁၀ နီးပါးမိသားစုတစ်စုသည် ကမ္ဘာ့အကြီးဆုံး အယ်လ်ဘီနို (ဆံပင်နှင့် အသားအရေများအားလုံး ဖြူဖွေးနေသည်) မျိုးနွယ်စုဖြစ် ဂင်းနက်စ်ကမ္ဘာ့စံချိန်ဝင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။ ရိုဆက်တူရိုင်ပူလန်(၅၀ နှစ်)နှင့် မာနီ(၄၅ နှစ်)တို့ ဇနီးမောင်နှံသည် တစ်ကိုယ်လုံး ဆံပင်နှင့် အသားအရေများပါမကျန် ဖြူဖွေးနေပြီး ၎င်းတို့၏ သားသမီးများမှာလည်း မျိုးရိုးလိုက်ကာ ထိုအတိုင်းဖြစ်နေသည်။

ရိုဆက်တူရိုင်နှင့် မာနီတို့တွင် သားသမီးခြောက်ဦးရှိကာ အငယ်ဆုံးသမီး ရီနုမှာ အခြားအသားဖြူဖွေးနေသည့် ဘယ်ဘီနိုရောဂါသည်တစ်ဦးနှင့် လက်ထပ်ကာ ၂နှစ်အရွယ် အယ်လ်ဘီနိုဖြစ်နေသည့် သားငယ်တစ်ဦးမွေးဖွားထားသည်။ မီဒီယာများ၏ အဆိုအရ ၎င်းတို့မိသားစုသည် အများနှင့်မတူ ထူးခြားကာ တစ်ကိုယ်လုံးဖြူဖွေးနေသည့်အတွက် ခွဲခြားနှိမ့်ချ ဆက်ဆံခြင်းခံခဲ့ရကြောင်းဆိုသည်။

၎င်းတို့သည် ရောဂါအခြေအနေကြောင့် အမြင်အာရုံမကောင်းသကဲ့သို့ နေရောင်အောက်တွင်လည်း ကြာရှည်စွာ နေနိုင်ခြင်း မရှိပေ။ အယ်လ်ဘီနိုရောဂါသည် မွေးရာပါ ခန္ဓာကိုယ်မှုမမှန်မှုဖြစ်စဉ်တစ်ခုဖြစ်ပြီး ခန္ဓာကိုယ်မှအမည်းရောင်ဓာတ်ပစ္စည်းထုတ်လွှတ်မှုချို့ယွင်း၍ အသားအရေနှင့် ဆံပင်များ ဖြူဖွေးနေရခြင်းဖြစ်သည်။

*—Ref: Asiaone*

# စင်ကာပူတွင် ပြီးခဲ့သည့်နှစ်က လုပ်ငန်းခွင်အတွင်း သေဆုံးမှု ၁၁ ရာခိုင်နှုန်းခန့် တိုးလာ

**စင်ကာပူ၊ မတ် - ၁၅**

စင်ကာပူနိုင်ငံတွင် ၂၀၁၁ က လုပ်ငန်းခွင်အတွင်း အလုပ်သမားများ သေဆုံးမှုသည် ၂၀၁၀ ကထက် ၁၁ ရာခိုင်နှုန်းနီးပါး တိုမြင့်ခဲ့ကြောင်း စင်ကာပူ လူ့စွမ်းအားဝန်ကြီးဌာနနှင့် လုပ်ငန်းခွင်လုံခြုံရေးနှင့်ကျန်းမာရေးကောင်စီအဖွဲ့တို့၏ အစီရင်ခံစာအရသိရသည်။

ယင်းအစီရင်ခံစာတွင် ၂၀၁၀ ပြည့်နှစ်က လုပ်ငန်းခွင်အတွင်း သေဆုံးသူ ၅၅ ဦးရှိခဲ့ပြီး ၂၀၁၁ တွင် သေဆုံးသူ ၆၁ ဦးရှိခဲ့ကာ ရာခိုင်နှုန်းအားဖြင့် ၁၀ ဒသမ ၉ ရာခိုင်နှုန်းတိုးလာကြောင်းသိရသည်။ သေဆုံးမှု ၁၀ မှုတွင် လေးမှုမှာ ချော်လဲခြင်း၊ အလုပ်ကိစ္စဖြင့် ခရီးထွက်ခြင်း၊ အမြင့်မှ ပြုတ်ကျခြင်းတို့ကြောင့် သေဆုံးရသည်ဟု သိရသည်။

လုပ်ငန်းခွင်အတွင်း ဒဏ်ရာရရှိမှုများတွင်မူ ၂၀၁၁ မှာ ၂၀၁၀ ကထက် ၁ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး လုံးဝမသန်စွမ်းဖြစ်ခဲ့ရမှုများလည်း ၁၁ ရာခိုင်နှုန်းကျဆင်းသွားကြောင်း သိရသည်။

လုပ်ငန်းခွင် သေဆုံးမှုအများဆုံးကဏ္ဍများမှာ ဆောက်လုပ်ရေး၊ ရေကြောင်းလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင်ဖြစ်သည်။ ဆောက်လုပ်ရေးကဏ္ဍတွင် သုံးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် သေဆုံးမှုနှုန်းကျခဲ့သည်။ ထိုကဏ္ဍတွင် ၂၀၁၀ က ၃၂ ဦး သေဆုံးခဲ့ပြီး ၂၀၁၁ တွင် ၂၂ဦးသာသေဆုံးခဲ့သည်။

*—Ref: AFP/CNA*

# လီကွမ်ယုရန်ပုံငွေ အလှူငွေ စင်ကာပူဒေါ်လာ ၁၁၃ သန်းရရှိ

**စင်ကာပူ၊ မတ် - ၁၄**

စင်ကာပူအစိုးရသည် နိုင်ငံသားများ ဘာသာစကားနှစ်မျိုးသင်ကြားရေးအတွက်တည်ထောင်ထားသည့်လီကွမ်ယုရန်ပုံငွေအတွက် အစိုးရ၏ထည့်ဝင်မှုအပါအဝင် အလှူငွေစင်ကာပူဒေါ်လာ ၁၁၃ သန်းရရှိနေပြီဖြစ်ကြောင်းကြေညာခဲ့သည်။

အဆိုပါရန်ပုံငွေကို ပြီးခဲ့သည့်နှစ်က မစ္စတာလီကွမ်ယု၏ စာအုပ် 'My Lifelong Challenge: Singapore's Billingual Journey' ထုတ်ဝေပြီးနောက် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်၁၆ဦးပါဝင်သော ရန်ပုံငွေထိန်းသိမ်းရေးဘုတ်အဖွဲ့ကို ပညာရေး ဝန်ကြီး မစ္စတာဟန်ဆွီးကိတ်က ဦးဆောင်မည်ဖြစ်သည်။

ဘုတ်အဖွဲ့သည် ကော်မတီများဖွဲ့စည်းကာ ရန်ပုံငွေဖြင့် သုတေသနလုပ်ငန်းများ၊ ရန်ပုံငွေရင်း နှီးမြှုပ်နှံမှုများ၊ ပညာရေးထောက်ပံ့မှုများဆောင်ရွက်မည်ဖြစ်သည်။ လီကွမ်ယုရန်ပုံငွေသည် နိုင်ငံသားများအား မိခင်ဘာသာစကားဖြစ်သည့် မလေးရှား၊ တရုတ်တို့အပြင် အင်္ဂလိပ်ဘာသာကို လေ့လာသင် ကြားရေးအတွက်အားပေးရန်တည်ထောင်ထားခြင်းဖြစ်သည်။

*—Ref: Asiaone*

7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012



# အဇာဘိုင်ဂျန်က အီရန်အတွက် ထောက်လှမ်းရေး လုပ်ပေးသူ ၂၂ ဦး ဖမ်းဆီး

**ဘာကူး၊ မတ် - ၁၅**
အီရန်နိုင်ငံအတွက် ထောက်လှမ်းရေးလုပ်ပေးခြင်းနှင့် အခြားပြစ်မှုများကျူးလွန်သည်ဟု မသင်္ကာသူ ၂၂ ဦးကို အဇာဘိုင်ဂျန်အာဏာပိုင်များက ထိန်းသိမ်းလိုက်ကြောင်းအစိုးရအရာရှိများက ပြောကြားသည်။

ယင်းမသင်္ကာသူများသည် အဇာဘိုင်ဂျန်နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်နိုင်သော သတင်းများကို စုဆောင်း၍ လွှဲပြောင်းပေးခြင်းနှင့် အီရန်ထောက်လှမ်းရေးအဖွဲ့အတွက်လူသူစုဆောင်းပေးရာတွင် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့နှင့်လျှို့ဝှက်စွာ ပူးပေါင်းဆောင်ရွက်နေကြောင်းအဇာဘိုင်ဂျန်အမျိုးသား လုံခြုံရေးဝန်ကြီးဌာနက ပြောကြားသည်။

မသင်္ကာသူများအား နိုင်ငံတော်သစ္စာဖောက်မှု၊ လက်နက်နှင့်ခဲယမ်းမီးကျောက်များ တရားမဝင်ရယူခြင်း၊ သိုလှောင်ခြင်းများ ဥပဒေကြောင်း တရားစွဲဆိုထားကြောင်းသိရသည်။ သို့ရာတွင် ၎င်းတို့အား မည်သည့်အချိန်က ဖမ်းဆီးခဲ့သည်ဆိုခြင်းကိုမူ ရှင်းရှင်းလင်းလင်းမသိရပေ။

အီရန် တော်လှန်ရေးအစောင့်တပ်ဖွဲ့၊ လက်ဘနွန်မှ ဟစ်ဘိုလာအုပ်စုများနှင့် အဆက်အသွယ်ရှိသော အကြမ်းဖက်အဖွဲ့အစည်းတစ်ခုကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်တွင်အဇာဘိုင်ဂျန်နိုင်ငံကကြေညာခဲ့သည်။ ဇန်နဝါရီလအတွင်းကလည်း ဘာကူးမြို့ရှိအစ္စရေးသံရုံးအပေါ် အကြမ်းဖက်တိုက်ခိုက်မည့် ကြံစည်မှုကို ဖြိုခွင်းနိုင်ခဲ့ကြောင်းအဇာဘိုင်ဂျန်အစိုးရက ပြောကြားသည်။

*—Ref: UPI*

## နောက်ကျောဖုံး - ဆီးရီးယားနိုင်ငံ ဒမတ်စကပ်စ်မြို့တော်၌ တိုက်ပွဲများ ပြင်းထန်နေကြောင်း ဒေသခံများပြောကြား မှ

လုံခြုံရေးထူထပ်စွာ ချထားသည့် အယ်လ်မက်ဇီခရိုင်တွင် စက်သေနတ်ကြီးများနှင့် ဒုံးအားသုံးဗုံးပေါက်ကွဲသံများပဲ့တင်ထပ်ပေါ်ထွက်နေကြောင်းဒေသခံများကပြောသည်။ တိုက်ပွဲများ ပြင်းထန်နေစဉ်အတွင်း တယ်လီဖုန်းဖြင့်သတင်းပို့နေသည့်ဒေသခံများထံကလည်း အသေအပျောက်စာရင်းအကြောင်း မကြားသိရသေးဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

"ဟာမာဒါ စူပါမားကတ်နားမှာ တိုက်ခိုက်နေကြတယ်။ အဲဒီ့မှာ ပေါက်ကွဲမှုတွေလည်းရှိပြီး တခြားအနီးအနားရပ်ကွက်တွေမှာလည်း ပေါက်ကွဲသံတွေကြားနေရတယ်။ လုံခြုံရေးတပ်ဖွဲ့တွေက လမ်းတွေကိုပိတ်ဆို့ထားပြီး လမ်းမီးတွေလည်းဖြတ်ထားတယ်"ဟု ယင်းဧရိယာတွင် နေထိုင်သူ အိမ်ရှင်မတစ်ဦးကပြောသည်။

ဆီးရီးယား ဒုတိယမြို့တော် အလက်ပိုတွင် မတ်လ ၁၈ ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီးနောက် မြို့တော်ဒမတ်စကပ်စ်တွင်ပါ တိုက်ပွဲများဖြစ်ပွားလာခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်းတွင်လည်း အစိုးရတပ်များနှင့် သူပုန်တပ်ဖွဲ့များအကြား တိုက်ပွဲများ ပြင်းထန်နေကြောင်း တက်ကြွလှုပ်ရှားသူများကပြောကြားသည်။

*—Ref: Reuters*

## နောက်ကျောဖုံး - နျူကလီးယားတိုးတက်မှုများ စွန့်လွှတ်မည်မဟုတ်ဟု အီရန်ပြောကြား မှ

၎င်း၏ မှတ်ချက်များမှာ အီရန်နှင့်အင်အားကြီး ခြောက်နိုင်ငံဖြစ်သော ကုလလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် ပြင်ဆင်နေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဇန်နဝါရီလက တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ပြုလုပ်ခဲ့သော ဆွေးနွေးပွဲများပြို ကွဲခဲ့ပြီးနောက် ထပ်မံကျင်းပမည့် အစည်းအဝေးအတွက် နေရာနှင့်ရက်ကို အသိပေးရန် အီရန်နိုင်ငံက တရားဝင်တောင်းဆိုထားသည်။

အီရန်နိုင်ငံသည် အမေရိကန်နှင့် အနောက်နိုင်ငံများ၏ ပြင်းထန်သော စီးပွားရေးပိတ်ဆို့မှုများနှင့်ကြုံတွေ့နေရပြီး ၎င်း၏ နျူကလီးယားစက်ရုံများကို အစ္စရေးနှင့်အမေရိကန်က တိုက်ခိုက်မည့်ခြိမ်းခြောက်မှုများနှင့်လည်း ရင်ဆိုင်နေရသည်။ *—Ref: AFP*



## Leader's Profile

## ကမ္ဘာ့တန်ဖိုးအရှိဆုံး Apple Inc. ၏ အမှုဆောင်အရာရှိချုပ်

# တင်မ်ကွတ်

ရဲမင်း

တင်မိုသီဒီတင်မ်ကွတ်သည်Apple Inc. ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ ၁၉၉၈ ခုနှစ် မတ်လတွင် Apple ကုမ္ပဏီသို့ ရောက်ရှိလာပြီး ကွယ်လွန်သွားပြီဖြစ်သော Apple အကြီးအကဲ စတိဗ်ဂျော့ဘ်က ၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ရာထူးမှနုတ်ထွက်ကြောင်း ကြေညာခဲ့ပြီးနောက် အမှုဆောင်အရာရှိချုပ် ဖြစ်လာသည်။

ကွတ်အား ၁၉၆၀ပြည့်နှစ် နိုဝင်ဘာ ၁ ရက်တွင် မွေးဖွားခဲ့ပြီး အယ်လ်လာဘားအားပြည်နယ် ရောဘတ်စ်ဒေးလ် ဒေသ၌ ကြီးပြင်းခဲ့သည်။ ဖခင်မှာ သင်္ဘောကျင်းလုပ်သားတစ်ဦးဖြစ်ပြီး မိခင်မှာအိမ်ရှင်မဖြစ်သည်။ ကွတ်သည် အခြေခံပညာရေးကို ရောဘတ်ဒေးလ်စ်အထက်တန်းကျောင်းတွင် တက်ရောက်သင်ယူခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် အော်ဘန်းတက္ကသိုလ်မှစက်မှုအင်ဂျင်နီယာအထူးပြုဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ ရရှိခဲ့သည်။ Duke တက္ကသိုလ်ရှိ စီးပွားရေး ပညာကျောင်းမှ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) ရရှိခဲ့သည်။

၁၉၉၈ ခုနှစ်တွင် အက်ပဲယ်သို့ မရောက်ရှိမီတွင် တင်မ်ကွတ်သည် Compaq ကုမ္ပဏီ ကော်ပိုရေးရှင်းကြီးများနှင့် ဆက်သွယ်ဆောင်ရွက်ရေးဌာနကြီး၏ ဒုတိယဥက္ကဋ္ဌအဖြစ် ခြောက်လ တာဝန်ယူခဲ့သည်။ ယင်းမတိုင်မီတွင် Intelligent Electronics ကုမ္ပဏီ၊ ကွန်ပျူတာပြန်လည် ရောင်းချရေးဌာနခွဲ၏ လုပ်ငန်းလည်ပတ်ရေး အရာရှိချုပ်အဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့သည်။ တင်မ်ကွတ်သည် အမေရိကန်ကွန်ပျူတာကုမ္ပဏီကြီး IBM ၏တစ်ကိုယ်ရေသုံးကွန်ပျူတာဌာနအတွက်လည်း မြောက်အမေရိကဒါရိုက်တာအဖြစ် ၁၂နှစ်ကြာလုပ်ကိုင်ခဲ့သည်။


တင်မ်ကွတ်သည် အက်ပဲလ်ကုမ္ပဏီအား ကွန်ပျူတာများထုတ်လုပ်ခြင်းလုပ်ငန်းမှ ဆွဲထုတ်၍ကမ္ဘာတစ်ဝန်းရှိ စက်ရုံများနှင့် သိုလှောင်ရုံများကို စနစ်တကျပိတ်ပစ်ခဲ့ခြင်းအတွက် ချီးကျူးဂုဏ်ပြုခံရသည်။ ထို့အတွက် အက်ပဲလ်ကုမ္ပဏီမှာ ကုန်ပစ္စည်းအများအပြားထုတ်လုပ် သိမ်းဆည်းထားခြင်းကို လျှော့ချနိုင်ခဲ့ကာဖြန့်ချိရေးလုပ်ငန်းအဆင့်ဆင့်ကိုပို၍ အာရုံစိုက်နိုင်ခဲ့ပြီး အမြတ်များများရရှိအောင် လုပ်ဆောင်နိုင်ခဲ့သည်။ တင်မ်ကွတ်သည် ၂၀၀၇ ခုနှစ်ဇန်နဝါရီလတွင် လုပ်ငန်းလည်ပတ်ရေး အရာရှိချုပ်အဖြစ်ရာထူးတိုးမြှင့်ရရှိလာခဲ့သည်။

တင်မ်ကွတ်သည် ၂၀၀၄ ခုနှစ်အတွင်းကလည်း အက်ပဲလ်၏ အမှုဆောင်အရာရှိချုပ်အဖြစ် နှစ်လတာ တာဝန်ယူခဲ့သည်။ စတိဗ်ဂျော့ဘ်တစ်ယောက် ကင်ဆာခွဲစိတ်ကုသမှုမှပြန်လည်နာလန်ထူရန်အနားယူနေစဉ်က ဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် စတိဗ်ဂျော့ဘ် အသည်းအစားထိုးကုသမှုခံယူနေစဉ်ကလည်း ၎င်း၏နေရာ၌တင်မ်ကွတ်က တာဝန်ယူခဲ့ရသေးသည်။ ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် စတိဗ်ဂျော့ဘ် ကျန်းမာရေးအခြေအနေကြောင့် နုတ်ထွက်လိုက်ရချိန်တွင် Apple Inc. အမှုဆောင်အရာရှိချုပ်အဖြစ် စတင်တာဝန်ယူခဲ့သည်။

တင်မ်ကွတ်သည် ခန္ဓာကိုယ်ကြံ့ခိုင်ရေးအတွက် စက်ဘီးစီး၊ တောင်တက်ရခြင်းကို နှစ်သက်ပြီး နံနက် ၄ နာရီခွဲတွင် အီးမေးလ်များစတင်ပို့လေ့ရှိကာ နောက်ရက်သတ္တပတ်အတွက် ပြင်ဆင်ရန် တနင်္ဂနွေနေ့ညပိုင်းတွင် တယ်လီဖုန်းဖြင့် ဝန်ထမ်းအစည်းအဝေးများကျင်းပလေ့ရှိသည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - နျူဒုံးကျည်ထုတ်လုပ်ရန် မြောက်ကိုရီးယား ကြိုးစားနေကြောင်း တောင်ကိုရီးယားစွပ်စွဲ မှ




ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ဧပြီ ၁၂ ရက်မှ ၁၆ ရက်အတွင်း ကမ္ဘာပတ်လမ်းအတွင်းသို့ ဂြိုဟ်တုတစ်လုံးပို့ဆောင်ရန် ဒုံးပျံတစ်စင်းပစ်လွှတ်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ကြေညာထားသည်။ ယင်းဂြိုဟ်တုလွှတ်တင်မှုကို လှည့်စားထားသော တာဝေးပစ်ဒုံးကျည်စမ်းသပ်မှုတစ်ရပ်အဖြစ် အမေရိကန်နှင့်အခြားနိုင်ငံများက ရှုမြင်ကြသည်။ ယင်းသို့ဖြစ်ခဲ့ပါက မြောက်ကိုရီးယား၏အစီအစဉ်မှာ ပြီးခဲ့သည့်လအတွင်း အမေရိကန်နှင့်ရရှိခဲ့သည့် နျူကလီးယားဖျက်သိမ်းရေးသဘောတူညီချက်နှင့် ကုလသမဂ္ဂ၏ နျူပိတ်ပင်မှုကို ချိုးဖောက်ခြင်းပင်ဖြစ်သည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံတွင် နျူကလီးယားလက်နက်ခြောက်ခုမှ ရှစ်ခုအထိ ထုတ်လုပ်နိုင်သော ပလူတိုနီယမ်များပိုင်ဆိုင်ထားသည်ဟု ယူဆရပြီး ဒုံးကျည်များအတွက် နျူထိပ်ဖူးထုတ်လုပ်နိုင်သောစွမ်းရည်ရှိ၊ မရှိကိုမူ ရှင်းရှင်းလင်းလင်းမသိရသေးပေ။

မြောက်ကိုရီးယားနိုင်ငံကို တည်ထောင်ခဲ့သူ ကင်အီဆွန်း၏ နှစ် ၁၀၀ မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် ဂြိုဟ်တုလွှတ်တင်မည့်အစီအစဉ်ကို ပယ်ဖျက်ရန် နိုင်ငံတကာ၏ ပန်ကြားချက်များကို မြောက်ကိုရီးယားနိုင်ငံက ပယ်ချထားကြောင်းသိရသည်။

နိုင်ငံခြားရေးဝန်ကြီး၊ လုံခြုံရေးဝန်ကြီးများနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် ရှုတ်ချမှုတစ်ရပ်ထုတ်ပြန်ခဲ့သည့်တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်ကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်၊ ဂျပန်၊ တရုတ်၊ ရုရှား၊ ဥရောပသမဂ္ဂတို့နှင့် ပူးတွဲ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြသည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.3 · MARCH 22 , 2012

# “ဒီလမ်းကို သူတို့ငြင်းမယ်ဆိုရင် အကျိုးဆက်တွေ အများကြီးရှိလာပါလိမ့်မယ်”

## အမေရိကန်သမ္မတ အိုဘားမားနှင့် အီရန်နျူအစီအစဉ်အကြောင်း ပြောကြားခြင်း

ကျော်မျိုး



အမေရိကန်သမ္မတအိုဘားမားဟာ အီရန်အရေးနဲ့ ပတ်သက်လို့ ၎င်းရဲ့ ခေါင်းဆောင်မှုကို ပြသရမယ့် အချိန်ရောက်လာနေပါတယ်။ ၎င်းဟာ မကြာမီ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျင်မင်နေတန်ညာဟုနဲ့တွေ့ဆုံကာ လာမယ့်လတွေအတွင်း အစ္စရေးဘက်က အီရန်ရဲ့နျူစက်ရုံတွေကို ဗုံးကြဲတိုက်ခိုက်မယ့်အရေးရှောင်ဆိုင်းအောင် စွမ်းဆောင်ရမှာဖြစ်သလို အစ္စရေးအပေါ် အမေရိကန်ရဲ့ထောက်ခံမှုနဲ့ တီဟီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုတွေက အလုပ်မဖြစ်ရင် နောက်ဆုံးရွေးချယ်မှုအနေနဲ့ စစ်ရေးနည်းလမ်းကို အသုံးပြုဖို့ရှိကြောင်း ပြောကြားရမှာဖြစ်ပါတယ်။ သည်အတ္တလန်တစ်စာစောင်မှ ဂျပ်ဖရီဂိုးလ်ဘတ်နဲ့ တွေ့ဆုံမှုမှာတော့ အိုဘားမားက ရွေးချယ်စရာနည်းလမ်းတွေအားလုံးကတော့ စားပွဲပေါ်မှာရှိနေဆဲဖြစ်ပြီး နောက်ဆုံးရွေးချယ်စရာလမ်းအဖြစ် စစ်ရေးအရအရေးယူဆောင်ရွက်မှုလည်းရှိမယ်လို့ပြောခဲ့ပါတယ်။

၎င်းက “အီရန်နဲ့အစ္စရေး အစိုးရနှစ်ရပ်စလုံးဟာ အမရိကန်ဘက်က အီရန်မှာ နျူလက်နက်ရသွားမှာကိုလက်ခံနိုင်ဖွယ်မရှိပါဘူးလို့ပြောရင် သိနားလည်ကြမယ်ထင်ပါတယ်။ ကျွန်တော်တို့ပြောတဲ့အတိုင်းပဲ ကျွန်တော်တို့ဆိုလိုတာ ဖြစ်ပါတယ်” လို့ဆိုပါတယ်။ ယခုဖော်ပြလိုက်တာ အိုဘားမားနဲ့ဂျပ်ဖရီဂိုးလ်ဘတ်တို့ရဲ့ အမေးအဖြေကောက်နုတ်ချက်များပါပဲ။

**ကျွန်တော်တို့ နားလည်ထားတာကတော့ ဝန်ကြီးချုပ်နေတန်ညာဟုဟာ အီရန်နျူအစီအစဉ်နဲ့ပတ်သက်လို့ သီးသန့်ကတိတွေရဖို့အတွက် အရေးကြီးတဲ့ကိစ္စတွေအတွက် ဝါရှင်တန်မှာ သမ္မတကြီးကို လာမေးမယ်လို့ သိရပါတယ်။ ဒီကိုလာတော့မယ့် အစ္စရေးဝန်ကြီးချုပ်အတွက် သမ္မတကြီးပေးမယ့်သတင်းစကားက ဘာများဖြစ်မလဲ။ သူ့ဆီကရော သမ္မတကြီး ဘာလိုချင်ပါသလဲ။**

ပထမဆုံးအနေနဲ့ ဝန်ကြီးချုပ်ဟာ ဘာကိစ္စနဲ့လာမယ်ဆိုတာကျွန်တော် အတိအကျ မသိပါဘူးလို့ ပြောဖို့အရေးကြီးနေပါတယ်။ သူတို့ဘက်က တင်ပြမယ့် အမေးတချို့က ဘာလဲဆိုတာကို ညွှန်ပြထားတာ တစ်ခုမှလည်း ကျွန်တော်တို့ မရထားပါဘူး။ အမေရိကန်နဲ့ အစ္စရေးနှစ်နိုင်ငံစလုံးဟာသိပ်ခက်ခဲတဲ့အကြောင်းအရာတစ်ခုနဲ့ ပတ်သက်လို့ အဆက်မပြတ်တိုင်ပင် ညှိနှိုင်းမှုရှိထားပါတယ်။ အဲဒီကိစ္စအကြောင်းအရာကတော့ အီရန်နျူလက်နက်ရသွားမယ့် အလားအလာဖြစ် ပါတယ်။ ဒီကိစ္စကလည်း ကျွန်တော်ရာထူးယူစကတည်းက ကျွန်တော့်ရဲ့ ထိပ်တန်းဦးစားပေးနိုင်ငံခြားရေးပေါ်လစီ ငါးချက်ထဲက တစ်ချက်ပါ။

ကျွန်တောတို့ဟာ ဒါနဲ့ပတ်သက်လို့ မဟာဗျူဟာတစ်ခုချမှတ်ထားခဲ့တယ်။ အဲဒါကတော့ နိုင်ငံတကာ အသိုင်းအဝိုင်းကို ဒီကိစ္စကို ဝန်းရံအောင် ရွေ့လျားနေစေဖို့ အီရန်ကို အထီးကျန်ထားပြီး ရှင်းလင်းတဲ့ သတင်းစကားပေးဖို့၊ အဲဒါကလည်း နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပြန်ချိတ်ဆက်ခွင့်ရချင်ရင် သူတို့လိုက်နာရမယ့်လမ်းတစ်လမ်းပဲ ရှိတယ်ဆိုတာဖြစ်ပါတယ်။ ဒီလမ်းကို သူတို့ငြင်းမယ်ဆိုရင် အကျိုးဆက်တွေအများကြီး ရှိလာပါလိမ့်မယ်။

သုံးနှစ်လောက် ကြာပြီးနောက် ကျွန်တော်တို့နောက်ပြန်ကြည့်ပြီး ပြောနိုင်တာကတော့ လူများစုရဲ့ မျှော်လင့်ချက်တွေထက်တောင်ကျွန်တော်တို့အောင်မြင်ခဲ့တယ်။ ကျွန်တော်တို့ ရာထူးယူစကတော့ အီရန်ဟာ စုစည်းပြီးကမ္ဘာ့ကြီးကတော့ ဒီပြဿနာကိုဘယ်လိုကိုင်တွယ်ရမလဲဆိုတာနဲ့ပတ်သက်လို့နှစ်ခြမ်းကွဲနေတယ်။ ယနေ့မှာတော့ ကမ္ဘာကြီးက အညီညွတ်ဆုံးဖြစ်နေပြီး အီရန်ကို နျူအစီအစဉ်နဲ့ပတ်သက်လို့ မတူကွဲပြားတဲ့လမ်းကြောင်းလျှောက်ဖို့ လိုတယ်ဆိုတဲ့အချက်ကိုဝန်းရံနေကြပြီ။

အီရန်ဟာ အပယ်ခံထားရပြီး သူ့အပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့မှုမျိုးစုံရဲ့ ထိခိုက်မှုဒဏ်ရာတွေကိုခံစားနေရပါပြီ။ တစ်ချိန်တည်းမှာပဲ နောက်ဆုံးအောက်ခြေမှာရှိနေတဲ့မေးခွန်းကတော့ ဒီပြဿနာကို ဖြေရှင်းလို့ရပြီလားဆိုတာပါ။ ကျွန်တော်အလေးအနက်ပြောချင်တာကတော့ နျူလက်နက်ရသွားမယ့်အရေးက အီရန်ကိုကာကွယ်တားဆီးခြင်းဟာအစ္စရေးရဲ့ အကျိုးစီးပွားတင်မကဘူး။ အမေရိကန်ပြည်ထောင်စုရဲ့ လုံခြုံရေးအကျိုးစီးပွားလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အီရန်က ဒီနေ့နဲ့မတူ ခြားနားတဲ့ လမ်းကြောင်းကို သွားချိန်အထိ ဆက်လက်ဖိအားပေးသွားမှာပါ။

**အစ္စရေးဝန်ကြီးချုပ်ဟာ ဒုတိယကမ္ဘာစစ်အတွင်း နာဇီတွေက ဂျူးတွေကို မျိုးဖြုတ်သတ်ဖြတ်ခဲ့တဲ့ ဟိုလိုကော့စ် ဖြစ်စဉ်ကြီးရဲ့ သင်ခန်းစာတွေကို ကျကျနနလေ့လာထားပြီးပြီဆိုတာဖြစ်နိုင်ပါ့မလား။**

ဝန်ကြီးချုပ်မှာက အစ္စရေးပြည်သူတွေကို ရန်လိုနေတဲ့အိမ်နီးချင်းတွေရဲ့ ရန်ကနေ ကာကွယ်ပေးဖို့တာဝန်ရှိတယ်ထင်ပါတယ်။ ဂျူးဆန့်ကျင်ရေးဝါဒနဲ့ ဟိုလိုကော့စ်ရဲ့ သမိုင်းရယ်၊ ဂျူးပြည်သူတွေကို ရာစုနှစ်တစ်ခုကျော်ကြာအောင် ဦးတည်အကြမ်းဖက်ခဲ့ကြတာတွေရယ် ဒီမေးခွန်းအကြောင်း သူစဉ်းစားချိန်သူ့အပေါ် ဖိစီးနေတယ်ထင်ပါတယ်။

ဒါပေမဲ့ ဒီဝန်ကြီးချုပ်ဟာ စစ်ရေးအရ အရေးယူမှုတွေရဲ့ အကုန်အကျတန်ဖိုးကို သိထားတဲ့ ခေတ်သစ်နိုင်ငံရဲ့ ဝန်ကြီးချုပ်လည်း ဖြစ်တယ်ဆိုတာ သိနားလည်ဖို့ အရေးကြီးတယ်ထင်ပါတယ်။ အစ္စရေးအစိုးရနဲ့ ကျွန်တော်တို့ရဲ့ ဆွေးနွေးမှုတွေထဲမှာလည်း အဲဒီတန်ဖိုးတွေကို သူတို့ထည့်တွက်ထားတယ်လို့ ကျွန်တော်ထင်ပါတယ်။ မရည်ရွယ်ဘဲဖြစ်လာမယ့် အကျိုးဆက်တွေကို တကယ်အလေးအနက်ပြီး ထည့်သွင်းတွက်ထားမယ်ပေါ့လေ။

**ဝန်ကြီးချုပ်နေတန်ညာဟုနဲ့သမ္မတကြီးရဲ့ ဆက်ဆံရေးအကြောင်း ပြောပြနိုင်မလား။ သမ္မတကြီးဟာ သူနဲ့တွေ့တာ အခြား ဘယ်ကမ္ဘာ့ခေါင်းဆောင်မဆိုထက် ပိုတွေ့ထားတယ်။ သမ္မတကြီးမှာ ပုံမှန်ထက်ပိုတဲ့ ဆက်ဆံရေးရှိထားသလိုပါပဲ။ အဲဒါ ဘယ်လိုများဖြစ်မလဲ။**

ကျွန်တော်တို့ ဆက်ဆံရေးတကယ်ပုံစံကျတယ်လို့ ထင်ပါတယ်။ ပူတင်းရဲ့ အရသာကောင်းမကောင်းကစားကြည့်မှ သိမှာပဲ။ အဓိက ကိစ္စကတော့ ကျွန်တော်တို့ဟာ ပြီးခဲ့တဲ့ သုံးနှစ်အတွင်း အစ္စရေးနဲ့ အာရပ်ကိစ္စအများအပြားလုပ်ခဲ့ပါတယ်။ အစ္စရေးဝန်ကြီးချုပ်ရော၊ ကာကွယ်ရေးဝန်ကြီးပါ ကျွန်တော်တို့အရင်က ဒီလိုမျိုးစစ်ရေးနဲ့ ထောက်လှမ်းရေး ပူးပေါင်းမှုမျိုး နီးနီးကပ်ကပ် မရှိခဲ့ဘူးဆိုတာ အသိအမှတ်ပြုကြမှာပါ။

**လွန်ခဲ့တဲ့ သုံးနှစ်က သူဝန်ကြီးချုပ်မဖြစ်ခင် အင်တာဗျူးတစ်ခုမှာလည်းနေတန်ညာဟုက ကျွန်တော့်ကို ပြောဖူးပါတယ်။ အီရန်ကို ဘာသာရေး အခြေခံပုဂ္ဂိုလ်ရေးကိုးကွယ်မှုနဲ့ လည်ပတ်တည်ထောင်ထားတာ သူယုံတယ်တဲ့။ ပြီးခဲ့တဲ့ အပတ်က အမေရိကန်ဗိုလ်ချုပ်ကြီး မာတင်ဒမ့်ပ်ဆေးကတော့ အီရန်ခေါင်းဆောင်ပိုင်းကို ဆင်ခြင်စဉ်းစားတတ်သူတွေအဖြစ် ညွှန်းဆိုခဲ့တယ်။ ဒီလိုမြင်ကြတာတွေထဲသမ္မတကြီးရောဘယ်ဘက်မှာရှိမလဲ။ သူတို့ရဲ့ အကျိုးစီးပွားအတွက်ရယ်လို့ ကျွန်တော်တို့ နားလည်မယ့်အတိုင်း သူတို့ မပြုမူဘူးဆိုရင်အီရန်ခေါင်းဆောင်ပိုင်းဟာ သိပ်ဆင်ခြင်တုံမဲ့တာပဲလို့ သမ္မတကြီး ခံစားမိမလား။**

ဒါကို အဆောက်အအုံတစ်ခုအဖြစ် ခင်ဗျားဖော်ပြတာ မှန်တယ်လို့ ထင်ပါတယ်။ သူတို့အပယ်ခံထားရတာလည်း သံသယမရှိပါဘူး။ သူတို့မှာ ပြည်တွင်းမှာပေါက်ဖွားတဲ့ နိုင်ငံရေးစနစ်တစ်ခုရှိထားတယ်။ အမေရိကန်၊ အစ္စရေးကို ရန်လိုမုန်းတီးမှုအပေါ်မှာ လောင်စာဆီဖြည့် တည်ဆောက်ထားတယ်။ အနောက်အုပ်စုကလည်း ပါတယ်။ ဒီခေါင်းဆောင်ပိုင်းက နိုင်ငံတကာ စံတွေ၊ ဥပဒေတွေအပြင်ထွက်ပြီး သူတို့ရည်မှန်းချက်တွေ ရယူအောင်မြင်ချင်တဲ့ဆန္ဒရှိတာလည်းပြထားတယ်။ ဒါတွေအားလုံးက သူတို့လိုအန္တရာယ်ကြီးစေတာပါ။ သူတို့ဟာ ကိုယ့်နိုင်ငံတွင်းကအတိုက်အခံကိုလည်း ရက်စက်တဲ့သွေးမြေကျစေတဲ့ နည်းတွေနဲ့ ဖြိုခွင်းလိုစိတ်ရှိခဲ့ကြတယ်။

**ဆီးရီးယားအကြောင်းရော မဟာဗျူဟာကိစ္စတစ်ခုအနေနဲ့ ဆွေးနွေးပေးနိုင်မလား။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စတစ်ခုအနေနဲ့ လည်းပြောပါ။ ဒါပေမဲ့ အီရန်ကို ပိုပြီးအထီးကျန်အောင် အားနည်းအောင်လုပ်တဲ့နည်းတစ်ခုက အီရန်ရဲ့တစ်ခုတည်း သောအာရပ်ကမ္ဘာ မဟာမိတ်ဆီးရီးယားကို ဖယ်ရှားရေး၊ ဖယ်ရှားရာမှာ ကူညီရေးဖြစ်တယ်လို့ ကျွန်တော်မြင်နေမိတယ်။**

လုံးဝအမှန်ပဲပေါ့။

**ဒါဆိုမေးခွန်းက အဲဒီအစိုးရတခြားဘာများ လုပ်နိုင်ပါသလဲ။**

ကောင်းပြီ။ ကြည့်ကြစို့ရဲ့။ အီရန်ဟာ အခုဆိုရင် အရင်တစ်နှစ်ကထက် နှစ်နှစ်၊ သုံးနှစ်ကထက် ပိုအားနည်းလာတာ သံသယရှိစရာမလိုပါဘူး။ အာရပ်နွေဦးဟာ အီရန်အတွက် မဟာဗျူဟာအရရှုံးနိမ့်မှုကို ကိုယ်စားပြုပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီဒေသတွင်းက ပြည်သူတွေဟာ လွတ်လပ်ခွင့်၊ ကိုယ့်ကိုယ်ကိုယ်ပြဋ္ဌာန်းပိုင်ခွင့်နဲ့ လွတ်လပ်စွာပြောဆိုခွင့်တို့၊ လွတ်လပ်စွာစည်းရုံးပိုင်ခွင့်တို့ကို လိုချင်ပုံပေါ်လာနေပြီး အဲဒါတွေကို အီရန်က အဆက်မပြတ်ချိုးဖောက်ခဲ့တာပါ။ အီရန်ခေါင်းဆောင်ပိုင်းဟာ လူ့အခွင့်အရေးနဲ့ နိုင်ငံရေးလွတ်လပ်မှုဆီဦးတည်တဲ့ ဒီလှုပ်ရှားမှုရဲ့ မိတ်ဆွေမဟုတ်ပါဘူး။ ဆီးရီးယားဟာ ဒေသတွင်းမှာ သူတို့ရဲ့ တကယ့်မဟာမိတ်အစစ်ပါ။

ဒါပေမဲ့ ကျွန်တော်တို့ ခန့်မှန်းထားတာကတော့ ဆီးရီးယားသမ္မတအာဆတ်ရဲ့ နေ့ရက်တွေဟာ ရေတွက်လို့ရနေပါပြီ။ ရုရှားလိုနိုင်ငံတွေဟာလည်း ဆီးရီးယားကို အရေးယူမယ့် ကုလသမဂ္ဂအရေးယူမှုတွေကို တားဆီးနေဆဲပါ။ ဒါ့ကြောင့် ကျွန်တော်တို့ကြိုးစားနေတာကတော့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီတွေ ပေးနိုင်မယ့် မဟာဗျူဟာတွေ ဖော်ဆောင်ဖို့ လုပ်နေတာပါ။ နိုင်ငံခြားရေးဝန်ကြီးကလင်တန်လည်း မကြာမီက မှ တူနီးရှားမှာရှိတဲ့ ဆီးရီးယားမိတ်ဆွေများအဖွဲ့ကို ဦးဆောင်ကူညီဖို့လုပ်ဆောင်ပြီး ပြန်လာခဲ့ပါတယ်။ ဒီကူညီမှုတွေက တည်ငြိမ်ငြိမ်းချမ်းတဲ့၊ လူထုကိုယ်စားပြုဆီးရီးယားအစိုးရတစ်ရပ်ဆီ အသွင်ကူးပြောင်းရေးကို အရှိန်မြှင့်စေပါလိမ့်မယ်။ အဲဒါဖြစ်လာရင် အီရန်တွက် ဆုံးရှုံးမှုတစ်ရပ်ဖြစ်လာပါလိမ့်မယ်။

*—Ref: "Obama to Iran and Israel" the atlantic*

7DAY NEWS JOURNAL

# Entertainment

Vol.11, No.3 • MARCH 22 , 2012



## တိမ်တွေနေတဲ့အရပ် သီချင်းကို ကိုယ်တိုင်ဒါရိုက်တာအဖြစ် ရိုက်ကူးတဲ့ ချစ်သုဝေ

အေးသူစံ

ရန်ကုန်၊ မတ် ၁၃

အဆိုတော်ချစ်သုဝေသည်သူမ၏ ပထမဆုံးတစ်ကိုယ်တော်ခွေဖြစ်သော ‘တိမ်တွေနေတဲ့အရပ်’ စီးရီးဗီစီဒီတွင် ကိုယ်တိုင်ဒါရိုက်တာအဖြစ်စီးရီးခေါင်းစဉ်သီချင်းကို ရိုက်ကူးထားကြောင်းချစ်သုဝေကပြောသည်။

“ဒီသီချင်းလေးကို ကိုယ်တိုင်လည်းအရမ်းကြိုက်လို့ ရိုက်ဖြစ်သွားတာပါ။ သရုပ်ဆောင်ကတော့ ထရီဇာနဲ့ ကိုနေတိုးနဲ့ပါ။ ဗီစီဒီကိုမေဒေး(မေလ ၁ ရက်နေ့)ထွက်ဖို့မှန်းထားပါတယ်။ သရုပ်ဆောင်တွေထဲမှာ ကိုမင်းမော်ကွန်းရဲ့ ကလေးနှစ်ယောက် မောင်မင်းမြတ်နဲ့ လေပြေသွေး၊ ဦးအရိုင်းသမီး ပန်းနုပျိုမေနဲ့ ဂီတမှူးဦးဇော်မျိုးထွဋ်ရဲ့ သမီးလေး ပင်ကီနဲ့ဖြူတီ၊ ဒီဇိုင်နာမပုံ့ရဲ့သမီး ပိုးမြတ်ဟေသာတို့ပါတယ်”ဟုပြောသည်။

ဗီစီဒီရိုက်ကူးမှုတွင် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)၊ နေပိုင်၊ ကိုပေါက်၊ ကြည်ဖြူသျှင်၊ စိန်လင်း(ပြင်ဦးလွင်)၊ မောင်မောင်သန်း၊ HAK တို့ရိုက်ကူးထားပြီး သရုပ်ဆောင်များအဖြစ် နေတိုး၊ ပြေတီဦး၊ ရဲတိုက်၊ အောင်ရဲလင်း၊ စိုင်းစည်တွမ်ခမ်း၊ ချစ်ဆုဝေ၊ နန်းမြတ်ဖြိုးသင်း၊ ခင်မဥ္စုခိုင်၊ နေခြည်ဦး၊ နွဲ့ဒါလီထွန်းစသည့်တို့ပါဝင်သည်။ တိမ်တွေနေတဲ့အရပ်စီးရီးသည် ၂၀၁၁ ခုနှစ်က နှစ်ကုန်ပိုင်းကထွက်ရှိခဲ့ပြီး ချစ်သုဝေ၏ အဆိုပိုင်းနှင့်ပတ်သက်၍ ပရိသတ်အသိအမှတ်ပြုမှုရရှိခဲ့သည့် စီးရီးဖြစ်ခဲ့သည်။

## “ဒီအခွေက ဒေါ်အောင်ဆန်းစုကြည်ရဲ့ နာမည်ကြောင့်မို့ ပိုပြီးကံကောင်းတယ်လို့ဆိုချင်ပါတယ်”

အက်ဆစ်အဖွဲ့နှင့် တွေ့ဆုံခြင်း




ဓာတ်ပုံ -ဂျေမောင်မောင်(အမရပူရ)

အေးသူစံ

အက်ဆစ်အဖွဲ့ဟာ မကြာမီ ထွက်ရှိလာတော့မယ့် အင်န်အယ်ဒီပါတီက စီစဉ်တဲ့သီချင်းခွေမှာ သီချင်းနှစ်ပုဒ်ပါဝင်သီဆိုထားပါတယ်။ ဒီနှစ်ပုဒ်ထဲက “တံခါးတွေဖွင့်” လို့အမည်ပေးထားတဲ့ သီချင်းကို အနဂ္ဂရန်ရန်ချမ်းနဲ့ ဇေယျာသော်တို့သုံးယောက် ခေါင်းချင်းဆိုင်ရေးရင်းနဲ့ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကာလက အက်ဆစ်အဖွဲ့ စုစည်းမှုတွေကို ပြန်လည်သတိရမိခဲ့ပြီး ၄င်းတို့ရေးသားတဲ့ ဂီတပုံစံကတော့ ပြောင်းလဲသွားပြီလို့ သိရပါတယ်။ လက်ရှိမှာ အဖွဲ့သားတစ်ဦးဖြစ်တဲ့ ဇေယျာသော်က အင်န်အယ်ဒီပါတီရဲ့ ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်ပြီး နိုင်ငံရေးနဲ့ နွှယ်တဲ့ အလုပ်တွေကို ဂီတနဲ့ဘယ်လိုပေါင်းစည်းလုပ်ဆောင်နေလဲဆိုတာ အက်ဆစ်အဖွဲ့သားများနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

စာ(၄၉)သို့

## လက်ထပ်ပွဲကို ပြေမှာလုပ်မယ့် ဂျန်ဂျီယွန်း

ဆိုးလ်၊ မတ် - ၁၄

ကိုရီးယားမင်းသမီး ဂျန်ဂျီယွန်းသည် ဇာတ်ကားရိုက်ကူးရန်ကိစ္စများကြောင့် သူမ၏ မင်္ဂလာပွဲရက်ကို မူလသတ်မှတ်သည့် ဇွန် ၂ ရက်မှ ဧပြီ ၁၃ ရက်သို့ ရွှေ့တိုးသတ်မှတ်လိုက်ကြောင်းသိရသည်။


သူမ၏ အေဂျင်စီမှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ဂျန်သည် မူလက ဒါရိုက်တာယူဆောင်းဝမ်နှင့် ရိုက်ကူးနေသော Berlin ဇာတ်ကားပြီးမှ မင်္ဂလာပွဲပြုလုပ်ရန်စီစဉ်ခဲ့ကြောင်း၊ သို့သော် ရိုက်ကွင်းအချိန်များ ပြောင်းလဲသွား၍ ယခုကဲ့သို့ပြောင်းလဲရကြောင်းဆိုသည်။

၎င်းပုဂ္ဂိုလ်က “မင်္ဂလာပွဲနေရာကတော့ အတူတူပါပဲ”ဟုဆက်လက်ပြောသည်။ ဂျန်၏ ယခုကဲ့သို့ မင်္ဂလာပွဲရက် ရွှေ့တိုးခြင်း သတင်းအပေါ် ကိုယ်ဝန်ရှိနေ၍ လက်ထပ်ပွဲ အမြန်ပြုလုပ်ခြင်းဖြစ်ကြောင်း ကောလာဟလများထွက်ပေါ်ခဲ့ပြီး မင်းသမီး၏ အေဂျင်စီကမူ သတင်းများမှာ မှားယွင်းကြောင်း ငြင်းဆန်ထားသည်။

—Ref: CNA



## ဆူဒန်သံရုံးရှေ့ ဆန္ဒပြမှုနဲ့ အဖမ်းခံရတဲ့ ဂျော့ချ်ကလူနေး



နယူးယောက်၊ မတ် - ၁၇

နာမည်ကျော် ဟောလိဝုဒ်မင်းသား ဂျော့ချ်ကလူနေးနှင့် ၎င်း၏ ဖခင်တို့သည် ဝါရှင်တန်မြို့တော်ရှိ ဆူဒန်သံရုံးအပြင်ဘက်တွင် ဆန္ဒပြမှုဖြင့် အဖမ်းခံရပြီးနောက် အာဏာပိုင်များက ပြန်လွှတ်ပေးခဲ့ကြောင်းသိရသည်။ ၎င်းတို့သားအဖသည် သံရုံးရှေ့တွင် ဆူဒန်အစိုးရက နိုင်ငံတောင်ပိုင်း ဘော်ဒိုဖန်ဒေသသို့ အစားအစာနှင့် ထောက်ပံ့မှုများ ပိတ်ပင်ထားခြင်းကို ကန့်ကွက်ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

ကလူနေးသည် သမ္မတအိုဘားမားနှင့် မတ်လ ၁၅ ရက်က တွေ့ဆုံခဲ့သည်။ ၎င်းသည်ဆူဒန်နိုင်ငံသို့သွားရောက်လေ့လာပြီးနောက် အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ၎င်း၏ ရန်ပုံငွေအဖွဲ့ The Enough Project သည် ဆူဒန်သို့ ထောက်ပံ့မှုများ ပြုလုပ်နေသည်။ ကလူနေးနှင့် အတူဖခင်နစ်ခ်ကလူနေး၊ မာတင်လူသာကင်း၏ သားငယ် မာတင်လူသာကင်း-၃၊ အောက် လွှတ်တော်မှ ဒီမိုကရက်တစ် အမတ်လေးဦးတို့လည်း အဖမ်းခံခဲ့ရသည်။

ဂျော့ချ်ကလူနေးသည်ရဲတပ်ဖွဲ့မှပြန်လွှတ်ပေးခံရပြီးနောက် “ဒါပထမဆုံးအကြိမ် အဖမ်းခံရဖူးတာပါ။ နောက်ဆုံးတစ်ကြိမ်ဖြစ်ဖို့လည်း မျှော်လင့်ပါတယ်”ဟု ပြောသည်။ ဆက်လက်၍ ၎င်းက သတင်းထောက်များအား “ကျွန်တော်တို့ပျော်ခဲ့ကြပါတယ်။ အချုပ်ခန်းတစ်ခုထဲမှာ အတူနေခဲ့ရတာပေါ့”ဟု အရွှန်းဖောက်ပြောဆိုခဲ့သည်။

ဂျော့ချ်ကလူနေးနှင့် အခြားပုဂ္ဂိုလ်များစွာတို့သည် ဆူဒန်တောင်ပိုင်းတွင်အတိဒုက္ခရောက်နေသောလူငါးသိန်းအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ခွင့်ရရှိရန် ဆန္ဒပြခဲ့ခြင်းဖြစ်သည်။ ၎င်းကို ဖမ်းဆီးပြီးနောက် ရဲက ဒဏ်ကြေးတပ်ခဲ့ပြီး ဒဏ်ငွေ မည်မျှပေးဆောင်ရသည်ကိုမူထုတ်ဖော်ပြောကြားခြင်း မရှိဟုသိရသည်။

—Ref: AFP

## ရုပ်ရှင်အစည်းအရုံးအသစ် ဖွဲ့စည်းရန် အများဆန္ဒနှင့် ရွေးချယ်မည်

**အေးသူစံ**

**ရန်ကုန်၊ မတ် - ၁၆**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို ပြန်လည်ဖွဲ့စည်းရန်အတွက် ရုပ်ရှင်လောကအလွှာစုံမှ ပုဂ္ဂိုလ်များကို လူအများစုဆန္ဒဖြင့် ရွေးကောက်တင်မြှောက်မည်ဖြစ်ပြီး အဆိုပါရွေးကောက်ပွဲတွင် မဲစနစ်ဖြင့် ရွေးကောက်မည်ဖြစ်သောကြောင့် အများစုက အမှန်တကယ်လိုလားသော အနုပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာဖွဲ့စည်းမည်ဖြစ်ကြောင်း ပြန်လည်ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ကပြောသည်။

ပြင်ပတွင် ပျံ့နှံ့နေသော ပြန်ကြားရေးဝန်ကြီးဌာန၏ ဖိအားပေးမှုဖြင့် လက်ရှိမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် တာဝန်ထမ်းဆောင်နေသော အချို့ အဖွဲ့ဝင်များ ပြန်လည်ပါဝင်နိုင်ဖွယ်ရှိနေကြောင်း မေးမြန်းရာတွင် ဦးအောင်လွင်က "အဲဒီသတင်းတော့မကြားမိပါဘူး။ နောက်ပြီး ကိုယ်စားလှယ်လောင်းမဲစာရင်းပိတ်တဲ့ မတ်လ ၁၅ ရက်နေ့အထိ သူတို့နဲ့ ပတ်သက်တဲ့လူတွေမပါဘူး"ဟု ၎င်းက ပြောသည်။

ယင်းအပြင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးပြန်လည်ဖွဲ့စည်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ပါဝင်စွက်ဖက်မှုရှိ၊ မရှိအား မေးမြန်းရာ "ဝန်ကြီးဌာနရဲ့ စွက်ဖက်မှုမပါဘူးလို့တော့ ပြောလို့မရဘူး။ ဝန်ကြီးဌာနဘက်ကလူကြီးတချို့လည်း ကော်မရှင်မှာ အခုပြန်ပါနေတယ်။ သူတို့က 'ဒီကလူတွေဘာတွေလုပ်နေလဲ'လာမေးတယ်။ ကျွန်တော်တို့ဘက်ကလည်း လုပ်ထုံးလုပ်နည်းတွေ၊ စည်းကမ်းချက်တွေပြောပြတယ်။ ညှိနှိုင်းတာမျိုးတော့ ရှိပါတယ်။ လုံးဝမပါဘူးလို့တော့ ပြောလို့မရပါဘူး။ ဒါပေမဲ့ သူတို့ဘက်က ဒီလိုလုပ်ရမယ်လို့ ပြောတာမျိုး ဒီနေ့ထိ မရှိသေးပါဘူး"ဟုပြောကြားသည်။

ထို့အပြင် ကော်မရှင်အဖွဲ့ဘက်မှ တင်ပြမှုများအပေါ် လည်း သက်ဆိုင်ရာပုဂ္ဂိုလ်များထံမှ ကန့်ကွက်မှု၊ တားမြစ်မှု တစ်စုံတစ်ခုမျှ မရှိသေးကြောင်း ၎င်းက ပြောကြားသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ပြန်လည်ဖွဲ့စည်းရေးကော်မရှင်သည် အရွေးချယ်ခံပုဂ္ဂိုလ်များ၏ တစ်လွှာချင်းစီအလိုက် အရည်အချင်း၊ စည်းမျဉ်းစည်းကမ်းချက်များကို အများဆန္ဒဖြင့် ရေးဆွဲထားပြီး အရွေးချယ်ခံပိုင်ခွင့်ရှိသူများစာရင်းနှင့် မဲပေးပိုင်ခွင့်ရှိသူများစာရင်းကို မတ်လ ၁၇ ရက်နေ့တွင်ကြေညာသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲကိုမူ မကြာမီ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ပါဝင်ရွေးချယ်ခံမည့်သူများတွင် ဥပဒေအရ ပြစ်ချက်ရှိသူများ၊ တိုင်တန်းခံရဆဲဖြစ်သူများ၊ ရုပ်ရှင်အစည်းအရုံးမှ ပြစ်ချက်ရှိပြီး ထုတ်ပယ်ခံရသူများ ပါဝင်ရွေးချယ်ခွင့်မရှိကြောင်း သိရသည်။

## ရန်အောင်နှင့် နတ်သမီးများ ခိုးကူးခွေရောင်းချသူများကို ဥပဒေကြောင်းအရ နစ်နာကြေးတောင်းမည်ဟု ဒါရိုက်တာမောင်မျိုးမင်းပြောကြား

**အေးသူစံ**

**ရန်ကုန်၊ မတ် ၁၅**



ရန်အောင်နှင့်နတ်သမီးများဖျော်ဖြေပွဲအခွေအား မူရင်းဖျော်ဖြေပွဲအခွေမထွက်မီ တရားမဝင်ကူးယူရောင်းချခဲ့သူများကို ဥပဒေကြောင်းအရ တရားစွဲဆိုကာ နစ်နာကြေးတောင်းဆိုသွားမည်ဖြစ်ကြောင်းဒါရိုက်တာမောင်မျိုးမင်းက ပြောသည်။

"ဒီအခွေကို ခိုးကူးဖမ်းမိတာကမင်္ဂလာတောင်ညွန့်၊တာမွေ၊ စမ်းချောင်း၊ မရမ်းကုန်းမှာပါ။ ခိုးကူးဖြန့်တဲ့သူတို့ကို တရားစွဲဖို့စီစဉ်နေပါပြီ။ တရားစွဲတဲ့နေရာမှာလည်းပြစ်ဒဏ်ကနည်းတော့နောင်ကြဉ်မှာမဟုတ်ဘူး။ ဒါကြောင့် နစ်နာကြေးတောင်းဆိုဖို့ စီစဉ်ထားပါတယ်။ မူရင်းခွေတောင် မထွက်ရသေးဘဲ ခိုးကူးထွက်သွားတော့မူရင်းခွေမှာအများကြီးထိခိုက်နစ်နာပါတယ်။ ဒါပေမဲ့ မူရင်းခွေကို ဝယ်ချင်စရာ ကောင်းအောင် စီစဉ်ထားပါတယ်။ ခိုးကူးမှာအစအဆုံးမပါတဲ့သီချင်းတွေ၊ ခင်လှိုင်နဲ့ဒိန်းဒေါင်တို့ရဲ့တင်ဆက်မှုတွေကို မူရင်းခွေကြည့်လိုက်ရင်သိမှာပါ" ဟု မောင်မျိုးမင်းကပြောသည်။

ယင်းသို့ ဥပဒေကြောင်းအရ နစ်နာကြေးတောင်းဆိုသည့်ကိစ္စရပ်များအတွက် ဒါရိုက်တာမောင်မျိုးမင်းဘက်မှ ရှေ့နေ ဦးမြအောင်ကလိုက်ပါဆောင်ရွက်နေကြောင်းသိရသည်။ ရန်ကုန်တစ်မြို့တည်းတွင် အဆိုပါခိုးကူးခွေလေးသိန်းကျော် ထွက်ရှိထားပြီး ဖမ်းမိသည့်အရေအတွက်မှာ သုံးသောင်းကျော်ရှိကြောင်း ဖြန့်ချိရေးတာဝန်ယူထားသူ ကိုဘိုဆန်းကပြောသည်။

"ရန်အောင်နဲ့နတ်သမီးများ ခိုးကူးခွေမှာ အရုပ်အသံ အရည်အသွေးက တော်တော်လေးမကောင်းဘူး။အသံတွေကလည်း လုံးနေတော့ ကြည့်နေရင်းနဲ့ အားမရလို့ မူရင်းခွေပဲဝယ်ပြီး ကြည့်ချင်တဲ့စိတ်ဖြစ်မိတယ်။ရန်အောင်ကို သိပ်မကြိုက်ပေမယ့်သူ့ရဲ့ တင်ဆက်မှု၊မင်းသမီးတွဲဖက် ဖျော်ဖြေမှု၊ ဖက်ရှင်တွေကိုစိတ်ဝင်စားလို့ ကြည့်ချင်တာပါ" ဟု ခိုးကူးခွေကြည့်ရှုခဲ့သည့်ပရိသတ်တစ်ဦးက ပြောသည်။ ရန်အောင်နှင့် နတ်သမီးများမူရင်းခွေဗီစီဒီ၊ ဒီဗီဒီကို မတ်လတတိယပတ်တွင် ဖြန့်ချိတော့မည်ဖြစ်ပြီး နှစ်ခွေတွဲ ထွက်ရှိမည်ဖြစ်သည်။









## မန္တလေးမှာနွဲမယ့် စိုင်းစိုင်းရဲ့ မွေးနေ့ပွဲ




**အေးသူစံ** **ရန်ကုန်၊ မတ်-၁၇**

နှစ်စဉ် မွေးနေ့ဖျော်ဖြေပွဲကို ရန်ကုန်မြို့တွင် သကြ်န်ကာလမတိုင်မီ ကျင်းပလေ့ရှိခဲ့သော စိုင်းစိုင်းခမ်းလှိုင်သည် ယခုနှစ်တွင် မန္တလေးမြို့ရှိ Mandalay Hill Resort ဟိုတယ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ လာမည့်ဧပြီလ၁၀ရက်တွင်စိုင်းစိုင်းခမ်းလှိုင်သည်၃၃နှစ်ပြည့်မည်ဖြစ်သည်။ စိုင်းစိုင်း၏ မွေးနေ့လိုက်ဖ်ရှိုးကို ၂၀၀၃ ခုနှစ်တွင် ဘလေဇွန်တွင်စတင်ကျင်းပခဲ့ပြီး ၂၀၀၇ခုနှစ်မှစကာ ရန်ကုန်မြို့ကန်တော်ကြီးမျှော်စင်ကျွန်းတွင် ၂၀၁၁ ခုနှစ်အထိ ဆက်တိုက်ပြုလုပ်ခဲ့သည်။ အသက် ၃၃ နှစ်ပြည့်ယခုနှစ်မွေးနေ့တွင်မူမန္တလေးပရိသတ်များနှင့်ပထမဆုံးတွေ့ဆုံဖျော်ဖြေမည်ဟု သိရသည်။

## စာ-၄၇၊ အက်ဆစ်အဖွဲ့နှင့် တွေ့ဆုံခြင်း မှ

**အင်န်အယ်ဒီပါတီက စီစဉ်တဲ့အခွေမှာပါဝင်ဖြစ်တဲ့အကြောင်းကို သိချင်ပါတယ်။**

ရန်-ဇေယျာသော် ထွက်လာတဲ့အချိန်မှာကျွန်တော်တို့သုံးယောက်ဆုံမိပြီး ဘာဆက်လုပ်ကြမလဲပြောဖြစ်တယ်။ အခွေမလုပ်နိုင်သေးတဲ့အခါကျတော့ အကျိုးပြုတဲ့သီချင်းလေးပဲဖြစ်ဖြစ်၊ ရင်ထဲမှာရှိနေတဲ့အကြောင်းအရာလေးဖြစ်ဖြစ် တစ်ပုဒ်လောက် လုပ်ကြဖို့ ကိုတွိစ် (အနဂ္ဂ)ကပြောတာနဲ့လုပ်ဖြစ်တာပါ။ ကျွန်တော်တို့ အခုလက်ရှိရေးချင်၊ ပြောချင်တဲ့ဟာလေးတွေနဲ့ ကွက်တိလည်းဖြစ်တယ်။ သုံးယောက်လုံး ပထမဆုံးပြန်ဆိုတဲ့သီချင်းကိုလည်းဟေးလားဝါးလားသီချင်းတော့မဖြစ်ချင်ဘူး။ ကျွန်တော်တို့နှစ်ယောက်က ဟေးလားဝါးလား သီချင်းဆိုလို့ရပေမယ့် ဇေယျာသော်ကတော့ ဆိုလို့မရဘူး။ အခုဒီသီချင်းကတော့ သုံးယောက်လုံးရဲ့အမြင်၊ ခံစားချက်တွေနဲ့ ကွက်တိပဲ။

**ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ပြီးမှဒီသီချင်းက အကောင်အထည်ပေါ်လာတာလား။ အရင်တည်းကရှိနေတဲ့ စိတ်ကူးလား။**

ရန်-ဒီသီချင်းရဲ့စိတ်ကူးက ဒီအခွေလုပ်ဖို့အန်တီနဲ့တွေ့တော့မှ ဖြစ်လာတာဆိုပေမယ့် သီချင်းရဲ့ Chorus ကတော့ ၂၀၀၉ လောက်ကတည်းက ရေးထား တာပါ။

ဇေယျာသော်-ဒီအခွေအတွက် တံခါးတွေဖွင့် သီချင်းကို အဓိကဦးဆောင်စီစဉ်ရေးသားတာက ရန်ရန်ချမ်းပါ။ ကျွန်တော်တို့ပြောချင်တဲ့စကားတွေ၊ စိတ်ကူး တွေကို သူက အဓိက စီစဉ်ပါတယ်။ ကျွန်တော်ကျတော့ သီချင်းမရေးဖြစ်တာ တော်တော်ကြာနေပြီဖြစ်လို့ အခက်အခဲတွေလည်းရှိခဲ့တယ်။ ဒါပေမဲ့ အနဂ္ဂနဲ့ ရန်ရန်ချမ်းတို့ကြောင့် အဆင်ပြေ သွားပါတယ်။

**အရင် အက်ဆစ်ရဲ့ သီချင်းတွေနဲ့ ဒီသီချင်း ဖန်တီးမှုကွာခြားချက်က ဘယ်လိုအနေအ ထားရှိပါသလဲ။**

အနဂ္ဂ-သီချင်းတွေအားလုံးကတော့ လွတ်လပ်မှုရှိပါတယ်။ သူ့တန်ဖိုးနဲ့သူပေါ့။ ဒီသီချင်းကျတော့ ပျော်ရွှင်မှုပေးတာတစ်ခုထက်ကျွန်တော်တို့ဖြတ်သန်းလာတဲ့အနုပညာလမ်းကြောင်းတစ်လျှောက်မှာ ကိုယ့်သီချင်းတွေက ပြည်သူတွေအတွက် ဘယ်လောက်များအကျိုးပြုမလဲ၊ အထောက်အပံ့ပေးနိုင်မလဲဆိုတာ ဇေယျာသော်ထွက်လာပြီး ကျွန်တော့်မွေးနေ့မှာ ပြောဖြစ်ကြတယ်။ ဒီခွေထဲမှာသီချင်းဟောင်း 'ချစ်သောကမ္ဘာမြေ' ကို ရီမစ်သဘောလေး ရက်ပ်စာသား ထည့်ပြီး ဆိုထားပါတယ်။ ဇေယျာသော်ကတော့အသစ်ပြန်မရေးတော့ဘူး။ ကျွန်တော်နဲ့ ရန်ရန်ချမ်းကတော့ စာသား အသစ်ထပ်ရေးပြီးဆိုထားတယ်။

**ဒီအခွေမှာ အဆိုတော်တွေအများကြီးပါဝင်တော့ ဂီတပုံစံအစုံဖြစ်နေတဲ့အပေါ် ဘယ်လိုမြင်လဲ။**

ရန်-ဒီအခွေမှာ တကယ်တော့ ရှိသမျှလူအကုန်ပါစေချင်ပါတယ်။ ဒါပေမဲ့ အခွေတစ်ခွေရဲ့ အနေအထားကြောင့် လူတိုင်းမပါဝင်လိုက်နိုင်တာလေးကိုတော့ စိတ်မကောင်းဘူး။ ဒီအခွေမှာ အားလုံးလွတ်လွတ်လပ်လပ် ရေးကြဆိုကြပေမယ့်တစ်ယောက်မှ စည်းမဲ့ကမ်းမဲ့မရေးပါဘူး။

အနဂ္ဂ-၁၉၆၂ နောက်ပိုင်း ဆင်ဆာပေါ်လာတော့ သီချင်းတွေက လွတ်လွတ်လပ်လပ် ရပ်တည်ခွင့်မရှိတော့ဘူး။ သီချင်းတွေမှာ အချုပ်အနှောင်တွေရှိလာတယ်။ ဒါပေမဲ့ ဒီအခွေကတော့ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ အလွန်ကံကောင်းတဲ့အခွေလို့ ဆိုလိုချင်တယ်။ နောက်တစ်ခုက ဒီအခွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နာမည်ကြောင့်မို့လို့ ပိုပြီးကံကောင်းတယ်လို့ ဆိုချင်တယ်။ ဒီခွေမှာ အကုန်လုံး လွတ်လပ်လပ်ရေးကြတယ်။ လွတ်လွတ်လပ်လပ်ဆိုကြတယ်။

**ဒီသီချင်းတွေအပေါ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားကရော ဘယ်လို ရှိပါသလဲ။**

အနဂ္ဂ- ကျွန်တော်တို့သိရသလောက်အန်တီက အရမ်းအလုပ်များတဲ့အတွက်အန်တီနားထောင်အားလိမ့်မယ်လို့ မယူဆဘူး။ ဒါပေမဲ့ အခွေစီစဉ်မှုအပေါ်မှာ အန်တီအားလုံး သိပြီးသွားပြီ။ ကျွန်တော်တို့ သီချင်းလက်ရေးမူတွေကအစ ပေးပြီးသွားပြီ။ အန်တီ့မှာသီချင်း ထက်အရေးကြီးတာတွေလည်းရှိတယ်။ အစတည်းက ကျွန်တော်တို့အနုပညာရှင်တွေကို အားကိုးပြီးတော့ လုပ်ခိုင်းထားတာဆိုတော့သူ ကိုယ်တိုင်နားမထောင်ရင်တောင် သူ့လက်ထောက်တွေနားထောင်ပြီးအန်တီ့ကိုပြန်ပြောပြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**အခွေထဲမှာ အင်န်အယ်ဒီစည်းရုံးရေးသီချင်းတွေလည်းပါတော့ အစ်ကိုတို့သီချင်းတွေက ပြောချင်တဲ့အကြောင်းအရာတွေ ထင်ပေါ်အောင် ဘယ်လိုအားထုတ်ထားလဲ။**

အနဂ္ဂ-အင်န်အယ်ဒီစည်းရုံးရေးသီချင်းတွေကတော့ အင်န်အယ်ဒီလူငယ်တွေဆိုထားတာ လေးပုဒ်ပါပါတယ်။ ကျွန်တော်တို့ ကတော့ အမျိုးသားရေးနဲ့ဆိုင်တဲ့သီချင်းတွေ၊ နောက် စိတ်ဓာတ်တက်ကြွစေတဲ့ သီချင်းတွေကို ဆိုထားတာပါ။ ကျွန်တော်တို့က အင်န်အယ်ဒီကိုယ်စားပြုလုပ်ထားတာမဟုတ်ပါဘူး။ ဒီအခွေနဲ့ အင်န်အယ်ဒီနဲ့ကြားမှာ ပရိသတ်အထင်လွဲစေနိုင်တဲ့ အချက်က ကျွန်တော်တို့က အင်န်အယ်ဒီကိုယ်စားပြုမဟုတ်ပါဘူး။ အမျိုးသားရေး၊ စိတ်ဓာတ်တက်ကြွရေးနဲ့ လူ့အခွင့်အရေးသီချင်းတွေပဲ ဆိုထားတာပါ။ သီချင်းအပုဒ်နှစ်ဆယ်ကျော်လုပ်ထားတယ်။

ရန်-ဒီသီချင်းအတွက် ကျွန်တော်တို့ အမ်တီဗီရိုက်ဖို့လုပ်နေတယ်။ ဒါဘယ်သူကမှခိုင်းတာလည်း မဟုတ်ဘူး။ ကျွန်တော်တို့အကုန်ဆုံဖြစ်ခဲ့တာက ရေပျော်ငှက်အခွေက နောက်ဆုံးဆိုတော့ အဖွဲ့လိုက်စုစည်းမှုလေး လုပ်ချင်လို့ ရိုက်ဖြစ်မယ်။

ဇေယျာသော်-ဒီသီချင်းကိုအောင်မြင်ချင်လို့၊ ကျော်ကြားချင်လို့ ရေးတာမဟုတ်ပါဘူး။ ကိုယ့်ရဲ့ဆန္ဒကိုထုတ်ဖော်တဲ့အနေနဲ့ ရေးသားတာပါ။

**အက်ဆစ်ကို သိထားတဲ့ အရင်ပရိသတ်နဲ့ ခုလက်ရှိ မျိုးဆက်သစ်လူငယ်ပရိသတ်ရဲ့ အမြင်မှာ အက်ဆစ်ရပ်တည်မှုက ဘယ်လိုပုံစံဖြစ်မလဲ။**

ရန်-ကျွန်တော်တို့သုံးယောက်တိုင်ပင်ထားတဲ့ ပုံစံလေးအတိုင်းပဲဖြစ်နေမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ ပိုက်ဆံရတဲ့ ပွဲတွေမဆိုဖြစ်ဘူး။ သီချင်း အသစ်မရှိတာလည်းပါတယ်။ ကျွန်တော်တို့သုံးယောက်သီချင်းဆိုလိုက်လို့ တစ်ဦးတစ်ယောက်ပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုခုဖြစ်ဖြစ် အကျိုးရှိသွားမယ့်၊ ကုသိုလ်ရမယ့်အလုပ်ပဲလုပ်ချင်တယ်။

**အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဇေယျာသော်ရဲ့ နိုင်ငံရေးလောကထဲခြေချမှုအပေါ် အစ်ကိုတို့က ဘယ်လိုပံ့ပိုးမှုတွေလုပ်ပေးလဲ။**

အနဂ္ဂ-ဇေယျာသော့်နောက်ကိုလိုက်ဖို့ ကျွန်တော်နဲ့ ရန်ရန်ချမ်းတို့နှစ်ယောက်တိုင်ပင်ဖြစ်တယ်။ ဇေယျာသော်ကလည်း နေပြည်တော်မှာကိုမအားဘူးဖြစ်နေတယ်။ ကျွန်တော်တို့လုပ်တတ်တာလည်း သီချင်းဆိုတာပဲရှိတော့ ငါတို့စတိတ်ရှိုးလုပ်ပေးရမလားလို့ သူ့ကိုပြောပါတယ်။ သူ့ဘက်က အချိန်ရရင်တော့ ဒီလထဲ ကျွန်တော်တို့သူ့နောက်လိုက်ဖြစ်မှာပါ။

ရန်-ငယ်ငယ်တုန်းက သူငယ်ချင်းဇေယျာသော်ကို ကူညီတာ၊ ပံ့ပိုးတာဖြစ်ဖြစ်လုပ်ပေးရမှာ ဖြစ်သလို ခုချိန်မှာဖြစ်နေတဲ့ ဇေယျာသော်ရဲ့ရပ်တည်မှုအတွက်ပံ့ပိုးပေးသွားမှာပါ။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**



## အနုပညာ သတင်းတိုများ

**အေးသူစံ၊ ကြူကြူဟန်**

■ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားရိုက်ကူးရာတွင် ဗိုလ်ချုပ်ဇာတ်ရုပ်နေရာ၌ သရုပ်ဆောင်ရန် ဗိုလ်ချုပ်နှင့်ရုပ်တူသူများအား လျှောက်လွှာများခေါ်ယူခဲ့ရာ ၂၀၁၂ မတ်လ ၁၅ ရက် လျှောက်လွှာပိတ်ရက် နံနက်ပိုင်းတွင် လျှောက်ထားသူပေါင်း ၁၂၀ကျော်ရှိသွားပြီဖြစ်ကြောင်း ဇာတ်ကားဖြစ်မြောက်ရေးအဖွဲ့ဝင်ဦးဇာဂနာကပြောသည်။ ဗိုလ်ချုပ်ဇာတ်ရုပ်အတွက် ပဏာမ ၂၀ဦးထဲမှ၁၀ကိုထပ်မံရွေးချယ်ပြီး၎င်း၁၀ဦးထဲမှဆန်ခါတင် ၃ ဦးကို ထပ်မံရွေးချယ်ကာ ဗိုလ်ချုပ်ဇာတ်ရုပ်အတွက်လိုအပ်သည်များကိုရွေးချယ်သင်ကြား ပေးသွားမည်ဟုသိရသည်။

■လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်တွင် ဆုရရှိခဲ့ကြသူများအား ဂျာမနီမှ ရုပ်ရှင်ပညာရှင်များမှ လာရောက်သင်တန်းပေးလျက်ရှိပြီး အဆိုပါသင်တန်းကို ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေး ရုံးခန်းတွင် ပြုလုပ်နေကြောင်း သတင်းရရှိသည်။

■အဆိုတော်မောင်မောင်အေး(အလင်္ကာဝတ်ရည်)၏ "ပိတောက်ဖူးတဲ့ တန်ခူးနွေ"သင်္ကြန်သီချင်းသစ်များကို ချိုကြည်သာ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက မတ်လ ၁၆ ရက်တွင်ဖြန့်ချိနေပြီဖြစ်သည်။ ထိုသင်္ကြန်ခွေတွင် မောင်မောင်အေးက သီချင်း ၁၀ပုဒ်ကို ကိုယ်တိုင်ရေးသားသီဆိုထားသည်။

■ ပါဝါကင်းရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးအတွက် ဒါရိုက်တာဇမ္ဗူထွန်းသက်လွင်ရိုက်ကူးသည့်"ကျွန်တော်နှင့်လွဲသုံးဖော်" ဒီဗီဒီကားကို မတ်လ ၁၆ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။ ဟိန်းဝေယံ၊ သင်ဇာဝင့်ကျော်၊ စိုးပြည့်သဇင်၊ မိုးယုစံ၊ မေသက်ခိုင်၊ ရဲအောင် ငှက်ပျောကြော်စသည့် သရုပ်ဆောင်များပါဝင်သည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Dr. Seuss' The Lorax | Universal Pic. | ၁၂၁,၇၂၅,၀၀၀ | ၂ |
| ၂။ | John Carter | Walt Disney Pic. | ၃၀,၁၈၀,၂၀၀ | ၁ |
| ၃။ | Project X | Warner Bros. Pic. | ၃၉,၇၁၇,၁၀၀ | ၂ |
| ၄။ | Act of Valor | Relativity Media | ၅၆,၀၉၂,၅၀၀ | ၃ |
| ၅။ | Silent House | | ၆,၆၆၁,၂၃၀ | ၁ |
| ၆။ | Safe House | Universal Pic. | ၁၁၅,၆၀၅,၀၀၀ | ၅ |
| ၇။ | The Vow | Screen Gems & Sony Pic. | ၁၁၇,၄၅၆,၀၀၀ | ၅ |
| ၈။ | This Means War | 20th Century Fox | ၄၆,၈၉၅,၄၀၀ | ၄ |
| ၉။ | Journey 2: The Mysterious Island 3D | Warner Bros. Pic. | ၉၀,၆၄၂,၀၀၀ | ၅ |
| ၁၀။ | A Thousand Words | Paramount Pic. | ၆,၁၇၆,၂၈၀ | ၁ |

## Movie Review

### The Hunger Games




အသက် ၁၆ နှစ်အရွယ် အီဗာဒင်းက သူမ၏ ညီမငယ်နေရာတွင် အစားထိုး၍ ဂိမ်းပြိုင်ပွဲတစ်ခုကိုဝင်ပြိုင်သည်။ သို့သော် တစ်ဖက်နှင့်တစ်ဖက် အလျှော့မပေးသောဂိမ်းတွင် ပါဝင်သူများမှာ အထူးလေ့ကျင့်ထားသူများဖြစ်ရာ အီဗာဒင်းမှာ သူမတွင် ရှိသမျှ စွမ်းရည်နှင့်ကြံရည်ဖန်ရည်မျိုးစုံကို ထုတ်သုံးရသည့်အပြင် ယခင်က ယင်းဂိမ်းပြိုင်ပွဲတွင်အောင်ပွဲခံခဲ့သူဟေးမစ်ကလည်း ကူညီပေးသည်။ ရှင်သန်မှုနှင့် လူသားဆန်မှု၊ အသက်နှင့် ချစ်ခြင်းမေတ္တာ ထိပ်တိုက်တွေ့သောကစားပွဲမည်သို့အဆုံးသတ်မည်ဆိုတာ. . .။

Suzanne Collins ၏ နာမည်ကြီးဝတ္ထုကို ၎င်းကိုယ်တိုင် ပါဝင်ဇာတ်ညွှန်းခွဲထားသော ဇာတ်ကားအား ဒါရိုက်တာ Gary Rossက ရိုက်ကူးထားပြီး Jennifer Lawrence၊ Josh Hutcherson၊ Liam Hemsworth တို့ဦးဆောင်ပါဝင်ထားသည်။ Lionsgate က မတ်လ ၂၃ ရက်နေ့တွင်ဖြန့်ချိသည်။

Sports
7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# ၁၇ နှစ်အတွင်း ကရာတေးဒိုပြိုင်ပွဲ ပထမဆုံးအကြိမ်ကျင်းပ

**အေးမြတ်သူ**

**ရန်ကုန်၊ မတ်-၁၅**

ကရာတေးခါးစည်းနက်များအသင်း(ရန်ကုန်)က ၁၇နှစ်တွင်း ပထမဆုံးအကြိမ်ကရာတေး အလဲထိုး၊ အလဲကန်ပြိုင်ပွဲကိုယခုလ ၂၅ရက်တွင် အောင်ဆန်း အားကစားပြိုင်ဝင်း၌ နေ့လယ် ၁ နာရီမှ ညနေ ၅ နာရီထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲသည် ရန်ကုန်မြို့တွင် ၁၉၉၅ ခုနှစ်နောက်ပိုင်းမှစ၍ ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် ကလပ်အသင်း ၂၀ ကျော်ပါဝင်ပြီး ပြိုင်ပွဲဝင် ၅၀ ခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"၂၀၀၀ပြည့်နှစ်နောက်ပိုင်းမှာကျတော့ ကလပ်အသင်းတွေ တော်တော်များများ ပျောက်သွားတယ်။ အခုလို Full Contact ပြိုင်ပွဲလုပ်ခြင်းအားဖြင့် လူငယ်တွေ ဒီကရာတေးပြိုင်ပွဲကို စိတ်ပါဝင်စားလာမယ်။ ကလပ်အသင်းတွေလည်း ရှင်သန်လာမယ်။ နောက် နိုင်ငံကိုယ်စားပြု အားကစားသမားတွေလည်း ပေါ်ထွက်လာမယ်"ဟု KBA ကရာတေးဒိုဆပ်ကော်မတီမှ ဒုတိယဥက္ကဋ္ဌဦးမင်းလွင်က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ပထမ ကျပ်တစ်သိန်း၊ ဒုတိယ ကျပ်ငါးသောင်း၊ တတိယ ကျပ်သုံးသောင်း ချီးမြှင့်မည်ဖြစ်သည်။ လာရောက် ကြည့်ရှုသူများအား ဝင်ကြေး ၄,၀၀၀ ကျပ်ဖြစ်ပြီး ပြိုင်ပွဲဝင် တစ်ဦးလျှင်ဝင်ကြေး ၂၀၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။ ပြိုင်ပွဲဝင်များအနေဖြင့် ဝိတ်တန်း ကီလို ၆၀ မှ ၇၅ ကီလိုအထက် သတ်မှတ်ထားကြောင်းသတင်းရရှိသည်။

# လက်ရွေးစင် စစ်တုရင်ကစားသမားများ ကွန်ပျူတာနှင့် ပိုမိုလေ့ကျင့်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မတ် - ၁၄**

မြန်မာ့လက်ရွေးစင် စစ်တုရင်ကစားသမားများ စွမ်းဆောင်ရည် ပိုမိုမြင့်မားစေရန်ရည်ရွယ်၍ ကွန်ပျူတာနှင့် စစ်တုရင်ယှဉ်ပြိုင်သည့် လေ့ကျင့်ခန်းအစီအစဉ်များ ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်၊ ကွန်ပျူတာစစ်တုရင်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာ(၅၁)သို့



ဖိုးကေ



တွေ့မရှောင်

# တွေ့မရှောင်နှင့် ဖိုးကေ တတိယအကြိမ် ယှဉ်ပြိုင်ထိုးသတ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၁၇**

တွေ့မရှောင်(နဂါးမာန်)နှင့် ဖိုးကေ (မန္တလေး) တို့၏ တတိယအကြိမ်မြောက်တွေ့ဆုံမှုဖြစ်လာမည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကိုလာမည့်ဧပြီလတွင် ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၎င်းတို့နှစ်ဦး ယှဉ်ပြိုင်ထိုးသတ်မည့်(ငါးချီ)အထူးစိန်ခေါ်ပွဲအပါအဝင် ပွဲစဉ်ကိုးပွဲပါဝင်မည့်ပြိုင်ပွဲကို လာမည့် ဧပြီလ ၇ ရက်တွင် သိမ်ဖြူလက်ဝှေ့အားကစားရုံတွင်ကျင်းပမည်ဖြစ်သည်။

"ပရိသတ်ဈေးကွက်ဝေစုကို တကယ်ပြိုင်ပြီး ခေါ်မယ့်သူ နောက်ပိုင်းရှားသွားပြီ။ ဒီနှစ်ယောက်ကို ပြန်တည်ရတဲ့ ရည်ရွယ်ချက်က ဒီနှစ်ယောက်မှာ နိုင်သွားတဲ့တစ်ယောက်ကတော့ မြန်မာနိုင်ငံရဲ့ ရိုးရာလက်ဝှေ့ကို ဦးဆောင်သွားလိမ့်မယ်။ သရေကျရင်တော့ နှစ်ယောက်စလုံး ဦးဆောင်သွားလိမ့်မယ်"ဟု ပွဲစီစဉ်သူ ဦးစိုးသန်းဝင်း(T&T Group) က ပြောသည်။

တွေ့မရှောင်နှင့် ဖိုးကေတို့သည် ယခင်က တွေ့ဆုံခဲ့သည့် နှစ်ကြိမ်တွင် ဖိုးကေက တစ်ပွဲနိုင်၊ တစ်ပွဲ သရေ ရလဒ်ရရှိထားပြီး ယခုပွဲစဉ်များကို မည်သည့်ရုပ်သံလိုင်းမှ တိုက်ရိုက် (သို့မဟုတ်) နောက်ကျ ထုတ်လွှင့်မည် မဟုတ်ကြောင်းလည်း ၎င်းကပြောသည်။

ယင်းပြိုင်ပွဲကို Victory Myanmar Group ၏ ပံ့ပိုးမှုဖြင့် T&T Group မှစီစဉ်ခြင်းဖြစ်ကာ ဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၁၂,၀၀၀ နှင့် ရိုးရိုးတန်း ကျပ် ၇,၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

# အာရှဘောလုံးအဖွဲ့ချုပ် ယူ-၁၄ ဘောလုံးပွဲတော် မြန်မာယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၁၄**

အာရှဘောလုံးအဖွဲ့ချုပ် ယူ-၁၄ ဘောလုံးပွဲတော်(AFC U-14 Festival 2012)သို့မြန်မာလူငယ် ဘောလုံးအသင်း သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ AFC U-14 ဘောလုံးပွဲတော်ကို လာမည့် မေ ၂၁ ရက်မှ ဇွန် ၃ ရက်အထိ မလေးရှားနိုင်ငံ၊ ဆာဘားမြို့တွင် ကျင်းပမည်ဖြစ်ပြီး ပဏာမမြန်မာယူ-၁၄ အသင်းကို ယခုလ ၁၈ ရက်မှ စတင်ကာ စခန်းဝင်လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်သည်။

ပဏာမ မြန်မာလူငယ်အသင်းတွင် မန္တလေးဘောလုံးအကယ်ဒမီမှ လူငယ်ကစားသမား ၁၃ ဦးဖြင့် အများဆုံးပါဝင်ခဲ့ပြီး အမှတ်-၃ အခြေခံပညာမှ ၉ ဦး၊ ရောဝတီဘောလုံးအကယ်ဒမီမှ ၇ ဦး၊ အမှတ်-၁ အခြေခံပညာမှ တစ်ဦး စုစုပေါင်း ၃၀ ဦးပါဝင်ကြောင်း သိရသည်။

အဆိုပါ မြန်မာယူ-၁၄ လူငယ်အသင်းအား ဦးဘုန်းနိုင်က နည်းပြချုပ်အဖြစ် တာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။






7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# ဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲဝင် နယ်မှကစားသမားများ စရိတ်ငြိမ်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်- ၁၇**

နွေရာသီဖိတ်ခေါ် 3 On 3 ဘတ်စကက်ဘောပြိုင်ပွဲသို့ နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအား ခရီးစရိတ် ထောက်ပံ့ပေးမည်ဖြစ်ပြီး တည်းခိုနေထိုင်စားသောက်စရိတ်များကိုလည်း မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

3 On 3 အလွတ်တန်းနှင့် ၁၆ နှစ်နှင့်အောက်အမျိုးသား/သမီးဘတ်စကတ်ဘောပြိုင်ပွဲကို လာမည် မေလ ၅ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များအား တစ်သင်းလျှင် ငွေကျပ်လေးသောင်းထောက်ပံ့မည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အသင်း တစ်သင်းလျှင် ကစားသမားလေးဦးဖွဲ့စည်းကာ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ၎င်းပြိုင်ပွဲ၏ အလွတ်တန်း ပြိုင်ပွဲအတွက် ပထမကျပ်နှစ်သိန်း၊ ဒုတိယကျပ်တစ်သိန်းငါးသောင်း၊ တတိယကျပ်တစ်သိန်းနှင့် ၁၆ နှစ်နှင့်အောက်ပြိုင်ပွဲအတွက် ပထမကျပ်တစ်သိန်း၊ ဒုတိယကျပ် ရှစ်သောင်း၊ တတိယကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။

အလွတ်တန်းပြိုင်ပွဲတွင်မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သော်လည်း ၁၆ နှစ်နှင့်အောက်ပြိုင်ပွဲအတွက်မူ ၁၉၉၆ ခုနှစ်နှင့်နောက်ပိုင်း မွေးဖွားသူများသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

3 On 3 ဘတ်စကက်ဘောအားကစားနည်းသည် ပုံမှန်ဘတ်စကတ်ဘောကွင်းတစ်ဝက်အကျယ်အဝန်းတွင် တစ်သင်းလျှင် ပြိုင်ပွဲဝင် အားကစားသမားသုံးဦးဖြင့် အချိန် ခုနစ်မိနစ် (နှစ်ပိုင်းခွဲကာ) ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများသည် မေလ ၂ ရက်နောက်ဆုံးထား၍ အဖွဲ့ချုပ်သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ကြောင်းနှင့် ဖုန်း- ၀၁-၅၅၆၉၅၂ သို့ဆက်သွယ် စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။

# ဆီးဂိမ်းအကြို စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၁၄**

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် စစ်တုရင် ပြိုင်ပွဲအမျိုးအစားအားလုံး ပါဝင်မည့် ဆီးဂိမ်း အကြိုစစ်တုရင်ပြိုင်ပွဲကို လာမည့် ဇူလိုင်လတွင် ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၂ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့၊ စင်ထရယ်ဟိုတယ်တွင် ကျင်းပမည်ဖြစ်ပြီး အာဆီယံ ၁၀ နိုင်ငံမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်မောင်လွင်က ပြောသည်။

"လာမယ့် ဆီးဂိမ်းမှာ ထည့်သွင်းကျင်းပမယ့် ပြိုင်ပွဲအမျိုးအစားအားလုံး ဒီပြိုင်ပွဲမှာ ထည့်သွင်းပြုလုပ်မှာပါ။ ဆီးဂိမ်းအကြိုပြိုင်ပွဲဖြစ်ပါတယ်။ အာဆီယံ ၁၀ နိုင်ငံစလုံးကိုလည်း ဖိတ်ကြားသွားမှာပါ"ဟု ဦးမောင်မောင်လွင်က ပြောသည်။

ပြိုင်ပွဲတွင် ဆုကြေးချီးမြှင့်ရန် လောလောဆယ် အစီအစဉ်မရှိသေးသော်လည်း ပြိုင်ပွဲဝင် အားကစားသမားများ၏ နေထိုင်စားသောက်စရိတ်များကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ယူ လက်ခံကျင်းပမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ စစ်တုရင်၊ ကျပမ်းစစ်တုရင်၊ မျက်ကွယ် စစ်တုရင်၊ အာဆီယံစစ်တုရင်၊ မြန်မာ့ရိုးရာ စစ်တုရင်စသည့် ပြိုင်ပွဲအမျိုးအစား ငါးမျိုးထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# စင်ကာပူဖလားပြိုင်ပွဲ ကမ္ဘောဇအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၁၇**

၂၀၁၂ စင်ကာပူဖလားဘောလုံးပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ကမ္ဘောဇအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

စင်ကာပူဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် အဆိုပါပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကမ္ဘောဇအသင်းအား ဖိတ်ကြားခဲ့ခြင်းဖြစ်ကာ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အကြောင်း ပြန်ကြားလိုက်ပြီဖြစ်ကြောင်း ကမ္ဘောဇအသင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

ပြီးခဲ့သည့် စင်ကာပူဖလားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဟံသာဝတီယူနိုက်တက် (ယခင် ဥဿာယူနိုက်တက်)အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ထိရောက်ခဲ့သည်။

နှစ်စဉ် ကျင်းပမည့် ယင်းပြိုင်ပွဲကို စင်ကာပူအမှတ်ပေး S-League အသင်း ၁၁ သင်းနှင့် ပြည်ပကလပ်အသင်းငါးသင်း၊ စုစုပေါင်း ၁၆ သင်းဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ ယခုနှစ် ပြိုင်ပွဲကို လာမည့်မေလတွင် ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။

# စာ(၅၀) - လက်ရွေးစင် စစ်တုရင်ကစားသမားများ ကွန်ပျူတာနှင့် ပိုမိုလေ့ကျင့်မည် မှ



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

ကွန်ပျူတာစစ်တုရင်ကော်မတီမှ ကြီးမှူးကျင်းပသော ပထမအကြိမ် လူသားနှင့်ကွန်ပျူတာအားပြိုင်ပွဲကို ယခုလ ၁၄ ရက်က ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ကစားသမားလေးဦးက ကွန်ပျူတာနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး လေးပွဲစလုံး ကွန်ပျူတာက အနိုင်ရရှိခဲ့သည်။

"မြန်မာ့လက်ရွေးစင်တွေနဲ့ ယှဉ်ပြိုင်ကစားတဲ့ စစ်တုရင်ကွန်ပျူတာက ပရိုဂရမ်ဟာ အခုကမ္ဘာမှာ နောက်ဆုံးထွက်တဲ့ Fritz 13 ပရိုဂရမ်ပါ။ လက်ရှိလည်း အဆင့်မြင့်ဆုံးထဲမှာ ပါပါတယ်"ဟု ကွန်ပျူတာစစ်တုရင်ကော်မတီဥက္ကဋ္ဌ ဦးသာဇံက ပြောသည်။

အဆိုပါ Fritz 13 ပရိုဂရမ်သည် Rating ၃၆၄၁ ရှိပြီး လက်ရှိ စစ်တုရင် ကမ္ဘာ့နံပါတ်-၁ (လူသား)၏ Rating မှာ ၂,၈၀၀ ကျော်ရှိကြောင်း၊ မြန်မာ့လက်ရွေးစင်ကစားသမားများ၏ Rating မှာ ၂၃၀၀ ကျော်ပတ်ဝန်းကျင်ရှိကြောင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၏ ပြောပြချက်အရ သိရသည်။

အဆင့်မြင့် ပရိုဂရမ်နှင့် မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမားများအား ယှဉ်ပြိုင်ကစားစေခြင်းမှာ လက်ရွေးစင်အားကစားသမားများ၏ တွက်ချက်မှုအတွေ့အကြုံပိုင်းတိုးတက်ရန်ရည်ရွယ်ကြောင်း၊ အခြေအနေကိုကြည့်၍ အဆင်ပြေသင့်တော်မည့် ကွန်ပျူတာပရိုဂရမ်များနှင့် ကစားသမားများကိုလေ့ကျင့်ယှဉ်ပြိုင်ကစားစေရန် စီစဉ်ထားကြောင်း ဦးသာဇံကပြောသည်။

# ဘာစီလိုနာနှင့်သာ ကစားသမားဘဝ ကုန်ဆုံးချင်ကြောင်း မက်ဆီဖွင့်ဟ



Photo - Getty Images

**လန်ဒန်၊ မတ် - ၁၇**

ဘာစီလိုနာအသင်း၏ရှေ့တန်းလူ လီယွန်နယ်မက်ဆီက ၎င်းသည် လက်ရှိ ဘာကာအသင်းနှင့်သာ ကစားသမားဘဝ ကုန်ဆုံးချင်ကြောင်း ဖွင့်ဟပြောကြားလိုက်သည်။ မက်ဆီသည် ယခုအခါ ဘာစီလိုနာအသင်းမှာ သမိုင်းတစ်လျှောက် အကောင်းဆုံးအသင်းများထဲမှ တစ်သင်းဖြစ်ကြောင်းယုံကြည်နေသည်။

"ကျွန်တော့်စိတ်ကူးကတော့ ဘာစီလိုနာမှာ အမြဲနေသွားဖို့ပဲဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကျန်တဲ့ ကစားသမားသက်တမ်းတစ်ခုလုံးမှာပါ။ ကျွန်တော် အမြဲပြောပါတယ်။ အနာဂတ်မှာ ဘာဖြစ်နိုင်သလဲမသိပေမယ့် ရွေးချယ်ရမယ်ဆိုရင်လည်း ဘာစီလိုနာမှာပဲ ကျန်တဲ့ ကစားသမားသက်တမ်းတစ်ခုလုံး ကုန်ဆုံးချင်ပါတယ်"ဟု မက်ဆီက စကိုင်းစပို့စ် ရုပ်သံလိုင်းသို့ ပြောသည်။

အသက် ၂၄နှစ်အရွယ် အာဂျင်တီးနား တိုက်စစ်မှူးမက်ဆီက ၎င်းသည် လက်ရှိ ဘာစီလိုနာထက် ပိုကောင်းသောအသင်းကိုလည်း မမြင်ဖူးသေးကြောင်းဆိုခဲ့သည်။

မက်ဆီသည် ယခုလအစောပိုင်းက ဘာကာက ဘေယာလီဗာကူဆင်အား ၇-၁ ဂိုးဖြင့်နိုင်သောပွဲတွင် တစ်ပွဲတည်း စံချိန်တင်ငါးဂိုးသွင်းကာ အသင်းကို ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တက်ရောက်ရန် ကူညီပေးခဲ့သည်။ *—Ref: Reuters*

# ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် တစ်ကြိမ်မှ မတွေ့ဖူးသော ထိပ်သီးအသင်းများ တွေ့ဆုံ

**လန်ဒန်၊ မတ် - ၁၇**

လာမည့် မတ်လ ၂၇ ရက်တွင် စတင်ကျင်းပမည့်ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များစာရင်း ထွက်ပေါ်လာခဲ့ရာ ပွဲစဉ်လေးပွဲတွင် သုံးပွဲမှာတစ်ကြိမ်မှ တွေ့ဆုံဖူးခြင်းမရှိသော ထိပ်သီးအသင်းများ၏ တွေ့ဆုံမှုဖြစ်သည်။

ချန်ပီယံလိဂ်ကို လက်ရှိအချိန်တွင် သရဖူကာကွယ်ရမည့် စပိန်ကလပ် ဘာစီလိုနာမှာ အီတလီထိပ်သီး အေစီမီလန်နှင့် တွေ့ဆုံခဲ့ပြီး ကျန်စပိန်အသင်း ရီးရဲလ်မက်ဒရစ်မှာ ဆိုက်ပရပ်စ်မှ APOEL အသင်းနှင့်တွေ့ဆုံမည်ဖြစ်သည်။ ယင်းဆိုက်ပရပ်စ်ကလပ်အသင်းမှာ ချန်ပီယံလိဂ်ကွာတားအဆင့်သို့ ပထမဆုံး ရောက်ဖူးသော ဆိုက်ပရပ်စ်အသင်းလည်းဖြစ်သည်။

ချယ်လ်ဆီးမှာ ဘင်ဖီကာနှင့်တွေ့ရမည်ဖြစ်ကာ ပြင်သစ်ကလပ် မာဆေးလ်မှာ ဂျာမန်ထိပ်သီး ဘိုင်ယန်မြူးနစ်နှင့်တွေ့ဆုံရမည်ဖြစ်သည်။ လာမည့် ၂၇၊ ၂၈ ရက်နှင့် ဧပြီ ၃၊ ၄ ရက်များတွင် ကစားမည့် ကွာတားဖိုင်နယ်ပွဲများမှာ အောက်ပါအတိုင်းဖြစ်သည်။ *—Ref: uefa.com*

| | | |
|---|---|---|
| ၁။ | APOEL FC နှင့် ရီးရဲလ်မက်ဒရစ် | (မတ် ၂၇၊ ဧပြီ ၄) |
| ၂။ | မာဆေးလ်နှင့် ဘိုင်ယန်မြူးနစ် | (မတ် ၂၈၊ ဧပြီ ၃) |
| ၃။ | ဘင်ဖီကာနှင့် ချယ်လ်ဆီး | (မတ် ၂၇၊ ဧပြီ ၄) |
| ၄။ | အေစီမီလန်နှင့် ဘာစီလိုနာ | (မတ် ၂၈၊ ဧပြီ ၃) |

7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# ချယ်လ်ဆီး-စပါး လန်ဒန်ဒါဘီနှင့် မန်ယူ၊ မန်စီးတီး ဇယားဦးဆောင်ဖို့ အားပြိုင်ရမယ့်

# ပရီးမီးယားလိဂ်ပွဲစဉ် (၃၀) ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေ၊ အင်္ဂါ မနက်တို့မှာ ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၃၀)၁၀ပွဲမှာတော့ ချယ်လ်ဆီး-စပါး လန်ဒန်ဒါဘီပွဲ အပြင် အာဆင်နယ်-ဗီလာ၊ စတုတ်-မန်စီးတီး၊ လီဗာပူး-ဝီဂန်၊ မန်ယူ-ဖူလ်ဟမ်ပွဲတွေကလည်း ကြည့်ကောင်းမှာ အမှန်ပါ။ မန်စီးတီးတို့ဇယားကိုဦးဆောင်နိုင်ဖို့ အဝေးကွင်းနိုင်ပွဲလိုနေသလို မန်ယူအိမ်ကွင်းရှုံးမှလည်း ဖြစ်မှာမို့ အားပေးရတာလည်းပိုမြိုင်ပါလိမ့်မယ်။ မန်ယူတို့ အိမ်ကွင်းနိုင်ပွဲရပြီး မန်စီးတီး ရှုံးပွဲ (သို့မဟုတ်) သရေပွဲတွေ့ခဲ့ရင်တော့ဇယားမှာ မန်ယူတို့ အမှတ်အသာနဲ့ ပိုဦးဆောင်နိုင်ပြီဖြစ်ပါတယ်။

**မတ် ၂၄၊ စနေ။**

**ည ၇း၁၅ နာရီ**

**ချယ်လ်ဆီး-စပါး**

**ပထမအကျော့ရလဒ် ၁-၁**

အကြိုတ်အနယ် ကစားရမယ့်ပွဲပါ။ နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ချယ်လ်ဆီးနှစ်ကြိမ်၊ စပါးတစ်ကြိမ်နိုင်ပြီး သရေနှစ်ပွဲရထားတယ်။ မှတ်တမ်းတွေအရ ချယ်လ်ဆီးတို့ အိမ်ကွင်းမှာ စပါးနဲ့ကစား



တိုင်း အခြေအနေကောင်းတတ်ပေမယ့် ဂိုးပြတ်မနိုင်တာ သုံးနှစ်လောက်ရှိနေပါပြီ။ တောရက်စ်၊ စတာရစ်ချ်တို့ရဲ့ ချယ်လ်ဆီးကို ပိုကြိုက်ပေမယ့် စပါးရဲ့ အဝေးကွင်းခြေစွမ်းကို အထင်သေးလို့မရပါဘူး။ ချယ်လ်ဆီး ကပ်နိုင်ခြေရှိပြီး သရေလည်းဖြစ်နိုင်တယ်။

**ည ၉း၃၀ နာရီ**

**အာဆင်နယ်-ဗီလာ**

**ပထမအကျော့ရလဒ် ၂-၁**

အက်ဖ်အေဖလားမှာလည်း အာဆင်နယ်တို့နိုင်ခဲ့တာမို့ ဒီအိမ်ကွင်းပွဲ အခက်အခဲမရှိနိုင်လောက်ပါဘူး။ အဝေးကွင်း သရေပွဲများတတ်တဲ့ ဗီလာကို အာဆင်နယ် ဂိုးအနည်းနဲ့ကပ်နိုင်ဖို့ပဲရှိပါတယ်။

**ဘော်လ်တန်-ဘလက်ဘန်း**

**ပထမအကျော့ရလဒ် ၂-၁**

နှစ်သင်းစလုံးဇယားအောက်ခြေနားမှာ ရှိနေဆဲဖြစ်ပြီး အနိုင်သုံးမှတ် အရေးပါနေပါတယ်။ ပထမအကျော့တုန်းက အဝေးကွင်းမှာလည်း နိုင်ခဲ့တဲ့ အခုပွဲ အိမ်ရှင်ဘော်လ်တန်ဘက်ကပဲ နေသင့်ပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ဘော်လ်တန်နိုင်မှာပါ။

**လီဗာပူး-ဝီဂန်**

**ပထမအကျော့ရလဒ် ဝ-ဝ**

ဒီနှစ်သင်း တွေ့တိုင်း သရေကျတာများနေတယ်။ နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှုစလုံး သရေကျခဲ့တယ်။ ဒါပေမဲ့ ဥရောပဝင်ခွင့်ရဖို့ ဖိအားများနေတဲ့ လီဗာပူးတို့ အိမ်ကွင်းမှာ ရှုန်းကန်မှာပါ။ လီဗာပူးကို ဂိုးအနည်းနဲ့ ရွေးချယ်ထားရပါမယ်။

**နော့ဝစ်ချ်-ဝုလ်**

**ပထမအကျော့ရလဒ် ၂-၂**

အိမ်ကွင်းမာကျောတဲ့ နော့ဝစ်ချ်တို့ သာနေပါတယ်။ ဝုလ်တို့ ဇယားအောက်ခြေကနေ ရုန်းထွက်ဖို့ လွယ်မှာမဟုတ်ပါဘူး။ နော့ဝစ်ချ်တို့ အိမ်ကွင်းမှာ စောဂိုးရရင် နှစ်ဂိုးပြတ်လောက်နဲ့ နိုင်ခြေရှိနေတယ်။

**ဆန်းဒါးလန်း-ကျူပီအာ**

**ပထမအကျော့ရလဒ် ၃-၂**

အိမ်ကွင်း မာကျောတဲ့ဆန်းဒါးလန်းတို့ ကျူပီအာကို နိုင်ခြေပိုများနေပါတယ်။ ပထမအကျော့တုန်းက သွင်းဂိုးရလဒ်မျိုးမရရတောင် တစ်ဂိုးအသာလောက် အနည်းဆုံးသွင်းပြီး အိမ်ရှင်နိုင်မယ့်ပွဲပါ။

**ဆွမ်းဆီး-အဲဗာတန်**

**ပထမအကျော့ရလဒ် ဝ-၁**

ဇယားမှာ ရပ်တည်မှုမကွာတဲ့နှစ်သင်းပါ။ ချယ်လ်ဆီးအိမ်ကွင်း မာကျောတာ သတိထားရပါမယ်။ အဲဗာတန်နိုင်ခြေ ၅၀ ရာခိုင်နှုန်းပါပဲ။ သရေပွဲဖြစ်နိုင်သလို အိမ်ရှင်ဆွမ်းဆီး ကပ်နိုင်တာလည်းဖြစ်နိုင်တယ်။

**မတ် ၂၅၊ တနင်္ဂနွေ။**

**နံနက် ၀၀း၀၀ နာရီ**

**စတုတ်စီးတီး-မန်စီးတီး**

**ပထမအကျော့ရလဒ် ဝ-၃**

မန်စီးတီးတို့ အဝေးကွင်းနိုင်ပွဲမဖြစ်မနေ ရှာရမှာပါ။ စတုတ်တို့အိမ်ကွင်းခြေစွမ်း မာကျောပေမယ့် မန်စီးတီးဘက်က အခွင့်အရေးပိုသာနေတယ်။ မန်စီးတီး နှစ်ဂိုးလောက်ရနိုင်တယ်။

**ည ၉း၃၀ နာရီ**

**ဝက်စ်ဘရွန်း-နယူးကာဆယ်**

**ပထမအကျော့ရလဒ် ၃-၂**

နယူးကာဆယ်နဲ့နောက်ဆုံးကစားထားတဲ့ ဝက်စ်ဘရွန်းရဲ့ အိမ်ကွင်းနှစ်ပွဲမှာ နှစ်ပွဲစလုံး ဂိုးပြတ်နိုင်ခဲ့ဖူးတာ သတိထားရပါမယ်။ နယူးကာဆယ် အဝေးကွင်းခြေစွမ်းကောင်းပေမယ့် သတိထားရမှာဖြစ်ပြီး သရေပွဲလည်းဖြစ်နိုင်တယ်။ နယူးကာဆယ် တစ်ဂိုးအသာလောက်နဲ့ပဲ ကပ်နိုင်ဖို့ရှိပါတယ်။

**မတ် ၂၇၊ အင်္ဂါ။**

**နံနက် ၁း၃၀ နာရီ**

**မန်ယူ-ဖူလ်ဟမ်**


**ပထမအကျော့ရလဒ် ၅-ဝ**

မန်ယူတို့ အိမ်ကွင်းမှာ ဖူလ်ဟမ်နဲ့ကစားတဲ့ နောက်ဆုံးနှစ်ပွဲ ဂိုးပြတ်နိုင်ခဲ့သလို ပြီးခဲ့တဲ့ အဝေးကွင်းပွဲမှာလည်း ငါးဂိုးပြတ်ရခဲ့တယ်။ ဖူလ်ဟမ်တို့ အမြင့်ဆုံး သရေပဲ မှန်းနိုင်ပါတယ်။ မန်ယူ နှစ်ဂိုးလောက်ရမှာပါ။



7DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# ကုလသမဂ္ဂက နျူစစ်ဆေးမှုများကို စတင်တော့မည်ဖြစ်ကြောင်း မြောက်ကိုရီးယား ကိုယ်စားလှယ်ပြောကြား



**ဆိုးလ်၊ မတ် - ၁၃**

**ကုလသမဂ္ဂ၏ အဏုမြူစစ်ဆေးရေးမှူးများသည် မကြာမီတွင် မြောက်ကိုရီယားနိုင်ငံ၌ ပြန်လည်၍ စစ်ဆေးမှုများ စတင်တော့မည်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားနျူကလီးယား ကိုယ်စားလှယ်အဖွဲ့အကြီးအကဲကပြောကြားကြောင်း သတင်းတစ်ရပ်တွင်ဖော်ပြသည်။**

ယင်းမှာ အမေရိကန်နိုင်ငံက စားနပ်ရိက္ခာအကူအညီပေးရေး၏အပြန်အလှန်အစိတ်အပိုင်းဖြစ်ပြီးစစ်ဆေးမှုများမှာ မူလက ရည်မှန်းထားသည့်ရက်ထက် စောလျင်စွာဖြစ်လာနိုင်ခြေရှိကြောင်း မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရီဟောင်ဟိုက နယူးယောက်မြို့၌ ဂျာနယ်လစ်များအား ပြောကြောင်း ယွန်ဟပ်သတင်းတွင်ဖော်ပြသည်။

ဖေဖော်ဝါရီလ သဘောတူညီချက်ကိုဖြည့်ဆည်းရန် ခိုင်မာသောအရေးယူဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်နေကြောင်းလည်း မစ္စတာရီဟောင်ဟိုကပြောသည်။ မစ္စတာရီဟောင်ဟိုသည်အမေရိကန်နိုင်ငံတွင် ပညာရှင်များဖိုရမ်တစ်ရပ် တက်ရောက်ရန် ရှားရှားပါးပါးလာရောက်ခဲ့ပြီး ခရီးစဉ်အဆုံးသတ်ခါနီးတွင် ယင်းသို့ပြောကြားသွားခြင်းဖြစ်သည်။

နျူကလီးယားစမ်းသပ်ခြင်း၊ တာဝေးပစ်ဒုံးကျည်များ စမ်းသပ်ခြင်းများကို ဆိုင်းငံ့ထားရန် မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီလအတွင်း သဘောတူညီခဲ့သည်။ ထို့အပြင် ယူရေနီယမ်သန့်စင်ခြင်းရပ်နားထားမှုအခြေအနေကိုလည်း နိုင်ငံတကာအဏုမြူအေဂျင်စီမှလာရောက်စစ်ဆေးရန် ခွင့်ပြုထားသည်။

*—Ref: AFP*

## ဘင်္ဂလားဒေ့ရှ် ကူးတို့သင်္ဘောနစ်မြုပ်မှု သေဆုံးသူ ၆၆ ဦးထိ ရှိလာ

**ဒါကာ၊ မတ် - ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအလယ်ပိုင်း မန်ရှီဂန်ခရိုင်တွင် မတ် ၁၃ ရက်က မက်ဂနာမြစ်အတွင်း ကူးတို့သင်္ဘောနစ်မြုပ်မှုကြောင့် သေဆုံးသူစာရင်း ၆၆ ဦးအထိရှိလာကြောင်း သိရသည်။

ကူးတို့သင်္ဘော စတင်နစ်မြုပ်သည့်နေ့တွင် သေဆုံးသူစာရင်း ၃၁ ဦးသာရှိရာမှ နောက်ထပ်အလောင်းများ ထပ်တွေ့ရသဖြင့် သေဆုံးသူ ၆၆ ဦးအထိရှိလာခြင်းဖြစ်သည်။ မန်ရှီဂန်ခရိုင် ရဲတပ်ဖွဲ့မှူး မိုဟမ်မက်ရှာဟာဘက်ဒင်ခန်းက "ဗုဒ္ဓဟူးနေ့မှာ ပျောက်ဆုံးနေတဲ့ နောက်ထပ်အလောင်း ၃၅ လောင်း ထပ်တွေ့ပါတယ်။ ဒါကြောင့် သေဆုံးသူစုစုပေါင်း ၆၆ ဦးရှိပါပြီ"ဟု ဆင်ဟွာသတင်းအားပြောသည်။

၎င်းက ထိုကူးတို့ပေါ်တွင် ခရီးသည် ၂၀၀ ကျော်ပါရှိပြီး နံနက် ၂ နာရီတွင် ရေနံတင်သင်္ဘောတစ်စီးနှင့် တိုက်မိရာက ရေအောက် ပေ ၇၀ အနက်သို့ နစ်မြုပ်ခဲ့ကြောင်းဆိုသည်။ ယခုဖြစ်ရပ်ကို စုံစမ်းစစ်ဆေးရန် ကော်မတီသုံးခုဖွဲ့စည်းထားသည်။

ဘင်္ဂလားဒေ့ရှ်သည် နိုင်ငံတွင်း ပို့ဆောင်ဆက်သွယ်ရေး၌ လှေများ၊ ကူးတို့သင်္ဘောများကို အများအားဖြင့် အသုံးပြုရလေ့ရှိပြီး နိုင်ငံအနှံ့ မြစ်ပေါင်း ၂၅၀ ကျော်ရှိသည်။ မန်ရှီဂန်ခရိုင်သည် မြို့တော်ဒါကာ အရှေ့တောင်ဘက် ၂၇ ကီလိုမီတာအကွာတွင်တည်ရှိသည်။

*—Ref: Xinhua*

## ဆီးရီးယားနိုင်ငံဆိုင်ရာ ဆော်ဒီအာရေးဗီးယားသံရုံးကို ပိတ်သိမ်း

**ဒမတ်စကပ်စ်၊ မတ် - ၁၅**

ဆီးရီးယားနိုင်ငံ ဒမတ်စကပ်စ်မြို့ရှိဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံးကို ပိတ်သိမ်းလိုက်ကြောင်းနှင့် ယင်းရုံးမှ သံတမန်များနှင့် ဝန်ထမ်းများအား ပြန်လည်ခေါ် ယူလိုက်ပြီဖြစ်ကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ် နေသောအကြောင်းအရာများကြောင့် သံရုံးကိုပိတ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ထုတ်ပြန်ခဲ့သည့်အစီရင်ခံစာတွင် ဖော်ပြသည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံမှာ ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အား ရာထူးမှ ဆင်းပေးရန် နားချပြောကြားနေသော အာရပ်နိုင်ငံများတွင် ပါဝင်သည်။ အခြားအာရပ်နိုင်ငံများနှင့် အမေရိကန်အပါအဝင် အနောက်နိုင်ငံအများအပြားသည် ဆီးရီးယားနိုင်ငံရှိ ၎င်းတို့၏ သံရုံးများကိုပိတ်သိမ်းထားပြီးဖြစ်သည်။

ထိုအတောအတွင်း နိုင်ငံအနောက်မြောက်ပိုင်းရှိ၎င်းတို့၏ အမာခံနယ်မြေ အီဒလစ်မြို့မှာ အစိုးရတပ်ဖွဲ့များ၏ လေးရက်ကြာ ထိုးစစ်ဆင်နွှဲမှုကြောင့် ကျသွားခဲ့ပြီဖြစ်ကြောင်း အတိုက်အခံများက အတည်ပြုပြောကြားသည်။ ဆီးရီးယားတွင် လွန်ခဲ့သောတစ်နှစ်က လူထုအုံကြွမှုများ စတင်ဖြစ်ပေါ်ပြီးနောက်ပိုင်း လူပေါင်း ၇,၅၀၀ ခန့် သေဆုံးခဲ့ပြီဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။

*—Ref: RIA Novosit*



7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012


Photo - AFP

# ကွန်ဂိုစစ်ဘုရင် ပြစ်မှုထင်ရှားကြောင်း နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး စီရင်ချက်ချမှတ်

**သည်ဖော့ဂ်၊ မတ် - ၁၅**

ကွန်ဂိုလက်နက်ကိုင်တပ်ဖွဲ့ အကြီးအကဲသောမတ်စ်လူဘန်ဂါသည် ၎င်း၏စစ်တပ်အတွင်းသို့ ကလေးများအား စည်းရုံးထည့်သွင်းခဲ့ခြင်းအတွက် စစ်ပွဲအတွင်းပြစ်မှုကျူးလွန်ခဲ့ကြောင်း နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး၏ ပထမဦးဆုံးစီရင်ချက်က တွေ့ရှိခဲ့သည်။

ကွန်ဂိုနိုင်ငံတွင် လေးနှစ်ကြာဖြစ်ပွားခဲ့သည့် စစ်ပွဲအတွင်း အသက် ၁၁ နှစ်အထိ ငယ်ရွယ်သော ကလေးစစ်သားများ အသုံးပြုခဲ့ခြင်းအတွက် ကွန်ဂိုစစ်ခေါင်းဆောင်လူဘန်ဂါ(၅၁ နှစ်)တွင် အပြစ်ရှိကြောင်း သည့်ဟောဂ်မြို့ တရားရုံးက ဆုံးဖြတ်ချက်ချခဲ့သည်။

လူ့အခွင့်အရေးအုပ်စုများက ICC ၏စီရင်ချက်ကို ဝိုင်းဝန်းထောက်ခံကြပြီး ယင်းဆုံးဖြတ်ချက်မှာ အခြားသော ကလေးစစ်သားအသုံးပြုသူများ ဥပမာ ထွက်ပြေးနေသော ယူဂန်ဒါခေါင်းဆောင် ဂျိုးဆက်ကိုနီလိုလူမျိုးများအတွက် သတိပေးလိုက်ခြင်းပင် ဖြစ်သည်ဟုပြောကြားသည်။

သောမတ်စ်လူဘန်ဂါသည် အသက် ၁၅ နှစ်အောက် ကလေးများကို စစ်ပွဲများတွင် ထည့်သွင်းအသုံးပြုခဲ့သည်ဆိုသော ပြစ်မှုကျူးလွန်ခဲ့သည်ဆိုခြင်းကို တရားလိုများဘက်က သက်သေပြနိုင်ခဲ့သည်ဟု တရားရုံးက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြောင်း ICC တရားသူကြီး အန်ဒရီယန်ဖူးလော့ဒ်က ပြောကြားသည်။

ကွန်ဂိုမျိုးချစ်များ သမဂ္ဂကို တည်ထောင်ခဲ့သူ သောမတ်စ်လူဘန်ဂါအား ၂၀၀၆ တွင် သည်ဟော့ဂ်က လွှဲပြောင်းရယူခဲ့ပြီး ၂၀၀၉ ဇန်နဝါရီလတွင် ၎င်း၏အမှုကို စတင်စစ်ဆေးခဲ့သည်။ ၎င်းမှာ ICC ထိန်းသိမ်းရေးစခန်းတွင် ရှိနေဆဲဖြစ်ပြီး ၎င်းအပေါ် စွဲဆိုထားသော ပြစ်မှုများတွင် အပြစ်မရှိကြောင်း လျှောက်လဲထားသည်။ —*Ref: AFP*

# အီရန်ကို တိုက်မည်မှာ ထင်ရှားနေကြောင်း ရုရှား သံတမန်ပြောကြား

**မော်စကို၊ မတ် - ၁၅**

ဧပြီလအတွင်းပြုလုပ်မည့် ဆွေးနွေးပွဲ အသစ်များမအောင်မြင်ခဲ့ပါက အစ္စရေးက အီရန်ကို ယခုနှစ်အတွင်းတိုက်ခိုက်လိမ့်မည်ဖြစ်ကြောင်း ရုရှားအကြီးတန်း သံတမန်တစ်ဦးအား ကိုးကား၍ ရုရှားသတင်းစာတစ်စောင်က ဖော်ပြသည်။

အီရန်အပေါ် တိုက်ခိုက်မည့်အရေးမှာ "တိုက်မည်လား၊ မတိုက်မည်လားဆိုသည်ထက် မည်သည့်အချိန်တွင် တိုက်မည်နည်း" ဆိုသည့် အခြေအနေဖြစ်သည်ဟု ကုလသမဂ္ဂရှိ ရုရှားသံတမန်များက ယုံကြည်နေကြောင်း ကွန်မာဆန့်နေ့စဉ်သတင်းစာကရေးသားသည်။

ဆီးရီးယားအရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေး


Photo -Reuters

ကောင်စီအစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ပြီး စကားပြောကြားရာ၌ အီရန်အပေါ် တိုက်ခိုက်မှုမှာ အစောပိုင်းမှာပင်ဖြစ်ပေါ်နိုင်ကြောင်း၊ ဧပြီလအတွင်း အီရန်နှင့် အင်အားကြီး ခြောက်နိုင်ငံအကြား ဆွေးနွေးပွဲပြီးနောက်ပိုင်း အချိန်မရွေးဖြစ်လာနိုင်ကြောင်း ရုရှားသံတမန်ကပြောကြားသည်။

ထို့အပြင် အင်အားကြီးခြောက်နိုင်ငံနှင့် ဆွေးနွေးပွဲမှာ တိုက်ခိုက်မှုမှရှောင်လွှဲနိုင်ရန် အီရန်အတွက်နောက်ဆုံးအခွင့်အရေးဖြစ်သည်ဟု အီရန်ကို သတိပေးပြောကြားရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့အား ပြောကြားခဲ့ကြောင်း အဆိုပါသံတမန်အား ကိုးကား၍ သတင်းတွင်ဖော်ပြခဲ့သည်။

အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံကြား ဆွေးနွေးမည့် နေ့ရက်အတိအကျနှင့် နေရာကိုမူ တိုင်ပင်နေဆဲဖြစ်သည်။ မကြာမီ ဆွေးနွေးပွဲပြုလုပ်မည်ဟု အီရန်နိုင်ငံကလည်း အတည်ပြုပြောကြားပြီး နေရာအတွက် တူရကီနိုင်ငံက ကမ်းလှမ်းထားကြောင်းပြောသည်။ —*Ref:The Hindu*




# ခေါင်းဆောင်မှု ပြုပြင်ပြောင်းလဲရေးသည် အရေးတကြီးလုပ်ဆောင်ရမည့်ကိစ္စဟု ဝမ်ကျားပေါင်ပြောကြား

**ဘေဂျင်း၊ မတ် - ၁၄**

ကြီးမားကျယ်ပြန့်သော တရုတ်နိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ရေးမှာ လတ်တလောတွင်အရေးကြီးသော အကြောင်းအရာဟု တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ပြောဆိုလိုက်ပြီး ယင်းသို့ပြုပြင်ပြောင်းလဲခြင်း မရှိပါက ယဉ်ကျေးမှုတော်လှန်ရေးကဲ့သို့ကြေကွဲစရာအဖြစ်အပျက် ထပ်မံဖြစ်ပေါ်လာနိုင်သည်ဟုလည်း ၎င်းက သတိပေးပြောကြားသည်။

"စီးပွားရေးအသွင်သဏ္ဌာန် ပြုပြင်ပြောင်းလဲမှုနဲ့ နိုင်ငံရေး ပုံသဏ္ဌာန်ပြုပြင်ပြောင်းလဲမှုတွေကို ကျွန်တော်တို့ ဆက်ပြီးတိုက်တိုက်တွန်းတွန်း လုပ်ဆောင်ရပါမယ်။ အထူးသဖြင့် ကျွန်တော်တို့ပါတီနဲ့ နိုင်ငံခေါင်းဆောင်မှုစနစ် ပြုပြင်ပြောင်းလဲမှု ဆက်လုပ်ရပါမယ်" ဟုမစ္စတာဝမ်က သတင်းထောက်များအား ပြောကြားပြီး


Photo - Getty Images

ယင်းမှာ အရေးတကြီးလုပ်ဆောင်ရမည့်ကိစ္စဟု ၎င်းက ဆက်လက် ပြောသည်။

"နိုင်ငံရေးအသွင်သဏ္ဌာန် ပြုပြင်ပြောင်းလဲမှုကို အောင်မြင်အောင်မလုပ်နိုင်ခဲ့ရင် စီးပွားရေး အသွင်သဏ္ဌာန် ပြုပြင်ပြောင်းလဲမှုတွေ အပြည့်အဝအကောင်အထည်ဖော်ဖို့ မဖြစ်နိုင်ပါဘူး။ စီးပွားရေးနယ်ပယ်မှာ ကျွန်တော်တို့ ရရှိခဲ့တဲ့ တိုးတက်မှုတွေ ပြန်ပြီးဆုံးရှုံးသွားနိုင်ပါတယ်" ဟုမစ္စတာဝမ်ကျားပေါင်က ပြောသည်။

တရုတ်လူ့အဖွဲ့အစည်းအတွင်းဖြစ်ပေါ်လာသည့် ပြဿနာသစ်များကို အခြေခံကျကျ မဖြေရှင်းနိုင်ဖြစ်ကာ သမိုင်းတွင်ခဲ့သော ယဉ်ကျေးမှု တော်လှန်ရေးမျိုး ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်း ၎င်း၏ ၁၀ နှစ်ကြာသက်တမ်း အဆုံးသတ်ချိန်နှစ်ပတ်လည် ပါလီမန်အစည်းအဝေးပြီးဆုံးချိန်၌ ထင်သာမြင်သာအောင် စိတ်လှုပ်ရှားနေသောမစ္စတာဝမ်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် မှတ်ချက်ပြုပြောကြားသည်။ —*Ref: AFP*

# သံတမန်ရေး တံခါးပေါက်မှာ ကျဉ်းမြောင်းလာကြောင်း အီရန်အား အိုဘားမား သတိပေး

**ဝါရှင်တန်၊ မတ် - ၁၅**

ချူကလီးယား ထိပ်တိုက်တွေ့နေမှုကို ဖြေရှင်းရန် ဖွင့်လှစ်ထားသည့်သံတမန်ရေး တံခါးပေါက်မှာကျဉ်းမြောင်းလာကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အီရန်နိုင်ငံအား သတိပေးပြောကြားလိုက်ပြီး အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံဆွေးနွေးပွဲမတိုင်မီ ၎င်းက တင်းမာသောအသံဖြင့် ပြောဆိုလိုက်သည်။

အစ္စရေးက စတင်နိုင်ခြေရှိသော စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်ရမှုများအတွက် စိုးရိမ်မှုများမြင့်တက်နေစဉ် အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံကြား ဆွေးနွေးပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နေစဉ်အတွင်း အိုဘားမားက အီရန်အား လူသိရှင်ကြား သတင်းစကားပါးလိုက်ခြင်းဖြစ်သည်။

"အတိတ်ကာလတုန်းကတော့ ဒီလိုမျိုးဆွေးနွေးပွဲတွေမှာ အီရန်က ဆွေးနွေးပွဲ နှောင့်နှေးအောင်၊ ရပ်တန့်သွားအောင်၊ စကားများများပြောပြီး တကယ်တမ်းကျတော့ ရှေ့ကို မရွေ့အောင် လုပ်တတ်တဲ့သဘောရှိပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို သံတမန်ရေးအရဖြေရှင်းရေးတံခါးပေါက်ဟာ ကျဉ်းမြောင်းလာပြီဆိုတာကို သူတို့ သဘောပေါက်သင့်တယ်လို့ ကျွန်တော်ထင်တယ်" ဟု အိုဘား မားက အိမ်ဖြူတော်တွင် ပြောကြားသည်။

အိမ်ဖြူတော်သို့ အလည်အပတ်ရောက်ရှိနေသော ဗြိတိန်ဝန် ကြီးချုပ်ဒေးဗစ်ကင်မရွန်းနှင့်အ တူပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်လည်း အီရန်အပေါ် အသစ်ချမှတ်ထားသော ပိတ်ဆို့တားဆီးမှုများ ထိရောက်မည်ဟု မျှော်လင့်ကြောင်း ယခုနွေရာသီမှာပင် အီရန်စီးပွားရေးကို အထိ နာစေနိုင်ကြောင်း အိုဘားမားက ဟောကိန်းထုတ်လိုက်သည်။

ထို့အပြင် အီရန်အားထိန်းချုပ်ရုံသာ မဟုတ်ဘဲ ချူကလီး ယားလက်နက်များ ရရှိသွားခြင်းမှ တားဆီးသွားရန် ၎င်း၏ ရည်ရွယ်ချက်ကို အိုဘားမားက ထပ်မံ၍ အခိုင်အမာပြောဆိုခဲ့ပြီး သံတမန်ရေးအရ ကျရှုံးပါက စစ်ရေးအရေးယူရန်ကိုလည်း ပြောဆိုခဲ့သည်။ —*Ref: AFP*



Photo - AFP



7Day News Journal
# International
Vol.11, No.3 • MARCH 22 , 2012



Photo - AFP

## ရွေးကောက်ပွဲတွင်ရှုံးခဲ့ကြောင်း အရှေ့တီမောသမ္မတဝန်ခံ

**ဒီလီ၊ မတ် - ၁၉**

ဒုတိယသက်တမ်းအတွက် ပြန်လည်ရွေးကောက်ခံရရန် ရွေးကောက်ပွဲယှဉ်ပြိုင်ရာတွင် မိမိရှုံးနိမ့်သွားပြီဖြစ်ကြောင်း အရှေ့တီမောသမ္မတ ဟိုဆေးရာမို့စ်ဟိုတာက ဝန်ခံပြောကြားလိုက်ပြီး ၎င်း၏ပြိုင်ဘက်နှစ်ဦးဖြစ်သူ ဖရန်စစ်ကိုဂူတာရက်စ်နှင့် ဟိုဆေးမာရီယာဒီဗက်စကွန်နီလော့စ်တို့အား ဂုဏ်ပြုချီးကျူးစကားပြောကြားခဲ့သည်။

ဖရန်စစ်ကိုမှာ အတိုက်အခံပါတီခေါင်းဆောင်ဖြစ်ပြီး ဗက်စကွန်နီလော့စ်မှာ စစ်တပ်အကြီးအကဲဟောင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးမှာ အနိုင်အရှုံးပေါ်ရန် ဒုတိယအကျော့ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆန္ဒမဲအရေအတွက် ၈၄ ရာခိုင်နှုန်းကျော် ရေတွက်ပြီးချိန်တွင် မစ္စတာဖရန်စစ်ကိုက မဲစုစုပေါင်း၏ ၂၈ ဒသမ ၅ ရာခိုင်နှုန်း၊ ဗက်စကွန်နီလော့စ်က ၂၅ ဒသမ ၂ ရာခိုင်နှုန်း၊ မစ္စတာရာမို့စ်ဟိုတာက ၁၇ ဒသမ ၈ ရာခိုင်နှုန်းရရှိကြောင်း ရွေးကောက်ပွဲကော်မရှင်၏ ကိန်းဂဏန်းများအရသိရသည်။

မဲအများဆုံးရရှိသူနှစ်ဦး၏ ထိပ်တိုက်မဲခွဲမှုကို ဧပြီလလယ်တွင် ကျင်းပရန်စီစဉ်ထားသည်။

ရွေးကောက်ပွဲကော်မရှင်ကမူ ရွေးကောက်ပွဲတရားဝင်ရလဒ်များကို မကြေညာသေးကြောင်း သတင်းတွင်ဖော်ပြသည်။

အရှေ့တီမောသည်အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံ အစည်းအဝေးများတွင် လေ့လာသူအဖြစ် ပါဝင်နေသည်။

—*Ref: CNA*

## နျူကလီးယားတိုးတက်မှုများ စွန့်လွှတ်မည်မဟုတ်ဟု အီရန်ပြောကြား

**တီဟီရန်၊ မတ် - ၁၉**

ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဆွေးနွေးပွဲမတိုင်မီ ပထဝီဝင်နိုင်ငံရေးတင်းမာမှုများမြင့်တက်နေချိန်တွင် အီရန်သည် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အလျှော့ပေးလိုက်လျောမှုများ ပေးလိမ့်မည်မဟုတ်ကြောင်း အရေးပါသော အီရန်ပါလီမန်အမတ်တစ်ဦးက ကြေညာလိုက်သည်။

"အီရန်နျူကလီးယားမူဝါဒနဲ့ပတ်သက်လို့ အစိုးရက ခြေတစ်လှမ်းဆုတ်သွားမှာကိုတောင် ပါလီမန်က ခွင့်ပြုမှာမဟုတ်ဘူး"ဟု အီရန်ပါလီမန် နိုင်ငံခြားရေးမူဝါဒကော်မရှင်အကြီးအကဲ အလာဒင်ဘိုရူဂျာဒီက အီရန် IRNA သတင်းဌာနအား ပြောကြားသည်။

နျူကလီးယားလောင်စာအား ၂၀ ရာခိုင်နှုန်းအထိ သန့်စင်နိုင်ပြီဖြစ်ပြီး ယူရေနီယမ်သန့်စင်မှုကိုလည်း တိုးမြှင့်လုပ်ဆောင်နေသည်ဟူသော အီရန်၏ ကြေညာချက်သည် နျူကလီးယားသိပ္ပံပညာကို လုံးဝကျွမ်းကျင်ပိုင်နိုင်သွားပြီဆိုခြင်းကို ပြသနေကြောင်း မစ္စတာအလာဒင်က ပြောသည်။

"အကယ်၍ အင်အားကြီး ခြောက်နိုင်ငံက အီရန်ရဲ့ နျူကလီးယားစွမ်းဆောင်ရည်ကို အရှိအတိုင်းလက်မခံဘူးဆိုရင်တော့ သူတို့ပဲ ခံစားရပါလိမ့်မယ်"ဟု မစ္စတာအလာဒင်အား ကိုးကား၍ သတင်းတွင်ဖော်ပြသည်။

စာ(၄၅)သို့

## နျူဒုံးကျည်ထုတ်လုပ်ရန် မြောက်ကိုရီးယား ကြိုးစားနေကြောင်း တောင်ကိုရီးယားစွပ်စွဲ


**ဆိုးလ်၊ မတ် - ၁၉**

ဧပြီလတွင် ဂြိုဟ်တုလွှတ်တင်ခြင်းဖြင့် မြောက်ကိုရီးယားသည် နျူကလီးယားတပ်ဆင်ထားသော ဒုံးကျည်ထုတ်လုပ်ရန် ကြိုးစားနေကြောင်း တောင်ကိုရီးယားနိုင်ငံက စွပ်စွဲလိုက်သည်။ ယင်း ဂြိုဟ်တုလွှတ်တင်မည့်အစီအစဉ်ကိုစွန့်လွှတ်ရန် နိုင်ငံတကာ၏ တောင်းဆိုမှုများကိုလည်း မြောက်ကိုရီးယားက ပယ်ချထားကြောင်း သိရသည်။

မြောက်ကိုရီးယားဂြိုဟ်တုလွှတ်တင်ရေးအစီအစဉ်သည် ဒုံးကျည်နည်းပညာသုံး၍ နျူလက်နက်များကို တာဝေးပစ်နိုင်ရန် နည်းလမ်းရှာဖွေမှုအဖြစ် မိမိတို့၏ အစိုးရကအဓိပ္ပာယ်ဖွင့်ဆိုကြောင်း တောင်ကိုရီးယားသမ္မတပြောရေးဆိုခွင့်ရှိသူ ပတ်ဂျောင်ဟာက ပြောကြားသည်။

စာ(၄၅)သို့

NEWS ANALYSIS



### ဆီးရီးယားရောက် ပြင်သစ်သူရဲကောင်း

စာ(၃၆)သို့

## ဆီးရီးယားနိုင်ငံ ဒမတ်စကပ်စ်မြို့တော်၌ တိုက်ပွဲများ ပြင်းထန်နေကြောင်း ဒေသခံများပြောကြား

**ဒမတ်စကပ်စ်၊ မတ် - ၁၉**

ဆီးရီးယားနိုင်ငံ ဒမတ်စကပ်စ်မြို့တော်လုံခြုံရေးအဆောက်အအုံ အများအပြားရှိရာ ခရိုင်ဒေသတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် ဆီးရီးယားလွတ်မြောက်ရေးတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများပြင်းထန်နေကြောင်း မျက်မြင်သက်သေများကပြောသည်။


Photo - AFP

စာ(၄၅)သို့

ငွေစက္ကူမလို ၊ အကြွေပေးစရာမလို ၊ အမ်းစရာမလို
စိတ်ချမ်းသာစွာ ဘတ်(စ်)ကားစီးနိုင်မည့် တို့ထိရုံဖြင့် ယာဉ်စီးခပေးနိုင်သော
ipay နတ်ပိုက်ဆံ ကတ် ipay
ရန်ကုန်မြို့သို့ မကြာမီ လာမည် . . .
www.ipay.com.mm
☎ : 09 7376 5555

7 ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL အာချပ်ပို
Vol.11, No.3 • MARCH 22 , 2012

# ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တွင် အမျိုးသမီးများ ဘောင်းဘီရှည်ဝတ်ခွင့်ပြု

**စိုင်းသာအောင်**

**မန္တလေး၊ မတ်- ၁၂**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ယခင်က နိုင်ငံခြားသား အမျိုးသမီးများကိုသာ ဘောင်းဘီရှည်ဝတ်ခွင့်ပြုရာမှဖေဖော်ဝါရီတတိယပတ်မှစ၍ နိုင်ငံသား အမျိုးသမီးများကိုပါ ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံရှိတန်ခိုးကြီးဘုရားများဖြစ်သော ရွှေတိဂုံစေတီတော်၊ မန္တလေးမဟာမုနိ ဘုရားကြီး၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၊ ပဲခူးရွှေမောဓောစေတီတော်အပါအဝင် ဘုရားစေတီပုထိုးများပေါ်သို့ နိုင်ငံခြားသားအမျိုးသမီးများအပါအဝင် မြန်မာတိုင်းရင်းသူအမျိုးသမီးများအားလုံး အင်္ဂါရပ်ဖြစ်သော စကတ်၊ ဒူးအထက်ဘောင်းဘီတို၊ ရင်ကွဲထဘီတို့ကို ဝတ်ဆင်ခွင့်မပြုဘဲ နိုင်ငံခြားအမျိုးသမီးများကိုမူ ဘောင်းဘီရှည်ဖြင့် ဝင်ရောက်ဖူးမြော်ခွင့်ပြုခဲ့သည်။

ကျိုက်ထီးရိုးဆံတော်ရှင်မြတ်တွင် နိုင်ငံခြားညွှန့်သည် အမျိုးသမီးများသာ ဘောင်းဘီရှည်ဖြင့်ဝင်ရောက်ဖူးမြော်ခွင့်ပြုပြီးနောက် ယခုမွန်ပြည်နယ်အစိုးရအဖွဲ့ မြန်မာတိုင်းရင်းသားရေးရာဝန်ကြီးက အမျိုးသမီးများကို ဘောင်းဘီရှည်ဖြင့် တက်ရောက်ဖူးမြော်ခွင့်ပြုခြင်းအပေါ် ဒေသခံအချို့က ဘဝင်မကျမှုများရှိသည်။

ကော့ကရိတ်မြို့နယ်မှ ဗုဒ္ဓဘာသာဝင်ကရင်တိုင်းရင်းသူတစ်ဦးက "ကရင်အမျိုးသမီးများအနေဖြင့် ကျိုက်ထီးရိုးဆံတော်ရှင်မြတ်ကို ဖူးမြော်တဲ့အခါ ကရင်တိုင်းရင်းသားဝတ်စုံကို အချို့က ဝတ်တယ်။ အချို့က မြန်မာဝတ်စုံနဲ့ ဘုရားကို ဝတ်ပြုကြပါတယ်။ အမျိုးသမီးတွေ ဘောင်းဘီရှည်နဲ့ တက်ရောက်ဖူးမြော်ခွင့်ပေးတာကိုတော့ မသင့်တော်ဘူးလို့မြင်ပါတယ်။ စည်းကမ်းလေးနည်းနည်း လျော့နည်းလာတာနဲ့ သရီးကွာတားဝတ်တာတို့၊ အင်္ဂါရပ် ဝတ်တာတို့ဖြစ်လာနိုင်ပါတယ်။ တချို့မြန်မာတိုင်းရင်းသူတွေကဘောင်းဘီရှည်ဝတ်ခွင့်ပြုတယ်ဆိုတာနဲ့ အသားကပ်ဘောင်းဘီရှည်ဝတ်ပြီးတက်တဲ့ အမျိုးသမီးအချို့ စတွေ့နေရပြီ"ဟုပြောသည်။

အသက် ၆၀ ခန့်ရှိ လှည်းကူးမြို့နယ်မှ ဘုရားဖူး အမျိုးသမီးတစ်ဦးက "ဆံတော်ရှင်ကျိုက်ထီးရိုးစေတီမှာ ယခင်က မြန်မာတိုင်းရင်းသူတွေ ဘောင်းဘီရှည်နဲ့ တက်ရောက်ဖူးတာမတွေ့ရဘူး။ အခု တစ်ခေါက်စတွေ့နေရပြီ။ မြန်မာမိန်းကလေးတော်တော်များများက ကိုရီးယားဇာတ်ကားတွေကြည့်ပြီး ကိုရီးယားယဉ်ကျေးမှုအဝတ်အစားဝတ်တာ၊ ဘီယာသောက်တာ၊ အရက်သောက်တာကအစ အတုခိုးနေကြပြီ။ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ရင်ပြင်တော်ပေါ်မှ အမျိုးသမီးတွေကို မြန်မာလုံချည်နဲ့ ဖူးမြော်ကြည်ညိုခွင့်ပေးတာက ယဉ်ကျေးမှုကို ထိန်းသိမ်းပြီးသားဖြစ်စေတယ်။ ဘောင်းဘီရှည်ဝတ်ပြီး တက်ရောက်ဖူးမြော်ခွင့်ပြုတာကိုတော့ ပြန်စဉ်းစားစေချင်ပါတယ်" ဟု သူ၏အမြင်ကိုပြောသည်။

# တန်ဖဲရွာ ပြောင်းရွှေ့ရန် ၁၀ရက် ထပ်တိုးသတ်မှတ်

**အေးမြကျော်**

**ရန်ကုန်၊ မတ် - ၁၉**

မေခနှင့်မလိခ မြစ်နှစ်စင်းဆုံရာ ရောဝတီမြစ်အစ နေရာဘေးမှ တန်ဖဲရွာကို ရွှေ့ပြောင်းရန် သတ်မှတ်ထားသောရက်မှ ၁၀ ရက် ထပ်မံတိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း တန်ဖဲရွာသားများထံမှ သိရသည်။

မတ်လ ၆ရက်က ဒေသဆိုင်ရာ အာဏာပိုင်များ တန်ဖဲရွာသို့ ရောက်ရှိလာကာ တန်ဖဲရွာသို့ ပြန်လည်နေထိုင်သူများကို မြစ်ကြီးနားမြို့သို့ ခေါ်ယူသတိပေးခဲ့ပြီး မတ်လ ၁၇ ရက် နောက်ဆုံးထားက ရွာမှထွက်ခွာရန် ညွှန်ကြားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

သတ်မှတ်ထားသောနောက်ဆုံးရက်ဖြစ်သည့်မတ်လ ၁၇ ရက်မှ နောက်ထပ် ၁၀ရက် ထပ်တိုးကာ မတ်လ ၂၇ရက်နောက်ဆုံးထား ပြောင်းရွှေ့ရန်နှုတ်ဖြင့် လာရောက်အသိပေးသွားကြောင်း ဒေသခံများက ပြောကြားသည်။

ပြောင်းရွှေ့ရန် တရားဝင်ညွှန်ကြားအပြီး တစ်ပတ်အကြာ မတ်လ ၁၃ ရက်တွင် တန်ဖဲရွာတွင်းရှိ နေရာလေးနေရာတွင် 'အစိုးရမြေ ကျူးကျော်ခြင်းမပြုရ။ ကျူးကျော်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်'ဟု ရေးသားထားသော အနီရောင်ဆိုင်းဘုတ်ငယ်များကို လာရောက်စိုက်ထူသွားပြီး ဒေသခံ များကိုလည်း ကျူးကျော်ပါကပုဒ်မ၁၈၈နှင့်အရေးယူမည်ဟုပြောကြားခဲ့ကြောင်းသိရသည်။

တန်ဖဲရွာမှ ရွာသူရွာသားများသည် မြစ်ဆုံစီမံကိန်းကြောင့် ရေဝပ်မည့်ဧရိယာတွင်ပါဝင်သည့်အတွက် ရွာနှင့် ၁၀မိုင်ကျော် ဝေးသော မြစ်ကြီးနား-ဆွမ်ပရာဘွမ်ကားလမ်းမဘေးရှိအောင်မြေသာစံပြကျေးရွာသို့ ၂၀၁၀ ခုနှစ်အတွင်းက ပြောင်းရွှေ့ပေးခဲ့ရပြီး သမ္မတ၏ မြစ်ဆုံစီမံကိန်းကို ရပ်တန့်ထားမည်ဟု ကြေညာချက်ကို ကြားသိအပြီးတွင် အခြေအနေကို ကြည့်ကာပြန်လည်နေထိုင်လျက် စိုက်ပျိုးရေးများကိုဝမ်းစာအတွက် ပြုလုပ်ခဲ့ကြကြောင်း ဒေသခံတစ်ဦးကရှင်းပြသည်။

မြစ်ဆုံအနီး၌ ဖွင့်လှစ်ထားသော စားသောက်ဆိုင်တန်းများကိုမူ ဖွင့်လှစ်ခွင့်ရှိကြောင်း ယင်းတို့မှာ စည်ပင်သာယာရေးကော်မတီနှင့်သာ သက်ဆိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသွားခဲ့သည်ဟုသိရသည်။

တန်ဖဲရွာသည် မြစ်ဆုံဆည်တည်ဆောက်ခဲ့စဉ်က ပြောင်းရွှေ့ခဲ့ရသော ရွာပေါင်း၃၃ရွာအနက်မှ တစ်ရွာဖြစ်သည်။

# ဗီစီဒီစက်မှ တစ်ဆင့် လောင်သော မီးကြောင့် လူ ၇၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်



ဓာတ်ပုံ - ဝေယံ

**ဝေယံ၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် - ၁၇**

တောင်ဥက္ကလာပမြို့နယ်ရှိ နေအိမ်တစ်အိမ်တွင် စာအုပ်စင်ပေါ်၌ ဗီစီဒီစက်ဖွင့်ထားရာမှ အပူလွန်ကဲ၍ မီးလောင်မှုစတင်ဖြစ်ပွားရာ နေအိမ် ၁၂လုံး မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှသတင်းရရှိသည်။

နေအိမ် ၁၂ လုံး မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးမှုတန်ဖိုး ၉၆ သိန်းရှိခဲ့ကြောင်း မီးသတ်ဌာနက ခန့်မှန်းပြောကြားသည်။ ယင်းနေအိမ်မှာ ၄ ရပ်ကွက် သုတ ၁လမ်းတွင်ရှိပြီး ပေ ၂၀× ပေ ၆၀အကျယ်ရှိသော တိုက်ခံပျဉ်ကပ်နှစ်ထပ်အိမ်မှ မတ်လ ၁၆ရက် ညနေ ၆ နာရီ ၅ မိနစ်တွင် မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် မိသားစု ၁၄စု အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူဦးရေ ၇၅ဦးမှာ မီးဘေးဒုက္ခသည်ဖြစ်ခဲ့ရပြီး ၎င်းတို့ကို ဇာဂရလမ်းရှိ ဓမ္မာရုံတွင် ကယ်ဆယ်ရေး စခန်းဖွင့်လှစ်ထားရှိကြောင်းသိရသည်။

ယင်းမီးလောင်မှုသို့ မီးသတ်ယာဉ် ၄၇ စီး၊ အထောက်အကူပြုယာဉ်ငါးစီး၊ ရေသည်ယာဉ်ကိုးစီးသွားရောက်ကာ မီးသတ်တပ်ဖွဲ့ဝင် ၃၅၁ ဦးနှင့် အရန်မီးသတ် ၁၅၇ဦးတို့က သွားရောက်ငြှိမ်းသတ်ခဲ့ရာ ည၇ နာရီ မိနစ် ၂၀တွင် မီးငြိမ်းခဲ့သည်။ မီးလောင်ရာသို့ လိုင်းကြက်ခြေနီ ၁၅၀ဦးလည်း လာရောက်ခဲ့ကြောင်းသိရသည်။

မီးလောင်မှု စတင်ဖြစ်ပွားခဲ့သောအိမ်မှ အိမ်ပိုင်ရှင်အား (ပ)၁၇၉ ပုဒ်မ- ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

# တန်ပိုတင်ဆောင်ခြင်း ပြောရက်မှစ၍ ခွင့်မပြုတော့ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ်-၁၈**

ကုန်တင်ယာဉ်များအား ၂၀၁၂-၁၃ခုနှစ်မှစ၍ တန်ပိုတင်ဆောင်ခြင်းကိုလုံးဝခွင့်ပြုတော့မည်မဟုတ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးဦးကျော်လှိုင်က မတ် ၁၇ ရက်က ပြုလုပ်သော အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ပထမအကြိမ် အသင်းသား စုံညီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

"နောက်ဆိုရင် တန်ပိုတွေဆိုတာ လုံးဝရှိတော့မှာ မဟုတ်ပါဘူး။ ၂၀၁၂-၁၃ မှာဆို တန်ပိုကို လုံးဝခွင့်မပြုတော့ဘူး။ ဒါမှ အာဆီယံ အသိုက်အမြှုံမှာ လိုက်လျောညီထွေပြီး လုပ်နိုင်မှာ"ဟု ၎င်းက ပြောကြားခဲ့သည်။

လက်ရှိတွင် ကုန်တင်ယာဉ်များကို အာဆီယံစံနှုန်းများအတိုင်း တင်ဆောင်မှုစတင်နေပြီဖြစ်သော်လည်း တန်ပိုတင်ဆောင်ပါက ဒဏ်ကြေးစနစ်ပြုလုပ်၍ ဆက်လက်သွားလာခွင့်ပြုနေသည်။

၎င်းဒဏ်ကြေးနှင့်ပတ်သက်၍လည်း ဦးကျော်လှိုင်က "ဒဏ်ကြေးက စည်းကမ်းလိုက်နာတတ်အောင်လုပ်တာပါ။ နိုင်ငံတော်က ဒဏ်ကြေးရအောင် လုပ်နေတာမဟုတ်ပါဘူး။ တန်ပိုခနဲ့လည်း လမ်းတွေကို ဆက်လက် ထိန်းသိမ်းလို့ မရပါဘူး"ဟု ပြောကြားခဲ့သည်။

ကုန်တင်ယာဉ်များကို အာဆီယံစံနှုန်းဖြင့်တင်ရန် လုပ်ဆောင်နေသော်လည်း လမ်းများမှာလည်း အာဆီယံ စံချိန်မမီသော လမ်းများလည်း အများကြီးရှိနေကြောင်း သိရသည်။ လမ်းမကြီး အချို့မှာ ၁၃ တန်သာ ဝန်ဒဏ်ခံသည့် လမ်းများရှိနေသည်ဟုပြောကြားခဲ့သည်။ ထို့ကြောင့် နောက်ထပ်ဖောက်လုပ်သော လမ်းများကို အများဆုံး တန်၆၀၊ အနည်းဆုံး တန်၄၀တင်ဆောင်နိုင်သောနည်းသစ်များထည့်သွင်း ဆောက်လုပ်နေကြောင်းလည်း ဆက်လက်ပြောခဲ့သည်။

ကတ္တားများတွင်လည်း အားနည်းချက်များ ရှိနေသဖြင့် ယင်းတို့ ဌာနအနေဖြင့် ဖေဖော်ဝါရီ၁၁ရက်က ကတ္တားအကြီး ၁၃၀ နှင့် ကတ္တားအသေး ၁၆၀ ကိုစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ မီးအတက်အကျနှင့် အလေးချိန်ကြောင့် အမှားအယွင်းများ ရှိနေတတ်သဖြင့် ၀ ဒသမ ၉ အထိ ထပ်ဆောင်းတင်ဆောင်ခွင့်ပြုထားကြောင်း ၎င်းက ပြောကြားခဲ့သည်။



7DAY NEWS JOURNAL

Vol.11, No.3 • MARCH 22 , 2012

# မဏ္ဍိုင်အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှု စတင်အသက်ဝင်လာ

**အားမာန်**

**ရန်ကုန်၊ မတ် - ၂၀**

လွှတ်တော်၏ လုပ်ဆောင်ချက်များ ပိုမိုပီပြင်လာကာ ဥပဒေပြုမဏ္ဍိုင်မှာအားကောင်း အသက်ဝင်လာပြီဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ကြသည်။

"ဥပဒေပြုရေးမဏ္ဍိုင်နဲ့ပတ်သက်ပြီးတော့ တော်တော်လေးကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ လွှတ်တော်မှာ ဒီလိုဆွေးနွေးတာမျိုး မရှိခဲ့တာကြာပြီကို ကျွန်တော်တို့ ငယ်ငယ်တုန်းက ဖ. ဆ. ပ. လလက်ထက်လောက်မှာပဲလွှတ်တော်မှာ ဆွေးနွေးတာပဲရှိခဲ့တာ။ အရင် ကြားဖူးခဲ့တာဘတ်ဂျက်ဆိုရင် အတိုက်အခံကတစ်ပြားလောက်ကအစဖြတ်တာ။ ဖြတ်တာကို ပြိုင်ဘက်ပါတီကဖြတ်တာဆိုပြီး အများပြည်သူသိအောင်လုပ်တယ်။ အခုတော့ ဒီလိုသဘောမရှိဘဲနဲ့ အပြုသဘောဆွေးနွေးကြတယ်။ ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုဆွေးနွေးကြတယ်။ ကျွန်တော့်အနေနဲ့တော့ ဥပဒေပြုရေးကိစ္စရပ်တွေမှာ ဒီမိုကရေစီနဲ့ တော်တော်လေး နီးစပ်လာတယ်လို့ထင်ပါတယ်။ လက်ခံတယ်။ ကြိုက်လည်းကြိုက်တယ်" ဟု တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်သော ဦးအောင်သန်းစိုးက ပြောသည်။

ထို့အပြင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ရှိရာတွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့မှာ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းမှုမှာလည်း စတင်သက်ဝင်လာပြီဖြစ်ကြောင်းလည်း နိုင်ငံရေးလေ့လာသူများက ပြောသည်။ ထိုအချက်ကို ထင်ရှားစေသည်မှာ ယခုကျင်းပနေသော လွှတ်တော်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ လျာထားလုပ်ငန်းစီမံကိန်းများကိုပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက စိစစ်ညှိနှိုင်းကာ လျှော့ချခြင်း၊ ဆိုင်းငံ့ခြင်းများပြုလုပ်ခဲ့သည်။

ထိုသို့ လွှတ်တော်ကိုယ်စားလှယ်များက အခြေခံဥပဒေနှင့်အညီ ဥပဒေများပြဋ္ဌာန်းလာနိုင်ခြင်းမှာ ၎င်းတို့၏အရည်အသွေး တဖြည်းဖြည်း မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း တရားလွှတ်တော်ချုပ်ရှေ့နေ ဦးသန်းမောင် (စစ်တွေ)ကလည်း မှတ်ချက်ပေးသည်။ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုချင်းအလိုက် ဆောင်ရွက်မည့် လျာထားစီမံကိန်းပမာဏများကို လွှတ်တော်က ရာခိုင်နှုန်းအလိုက်လျှော့ချခြင်းများပြုလုပ်ပြီး၊ စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လာမည့်ဘဏ္ဍာနှစ်အတွက်လုပ်ငန်းလျာထားချက်ကို ၁၀၀ ရာခိုင်နှုန်း ဆိုင်းငံ့ရန်ပင် ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် နိုင်ငံတော်သမ္မတက ဖွဲ့စည်းခဲ့သော်လည်း ပြည်ထောင်စုလွှတ်တော်ကိုမတင်ပြခဲ့သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗဟိုအဖွဲ့အစည်းအဖြစ် ခွင့်မပြုရသေးသောကြောင့် ဗဟိုအဖွဲ့အစည်းအဖြစ် တင်ပြတောင်းခံလာကာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းကို လွှတ်တော်က ပယ်ဖျက်ကြောင်း မတ်လ ၁၆ရက်တွင် ဆုံးဖြတ်ခဲ့ပြန်သည်။

အလားတူ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို သမ္မတကညှိနှိုင်းရွေးချယ်ရန်ရပ်/ကျေးဥပဒေကြမ်းတွင် တင်ပြချက်ကိုပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကလျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ရန်ဆုံးဖြတ်ခဲ့သည်။

လွှတ်တော်က ပြည်ထောင်စုအစိုးရဆောင်ရွက်မည့် စီမံကိန်းများကို ထိုသို့လျှော့ချခြင်း၊ ဖြတ်တောက်ခြင်းမှာ လတ်တလောဆောင်ရွက်ရန် မလိုအပ်သေးခြင်းနှင့်ဘတ်ဂျက်တွင် လိုငွေလျော့ကျစေရန်ဖြစ်ကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်များကပြောသည်။ "အမျိုးသားစီမံကိန်းတွေကို ဥပဒေကိုတင်ပြပြီး လွှတ်တော်ရဲ့ အတည်ပြုချက်နဲ့မှ ရယူဆောင်ရွက်ရမယ်ဆိုတာကို ဆောင်ရွက်တာက ပထမဆုံးပါ။ ၂၂နှစ်တာကာလမှာ ဒီလိုပြည်သူ့ကိုယ်စားလှယ်များကို တင်ပြခဲ့ရတာ မရှိပါဘူး။ ဒါကြောင့်မို့ အရင်က အစိုးရအဖွဲ့ဟာ မိမိတို့ရဲ့ လုပ်ဆောင်လိုတဲ့ စီမံကိန်းတွေကို လွတ်လပ်စွာ ဆောင်ရွက်လို့ ရခဲ့ပါတယ်" ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်ဉာဏစိုးက ပြောသည်။

"အခုဆိုရင် ဘတ်ဂျက်တွေ၊ စီမံကိန်းတွေနဲ့ ပတ်သက်လို့ အပြန်အလှန် ထိန်းကျောင်းမှု အသက်ဝင်လာပြီဆိုတာကိုလည်းဝမ်းမြောက်ဖွယ်ရာတွေ့ရှိရပါတယ်။ ထိန်းကျောင်းမှုရဲ့ Timing နဲ့ လက်ဆချိန်ဆနိုင်ရေးဟာ အရေးကြီးပါတယ်။ နောက် အရေးကြီးတဲ့အချက်တစ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံဟာ အာဏာသုံးရပ်ခွဲဝေကျင့်သုံးခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်း လုပ်ငန်းစဉ်တွေကို အခုမှ အသစ်တစ်ဖန်စတင်ရတာဖြစ်ပါတယ်။ ခွဲဝေကျင့်သုံးတာနဲ့ အပြန်အလှန်ထိန်းကျောင်းတာ မတူပါဘူး။ အသွင်ကူးပြောင်းစအခြေအနေဖြစ်တဲ့အတွက် ဒီအချိန်မှာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု Common Ground ရှာဖွေနိုင်မှု ဒါတွေကို အလေးထားဖို့လိုပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ပြည်သူတွေ ဆန္ဒမစောဖို့လည်း လိုပါတယ်။ Check and Balance အလေ့အကျင့်က အခုမှ စအသက်ဝင်ကာစ ဖြစ်ပါတယ်။ ဒီ့အပေါ်မှာခေတ်ဟောင်းစနစ်ဟောင်းမာန်မာနတွေလည်း ရှိနေတတ်ပါတယ်။ အီနားရှားသဘောတရားတွေလည်းသေချာသလောက်ဖြစ်ပါတယ်။ ဒီတော့ နှစ်ဖက်စလုံးကလိမ္မာပါးနပ်ကြဖို့ အမြော်အမြင်ကြီးကြဖို့ အရေးကြီးပါတယ်"ဟု နိုင်ငံရေး လေ့လာသုံးသပ်သူတစ်ဦးက ပြောကြားသည်။

မဏ္ဍိုင်အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှုလုပ်ငန်းစဉ်တွင်စည်းမျဉ်းစည်းကမ်း(Rule of the Game)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ထို့ကြောင့်ဖွဲ့စည်းပုံအခြေခံကို ကုန်အောင် ကျေညက်အောင် ကြည့်ရန်၊ လို သလို အဓိပ္ပာယ်ဖွင့်ခြင်းမျိုး မပြုရန်လိုကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

လွှတ်တော်ကျင်းပသည်မှာ သုံးကြိမ်သာရှိသေးသည့်အတွက် သက်တမ်းနုသော်လည်း၊ လွှတ်တော်ခေါ်သည့် အကြိမ်ရေ ပိုမိုများပြားလာသည်နှင့်အမျှ ပိုမိုရင့်ကျက်၊ ပွင့်လင်းလာပြီး တိုင်းပြည်အတွက် ပိုမိုအကျိုးဖြစ်ထွန်းမည့် ဥပဒေများကိုပြဋ္ဌာန်းသွားနိုင်မည်ဟု ယုံကြည်ကြောင်း ဦးအောင်သန်းစိုးကဆိုသည်။

"အခြေခံဥပဒေဆိုတာပြည်သူလူထုနဲ့ အစိုးရကြားမှာရှိတဲ့ ပဋိညာဉ်တစ်ရပ်ပဲလေ။ အခြေခံဥပဒေသည် ဥပဒေအားလုံးရဲ့ အခြေခံပဲဖြစ်တယ်။ အခြေခံဖြစ်တဲ့အတွက် ဘာကိုပဲ ကိုးကားကိုးကား အခြေခံဥပဒေကိုပဲ ကိုးကားရမယ်။ အခြေခံဥပဒေနဲ့ ဆန့်ကျင်တဲ့ဥပဒေကို အသိအမှတ်ပြုလို့မရဘူး။ လွှတ်တော်ထဲမှာ အခြေခံဥပဒေကို များများကိုးကားလာတာက အင်မတန်ကောင်းတဲ့ အလားအလာပါ။ ဒါကို လက်ကမ်းကြိုဆိုပါတယ်"ဟု အထက်ပါ တရားလွှတ်တော်ရှေ့နေကပြောသည်။

နိုင်ငံရေးလေ့လာအကဲခတ်သူတစ်ဦးကလည်း အခြေခံဥပဒေအရေးကြီးပုံကို ဆက်လက်ပြောသည်။ "အဓိကပြောချင်တာကတော့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီကာလရဲ့ မူဘောင်ကြီးပဲဖြစ်တဲ့အတွက် ဒီမူဘောင်တွေကို ကျော်လွန်ရာမရောက်ဖို့တော့ အရေးကြီးပါတယ်။ တစ်ဖက်ဖက်က ကျော်နေပြီဆိုရင်လည်း မဏ္ဍိုင်ကြီးတွေဆီက Key Player တွေ အချင်းချင်းကြိုတင်သတိပေးခြင်း၊ အသိပေးခြင်းတွေ ညှိနှိုင်းဆောင်ရွက်သွားသင့်ပါတယ်။ ဒီလိုဆောင်ရွက်မယ်ဆိုရင်လွှတ်တော်နဲ့အစိုးရ ပွတ်တိုက်မှုနည်းပါးပြီး အပြန်အလှန်လေးစားမှု၊နားလည်မှုတွေ အားကောင်းလာမှာဖြစ်တဲ့အတွက်နောက်ဆက်တွဲအပြန်အလှန်ယုံကြည်မှုတွေဖြစ်ထွန်းလာမှာဖြစ်ပါတယ်"

"ဥပဒေပြုမဏ္ဍိုင်က ပိုပီပြင်လာတာပေါ့။ သူတို့ရဲ့ အလုပ်ကိုသေချာလုပ်လာတာပေါ့။ အခြေခံဥပဒေက ရှိပြီးသားဖြစ်တော့ အုပ်ချုပ်ရေးကော၊ ဥပဒေပြုရေးကော နှစ်ဖက်စလုံးက လှလှပပကစားတတ်စေချင်တာ" ဟု နိုင်ငံရေးလေ့လာအကဲခတ်သူတစ်ဦးကလည်း ပြောသည်။

ကျင်းပနေသော လွှတ်တော်တွင် အစိုးရ၏ စီမံကိန်းများနှင့်ပတ်သက်၍လွှတ်တော်နှင့်အစိုးရ ပူးပေါင်းညှိနှိုင်းပြီးနောက် လွှတ်တော်၏ဆုံးဖြတ်ချက်ကို ပြည်ထောင်စုအစိုးရက ခံယူခဲ့ခြင်းမှာ မဏ္ဍိုင်နှစ်ရပ်စလုံးအတွက်ကောင်းမွန်သောအဖြေဖြစ်ပြီး နိုင်ငံအတွက် ရလဒ်ကောင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

## နာရေးကူညီမှုအသင်း (ရန်ကုန်) မှတ်ပုံတင်သက်တမ်းတိုးခွင့်ရ

**ယုဇနကိုကို၊ စိုင်းသာအောင်**

**ရန်ကုန်၊ မတ် - ၂၀**

နာရေးကူညီမှုအသင်း(ရန်ကုန်)မှတ်ပုံတင်တရားဝင်သက်တမ်းတိုးခွင့်ရရှိပြီဖြစ်ကြောင်း အသင်း၏ဥက္ကဋ္ဌဦးကျော်သူကပြောသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ အဆိုပါအသင်း အတွက် ၂၀၁၅ ဒီဇင်ဘာ ၃၁ ရက်အထိ သက်တမ်းရှိသည့် သက်တမ်းတိုးခွင့်ကို မတ်လ ၁၂ ရက်က ချထားပေးခဲ့ခြင်းဖြစ်ပြီး နာရေးကူညီမှုအသင်းကအစိုးရသို့ကျပ်ငွေငါးသိန်းကျပ်တိတိကို ဘဏ်မှတစ်ဆင့် ပေးဆောင်ခဲ့သည်။

နာရေးကူညီမှုအသင်းမှာ ၂၀၀၈ ခုနှစ်ကတည်းက မှတ်ပုံတင်သက်တမ်း တိုးခွင့်မရရှိခဲ့ခြင်းဖြစ်သည်။ "အခုလို တရားဝင်သက်တမ်းတိုးခွင့်ရတော့လည်း တရားဝင်လွတ်လွတ်လပ်လပ်လုပ်လို့ရပြီပေါ့။ အရင်ကတော့ အနှောင့်အယှက်တွေ ကြုံရတာမျိုးရှိတယ်။ ပခုက္ကူရေဘေးမှာတုန်းကလိုပေါ့။ ကူညီချင်သလောက် ကူညီခွင့်မရဘူး" ဟု ဦးကျော်သူက ပြောသည်။

အဆိုပါအသင်းမှာ ၂၀၁၁ ခုနှစ်ဇန်နဝါရီမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကုန်အထိ (၁၁)နှစ်တာကာလအတွင်း နာမှုကူညီရေး ကိစ္စပေါင်း ၁၁၀,၂၂၃ ခုကို ကူညီဆောင်ရွက်နိုင်ခဲ့ကြောင်း အသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ တွင် ၁,၁၁၃ ဦးနှင့် ဖေဖော်ဝါရီလတွင် ၂,၁၀၅ ဦးပို့ခဲ့ရပြီး၊ တစ်ရက်ပျမ်းမျှ နာရေး ၄၀ ခန့် ကူညီဆောင်ရွက်နေရကြောင်း သိရသည်။

## ဆုငွေ

သာစည်မြို့မှ အငြိမ်းစားအစိုးရဝန်ထမ်းတစ်ဦးဖြစ်သော ဦးစောလွင်က ၎င်း၏ ပင်စင်သုံးလစာ ကျပ်ငါးသောင်းကို 7Day News ဂျာနယ်သူရဲကောင်းဆုရှင်တစ်ဦးဖြစ်သော လူထုအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးသော ယာဉ်ထိန်းတပ်ဖွဲ့မှဒုတပ်ကြပ်ခင်မြင့်မောင်အား 7Day News ဂျာနယ် မှ တစ်ဆင့်ပေးပို့ချီးမြှင့်လိုက်ပါသည်။

## One More ကွန်ရက် ဖေဖော်ဝါရီလတွင် ကျပ်သိန်း ၁၅၀ ကျော်လှူဒါန်း

**နေလင်းထွန်း**

**ရန်ကုန်၊ မတ် - ၁၆**

ပြည်တွင်းရှိ ပရဟိတလုပ်ငန်းများသို့ လှူဒါန်းနေသော One More ကွန်ရက်အား ငွေကျပ်တစ်ထောင်စီ ထည့်ဝင်သော စေတနာရှင်ဦးရေသည် ယခင်လထက် နှစ်ထောင်နီးပါး မြင့်တက်ခဲ့ကြောင်း သတင်းရရှိသည်။

ဖေဖော်ဝါရီလအတွက် စေတနာရှင် ၁၅၈,၃၃ ဦး အလှူငွေထည့်ဝင်ခဲ့ကြပြီး ယခင်လထက် ၁,၉၃၇ ဦး မြင့်တက်သွားလာသည်။ စင်ကာပူနိုင်ငံရောက် မြန်မာလူမျိုး ၁၇၆ ဦးနှင့် နိုင်ငံတစ်ဝန်းရှိ စေတနာရှင်များ၏ လှူဒါန်းငွေကျပ်သိန်းတစ်ရာ့ငါးဆယ့်ရှစ်သိန်းသုံးသောင်းသုံးထောင် ရရှိခဲ့ပြီး ယင်းငွေကြေးများကို နေရာငါးနေရာသို့ ခွဲဝေပေးပို့လှူဒါန်းခဲ့ကြောင်းသိရသည်။

ညောင်တုန်းမြို့နယ်၊ အောင်ပန်းမြိုင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပျဉ်းမနားမြို့နယ်၊ သစ်လေးလုံးကျေးရွာရှိ မြတ်ဆုမွန်ပရဟိတဂေဟာ၊ မွန်ပြည်နယ်၊ တောင်စွန်းရှိ မြို့ဦးပရဟိတဂေဟာနှင့် ကျောက်ပန်းတောင်းမြို့ရှိ မုဒိတာအခမဲ့ ကျန်းမာရေးဆေးခန်းသို့ ကျပ် ၂၅ သိန်းစီနှင့် ရန်ကုန်မြို့၊ ကလေးဆေးရုံကြီးရှိ ကလေးကင်ဆာကုသရေးဌာနသို့ ကျပ်ငါးဆယ့်ရှစ်သိန်းသုံးသောင်းသုံးထောင်ကို ဖေဖော်ဝါရီလအတွက် လှူဒါန်းခဲ့ကြောင်း ကွန်ရက်ကို ဦးဆောင်နေသူများထံမှ သိရသည်။

လွန်ခဲ့သည့်နှစ်၊ ဩဂုတ်လ၌ လူတစ်ဦးလျှင် ကျပ်တစ်ထောင်ထည့်ဝင်မှုဖြင့် စေတနာရှင် ၉၀၅ ဦးမှ စတင်ခဲ့သော One More ကွန်ရက်သည် ယခုအခါ စေတနာရှင် ၁၅,၈၃၃ ဦးထိရောက်ရှိနေပြီဖြစ်သည်။

## စိုက်ပျိုးစရိတ်ချေးငွေ၏ အတိုးနှုန်းလျှော့ပေး

**ပြည်သိမ်း**


**ရန်ကုန်၊ မတ် - ၂၀**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကို ထုတ်ပေးထားသည့် စိုက်ပျိုးစရိတ်ချေးငွေကို ၂၀၁၂ ဧပြီလ ၁ ရက်မှစ၍ တစ်နှစ်လျှင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချလိုက်ပြီဖြစ်သည်။

လယ်တစ်ဧကလျှင် ကျပ်လေးသောင်း ချေးပေးသော စိုက်ပျိုးစရိတ်ချေးငွေကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁ ရက်မှစတင်၍ ယခင် ၁၇ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၁၂ ဇန်နဝါရီလ ၁ ရက်တွင် ၁၅ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းသို့လျှော့ချပေးခဲ့ကြောင်း မတ်လ ၂၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

"အတိုးနှုန်းလျှော့ပေးတာကို ကျေးဇူးတင်ပါတယ်။ ပြီးတော့ လယ်သမားတွေရဲ့စုငွေကို အခုအကြွေးပြန်ဆပ်ရင် ခုနှိမ်ပေးဖို့ကိုလည်းခွင့်ပြုပေးစေချင်တယ်"ဟု ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ လယ်သမားကြီးတစ်ဦးကဆိုသည်။

လယ်သမားများသည် ယခုနှစ်တွင် မိုးစပါး၊ ပဲမျိုးစုံတို့ စိုက်ပျိုးရာတွင် ဈေးကောင်းမရခြင်း၊ ရာသီဥတုဖောက်ပြန်မှုအန္တရာယ်၊ ပိုးမွှားဖျက်ဆီးမှုတို့ကြောင့် လည်း သီးနှံများ အထွက်လျော့ကျခဲ့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012



# မဲရုံများအတွင်းသို့ ကင်မရာ၊ ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးနိုင်သော မိုဘိုင်းဖုန်း ယူဆောင်ခွင့် မပြု

**ကျော်သီဟ**

**ရန်ကုန်၊ မတ် - ၂၀**

ကြားဖြတ်ရွေးကောက်ပွဲနေ့တွင် ကိုယ်စားလှယ်လောင်းများ၊ ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့်မဲရုံအကူကိုယ်စားလှယ်များကို မဲရုံများအတွင်းသို့ ဓာတ်ပုံရိုက်ကူးနိုင်သော မိုဘိုင်းဖုန်း၊ ဗီဒီယိုကင်မရာနှင့် ကင်မရာများ ယူဆောင်ခြင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခြင်းခွင့်ပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မတ်လ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဥပဒေအရ မဲရုံအတွင်းသို့ ဝင်ခွင့်ရမည့်ကိုယ်စားလှယ်လောင်းများ၊ ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် မဲရုံအကူ ကိုယ်စားလှယ်များမှာ ပါတီ အမှတ်တံဆိပ်ပါရင်ထိုး တပ်ဆင်ခွင့် ရရှိမည်ဖြစ်သည်။ သို့သော် ပါတီ အမှတ်အသားတံဆိပ်ရိုက်နှိပ်ထားသော မဲဆွယ်စည်းရုံးမှု သဘော သက်ရောက်စေသော အဝတ်အစားများ ဝတ်ဆင်လာခြင်းမပြုရန်နှင့် ပါတီဂုဏ်သိက္ခာအတွက် သန့်ရှင်းသပ်ရပ်သော အမျိုးသားဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်ခွင့်ရရှိမည်ဟု ညွှန်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



အထက်ပါပုဂ္ဂိုလ်များကို ဗီဒီယိုကင်မရာ၊ကင်မရာနှင့်ဓာတ်ပုံရိုက်ကူးနိုင်သော မိုဘိုင်းဖုန်းများ မဲရုံအတွင်းသို့ ယူဆောင်ခွင့်မပြုခြင်းမှာ မဲဆန္ဒရှင်ပြည်သူများ လျှို့ဝှက်ဆန္ဒမဲပေးရာတွင် အနှောင့်အယှက်မဖြစ်စေရန်ဖြစ်ကြောင်း သိရသည်။

# စစ်ကျန်ဗုံး သံရည်ကျိုရန် ထုရိုက်ရာမှ ပေါက်ကွဲ၍ လူငယ်သုံးဦးသေဆုံး

**ညီညီဇော်**

**မန္တလေး၊ မတ် - ၁၉**

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်ရှိ သံရည်ကျိုလုပ်ငန်းတစ်ခုတွင် ယမ်းအနည်းငယ်ပါသော စစ်ကျန်ဗုံးသီးဟောင်းကို သံရည်ကျိုရန် ထုရိုက်မိရာမှ နယ်မှ အလုပ်လာလုပ်သော လူငယ်သုံးဦး အသက်သေဆုံးခဲ့ကြောင်းသည်။

သေဆုံးသွားသူများမှာ ငါန်းဇွန်မြို့နယ်၊ မိုးထောင်ရွာမှ အလုပ်လာလုပ်သော ကိုမိုး(၁၉နှစ်)၊ ချစ်ကောင်း(၁၆နှစ်)နှင့် မြင်းခြံမြို့နယ်၊ နံ့သာလှိုင်ရွာမှ စိုးမင်းသူ (၁၆နှစ်)တို့ဖြစ်သည်။ ကိုမိုးနှင့် စိုးမင်းသူမှာ နေရာတွင်ပင် ခြေထောက်၊ ဝမ်းဗိုက်၊ လက်နှင့် ဦးခေါင်းတို့တွင် ဒဏ်ရာရရှိပြီးသေဆုံးခဲ့သည်။ ချစ်ကောင်းကို မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ကုသခဲ့သော်လည်း ဆေးရုံတွင်ပင် သေဆုံးသွားခဲ့သည်ဟု အခင်းဖြစ်ပွားရာမှ တာဝန်ကျ ရဲအရာရှိထံမှ သတင်းရရှိသည်။ ၎င်းတို့သုံးဦးသည် သံထည်အဟောင်းများကိုဖြတ်တောက်ရန် ထုနှက်ရင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

အခင်းဖြစ်ပွားသော ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၈)ရပ်ကွက် သခင်ဖိုးလှကြီးလမ်း ၆၈လမ်းနှင့် ၆၉လမ်းကြားရှိ အဆိုပါသံရည်ကျိုလုပ်ငန်းခွင်ကို သက်ဆိုင်ရာက စစ်ဆေးရာတွင် ယမ်းပါသည့် အမြောက်ကျည်ဆန်ဟောင်းရှစ်ခု၊ ယမ်းမပါသည့် ကျည်ဆန်ဟောင်း ခြောက်ခု၊ ဒလက်မပါသည့် စစ်ကျန်ဗုံးသီးဟောင်း ၁၀ ခု၊ ဒလက်ပါလေးခု၊ ဒလက်မပါသည့် ဗုံးသီးဟောင်းခုနစ်လုံး၊ သံထည်ဟောင်းအိတ် ၁၀ အိတ်အတွင်းမှ စစ်လေယာဉ်ပေါ်မှ ပစ်ချအသုံးပြုသည့် ဗုံးသီးထိပ်ဖူးတစ်ခု စုစုပေါင်းပစ္စည်း ၂၂ မျိုးတွေ့ရှိခဲ့သည်ဟု ရဲမှတ်တမ်းများတွင် ဖော်ပြထားသည်။ ယမန် နှစ်အတွင်းကလည်း ပြည်ကြီးတံခွန်မြို့နယ်ရှိ သံထည်အဟောင်းလုပ်ငန်းတစ်ခုမှ ကျည်ဆံဟုယူဆရသည့် ပစ္စည်းကို တူနှင့် ထုရိုက်မိ၍ ထိခိုက်ဒဏ်ရာရရှိခဲ့ဖူးသည်။

# ၂၀၁၃ ဆီးဂိမ်းတွင် ဆုတံဆိပ်နှင့် ဂုဏ်သိက္ခာနှစ်မျိုးလုံးအတွက် ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**နေပြည်တော်၊ မတ် - ၁၉**

လာမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် ဆုတံဆိပ်များများရရှိရန် ရည်ရွယ်ထားသော်လည်း ဂုဏ်သိက္ခာရှိရှိဖြင့် ယှဉ်ပြိုင်နိုင်ရန် ကြိုးစားပြင်ဆင်သွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းကပြောကြားသည်။

"ရည်ရွယ်ထားတာကတော့ ဆုတံဆိပ်လည်း များများလိုချင်ပါတယ်။ ဂုဏ်သိက္ခာရှိရှိနဲ့ ဆောင်ရွက်ဖို့လည်းရည်ရွယ်ပါတယ်။ တချို့နိုင်ငံတွေ အိမ်ရှင်လုပ်တဲ့အခါ ကိုယ် အနိုင်ရရှိရေးအတွက် နည်းမျိုးစုံ သုံးတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလို ဆောင်ရွက်ဖို့မရှိပါဘူး"ဟု မတ်လ ၁၉ ရက်က နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲ၌ ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းကပြောသည်။

အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် ရိုးရာအားကစားနည်းအချို့



**နေပြည်တော် ဇမ္ဗူသီရိအားကစားကွင်း တည်ဆောက်မှုလုပ်ငန်းခွင်အား တွေ့ရစဉ်** ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

ထည့်သွင်းကျင်းပရန်ကြိုးစားနေကြောင်း၊ အိုလံပစ်အားကစားနည်းမဟုတ်သည်များအား အများအပြားထည့်သွင်းကျင်းပမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံသားမဟုတ်သည့် မွေးစားသား(ပြည်ပနိုင်ငံသား)များအားလည်း နိုင်ငံကိုယ်စားပြု၍ ထည့်သွင်းယှဉ်ပြိုင်စေမည်မဟုတ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

၁၉၆၉ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၄၀ ကျော်အတွင်း မြန်မာနိုင်ငံက ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစား နည်း ၃၂ မျိုး ထည့်သွင်းကျင်းပနိုင်ရန်ရည်ရွယ်ထားပြီး၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင်လက်ခံကျင်းပရန်စီစဉ်ထားသည်။ အိမ်ရှင်အနေဖြင့် အားကစားသမား စုစုပေါင်း ၆၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်ထားပြီး၊ ဆုတံဆိပ်ရရှိမှုအနေအထားတွင် အဆင့်-၁ မှ ၃ အတွင်းဝင်ရန် ရည်ရွယ်ထားသော်လည်း ခက်ခက်ခဲခဲကြိုးစားရမည့်အနေအထားရှိကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။

နောက်ဆုံး ကျင်းပခဲ့သည့် ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင်မြန်မာအားကစားအဖွဲ့အနေဖြင့် ဆုတံဆိပ်ရရှိမှုတွင် နိုင်ငံအလိုက် အဆင့်-၇ တွင်သာရပ်တည်ခဲ့သည်။

# အသုံးစရိတ်များ လျှော့ချခြင်းကြောင့် ၂၀၁၂-၂၀၁၃ ဘတ်ဂျက်တွင် လိုငွေလျော့သွား

**အိဖြူလွင်**

**နေပြည်တော်၊ မတ် - ၂၀**

ပြည်ထောင်စုတိုင်းဒေသကြီး၊ ပြည်နယ်တို့က ပြင်ဆင်လျာထားခဲ့သည့် ၂၀၁၂-၂၀၁၃ ရသုံးခန့်မှန်းခြေငွေစာရင်း(ဘတ်ဂျက်)တွင် မူလက လိုငွေကျပ်သန်းပေါင်း ၂၅သိန်းကျော်ရှိခဲ့ရာမှ ၁၉ သိန်း ကျော်သို့လျော့ကျသွားခဲ့ပြီး လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄ဒသမ ၉၀ရာခိုင်နှုန်းမှ ၃ ဒသမ၈၀ ရာခိုင်နှုန်းသို့လျော့ကျသွားခဲ့ကြောင်း ပြည်ထောင်စုလွှတ်တော်တွင် ယနေ့တင်သွင်းသော ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ရအသုံးဆိုင်ရာ ဥပဒေမူကြမ်း ပြင်ဆင် လေ့လာတွေ့ရှိချက်၌ ဖော်ပြထားသည်။

ပြည်ထောင်စုလွှတ်တော်၏ အဆိုပြုမှုများကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများ လွှတ်တော်နှင့်ညှိနှိုင်း၍ သာမန်အသုံးစရိတ်များအား လျှော့ချခဲ့ပြီး အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှ လုပ်ငန်းများအား လျှော့ချခြင်း၊ ဆိုင်းငံ့ခြင်းပြုလုပ်၍ ငွေလုံးငွေရင်းအသုံးစရိတ်များအား လျှော့ချခဲ့ခြင်းတို့ပြုလုပ်ခဲ့သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်အဆင့် အစိုးရဌာနအဖွဲ့အစည်းများအတွက် လိုငွေကိုပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှထောက်ပံ့ငွေနှင့် ချေးငွေအဖြစ် ခွင့်ပြုရန် ဘဏ္ဍာရေးကော်မရှင်မှ သဘော တူသည်ဟုလည်း ဖော်ပြထားသည်။

အဆိုပါပြင်ဆင်ရေးဆွဲခဲ့သည့်ဥပဒေမူကြမ်းကိုမတ်လ ၂၀ ရက်တွင် ကျင်းပသည့်ပြည် ထောင်စုလွှတ်တော်၌ ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးနေကြသည်။

# ထိုင်းဗီဇာလျှောက်ထားခွင့် ခရီးသွားကုမ္ပဏီ၃ခု ရရှိ

**ရန်ကုန်၊ မတ်၁၉**

ထိုင်းဗီဇာကိုအေးဂျင့်များမှတစ်ဆင့် လျှောက်ထားခြင်းကို ရက်အနည်းငယ်ကြာ ပိတ်ပင်ခဲ့ရာမှ ခရီးသွားလုပ်ငန်းနှင့်လက်မှတ်အရောင်းဌာန ၃ခုကို ထိုင်းသံရုံးက တရားဝင်ဗီဇာလျှောက်ထားသည့်ဝန်ဆောင်မှုအတွက် ခွင့်ပြုလိုက်ကြောင်း စုံစမ်းသိရှိရသည်။

ထိုင်းသံရုံးမှ ဗီဇာလျှောက်ထားခွင့်ဝန်ဆောင်မှုအတွက် ခွင့်ပြုလိုက်သောခရီးသွားလုပ်ငန်းနှင့်လက်မှတ်အရောင်းဌာန ၃ခုမှာ Bagan Princess ယူနစ်အေးရှားနှင့် ဆင်ဟွာတို့ဖြစ် ကြောင်းသိရပြီး ယင်းခရီးသွား ကုမ္ပဏီတစ်ခုကို တစ်ရက်လျှင် လူ ၁၀ဦးအတွက် ဗီဇာလျှောက်ထားပေးခွင့်ကို မတ်လ ၁၅ ရက် က ခွင့်ပြုလိုက်ကြောင်း လုပ်ကိုင်ခွင့်ရရှိသောခရီးသွားလုပ်ငန်းများမှ စုံစမ်းသိရသည်။

ယခင်ခွင့်ပြုခဲ့သော ခရီးသွားလုပ်ငန်းများမှတစ်ဆင့် ဗီဇာ လျှောက်ထားခြင်းတွင် နာမည်မှားယွင်းခြင်း၊ လက်မှတ်အတုပြဿနာများရှိခဲ့ခြင်းကြောင်း ကြားခံအေးဂျင့်များမှတစ်ဆင့် ထိုင်းဗီဇာ လျှောက်ထားခြင်းကို ရက်သတ္တပတ် အကြာပိတ်ထားပြီး ထိုခရီးသွား လက်မှတ်အရောင်းနှင့်ခရီးသွားလုပ်ငန်းသုံးခုကို လုပ်ကိုင်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ထိုသို့ကန့်သတ်လိုက်ခြင်းကြောင့် ထိုင်းနိုင်ငံသို့သွားရောက်လိုသူများသည် ဗီဇာကိုကိုယ်တိုင် သွားရောက်လျှောက်ထားရမည် ဖြစ်သည်။

"ဗီဇာကို အခုကိုယ်တိုင်ဝင်မှရတော့မယ်ဆိုတော့ နယ်ကလူတွေအတွက်ဘယ်လိုမှအဆင်မပြေဘူး။ဗီဇာအဆင်မပြေတဲ့အတွက်ဘန်ကောက်ခရီးစဉ်တစ်ခုဖျက်လိုက်ရတယ်"ဟုမန္တလေးမြို့မှဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခင်ကခရီးသွားလုပ်ငန်းများ၊ လက်မှတ်အရောင်းဌာနများမှ တစ်ဆင့်ထိုင်းဗီဇာလျှောက်ထားနိုင်ခဲ့ပြီး ဝန်ဆောင်ခအဖြစ် ကျပ် ၅,၀၀၀ ယူကာ ဝန်ဆောင်မှုပေးခဲ့ပြီး ယခုကဲ့သို့ကန့်သတ်လိုက်ခြင်းဖြင့် ခရီးသွားလိုသူများအနေနှင့် ဗီဇာကိုယ်တိုင်လျှောက်ထားရန် လိုအပ်လာပြီဖြစ်သဖြင့် အဆင်မပြေကြောင်းယခုတစ်ပတ်အတွင်း ဗီဇာကိုယ်တိုင်လျှောက်ထားခဲ့သူများကပြောကြားသည်။

7 DAY NEWS JOURNAL
Vol.11, No.3 • MARCH 22 , 2012

# ပြည်ထောင်စုဝန်ကြီးများ စီမံကိန်းများနှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုခံယူ

**ထူးသန့်**

**နေပြည်တော်၊ မတ် - ၁၅**

ပြည်ထောင်စု ဝန်ကြီးဌာနများ၏ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်အတွက် လျာထားသည့် လုပ်ငန်းစီမံကိန်းများကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ညှိနှိုင်းစိစစ်ကာ ပြင်ဆင်တင်ပြလာမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများလက်ခံခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်၏ ၂၀ ရက်မြောက်နေ့အဖြစ် ကျင်းပခဲ့သော ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံးအပါအဝင် ဝန်ကြီးဌာန ၁၁ ခုမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတစ်ဦး တက်ရောက်ခဲ့သည်။

ဝန်ကြီးဌာနများ၏ ၂၀၁၂/၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် လျာထား စီမံကိန်းများကို ရာခိုင်နှုန်းအလိုက် လျှော့ချခြင်း၊ ဆိုင်းငံ့ခြင်းများကို လွှတ်တော်၏ အဆုံးအဖြတ်အတိုင်း လက်ခံခဲ့ကြသည်။ ထိုကဲ့သို့ ဆုံးဖြတ်ရာတွင် အခြေခံဥပဒေအရမဲခွဲ၍ ထောက်ခံ၊ ကန့်ကွက်၊ ကြားနေ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး မဲပေးခွင့်ရှိသူ ၅၀၀ ကျော်အနက် ပြင်ဆင်ချက်အဆိုကို ထောက်ခံမဲ ၄၀၀ ကျော်ဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့ကြောင်း၊ ဝန်ကြီးဌာန အများစု၏ တင်ပြချက်အား ထောက်ခံမဲ ဆယ်ဂဏန်းသာ ရှိခဲ့သော်လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုမူ ထောက်ခံမဲ ၁၅၀ ကျော်တည်းရှိခဲ့သည်။

လယ်/ဆည်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြင်ဆင်ရန်အဆိုကို ထောက်ခံပါကြောင်း၊ မဲခွဲရန်ပင်မလိုတော့ပါကြောင်းနှင့် ၎င်း၏ ရည်မှန်းချက်များအား ပြတ်ပြတ်သားသား တင်ပြပြောကြားပြီးနောက် အခြေခံဥပဒေအရမဲခွဲဆုံးဖြတ်ခဲ့ရာတွင် လွှတ်တော်က တင်ပြသည့်အဆိုကို ထောက်ခံမဲ ၃၀၀ ကျော်၊ ကန့်ကွက်မဲ ၁၅၀ ကျော်၊ ကြားနေမဲ ၁၀ မဲကျော်ဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အဆိုတွေကို ထောက်ခံခဲ့ကြတာ မဲအရေအတွက် ၄၀၀ ကျော်နဲ့အပြတ်အသတ်ပဲ။ လယ်/ဆည်ဝန်ကြီးဌာနနဲ့ ညှိနှိုင်းစိစစ်ရတဲ့ ဦးမောင်တိုး(မင်းလှ)ရဲ့ အဆိုကျမှ ကန့်ကွက်မဲ ၁၅၀ ကျော်ရှိခဲ့တယ်။ အကယ်၍များဝန်ကြီးဘက်က ပြန်နိုင်သွားရင် ပိုစိတ်ဝင်စားဖို့ကောင်းတယ်" ဟု လွှတ်တော်သို့ တက်ရောက်သတင်းယူသည့် အယ်ဒီတာတစ်ဦးက သုံးသပ်ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ လျာထားစီမံကိန်းကို ပြင်ဆင်ရန် အဆိုပြုထားသော မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က ၎င်း၏ အဆိုကို ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။ ၎င်းအပြင် စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၂/၂၀၁၃ ဘဏ္ဍာနှစ် အတွက် လုပ်ငန်းလျာထားချက်များလည်း ၁၀၀ ရာခိုင်နှုန်းဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့သည်။ ယင်းဝန်ကြီးဌာနအတွက်ပြင်ဆင်ရန် အဆိုကို သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက လွှတ်တော်သို့ တင်သွင်းခဲ့ရာ ဝန်ကြီးဌာနမှ လျာထားသော ကျပ်ငွေဘီလီယံ ၁၈၀ ကျော်မှာ ဥပဒေနှင့် အကြောင်းခြင်းရာ ညီညွတ်မှုမရှိကြောင်း သိရှိရသည်။

နေပြည်တော် ဇမ္ဗူသီရိ Sport Complex ဘက်စုံစီမံကိန်းမှလုပ်ငန်းပမာဏ ၂၀ ဒသမ ၉၃ ရာခိုင်နှုန်းကို လျှော့ချရန် အဆို တင်သွင်းခဲ့သူ ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးမင်းဆွေကလည်း "လာမည့် ဆီးဂိမ်းအတွက် လူဦးရေခြောက်သန်းလောက်ရှိတဲ့ ရန်ကုန်က သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတွေမှာ ယှဉ်ပြိုင်လို့လည်း ရနိုင်ပါတယ်။ နေပြည်တော်မှာ လုပ်ရင် ဝန်ထမ်းတွေကို အလှည့်ကျကြည့်ခိုင်းနေရမှာဖြစ်တယ်" ဟူ၍ ရှင်းလင်းပြောကြားသည်။

ယနေ့ ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံး အထူးဖွံ့ဖြိုးရေးစီမံကိန်းများမှ လုပ်ငန်းပမာဏ ၃၁ ဒသမ ၃၆၅ ရာခိုင်နှုန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းပမာဏ ၆၅ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုလယ်ယာဦးစီးဌာန၏ လုပ်ငန်းပမာဏ ၆၅ ဒသမ ၈၉ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းပမာဏ ၃၀ ဒသမ ၁၉ ရာခိုင်နှုန်း၊ ဆည်မြောင်းဦးစီးဌာန လုပ်ငန်းပမာဏ ၂၈ ဒသမ ၇၄ ရာခိုင်နှုန်း၊ လျှပ်စစ်(၁)ဝန်ကြီးဌာန၏ လုပ်ငန်းပမာဏ ၁၀ ဒသမ ၄၅ ရာခိုင်နှုန်း၊ လျှပ်စစ်(၂) ဝန်ကြီးဌာန၏ လုပ်ငန်းပမာဏ ၉ ဒသမ ၉၃ ရာခိုင်နှုန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းပမာဏ ၇ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လုပ်ငန်းပမာဏ ၅ ရာခိုင်နှုန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းပမာဏ ၁ ဒသမ ၇၇ ရာခိုင်နှုန်း စသည်များကို လျှော့ချဖြတ်တောက်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၂/၂၀၁၃ ဘဏ္ဍာနှစ်အတွက် လျာထားလုပ်ငန်းများကို ရာနှုန်းပြည့်ဆိုင်းငံ့ထားခြင်းအပေါ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက "ရာနှုန်းပြည့်ဆိုင်းငံ့ထားတဲ့ အတွက် အကြွေးမတင်သလို အတိုးလည်းမပေးရတော့ဘူးပေါ့"ဟူ၍ မှတ်ချက်ပြုပြောကြားခဲ့သည်။

## စာ(၇)၊ အလုပ်လိုအပ်ချက်နှင့် အလုပ်လျှောက်ထားသူကွာဟချက် မြင့်မားနေ မှ

IBTC ကုမ္ပဏီမှ လူ့အရင်းအမြစ်စီမံရေးတာဝန်ခံ ဒေါ်မြတ်စုထွေးက ပြောသည်။ "တချို့ကျတော့ ဘွဲ့ရပြီးတော့ ဗဟုသုတ မပြည့်သေးတာများ နေတယ်။ အလုပ်အကိုင် အခွင့်အရေးဆိုတော့ လာလျှောက်သူတွေထဲမှာ ၁၀ တန်းအောင်တွေရော၊ တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်တက်နေဆဲ ကျောင်းသားတွေ ပါတာတွေ့ရတယ်" ဟု ၎င်းက အလုပ်လာရောက်လျှောက်ထားရာတွင် တွေ့ကြုံရသည့် အခြေအနေတစ်ရပ်ကို ပြောသည်။

Golden Hawks International ကုမ္ပဏီမှ ဈေးကွက်တာဝန်ခံတစ်ဦးကလည်း "အခုထိ ဘယ်လောက်လာလျှောက်ထားသလဲဆိုတာ အတိအကျ မသိပေမယ့် အလုပ်ခေါ်တဲ့အရေအတွက်ထက် လာလျှောက်တဲ့ သူတွေများတယ်"ဟု ပြောသည်။

၎င်းပြပွဲ ဖြစ်မြောက်ရေး စီစဉ်သည့် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်တစ်ဦးက "အလုပ်လိုချင်တဲ့သူတွေကလည်း အတိုင်းအတာတစ်ခုထိ များမယ်။ ဒီပွဲလုပ်ရတာက အတိုင်းအတာတစ်ခုထိ အဖြေထုတ်ပေးတာပေါ့"ဟု ပြောသည်။

အလုပ်အကိုင် ရှာဖွေရေး Career Development Consultancy ကုမ္ပဏီမှ ဒါရိုက်တာ ဦးကိုလင်းက "တချို့ အတွေ့အကြုံမရှိတဲ့သူတွေကလည်း သူတို့ဘက်မှာ သင်တန်းတွေတက်ထားတဲ့ ရင်းနှီးမြှုပ်နှံရတာများတယ်။ တစ်ခါတစ်ခါကျရင် အတွေ့အကြုံမရှိဘဲ လစာတောင်းတာတွေများတယ်။ အကြံပြုချင်တာကတော့ အရေးကြီးဆုံးအပိုင်းက အတွေ့အကြုံပဲ။ အရေးကြီးဆုံးက အတွေ့အကြုံရဖို့ ဝင်လုပ်ကြည့်ဖို့ အရေးကြီးတယ်။ အလုပ်မရသေးတဲ့သူတွေက လစာထက်အတွေ့အကြုံက အရေးကြီးတာဆိုတာ အလုပ်မရသေးသူတွေက မသိကြဘူး" ဟု ပြောသည်။

"လောလောဆယ် အနေအထားမှာ ဈေးကွက်ထဲမှာ Demand ကများတယ်။ အရည်အချင်းပြည့်မီသူက နည်းနည်းရှားနေတာပေါ့။ အလုပ်လိုအပ်ချက်နဲ့ လျှောက်မယ့်သူ မအပ်စပ်တာတွေ့ရတယ်"ဟု၎င်းဒါရိုက်တာက ပြောသည်။

"အလုပ်ရှာတဲ့ သူတွေဘက်က ကောင်းမွန်တဲ့ ခံစားချက်တွေရဖို့ လိုအပ်တဲ့အရည်အချင်းတွေ ဖြည့်ထားရမယ်။ ကျွမ်းကျင်တဲ့ နယ်ပယ်အလိုက် ပြင်ဆင်ထားရမယ်။ ပြည်တွင်းကုမ္ပဏီတွေဘက်ကလည်း ကိုယ်နဲ့လုပ်ငန်းချင်းတူညီတဲ့ တခြားသူတွေ ဘယ်လောက်ပေးနေကြသလဲ၊ ဒီထက်ကောင်းအောင် ဘယ်လိုပေးလို့ရသလဲ၊ ကိုယ့်ဆီကသူတွေ မထွက်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကိုနည်းလမ်းရှာရမယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ အလုပ်အကိုင်ပြပွဲတွင် လာရောက်လျှောက်ထားသည့်သူများတွင် အသက် ၂၀ မှ ၃၀ ကြား အမျိုးသမီးအများစုဖြစ်ကြောင်း သိရသည်။

## စာ(၂၈)၊ "တိုင်းရင်းသားတွေ အမျိုးစုံလေ ကျွန်မတို့အနေနဲ့ တစ်ဦးအပေါ်တစ်ဦး နားလည်မှုရှိဖို့လိုလေပဲ ဖြစ်ပါတယ်" မှ

ကောသမ္ဗီသီရိရဋ္ဌမဟာ ကမ္ဘောဇကျောင်းတိုက်သို့ ဝင်ရောက်ကာ ဆရာတော်ကြီးများအား ဖူးတွေ့၍ တရားနာယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ကျောင်းဆိုင် ကျောင်းတိုက်ရှေ့တွင် စောင့်ဆိုင်းနေကြသောတစ်သောင်းဝန်းကျင်ရှိလူထုအားနှုတ်ဆက်မိန့်ခွန်းစကားပြောကြားခဲ့သည်။

ဆက်လက်၍ သိန္နီမြို့အဝင် ရှိဦးစိုင်းအောင်လှ နေအိမ်သို့ ခေတ္တဝင်ရောက်ခဲ့သည်။ ဦးစိုင်းအောင်လှသည် ၁၉၉၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သောသိန္နီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်မှစတင်၍ ထောင်ဒဏ်ဆယ်နှစ်ချမှတ်ခံခဲ့ရကာ လားရှိုးအကျဉ်းထောင်တွင် အကျဉ်းကျခံနေရဆဲရှိကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည်ဦးစိုင်းအောင်လှ၏ ဇနီးဖြစ်သူဒေါ်မြဟန်နှင့် သားဖြစ်သူကိုစိုင်းဆိုင်လှိုင်းတို့နှင့် မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိလာကာနေ့လယ် ၃ နာရီခွဲခန့်တွင် လားရှိုးလေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

## စာ-၃၊ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား၍ တောင်ငူရှိ ကြက်ခြံတစ်ခု ကျပ်သိန်း ၂၀၀ ကျော်ဆုံးရှုံး မှ

နောင်အခါတွင် လုပ်ငန်းပြန်လည်စတင်ပါက လေလုံစနစ်ဖြင့် အဲကွန်းပေးကာ မွေးမြူရသော အဆင့်မြင့်နည်းစနစ်ဖြင့်သာ မွေးမြူရန်နှင့် မြေကြေရှစ်ကေပေါ်တွင်လည်း ပေါင်းစည်းလယ်ယာစနစ်လုပ်ရန် သက်ဆိုင်ရာသို့တင်ပြထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"တောင်ငူမှာ ဥစားကြက်တွေမှာတွေ့တယ်၊ အခုအသားတိုးကြက်တွေထုတ်မယ့်လူတွေကို ပီစီသရီး(ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်)ပါမှ ရန်ကုန်သယ်ခွင့်ပြုမယ်ဆိုတာနဲ့ တိမွေးကုမှာလုပ်ရတာ၊ ပီစီသရီးမရဘူးဖြစ်နေတယ်။ ပဲခူးကြက်လုံးဝ မသယ်ရတာ ၈ ရက်နေ့တည်းကပဲ" ဟု ပဲခူးမြို့မှ အသားတိုးကြက်ပေါက်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင် ဗိုလ်မှူးသိန်းဌေး(ငြိမ်း)က ပြောသည်။

ယခုအခါ ရန်ကုန်တိုင်းအတွင်းသို့ ကူးစက်မလာစေရေးအတွက် ပဲခူးမှရန်ကုန်သို့ကြက်တင်သွင်းမှုကို ထိန်းချုပ်ကန့်သတ်ထားကြောင်း အသားတိုးကြက်ထုတ်လုပ်မွေးမြူရေး ရောင်းချသူများ အသင်းမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ထို့ကြောင့် ဇရပ်ကွင်းတွင် ရန်ကုန်သို့သယ်ခွင့်မရသောကြက်ပေါက်ကောင်ရေ ၁၀၀ သေဆုံးသွားကြောင်းကြည့်မြင်တိုင်ကြက်ဘဲဒိုင်မှလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"အခုနောက်ပိုင်း အားလုံးကို စနစ်တကျ ထိန်းချုပ်နိုင်နေပါပြီ။ ရောဂါဖြစ်တာ ၅ ရက်(မတ်လ) နောက်ပိုင်းမှာ မရှိတော့ပါဘူး" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက 7 DAY NEWS အား တယ်လီဖုန်းမှ ဖြေကြားသည်။

ကြက်ကောင်ရေ ၂၀၀၀၀ ခန့် မွေးမြူထားသော တောင်ငူ ကျွန်းကုန်းရွာမှ ဥစားကြက်ခြံတစ်ခြံတွင်လည်း ကြက်များအားလုံး မြေမြှုပ်ပစ်လိုက်ကြောင်း သတင်းရရှိသည်။

"သူတို့တွေ ထိန်းချုပ်လို့ ရနေပါပြီ။ ဖြစ်ခဲ့တဲ့ခြံတွေကို အက်ရှင်ပလန်(အရေးယူဆောင်ရွက်မှု) လုပ်နေပါတယ်"ဟု ဒေါက်တာလှလှသိန်းကပြောသည်။

မူလစတင် ဖြစ်ပွားစဉ်ကတည်းက သက်ဆိုင်ရာသို့ အကြောင်းကြားခြင်းမရှိဘဲ မိမိတို့ဘာသာ ကုသနေခြင်းများကြောင့် ပိုမိုသေဆုံးကာ အနီးနားရှိ ခြံများကိုလည်း ကူးစက်မှုများ ကြုံတွေ့ခဲ့ရကြောင်း မွေးမြူရေးဆရာဝန်တစ်ဦးက ပြောသည်။

ဖေဖော်ဝါရီလကုန်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်ရှိ မွေးမြူရေးခြံတွင်လည်း ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက်ကောင်ရေ ၄၀ ခန့် သေဆုံးခဲ့ရသည်။

ထိုကဲ့သို့ ဖြစ်ပွားသော နေရာများတွင် ပြန်လည်ထူထောင်နိုင်ရေးအတွက် ရန်ပုံငွေများကူညီထောက်ပံ့ပေးရန် စီစဉ်နေသကဲ့သို့ ရန်ကုန်တိုင်းသို့ ကူးစက်ပျံ့နှံ့မှုမရှိစေရန်လည်း ရန်ကုန်တိုင်းဒေသကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်လှိုင်က ပြောသည်။

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော ကြက်ခြံများအတွင်းရှိအလုပ်သမားများ အားလုံးကို ကျန်းမာရေးဌာနမှ ဆေးစစ်ခြင်းနှင့် စောင့်ကြည့်ခြင်းများ လုပ်ဆောင်နေကြောင်း သတင်းရရှိသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် ၂၀၀၆ ခုနှစ်က မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့ပြီး ရန်ကုန်တိုင်းဒေသသို့ ကူးစက်ခဲ့သည်။

၂၀၀၇ ခုနှစ်တွင် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၌ ဖြစ်ပွားခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင်လည်း ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့သည်။